www.free4readrs.com

ဗုဒ္ဓံ ဓမ္မံ သံဃံ

စနေနေ့တိုင်းထုတ်ဝေသည်

သူရိယနေဝန်း
THE SUN RAYS

Vol.1 No.223 WEEKLY NEWS JOURNAL 10th November 2018

ထွက်မလား ထုတ်မလား ထောင်ထဲသွားမလား
ပြင်မလား ပြောင်းမလား ပြိုမလား

နွားကျောင်းသားချက်ကြီး

www.free4readrs.com

ထဘီကျွတ်၍ လွှတ်လိုက်သည်

ဒီခေါင်းစဉ်ကိုရေးခဲ့သူကတော့ စာရေးဆရာကြီး မောင်သာရဖြစ်ပါတယ်။ မောင်သာရဟာ သူရေးခဲ့တဲ့ဝတ္ထုတွေရဲ့ခေါင်းစဉ်နဲ့ အထူးအောင်မြင်ကျော်ကြားတဲ့ စာရေးဆရာပါ။ 'လှသည်၊ လွယ်သည်၊ သို့သော် လည်သည်'၊ 'ကျောက်စရစ်တော နွေခေါင်ခေါင်မှာ အတောင်ကျွတ်သည့်ကြိုးကြာ ရေရှာ၍မရသကဲ့သို့'၊ 'ယုန်နှင့်အတူပြေး၊ ခွေးနှင့်အတူလိုက်' စသဖြင့် မောင်သာရစာအုပ်အမည်တွေရေးရရင် ဆောင်းပါးတစ်ပုဒ်လုံး ပြည့်သွားနိုင်ပါတယ်။

အခုတော့ လက်ရှိ မြန်မာပြည်သူတွေအကြား အမှန်တကယ်ဖြစ်ပျက်နေတဲ့ မြေသိမ်းယာသိမ်း၊ အိမ်သိမ်း၊ အိမ်ဖြို၊ အိမ်ဖျက်နေရတဲ့ထဲက ပဲခူးမြို့မှာဖြစ်ပျက်ခဲ့တဲ့ အမျိုးသမီးတစ်ဦး ထဘီကျွတ်သွားတဲ့အထိ အရှက်ကွဲခဲ့ရတဲ့ အိမ်သိမ်းကိစ္စရေးပါမယ်။

xxx

အိမ်ကတော့ သစ်သားတိုင်၊ ဝါးထရံကပ်၊ မြေစိုက်တစ်ထပ်အိမ်ငယ်လေးပါ။ ပဲခူးမြို့မှာဖြစ်တာပါတဲ့။ တရားသူကြီးဝတ်စုံဝတ်ထားတဲ့ အမျိုးသမီးတစ်ဦးလည်း ပါပါတယ်။ ရဲအင်အား(၅၀)လောက်ရှိပုံရပါတယ်။ ရဲမေတွေလည်း (၁၀)ယောက်လောက်ပါလာပါတယ်။

ဒီအမှုက ဝါးထရံကပ်သစ်သားအိမ်လေးကို ဒီဝင်းခြံထဲကဖယ်ရှားဖို့ တရားရုံးအမိန့်နဲ့ရဲတွေလာခဲ့ပုံရပါတယ်။ ဒီဝါးထရံအိမ်က ကျူးကျော်တာလား၊ မကျူးကျော်တာလားဆိုတဲ့ကိစ္စကို ကျွန်တော်ရေးမှာမဟုတ်ပါ။ တရားရုံးအမိန့်နဲ့ တရားသူကြီးနဲ့ ရဲအင်အားဒီလောက်များပုံထောက်ရင်တော့ ရဲတွေဘက်က အခိုင်အမာအမိန့်တစ်ခုခုရှိလို့ အခုလို ဒီအိမ်ကို ဖျက်ရဲပုံရပါတယ်။

ပြဿနာက အဲဒီဝါးထရံအိမ်မှာနေတဲ့ မိသားစုထဲက အမျိုးသမီး(မိခင်ဖြစ်သူထင်ရ)က အိမ်ပေါ်ကနေ ရုန်းရင်းဆန်ခတ်ဖြစ်ပြီးအော်ဟစ်နေရင်းကနေ ထဘီကျွတ်ကျသွားတဲ့အထိ လူ့ဂုဏ်သိက္ခာမဲ့သွားခဲ့ရတဲ့မြင်ကွင်းပါပဲ။ အဲဒီအမျိုးသမီးဟာ အော်ဟစ်ငိုကြွေးနေပြီး ကျွတ်သွားတဲ့ထဘီကိုတောင် ပြန်မဝတ်နိုင်လောက်အောင် သတိလက်လွတ်ဖြစ်သွားတာပါ။ ပဋာစာရီ မြေလူးခန်းနဲ့ ဥပမာပေးရမလို ဖြစ်ရပါတယ်။ နောက်ထပ်ပြဿနာက ရဲအရာရှိတစ်ဦးက လက်ထဲမှာ ခြောက်လုံးပြူးသေနတ်တရမ်းရမ်းနဲ့ ဟိုထိုးဒီထိုး လက်ညှိုးထိုးသလိုလို သေနတ်နဲ့ပစ်တော့မလိုလို ပုံသဏ္ဌာန်ဖြစ်သွားခြင်းပါ။ ရဲလာတာက ရဲမှာသေနတ်ပါလာတာ၊ သေနတ်ကိုထုတ်ပြီး ဟိုချိန်ဒီချိန်၊ ဟိုရမ်းဒီရမ်းနဲ့ကတော့ ရုပ်ပျက်သွားပါတယ်။ လက်နက်မဲ့သူတစ်စုကို သေနတ်နဲ့ကောက်ချိန်ပြီး ဝါးအိမ်တစ်လုံးဖျက်ရတဲ့အထိ ကျွန်တော်တို့ မြန်မာပြည်က ရဲတွေ မလုပ်တတ်မကိုင်တတ် မဖြေရှင်းတတ်တာကို တွေ့မြင်ရခြင်းပါပဲ။

နောက်ဆုံးမိနစ်(၂၀)ခန့် အော်ဟစ်ငိုယိုပြီး ရုန့်ရင်းဆန်ခတ်ဖြစ်ပြီးတော့မှ ထဘီကျွတ်ကျသွားတဲ့အမျိုးသမီးကို လွှတ်ပေးလိုက်ကြပါတယ်။ အဲဒီထဘီကျွတ်သွားတဲ့အမျိုးသမီးဟာ ငိုယိုပြီး အဲဒီအိမ်ကလေးက ထွက်သွားတဲ့မြင်ကွင်းကို မြင်တွေ့ရခြင်းပဲ ဖြစ်ပါတယ်။

ဆရာမောင်သာရက သူကွယ်လွန်ပြီးတစ်နေ့မှာ မြန်မာပြည်မှာ ဒီလိုအိမ်သိမ်း၊ ယာသိမ်း၊ ခြံသိမ်း၊ မြေသိမ်းကိစ္စတွေပေါ်ပေါက်လာပြီး ထဘီကျွတ်တဲ့အထိဖြစ်ကြမယ်၊ ထဘီကျွတ်တဲ့အခါမှ လွှတ်ပေးလိုက်တယ်ဆိုတာကို ကြိုသိလို့တောင် သူ့ဝတ္ထုရေးသွားသလား သွားစဉ်းစားမိလိုက်ပါတယ်။

xxx

ကျုပ်တို့မြန်မာပြည်မှာ ဒီနေ့တော့လူတွေဟာ နေစရာမရှိ ထိုင်စရာမရှိ စားစရာမရှိဖြစ်လာကြပြီး ဒီလိုတွေဖြစ်လာကြတာဟာ ဒီတစ်ခုတည်း မဟုတ်နိုင်ပါ။ နောက်ထပ်ဒီလိုထဘီကျွတ်တဲ့အထိရုန့်ရင်းဆန်ခတ်မှုတွေ ဘယ်လောက်များရှိနေပါသလဲ။ လက်ပံတောင်းတစ်ဝိုက်မှာ ထဘီကျွတ်သွားတဲ့မိန်းမတွေ ဘယ်လောက်တောင်ရှိခဲ့ပြီလဲ။ ဒေါ်ခင်ဝင်းကတော့ အသက်ဝိညာဉ်ပါကျွတ်သွားတဲ့အထိ ပေးဆပ်သွားခဲ့ပါတယ်။

နန်းမတော်မယ်နု ကြောင့် ဝစ်ရှုံးခဲ့သလား

ထဘီကျွတ်တဲ့အထိဖြစ်တယ်ဆိုတာ မြန်မာရာဇဝင်မှာ အတော်ကို ဆိုးဆိုးရွားရွားဖြစ်ပျက်တာကိုပြခြင်းပါပဲ။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား(ဗဒုံမင်း) လက်ထက်မှာ အင်းဝနန်းတော် မိဖုရားဆောင်ဖြစ်တဲ့ တောင်နန်းပြာသာဒ်မှာ ထဘီလာချိတ်တဲ့ ရာဇဝင်ရှိဖူးတယ် မဟုတ်လား။

နန်းမတော်မယ်နုလို့ အသိများတဲ့ရှင်မယ်နုကို မြန်မာသက္ကရာဇ် ၁၁၄၆မှာ အင်းဝမြို့မှာ ဖွားမြင်ပါတယ်။ အဖ ထောင်မှူးဦးလွှတ်နဲ့ အမိမယ်မှန်တို့က ဖွားမြင်တာပါ။ မွေးချင်းနှစ်ယောက်ရှိပြီး အစ်ကိုမှာ မောင်အို(နောင်စလင်းမင်းသားကြီး)ပါ။

အသက်(၁၂)နှစ်အရွယ်မှာ မယ်နုဟာ ဧရာဝတီမြစ်ကမ်းမှာရေချိုးနေတုန်း ရေလဲထဘီကို စွန်တစ်ကောင်က ချီသွားပါတယ်။ ချီသွားတဲ့ထဘီကို စွန်က ဘိုးတော်ဘုရားရဲ့နန်းတော် မိဖုရားဆောင်မှာ တောင်နန်းဆောင်မှာ ပြာသာဒ်နားသွားထားခဲ့ပါတယ်။

ဘိုးတော်ဘုရား ဒီသတင်းသိသွားပြီး ထဘီပိုင်ရှင်ကိုလိုက်ရှာဖွေခဲ့ရာ မယ်နုကိုတောင်နန်းဆောင်မှာ အပျိုတော်အဖြစ် ခန့်ထားခဲ့တာပါ။

ဘိုးတော်ဘုရား(ဗဒုံမင်း)နတ်ရွာစံပြီး ဘကြီးတော်ဘုရား(စစ်ကိုင်းမင်း) နန်းတက်လာတဲ့အချိန်ရောက်မှ အပျိုတော်မယ်နုကိုသဘောကျပြီး တောင်နန်းစံမိဖုရားခေါင်ကြီးအဖြစ် မြှောက်စားခဲ့တာ ဖြစ်ပါတယ်။

ဘကြီးတော်ဘုရား ဘိသိက်မင်္ဂလာဆင်ယင်ပွဲကို အဲဒီအချိန်က မြန်မာပြည်လက်အောက်ခံမဏိပူရရာဇာက မတက်ရောက်ခဲ့ပါ။ ထိုအချက်အပါအဝင် ကျန်အချက်များကြောင့် ဘကြီးတော်ဘုရားက မဏိပူရပြည်ကို အင်းဝစစ်တပ်လွှတ်ပါတယ်။ မဏိပူရရာဇာဘက်က အင်္ဂလိပ်တွေပါလာတာကြောင့် အဲဒီကစပြီး အင်္ဂလိပ်-မြန်မာ ပဋိပက္ခစတင်ခဲ့ပြီး အင်္ဂလိပ်-မြန်မာပထမစစ်ပွဲဖြစ်တဲ့အထိ တစ်ဆင့်ပြီးတစ်ဆင့်ရောက်သွားပါတော့တယ်။ အင်္ဂလိပ်နယ်ချဲ့မှုဟာ အခြေခံအကြောင်းဖြစ်ပြီး ဒီကိစ္စကတော့ အခြေခံအကြောင်းတရားဖြစ်စေဖို့ မီးစမီးပွားတစ်ခု ဖြစ်လာပါတယ်။

ပထမစစ်ပွဲဖြစ်တဲ့အခါ မဟာဗန္ဓုလနဲ့ မြဝတီမင်းကြီးဦးစတို့ရဲ့မြန်မာစစ်တပ်ဟာ အာသံနဲ့ပန်းဝါကို ရောက်နေပါတယ်။ ဒါကြောင့် အိမ်ရှေ့စံညီတော် သာယာဝတီမင်းသားက သူဦးဆောင်ပြီး ရန်ကုန်ကိုဆင်းပြီး အင်္ဂလိပ်တွေကိုတိုက်ဖို့ ခွင့်တောင်းပါတယ်။

မယ်နုနဲ့မောင်အိုတို့က သာယာဝတီမင်းသားကို စစ်ထွက်ခိုင်းရင် ပုန်ကန်ပြီး ထီးနန်းလုလိမ့်မယ်လို့ ဘကြီးတော်ဘုရားကို လျှောက်ကြတယ်၊ ဘကြီးတော်ဘုရားက မောင်အိုနဲ့မယ်နုစကား နားဝင်ပြီး သာယာဝတီမင်းသားကို ရန်ကုန်ကိုဆင်းတိုက်ဖို့ ခွင့်မပြုခဲ့ဘူး။ ရခိုင်က မဟာဗန္ဓုလ ရန်ကုန်ရောက်တဲ့အထိ ငါးလကြာသွားလို့ အင်္ဂလိပ်ဟာ ရန်ကုန်မှာ ခံတပ်ဆောက်ပြီး အခြေခိုင်သွားပါပြီ။ ရန်ကုန်ရဲ့အမြင့်ဆုံး ရွှေတိဂုံဘုရားကုန်းပေါ်မှာ အမြောက်တွေဆင်ပြီး မဟာဗန္ဓုလတို့ ဝင်တိုက်တဲ့အခါ အမြောက်နဲ့စိတ်တိုင်းကျထုခဲ့တာကြောင့် ဗန္ဓုလတပ်တွေ မခံနိုင်တော့ဘဲ ဓနုဖြူကိုဆုတ်ရပါတယ်၊ ဆုတ်နေတဲ့ ဗန္ဓုလတပ်ရှိရာကို အင်္ဂလိပ်ရေတပ် တက်လာပြီး ဓနုဖြူခံတပ်ကို အမြောက်နဲ့ထုလို့ ဗန္ဓုလလည်းကျ၊ မြန်မာတွေလည်း တပ်ပျက်ပါတော့တယ်။ နောက်ဆုံး ရန္တပိုရွာကို အင်္ဂလိပ်စစ်တပ်ရောက်တော့မှ စစ်ပြေငြိမ်းစာချုပ်ချုပ်ပြီး မြန်မာက လက်နက်ချလိုက်ရပါတော့တယ်။

xxx

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲမှာ မြန်မာစစ်အကြီးအကျယ်ရှုံးရတာဟာ အင်္ဂလိပ်စစ်တပ်က လက်နက်သာတယ်ဆိုတာ အဓိကဖြစ်ပေမယ့် ဘကြီးတော်ဘုရားဟာ မယ်နုနဲ့မောင်အိုအကြံကြောင့် ရန်ကုန်ကိုဆင်းတိုက်ဖို့ သာယာဝတီမင်းသားကို အချိန်မီမလွှတ်ခဲ့တဲ့အချက်ဟာလည်း ဒုတိယအရေးကြီးဆုံးအမှားပါပဲ။

အဲဒီအမှားတွေအပြင် ညီတော်သာယာဝတီမင်းသားကိုသတ်ဖြတ်ဖို့ မောင်အိုဂိုဏ်းက ကြိုးစားတဲ့အခါ သာယာဝတီမင်းသားက နောက်လိုက်နောက်ပါတွေနဲ့ ရွှေဘိုကိုတိမ်းရှောင်ပြီး လူသူအင်အားစုဆောင်းကာ ထီးနန်းကိုသိမ်းပိုက်လိုက်ပါတော့တယ်။ သာယာဝတီမင်းသားဘုရင်ဖြစ်လာတဲ့အခါ နောင်တော်ဘကြီးတော်ဘုရားကို အကျဉ်းချပြီး မောင်အိုနဲ့မယ်နုကို ကွပ်မျက်လိုက်ပါတယ်။ မယ်နုဟာ သူ့မောင်တော် ဘကြီးတော်ဘုရား အကျဉ်းစံရာနန်းတော်နဲ့မဝေးတဲ့ တောင်သမန်အင်းရေပြင်ထဲမှာ ကတ္တီပါအိတ်စွပ်ပြီး ရေမြှုပ်ခံခဲ့ရခြင်းပါပဲ။

အင်းဝနန်းတော်၊ တောင်နန်းတော်မိဖုရားဆောင်ပြာသာဒ်မှာ ရေလဲထဘီလာချိတ်လို့ မိဖုရားခေါင်ကြီးဖြစ်လာတဲ့ မယ်နုရဲ့ရာဇဝင်ဟာ တောင်သမန်အင်းထဲမှာ အဆုံးသတ်သွားခြင်းဇာတ်လမ်းပါ။

မယ်နု မိဖုရားဖြစ်လာတဲ့ ခေးထက်နေတဲ့ အချိန်မှာ 'နု' ဆိုတဲ့စကားလုံးကိုတောင် လူထုအကြား သုံးစွဲခွင့်မပြုခဲ့ပါ။ မန်ကျည်းရွက်နုနုထွင့်ထွင့်လို့ မခေါ်ကြရဘဲ မန်ကျည်းရွက်အိအိထွင့်ထွင့်လို့သာ သုံးရမယ်လို့အထိ ခေးထက်ခဲ့တယ်လို့ ဆိုပါတယ်။ ဘိုးတော်ဘုရားလက်ထက်မှာ ပလ္လင်ပေါ်မှာ ဘုရင်နဲ့အတူ မိဖုရားဖြစ်သူက လူရှေ့သူရှေ့မှာတွဲထိုင်ပြီး အပူဇော်ခံလေ့မရှိပါ။ အဲဒီထုံးတမ်းဓလေ့ကို မယ်နုလက်ထက်မှာ တော်လှန်ခဲ့ပါတယ်။ အင်္ဂလိပ်သံအဖွဲ့ အင်းဝရောက်တဲ့အခါ ပလ္လင်ပေါ်မှာ ဘကြီးတော်ဘုရားနဲ့အတူ မိဖုရားမယ်နုသာမက သားသမီးတော်လေးပါး တက်ထိုင်နေတာကို မှတ်တမ်းတင်သွားခဲ့ပါတယ်။

မယ်နုကို တောင်သမန်အင်းမှာရေချကွပ်မျက်ဖို့ ခေါ်လာတဲ့အခါ သမီးတော်လေးမယ်သဲ(နောင် မင်းတုန်းမင်းကြီး မိဖုရားခေါင်ကြီးဖြစ်လာမည့် ဆင်ဖြူမရှင်မိဖုရား)က တငိုငိုနဲ့လိုက်ပါလာပါတယ်။ လမ်းတစ်ဝက်မှာ ပုဂံမင်း၏နှမတော်၊ မင်းတုန်းမင်း၏မိဖုရားခေါင်ကြီးဖြစ်လာမည့် စကြာဒေဝီမိဖုရားမှ လမ်းတစ်ဝက်တွင် ဆွဲယူကာ မွေးစားခဲ့တာပါ။ (အဲဒီကယ်တင်သူ စကြာဒေဝီမိဖုရားနေရာကို နောင်နှစ်အတန်ကြာမှာ ဆင်ဖြူမရှင်မိဖုရားဖြစ်လာမယ့် မယ်သဲက ယူသွားခဲ့တာဟာ သင်ခန်းစာယူရမှာပါ။)

နန်းမတော်မယ်နုရာဇဝင်ကတော့ မြန်မာပြည်သမိုင်း (ကုန်းဘောင်ခေတ်အလယ်) အင်းဝမှာ ခေးထက်ခဲ့တဲ့ ထဘီတစ်ထည်က စခဲ့တဲ့ရာဇဝင်တစ်ခုပါ။

ကိုးတောင်ဝတ်မင်းယောကျ်ားတွေကြီးစိုးတဲ့ မြန်မာရာဇဝင်မှာ ထဘီဝတ်မိန်းမတွေလည်း ဩဇာကြီးခဲ့တဲ့ အချိန်ကာလတွေ ရှိခဲ့ပါတယ်။

ပန်ထွာမှသည် စုဗုရားလတ်သို့

တောင်တွင်းကြီးလွင်ပြင်မှာ ကောင်းစားခဲ့တဲ့ ဗိဿနိုးနိုင်ငံမှာ ပန်ထွာဘုရင်မဟာ မြန်မာ့သမိုင်းမှာ အစောဆုံး ဩဇာကြီးမားခဲ့တဲ့ နိုင်ငံ့ခေါင်းဆောင်ဘုရင်မ ဖြစ်နိုင်ပါတယ်။ ဗိဿနိုးရှိရာနေရာဟာ ဒီနေ့ မကွေးတိုင်း တောင်တွင်းကြီးမြို့နယ်ထဲက အလွန်လွမ်းမောဖွယ်လွင်ပြင်ကြီးမှာ တည်ရှိပါတယ်။ ရာဇဝင်ထဲက ရန်သူတွေလာရင် စည်တော်ကြီးတီးရင် ရေတွေစီးကျလာပြီး ရန်သူတွေကိုဖယ်ရှားပေးခဲ့တဲ့ ရန်ပယ်ချောင်းကို အခုအချိန်ထိ တွေ့ရသေးပါတယ်။ ဗိဿနိုးမြို့ဟောင်းကတော့ အုတ်တိုင်တွေ၊ အုတ်ချပ်တွေ နန်းတော်ဟောင်းလို့ယူဆရတဲ့အုတ်ပုံတွေပဲ ရှိပါတော့တယ်။ မြေအောက်ကိုသေချာတူးနိုင်ရင်တော့ ဗိဿနိုးမြို့ကြီးကို ပြန်တွေ့ကြရမှာ သေချာပါ

www.free4readrs.com

ထဘီလွှင့်၍ နန်းတက်သည်

တောင်သမန်အင်းငကင်း



တယ်။ ပန်ထွာဘုရင်မကိုတော့ သရေခေတ္တရာပြည်က ဒွတ္တဘောင်မင်းက လာတိုက်ပြီး ဖမ်းခေါ်သွားတယ်လို့ ဆိုကြပါတယ်။

ဗိဿနိုးက ပန်ထွာဘုရင်မဟာ သမိုင်းမှာ နာမည်ကောင်းနဲ့မော်ကွန်းထိုးကျန်ရစ်တဲ့ဘုရင်မပါ။ ဆရာနိုင်ဝင်းဆွေကတော့ ပန်ထွာဘုရင်မနဲ့ ကိုယ်ရံတော်တပ်မှူးလေးတို့အကြောင်းကို အချစ်ဇာတ်လမ်းနဲ့စာဖွဲ့ပြီး 'မဟူရာမေတ္တာ'ဆိုတဲ့ စာအုပ်ရေးခဲ့ပါတယ်။ ဒီစာအုပ်ဟာ အလွန်ကျော်ကြားတဲ့စာအုပ် ဖြစ်လာပါတယ်။

နောင် မွန်ရာဇဝင်မှာ ရှင်စောပုဘုရင်မကြီးကလည်း နာမည်ကောင်းနဲ့ကျော်စောပြီး သမိုင်းတွင်ရစ်ပါတယ်။ ရှင်စောပုဘုရင်မကြီးရဲ့ဇာတ်လမ်းမှာ အလွန်ထူးခြားပြီး လေးစားဖို့ကောင်းတဲ့အချက်တချို့ သွားတွေ့ပါတယ်။ ဒါကတော့ ဟံသာဝတီပြည်မှာ နန်းတက်ဖို့ ဘုရင်မဲ့သွားတဲ့အတွက် ရှင်စောပုဟာ ရာဇာဓိရာဇ်ဘုရင်ရဲ့မြေးတော်ဖြစ်တဲ့အတွက် သမိုင်းပေးတာဝန်အရ ဟံသာဝတီထီးနန်းကို မလွှဲမရှောင်သာဘဲ နန်းတက်ခဲ့ရတဲ့ ဘုရင်မပါ။

ဒါပေမယ့် ရှင်စောပုဘုရင်မကြီးဟာ အာဏာမှာ မပျော်ပိုက်ပါ။ ဒါကြောင့် အင်းဝကပြန်လာတဲ့ ရဟန်းတစ်ပါးကို လူထွက်စေပြီး သမီးတော်နဲ့ထိမ်းမြားပေးကာ ဘုရင်အဖြစ် နန်းတက်ပြီး အာဏာလွှဲခဲ့ခြင်းပါ။ ဓမ္မစေတီမင်းဖြစ်လာတဲ့ ဘုရင်ပဲ ဖြစ်ပါတယ်။

ရှင်စောပုဘုရင်မကြီးဟာ ပလ္လင်ပေါ်ကဆင်းသွားပြီး ဓမ္မစေတီမင်းလက်ထဲ အာဏာထည့်ခဲ့ပြီး ဒဂုံဆံတော်ရှင် ရွှေတိဂုံဘုရားခြေတော်ရင်းမှာပဲ နတ်ရွာစံတဲ့အထိ ဘုရားရဲ့ဝေယျာဝစ္စတွေလုပ်သွားခဲ့တဲ့ ထူးခြားတဲ့ဘုရင်မကြီးပါ။ ရွှေတိဂုံဘုရားသမိုင်းနဲ့ ဒဂုံမြို့သမိုင်းမှာ ရှင်စောပုဘုရင်မကြီးရဲ့အခန်းကဏ္ဍကို ဘယ်လိုမှဖယ်ရှားလို့မရပါဘူး။ အာဏာဆိုတာ အမြဲကိုင်ထားရမယ့်အရာမဟုတ်ကြောင်း နမူနာပြသွားတယ်လို့ ထင်ပါတယ်။

ကုန်းဘောင်ခေတ်က ဘကြီးတော်ဘုရားရဲ့ မိဖုရားခေါင်ကြီး နန်းမတော်မယ်နု၊ မင်းတုန်းမင်းကြီးရဲ့ မိဖုရားကြီး ဆင်ဖြူမရှင် (နန်းမတော်မယ်နု၏သမီးတော်) နဲ့ သီပေါဘုရင်ရဲ့မိဖုရားခေါင်ကြီး စုဖုရားလတ်(ဆင်ဖြူမရှင်၏သမီးတော်)တို့သုံးဦးကတော့ မြန်မာ့သမိုင်းမှာ နာမည်ဆိုးနဲ့ကျော်ကြားခဲ့တဲ့ မိဖုရားခေါင်ကြီးတွေပါ။ မြန်မာ့သမိုင်းမှာ အာဏာကို အလွဲသုံးစားအလုပ်ဆုံးနဲ့ မင်းဆွေမင်းမျိုးတွေကို အရက်စက်ဆုံး ကွပ်မျက်ခဲ့တဲ့တရားခံတွေအဖြစ် သမိုင်းမှာကျန်ရစ်ခဲ့တဲ့ မိဖုရားခေါင်ကြီးသုံးပါး ဖြစ်ပါတယ်။

ပြန်ချုပ်ရရင် မြန်မာ့သမိုင်းမှာ အေဒီ(၅)ရာစု လွန်ခဲ့တဲ့နှစ်ပေါင်း (၁၅၀၀)လောက်က ဗိဿနိုးနိုင်ငံမှာ ပေါ်ထွန်းခဲ့တဲ့ ပန်ထွာဘုရင်မဟာ မိဖုရားမဟုတ်တဲ့ မြန်မာသမိုင်း(ပျူ)ရဲ့ ပထမဆုံးဘုရင်မလို့ ခေါ်ဆိုရမှာဖြစ်ပြီး ဟံသာဝတီသမိုင်းမှာ ရှင်စောပုဘုရင်မကြီးဟာ မိဖုရားမဟုတ်တဲ့ဒုတိယဘုရင်မလို့ခေါ်ဆိုရမှာ ဖြစ်ပါတယ်။

နန်းမတော်မယ်နု၊ ဆင်ဖြူမရှင်နဲ့ စုဖုရားလတ်တို့ကတော့ ဘုရင်တစ်ပါးကိုအကြောင်းပြုပြီး ခေါထက်တဲ့၊ ဩဇာကြီးတဲ့ မိဖုရားခေါင်ကြီးတွေသာဖြစ်ပြီး ကိုးတောင်ဝတ်မဟုတ်တဲ့ထဘီဝတ်တဲ့ဩဇာကြီး ပုဂ္ဂိုလ်မကြီးတွေလို့ သတ်မှတ်ရမှာပါ။

ဒီကနေ့ ပဲခူးမြို့မှာ လူပြောများနေတဲ့ အိမ်ဖယ်ရှားလို့ ထဘီကျွတ်သွားတဲ့ဗီဒီယိုဖိုင်ကနေ သမိုင်းထဲကို သင်ခန်းစာယူစရာ ဖြစ်လာစေခဲ့ပါတယ်။

အဲဒါကတော့ ထဘီဝတ်အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍဟာ နေ့စဉ်ဘဝတွေမှာ အရေးပါသလို သမိုင်းဖြစ်ရပ်တွေမှာလည်း အလွန်အရေးပါတာ တွေ့ရပါတယ်။ ယောကျ်ားရင့်မာကြီး အယောက်တစ်ရာ ပုဆိုးကျွတ်သွားတဲ့ဖြစ်ရပ်တစ်ခုဟာ သမိုင်းကို မရိုက်ခတ်နိုင်ပေမယ့် ထဘီဝတ်ထားတဲ့ မိန်းမသားတစ်ဦး ထဘီကျွတ်သွားအောင်ဖြစ်ခဲ့ရင်တော့ ရပ်ရွာသာမက နိုင်ငံကိုပါကိုင်လှုပ်ခါယမ်းသွားတဲ့အထိ ဖြစ်သွားတာကို မြင်ရပါတယ်။

ကိုးတောင်ဝတ်ယောကျ်ားကြီးတွေ တစ်ဖက်နဲ့ တစ်ဖက် ဓားတွေ၊ သေနတ်တွေကိုင်ပြီး ထောင်သောင်းသိန်းချီပြီး သူသေကိုယ်သေတိုက်ကြရတဲ့အဖြစ်ကို စစ်ပွဲလို့ ရိုးရိုးလေးခေါ်ပါတယ်။ ယောကျ်ားချင်း အသေအကြေစစ်တိုက်ကြလို့ သိန်းသောင်းချီသေကြေကြတာဟာ ရာဇဝင်မှာ ဘာမှအဆန်းတကြယ်လို့ မယူဆကြပါ။

ရေလဲထဘီတစ်ထည်ကို စွန့်ကချီသွားပြီး ဘုရင့်နန်းတော်မှာ သွားချိတ်တဲ့အဖြစ်အပျက်တစ်ခုကတော့ နိုင်ငံသမိုင်းကို အကြီးအကျယ်ကိုင်လှုပ်ပြီး သမိုင်းပြောင်းသွားခဲ့တာပါ။

ပန်ထွာဘုရင်မ (သို့) ဗိဿနိုးကို နိဂုံးချုပ်ခဲ့သူ

ဗိဿနိုးဟာ ဧရာဝတီမြစ်ဝှမ်းနဲ့ချင်းတွင်းမြစ်ဝှမ်းမှာ ပေါ်ထွန်းခဲ့တဲ့ ပျူနိုင်ငံထဲက တစ်ခုပါ။ ပျူလူမျိုးတွေဟာ တိဗက်-မြန်မာအနွယ်ဖြစ်ပြီး ဘီစီ (၂)ရာစုဆိုတဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၂၀၀)လောက်ကတည်းက ဧရာဝတီနဲ့ ချင်းတွင်းမြစ်ဝှမ်းမှာ စတင်နေထိုင်ခဲ့တဲ့လူမျိုးပါ။ ဘီစီ(၂)ရာစုမှာ ပျူတွေဟာ ဧရာဝတီမြစ်ဝှမ်းကို တပိန်နဲ့ ရွှေလီမြစ်ကြောင်းတွေကတစ်ဆင့် ဝင်ရောက်လာခဲ့ကြပါတယ်။ သူတို့ရဲ့ မူလဇာတိကတော့ ဒီနေ့ တရုတ်ပြည်ထဲက Qinghia Lake ကွင်းဟိုင်းရေကန်ဒေသ ဖြစ်တယ်လို့ ဆိုပါတယ်။

ပျူတွေ ပထမဆုံးတည်ထောင်ခဲ့တဲ့ မြို့ပြနိုင်ငံကတော့ ဧရာဝတီမြစ်အရှေ့ဘက်ကမ်း ယနေ့ တောင်တွင်းကြီးနယ်ထဲက ရန်ပယ်ချောင်းစီးဆင်းနေတဲ့ ဗိဿနိုးနိုင်ငံတော်ပါ။ ဗိဿနိုးကို ဘီစီ (၂၀၀)နဲ့ (၁၀၀)ကြားမှာ တည်ထောင်ခဲ့တယ်လို့ ယူဆကြပါတယ်။ ဗိဿနိုးမြို့ရဲ့ အကျယ်အဝန်းဟာ ခန့်မှန်းခြေ(၃၀၀)ဟက်တာဧကလောက်ရှိပြီး (၃)ကီလိုမီတာ-(၂)မိုင်ပတ်လည်လောက်ရှိတဲ့ အုတ်တံတိုင်းမြို့ရိုး ခတ်ထားပါတယ်။ မြို့ရိုးအုတ်ရိုးရဲ့အထုဟာ ခြောက်မီတာလောက် တည်ဆောက်ထားပြီး အုတ်တွေရဲ့ သက်တမ်းကို တွက်ချက်ရာမှာ BCE ၁၈၀နဲ့ ၆၁၀ CE အကြားတည်ခဲ့တာလို့ ခန့်မှန်းထားပါတယ်။

တရုတ်ပြည် Tang မင်းဆက်မှတ်တမ်းရေး၊ ပျူနိုင်ငံ (၁၈)နိုင်ငံရှိကြောင်း၊ ပျူနိုင်ငံတွေမှာ ခရိုင်ပေါင်း (၂၉၈)ခရိုင်ရှိခဲ့ကြောင်း မှတ်တမ်းတင်ထားပါတယ်။

ဗိဿနိုးမြို့ရိုးကို BCE ၁၈၀နဲ့ ၆၁၀ကြားမှာ တည်ခဲ့တယ်ဆိုပေမယ့် မြန်မာလူမျိုးတွေအားလုံးအသည်းမှာစွဲပြီး ကျန်ရစ်သူ ပန်ထွာဘုရင်မအကြောင်းကတော့ ဒီထက် အများကြီးနောက်ကျပြီးမှ ပေါ်ပေါက်ပါတယ်။ ပန်ထွာဘုရင်မ အုပ်ချုပ်နေတဲ့ ဗိဿနိုးကို သူ့ရဲ့တောင်ဘက်မိုင်(၂၀၀)လောက်ကွာဝေးတဲ့ သရေခေတ္တရာ(ယနေ့ပြည်မြို့နား)က ဒွတ္တဘောင်မင်းက လာရောက်တိုက်ခိုက်သိမ်းပိုက်ပါတယ်။

သရေခေတ္တရာဟာ ဒွတ္တဘောင်မင်း ဗိဿနိုးကို လာတိုက်တဲ့ကာလကတော့ ၇၃၉ အေဒီဖြစ်တဲ့အတွက်အေဒီ(၈)ရာစုထဲရောက်နေပါပြီ။ ဒါကြောင့် ဗိဿနိုး နှစ်ပေါင်း တစ်ထောင်လောက်ရှည်ကြာပြီးမှ (၈)ရာစုရောက်မှ ဗိဿနိုးပျက်ပြီး သရေခေတ္တရာလက်အောက်ကျရောက်သွားတာ ဖြစ်ပါတယ်။

တရုတ် Tang မင်းဆက်ရဲ့သံတမန်တွေဟာ သရေခေတ္တရာ ပျူနိုင်ငံကို အေဒီ(၈၀၁)မှာရောက်ရှိခဲ့ကြောင်း မှတ်တမ်းတင်ထားတာ တွေ့ရပါတယ်။

ဒါကြောင့် ပန်ထွာဘုရင်မရဲ့ဗိဿနိုးဇာတ်လမ်းဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း(၁၂၀၀)လောက်က ဖြစ်ပျက်ခဲ့တဲ့ဇာတ်လမ်းပါ။

သမိုင်းပညာရှင်တွေနဲ့ သမိုင်းသုတေသီတွေကတော့ ပျူနိုင်ငံတွေဖြစ်တဲ့ ဗိဿနိုး၊ ဟန်လင်း၊ မိုင်းမော၊ သရေခေတ္တရာအားလုံးကိုသိရှိကြပေမယ့် ဒီနေ့ မြန်မာပြည်သားအများစုရဲ့မှတ်ဉာဏ်မှာတော့ ပျူနိုင်ငံဆိုတာနဲ့ ဗိဿနိုးကိုသာပြေးမြင်ကြပြီး ဗိဿနိုးနိုင်ငံဆိုတာနဲ့ ပန်ထွာဧကရီဘုရင်မကိုပဲ ပြေးမြင်ကြသူများပါတယ်။ နှစ်ပေါင်းတစ်ထောင်ကျော်တည်တံ့ခဲ့တဲ့ ဗိဿနိုးနိုင်ငံအကြောင်း လူတွေသေချာမသိကြပေမယ့် ဗိဿနိုးရဲ့ နောက်ဆုံးအုပ်စိုးသူ ပန်ထွာဘုရင်မအကြောင်းကိုတော့ မြန်မာတိုင်းသိကြပါတယ်။

ဒါဟာ ဘာကိုပြသလဲဆိုရင် သမိုင်းစဉ်ထက် သမိုင်းစဉ်ထဲက ရာဇဝင်ဆန်ဆန် ဒဏ္ဍာရီဆန်ဆန်နဲ့အဖြစ်အပျက်တွေက တစ်ခါတစ်ခါ သမိုင်းစဉ်ကိုတောင်ကျော်လွှားပြီး လွှမ်းမိုးသွားခြင်းကို ပြဆိုခြင်းပါပဲ။ ပျူနိုင်ငံတွေနဲ့ ဗိဿနိုးသမိုင်းစဉ်မှာ ပန်ထွာဧကရီဘုရင်မရဲ့ ဇာတ်လမ်းတစ်ပုဒ်ကပဲ ဘာကြောင့် ဒီနေ့ခေတ် မြန်မာတွေရင်ထဲရောက်နေကြသလဲဆိုတာကတော့ ပန်ထွာဧကရီဟာ ကုန်းဘောင်ခေတ် ယောကျ်ားက မင်းဖြစ်လာသူမဟုတ်ဘဲ ထဘီဝတ်တဲ့မိန်းမသားက ဘုရင်မ ဖြစ်လာသူဖြစ်လို့ ဒီလို ရင်ထဲစွဲထင်နေကြခြင်းလို့ မြင်ပါတယ်။ နောက်တစ်ချက်ကတော့ ပန်ထွာဘုရင်မလက်ထက်မှာ ဗိဿနိုးနိုင်ငံတော် ပြိုလဲကျဆုံးပျောက်ကွယ်သွားခဲ့ရခြင်းပါ။

ထဘီကိုဘက်လိုက်တဲ့ သမိုင်းမြစ်

မြန်မာတွေရဲ့စိတ်ထဲမှာ ပန်ထွာဘုရင်မကို သရေခေတ္တရာက ဒွတ္တဘောင်မင်းက စစ်အနိုင်ယူပြီး ခေါ်ဆောင်သွားခြင်းခံရတာကို မြင်ကြတဲ့အတွက် ဒွတ္တဘောင်မင်းဟာ ဒဿဂီရိနေရာမှာ သို့မဟုတ် သိမ်းပိုက်သူနေရာရောက်ပြီး ပန်ထွာကတော့ မယ်သီတာလို အကျဉ်းစံဒေဝီတစ်ပါး ဖြစ်သွားခဲ့လို့ပါ။

ဒါပေမယ့် မြန်မာတွေ မစဉ်းစားမိကြတဲ့တစ်ချက်ကတော့ ဘာကြောင့်ပဲဖြစ်ဖြစ် ပန်ထွာဘုရင်မအုပ်ချုပ်တဲ့အချိန်မှာ ဟိုးရှေးစဉ်နှစ်ထောင်ချီကတည်းက တည်ရှိခဲ့တဲ့ ဗိဿနိုး ပျူနိုင်ငံတော်ကြီး ပြိုလဲကျဆုံးသွားရခြင်းမို့လို့ဆိုပြီး လျှော့ပေါ့ခွင့်လွှတ်စဉ်းစားလို့ မရပါ။ **သမိုင်းဆိုတာ**'Causes, Events and Results'**အကြောင်းတရားရှိရတယ်၊ အဖြစ်အပျက်ရှိရမယ်၊ ရလဒ် ရှိရမယ်လို့ ဒေါက်တာသန်းထွန်း ဆိုထားဖူးပါတယ်။** ဘာပဲဖြစ်ဖြစ် နှစ်တစ်ထောင်ကျော်တည်တံ့ခဲ့တဲ့ ဗိဿနိုး ပျူနိုင်ငံတော်ကြီးဟာ ပန်ထွာဘုရင်မလက်ထက်အရောက်မှာ ကျဆုံးပြိုလဲပျောက်ကွယ်သွားခဲ့ရတာဟာ နံပါတ်တစ်တာဝန်အရှိဆုံးဟာ ပန်ထွာဘုရင်မသာ ဖြစ်ပါလိမ့်မယ်။

ဗိဿနိုးက ရန်သူလာရင် မြည်တဲ့စည်ကြီး မမြည်တော့တာတို့၊ ရန်ပယ်ချောင်းက ရေတွေ မစီးတော့ လာတော့တာတို့၊ သရေခေတ္တရာက သူလျှိုတွေဝင်နေတာတို့ဆိုတာဟာ အပေါ်ယံအကြောင်းတရားတွေသာဖြစ်ပြီး အဲဒီကာလက ဗိဿနိုးနိုင်ငံတော်ကို တာဝန်ယူအုပ်ချုပ်နေရတဲ့ ပန်ထွာဘုရင်မရဲ့တာဝန်ယူမှုကသာ အခြေခံအကြောင်းတရား ဖြစ်ပါလိမ့်မယ်။

ဗိဿနိုးနိုင်ငံတော် နေဝင်သွားခဲ့ရခြင်းမှာ ပန်ထွာဧကရီက နံပါတ်တစ် သမိုင်းတရားခံဖြစ်ပြီး တိုက်ခိုက်သူ၊ ကျူးကျော်သူဒွတ္တဘောင်မင်းကတော့ နံပါတ်နှစ်တရားခံပါ။ ဒွတ္တဘောင်မင်းဟာ ပဒေသရာဇ်ခေတ်မှာ ဘုရင်တို့ရဲ့ထုံးစံအတိုင်း စစ်အင်အားရှိရင် ဘယ်နိုင်ငံကိုမဆို တိုက်ကြစမြဲပါ။

မြန်မာတွေစဉ်းစားကြတဲ့အခါ ပန်ထွာဧကရီကို မိန်းမသားအလှဘုရင်မတစ်ပါးဖြစ်လို့ဆိုပြီး လျှော့လျှော့ပေါ့ပေါ့စဉ်းစားကြတာ၊ ကရုဏာအခံနဲ့စဉ်းစားကြတာဟာ ထဘီဝတ်မိန်းမတွေအပေါ်မှာတောင် သမိုင်းမြစ်ကိုယ်တိုင်က ဘက်လိုက်ပြီး စဉ်းစားတယ်ဆိုတာ ပြနေပါတယ်။

'ထဘီကျွတ်၍ လွတ်လိုက်သည်'ဆိုတဲ့စကားဟာ ဒွတ္တဘောင်မင်းက ပန်ထွာဒေဝီကိုဆိုတဲ့စကားလေများလား၊ **'ထဘီလွှင့်၍ နန်းတက်သည်'**ဆိုတဲ့စကားကတော့ နန်းမတော်မယ်နုအတွက် ဆိုတဲ့စကားလေများလား . . .

တောင်သမန်အင်းငကင်း

www.free4readrs.com

FREEDOM AT MIDNIGHT

သန်းခေါင်ယံလွတ်လပ်ရေး

မောင်ပေါ်ထွန်း မြန်မာပြန်သည်။

အပိုင်း(၂၅)

အမှန်တရား
ဘုရားတရား
အမှန်တရား

မောင့်ဘက်တန်က အိန္ဒိယနိုင်ငံ၏ ဆိုးရွားနေသော လက်ရှိအခြေအနေများကို အသေးစိတ်ပြောပြသည်၊ ချာချီသည် မျက်မှန်အောက်မှ မျက်လုံးများကို မှေးပြီးဆေးပြင်းလိပ်ကြီးကို ခဲထားရင်းက တည်ငြိမ်စွာနားထောင်နေသည်၊ အိန္ဒိယနိုင်ငံ၏ ယိုယွင်းနေသောအခြေအနေများ၊ ကပ်ကြီးဆိုက်နေပုံများနှင့် ဆူပူထကြွနေပုံများကို နားထောင်နေရသော်လည်း ချာချီကားလုံးဝတုန်လှုပ်ခြင်းမရှိ၊ ပကတိတုံဏှိဘာဝေဖြင့်သာနားစိုက်နေသည်၊

သို့သော် အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံလုံးသည် ဓနသဟာယအဖွဲ့တွင် ဆက်လက်နေကြမည်ဟူသောအချက်ကို ကြားရသောအခါတွင်ကား ချာချီ၏စိတ်သည် လှုပ်ရှားစပြုလာသည်၊ သူ၏အမြင်သည် တစ်မျိုး ပြောင်းလာသည်၊ ယခုအခါသူ၏ ချစ်လှစွာသော အင်ပါယာသည် သေငယ်ဇောဖြင့် မျောနေပြီ၊ သို့သော် သေသွားသော်လည်း တစ်ခုခုတော့ ကျန်ရစ်ပေလိမ့်ဦးမည်၊

ထို့နောက် ချာချီက ဤကိစ္စနှင့်ပတ်သက်၍ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားရှိသလားဟု မောင့်ဘက်တန်ကို မေးလိုက်သည်၊ မောင့်ဘက်တန်က နေရူးထံမှ တရားဝင်စာတစ်စောင် ရရှိထားကြောင်း၊ ယခုထိုစာမှာ အက်တလီလက်ထဲ၌ရှိနေကြောင်း၊ ထိုစာတွင် ဒိုမီနီအဆင့်အတန်းဖြင့် အမြန်ဆုံးလွတ်လပ်ရေးပေးပါက ဓနသဟာယဝင်ရေးကိစ္စကို ကွန်ဂရက်ကလက်ခံမည်ဟု ကတိပေးထားကြောင်း ပြန်ပြောလိုက်သည်၊

ပြီးလျှင် သူ၏ကမ္ဘာရန်ဖြစ်သူ ဂန္ဒီကိစ္စကို ထပ်၍ မေးပြန်သည်၊

ဤတွင် မောင့်ဘန်တန်က-

"ဂန္ဒီကိုတော့ အပိုင်ပြောလို့ မရနိုင်ပါဘူး၊ သူဟာ ဒိပြဿနာမှာ အကြီးအကျယ်အန္တရာယ်ပေးနိုင်တဲ့ ပုဂ္ဂိုလ်ပါပဲ၊ ဒါပေမယ့် နေရူးနဲ့ ပတေးတို့ရဲ့ အကူအညီနဲ့ သူ့ကိုထိန်းထားနိုင်ပါလိမ့်မယ်"

ချာချီသည် ဆေးပြင်းလိပ်ကိုသွားကြားတွင် ကိုက်ရင်း အိပ်ရာပေါ်တွင် လေးလေးနက်နက်စဉ်းစားနေသည်၊

အတန်ကြာတော့မှ သူက အိပ်ရာမှ ထထိုင်လိုက်ပြီး ဤစီမံကိန်းကို အိန္ဒိယနိုင်ငံရေးပါတီအားလုံးက လူသိရှင်ကြား လက်ခံကြောင်း တရားဝင်ထုတ်ပြန်နိုင်လျှင် ပြည်သူအားလုံးကလည်း လက်ခံကြမည်သာဖြစ်ကြောင်း၊ သို့ဖြစ်လျှင် သူနှင့်သူ၏ကွန်ဆာဗေးတစ်ပါတီများကလည်း ဤစီမံကိန်းကို နွေရာသီမကုန်ခင်လွှတ်တော်တွင် ထောက်ခံပေးမည်ဖြစ်ကြောင်း၊ ဤသို့ဖြင့် အိန္ဒိယနိုင်ငံသည် နှစ်ပိုင်းမဟုတ်တော့ဘဲ နေ့ပိုင်းရက်ပိုင်းအတွင်း၌ပင် ဗြိတိသျှ ဓနသဟာယအဖွဲ့ဝင်လွတ်လပ်သောနိုင်ငံဖြစ်လာနိုင်ကြောင်း ပြန်ကြားပြောဆိုလိုက်သောအခါတွင်မှ မောင့်ဘက်တန်အဖို့ 'ဟင်း'ချနိုင်ပေတော့သည်၊

နယူးဒေလီမြို့၊
၁၉၄၇ ခုနှစ်၊ ဇွန်လ အစောပိုင်း၊

"မီးသင်္ဂြိုဟ်ပွဲ" များမှ ပေါ်ထွက်လာသည့် မှောင်မည်းသော မီးခိုးလုံးကြီးများသည် ဒေလီမြို့ မိုးကောင်းကင်သို့ တလိပ်လိပ် ထိုးတက်နေကြပြီး အတန်မြင့်သို့အရောက်တွင် ပြိုကွဲသွားကာ အိန္ဒိယတိုက်ငယ်တစ်ခုလုံးသို့ ပျံ့လွင့်သွားလေသည်၊ သို့သော် ကမန်းကတန်းပြုလုပ်ရသော ဤမီးသင်္ဂြိုဟ်များတွင် ကုလားထောပတ်လည်းမပါ၊ နံ့သာကရမက် ထင်းများလည်းမရှိ၊ တလိပ်လိပ်တက်နေသော မီးခိုးလုံးကြီးများအားဟန်မပျက်ရပ်ကြည့်နေကြသူများမှာလည်း သံပြိုင်မန္တန်ရွတ်ဆိုနေကြသော အသုဘရှု ပရိတ်သတ်မဟုတ်၊ ဗြိတိသျှအစိုးရ အရာရှိကြီးများသာ ဖြစ်လေသည်၊

'မီးသင်္ဂြိုဟ်ပွဲ'များ၏ နီရဲသော မီးလျှံများကြားတွင် လောင်ကျွမ်းပြာကျသွားသော အရာများမှလည်း အလောင်းကောင်များ မဟုတ်ကြ၊ အလေးချိန်လေးတန်မျှရှိသော မှတ်တမ်းများ၊ အစီရင်ခံစာများနှင့် ဖိုင်တွဲများသာဖြစ်သည်၊ သူတို့သည် နိုင်ငံရေးအတွင်းဝန်ဆာကွန်ရပ်ကော်ဖီးလ်၏ ညွှန်ကြားချက်အရ ယင်းစာရွက်များကို မီးပုံရှို့နေကြခြင်းဖြစ်သည်၊ လောလောဆယ်မိနစ်ပိုင်းအတွင်း ပြာကျသွားကြသော စာရွက်စာတမ်းများမှာ အိန္ဒိယသမိုင်းတွင် စိတ်ဝင်စားစရာအကောင်းဆုံးနှင့် အုတ်အော်သောင်းတင်း ဟိုးလေးတကျော်အဖြစ်နိုင်ဆုံး ဖြစ်ရပ်များအကြောင်း အသေးစိတ်ရေးသားထားသော မှတ်တမ်းများဖြစ်ကြသည်၊ ယင်းဖြစ်ရပ်များကား ပြည်နယ်ပေါင်း ၅၀၀ကျော်ကို သက်ဦးဆံပိုင်အုပ်ချုပ်ခဲ့ကြသော မဟာရာဇာများ၏ မျိုးဆက်ငါးဆက် ကာလအတွင်း ပေါ်ပေါက်ခဲ့ကြသော ဒုစရိုက်လုပ်ရပ်များ၊ မဖွယ်မရာဖြစ်ရပ်များနှင့် အရှက်ကွဲစရာအရှုပ်တော်ပုံဖြစ်ရပ်များပင်ဖြစ်သည်၊ ထိုဖြစ်ရပ်များကို အဆက်ဆက်သော ဘုရင်ခံများ၏ အဆက်ဆက်သော အမှုထမ်းအရာထမ်းများက ရေးမှတ်ထားခဲ့ကြသည်၊

ဆာကော်ဖီးလ်သည် ဤမှတ်တမ်းများအား ဖျက်ဆီးပစ်ရန်အမိန့်ကို သူလန်ဒန်သို့သွားခဲ့စဉ်က အက်တလီအစိုးရအဖွဲ့မှ ရယူလာခဲ့ပြီး ဒေလီမြို့သို့ ပြန်ရောက်ပြီး နောက်ရပ်များမကြာမီတွင် မီးရှို့ပွဲကို စနစ်တကျ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်၊

ဆာကွန်ရပ်သည် ရုံးခန်းရှိ မီးခံသေတ္တာထဲမှ အရေးကြီးသော မှတ်တမ်းများကို ထုတ်ယူပြီး သူကပင် စတင်၍ ရုံးရှေ့တွင်မီးပုံရှို့လိုက်သည်၊ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ခန့်ကတည်းက ဂရုတစိုက်သိမ်းဆည်းလာခဲ့သော မဟာရာဇာတို့၏ အရှုပ်တော်ပုံမှတ်တမ်းစုများသည် မိနစ်ပိုင်းအတွင်းပြာဖြစ်သွားကြပြီး ပြာမှုန့်များသည်ဒေလီမြို့တော် တစ်ခွင်တစ်ပြင်သို့ လေနှင့်အတူ လွင့်ပါသွားကြသည်၊ ဤမှတ်တမ်းများသည် အိန္ဒိယသမိုင်း၏အဖိုးတန် အမွေအနှစ် တစ်ပိုင်းတစ်ကဏ္ဍဖြစ်သောကြောင့် ဤလုပ်ရပ်ကို နေရူးက သိလျှင်သိချင်း ကန့်ကွက်တားဆီးသည်၊

သို့သော် သူ၏ကန့်ကွက်မှုမှာ အလာကောင်းသော်ငြားလည်း အခါနှောင်းသွားခဲ့လေပြီ၊ ပတိယလ၊ ဟိုက်ဒရာဘတ်၊ အင်ဒိုး၊ ကက်ရှ်မီးယား၊ မိုင်ဆိုး၊ ဘရိုဒါစသော ပြည်နယ်ပေါင်းများစွာတို့မှ ဗြိတိသျှအရာရှိများသည် သူတို့၏ရုံးခန်းအသီးသီး၌ သိမ်းဆည်းထားသော အလားတူစာရွက်စာတမ်းအားလုံးကို ဆာကွန်ရပ်၏ညွှန်ကြားချက်အရ တစ်ခုမကျန် မီးစာကျွေးလိုက်ကြပြီးဖြစ်သည်၊

မဟာရာဇာအချို့၏ လိင်ကိစ္စဖောက်ပြန်မှုများနှင့် ကာမသရမ်းပုံများကို တစ်တစ်ခွခွ ရေးသားထားသော မှတ်တမ်းမှတ်စု တစ်ပုံတစ်ခေါင်းကြီးကို အချိန်အတန်ကြာမျှ မီးရှို့ယူရသည်၊ ယင်းမှတ်တမ်းများအနက် ရမ္မပူရမဟာရာဇာ(နဝပ်)၏ လိင်မှုစွန့်စားခန်းမှာ စိတ်ဝင်စားစရာကောင်းသည်၊

တစ်ခါတွင်မဟာရာဇာသည် တစ်နှစ်အတွင်းတွင် ပြည်နယ်တစ်ဝန်းရှိ အပျိုစင်မိန်းကလေးများအားမည်သူက ပို၍ပန်းဦးဆွတ်နိုင်မည်နည်းဟူ၍ အိမ်နီးချင်းပြည်နယ်များမှ မဟာရာဇာများနှင့် အလောင်းအစားလုပ်သည်၊ သက်သေခံအထောက်အထားအဖြစ် အပျိုစင်မိန်းကလေးတို့ ဝတ်ဆင်လေ့ရှိသော နှာခေါင်းကွင်းကလေးများကို တင်ပြကြရန်လည်း သဘောတူကြသည်၊ သို့ဖြင့် ရမ္မပူရမဟာရာဇာသည် သူ၏အမှုတော်ထမ်းများအား တောချောက်သမားများပမာ ပြည်နယ်အနှံ့ပိုက်စိပ်တိုက်စေလွှတ်ပြီး အပျိုစင် "သားကောင်"များကို ဖမ်းယူစေသည်၊ ထိုပြိုင်ပွဲတွင် မဟာရာဇာပင်အနိုင်ရရှိခဲ့သည်၊ နှစ်ကုန်၍သူစုဆောင်းမိသော နှာခေါင်းကွင်းများကို အရည်ဖျော်လိုက်သောအခါ ရွှေစင်ပေါင်ချိန်များစွာရရှိခဲ့လေသည်၊

ကက်ရှ်မီးယားမဟာရာဇာဟာရိဆင်း၏ ဇာတ်လမ်းကလည်း ငိုအားထက်ရယ်အားသန်စရာဖြစ်ခဲ့သည်၊ သူသည် လန်ဒန်မြို့ဆဗွိုင်းဟိုတယ်၌ တည်းခိုနေစဉ် အမျိုးသမီးတစ်ယောက်ငှားရမ်း၍ ပျော်ပါးသည်၊ နောက်ဆုံးတွင်ထိုအမျိုးသမီး၏ ယောကျ်ားဖြစ်သူဟု မဟာရာဇာကယူဆသော လူတစ်ဦးက မဟာရာဇာအား တရားစွဲတော့သည်၊ စွဲချက်မှာပျော်ပါးပြီး တန်ရာတန်ကြေးမပေးသောပြစ်မှုဖြစ်သည်၊ ကံဆိုးရှာသော မဟာရာဇာ၏ဂုဏ်သိက္ခာကိုငဲ့ပြီး ထိုအမှုတွင် နာမည်ရင်းကိုမဖော်ပြဘဲ "မစ္စတာအေ"ဟူ၍သာ ဖော်ပြခဲ့သည်၊ စင်စစ်ဤဖြစ်ရပ်မှာ ကျိုကျိုတက်ချမ်းသာသော မဟာရာဇာအား လန်ဒန်မြို့မှ လူလည်များက "ငွေညှစ်သိုက်တူး"ခြင်းသာဖြစ်သည်၊ မဟာရာဇာသည် မိန်းမတွေကို စိတ်နာလှစွာဖြင့် သူ့ပြည်နယ်သို့ပြန်ရောက်လာသည်၊ သို့သော် မကြာခင်မှာပင် သူသည်မိန်းမတွေကို နာကျည်းစိတ်ပျောက်လာပြီး လူငယ်တွေနှင့်ပေါင်းကာ "မိန်းမအမဲလိုက်ခန်း"ဖွင့်ပြန်လေသည်၊ ဤမှတ်တမ်းသည်လည်း အခြားမှတ်တမ်းများကဲ့သို့ပင် ဆရင်နာဂါမြို့တော်၏ လေညှင်းနှင့်အတူ ဟိမဝန္တာမိုးကောင်းကင်တွင် ပြာမှုန့်ဘဝဖြင့် လွင့်ပါသွားကြလေသည်၊

ဟိုက်ဒရာဘတ်ပြည့်ရှင် မဟာရာဇာ(နိဇန်)သည် ခါတ်ပုံနှင့်ဝတ်လစ်စလစ်ပုံများကို တွဲဖက် ဝါသနာသန်သည်၊ အိန္ဒိယတစ်ပြည်လုံးတွင် ဝတ်လစ်စလစ်ပုံများ အများဆုံးပိုင်ဆိုင်သူအဖြစ် ထင်ရှားသည်၊ ထိုမျှများပြားသောပုံများကို ရရှိနိုင်ရန်အပိုင်ကြံသောနည်းလမ်းမှာ ဧည့်ရိပ်သာများ၏ နံရံများ၊ မျက်နှာကျက်များတွင် လျှို့ဝှက်ကင်မရာများ တပ်ဆင်ထားသည်၊ နန်းတော်ထဲက ရေချိုးဆောင်ရှိ ကိုယ်လုံးပေါ်မှန်ကြီးနောက်တွင်လည်း ကင်မရာတပ်ဆင်ထားသည်၊ လာလာသမျှသော ဧည့်သည်တော်များ၏ လျှို့ဝှက်လုပ်ရပ်မှန်သမျှကို ထိုကင်မရာများက လျှို့ဝှက်ရိုက်ယူလိုက်ကြသည်၊ ဤဓာတ်ပုံများမှာလည်း ပြာပုံဘဝသို့ရောက်သွားခဲ့ကြ ရသည်၊

ဆာကွန်ရပ်၏ လုပ်ရပ်ကြောင့် ပြာကျသွားရသော မှတ်တမ်းများအနက် လူဦးရေရှစ်သိန်းတို့၏ သခင်အယ်လ်ဝါပြည့်ရှင် မဟာရာဇာ၏ တစ်မူဆန်းပြားသော မှတ်တမ်းများလည်းပါဝင်သည်၊ အယ်လ်ဝါမဟာရာဇာသည် ဥပဓိရုပ်ကောင်းသလို လူမှုဆက်ဆံရေးတွင်လည်း ကျွမ်းကျင်သည်၊ ထို့ကြောင့်လည်းဘုရင်ခံချုပ်အဆက်ဆက်တို့က သူ၏မတရားလုပ်ရပ်များကိုပင် မျက်စိမှိတ်နေနိုင်အောင် သူကစည်းရုံးနိုင်ခဲ့ခြင်းဖြစ်သည်၊ သူ့ကိုယ်သူ ရာမနတ်မင်းကြီးဝင်စားသူဟု ယုံကြည်သည်၊ ထို့ကြောင့်လည်း သူ့လက်များကို လူသားတို့၏ လက်များနှင့်မထိနိုင်အောင် အနက်ရောင်ပိုးသားလက်အိတ်တို့အမြဲတမ်း စွပ်ထားလေ့ရှိသည်၊ တစ်ကြိမ်ကဆိုလျှင် အင်္ဂလန်ဘုရင်မင်းမြတ်၏ လက်နှင့် မထိလိုသောကြောင့် လက်ဆွဲနှုတ်ဆက်ခြင်းမပြုရန်ပင် အကြောက်အကန် ငြင်းဆန်ခဲ့ဖူးသည်၊ သူသည် ရာမနတ်မင်းကြီး၏ ဦးဖောင်းသရဖူအတိုင်း ပုံတူပြုလုပ်ဝတ်ဆင်လိုသည်ဆိုကာ ဟိန္ဒူဘာသာရေးသုခမိန်ပေါင်းများစွာတို့အား ရာမနတ်မင်း၏ ဦးဖောင်းအရွယ်အစားကို သုတေသနပြုစေခဲ့သည်၊

ထိုအစွဲအလမ်းတို့ကြောင့်လည်း သူသည် အာဏာကို ကမ်းကုန်အောင်အသုံးချခဲ့ခြင်းဖြစ်သည်၊ သူသည် တောကစားထွက်လျှင် ကျားစာအဖြစ် ကလေးငယ်များကို ချထားလေ့ရှိသည်၊ ကျားစာအဖြစ် အသုံးပြုရန် ကြံ့ရာနေရာ၌ ကြံ့ရာကလေးငယ်တစ်ဦးဦးကို အဓမ္မသိမ်းယူသောအခါ မိဘများမှာ ရှုမတတ်ခံစားကြရသည်၊ သို့သော် သူက ဂရုမစိုက်၊ ကျားက ကလေးငယ်ကိုမကိုက်နိုင်မီ သူကကျားကို အသေပစ်ပြမည်ဟူ၍ အာမခံသည်၊

Larry Collins and Dominique Lapierre တို့ ရေးသော FREEDOM AT MIDNIGHT ကို မောင်ပေါ်ထွန်း (မြန်မာပြန်) အပိုင်း(၂၅)ကို ဆက်လက်ဖော်ပြပါမည်၊

Editorial

အဝါကတ်အပြခံလိုက်ရသည်

ဈေးခြင်းများကိုကိုင်၍ လမ်းမပေါ်မှာ လျှောက်ရင်း နောက်မှမိန်းမက ရှေ့ကမိန်းမကိုလှမ်းမေးသည်။ "ကြားဖြတ်ရွေးကောက်ပွဲ အခြေအနေ ဘယ်လိုရှိလဲ" ထိုအခါ ရှေ့ကမိန်းမက ပြန်ဖြေသည်။ "ကုန်ဈေးနှုန်း သတင်းလောက် စိတ်မဝင်စားပါဘူးအေ"

ဒေးလီးအလဲဗင်းသတင်းစာတွင် ပါဝင်သော ဖော်ပြပါ(မှတ်ကြီး၊ အောင်ပင်လယ်)၏ ကာတွန်းတစ်ကွက် ကို ဖတ်မိသောအခါ ကြားဖြတ်ရွေးကောက်ပွဲနေ့(၃-၁၁-၂၀၁၈)နေ့က လက်ဖက်ရည်ဝိုင်းတစ်ဝိုင်းမှာ အမှတ်မထင်ကြားလိုက်ရသော စကားတစ်ခွန်းကို ပြန်ပြောဖို့ရှိလာပြန်သည်။ သူတို့အချင်းချင်းစကားပြောနေကြရာမှ "ဒီမှာကအစိုးရရှိမှန်းမသိတဲ့ခေတ်ရောက်မရောက်တော့မသိဘူး။ ရွေးကောက်ပွဲရှိမှန်း မသိတဲ့ခေတ်တော့ ရောက်နေပြီ"ဟူ၏။

သုံးသပ်စရာတွေရှိလာပါသည်။ အချက်အလက်များများစုနိုင်လျှင် များများသုံးသပ်နိုင်သည်။ ကာတွန်း ဆရာပြောသလို လူတွေ(ပြည်သူ)က စိတ်မဝင်စားကြပါ။ ကြားဖြတ်ရွေးကောက်ပွဲမို့လို့လည်း ဖြစ်နိုင်သည်။ လက်တွေ့ဘဝထဲက စားဝတ်နေရေးကိစ္စထက် စိတ်ဝင်စားစရာမရှိဟုလည်း ခံယူနေပုံရသည်။ တစ်ခါ ရွေးကောက်ပွဲကို စိတ်ဝင်စားတော့ရော . . . ရွေးကောက်ပွဲက ကိုယ်တင်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်က ကိုယ့်ကို ဘာလုပ်ပေးနိုင်မှာမို့လို့လဲ တွေးလာကြသည်ထင်သည်။ ရွေးကောက်ပွဲနှင့် ပြည်သူဆိုတာက အလှမ်းဝေးနေသလို အနေအထားဟု သူတို့(ပြည်သူ)ထင်လာပုံရသည်။ ရွေးကောက်ပွဲနှင့် ဝေးခဲ့၍ ရွေးကောက်ပွဲ ယဉ်ကျေးမှု ပြန်လည်ထွန်းကားလာမယ်မှမရှိသေး၊ ရွေးကောက်ပွဲဆိုတာ ဒီလိုဆိုတာမျိုး သဘောပေါက်သွားစေခြင်းက နိုင်ငံရေးလမ်းကြောင်းမှာ ခလုတ်ကန်သင်း။ တစ်ခါ လက်ဖက်ရည်ဝိုင်းထဲက အသံလို ရွေးကောက်ပွဲရှိမှန်း မသိတဲ့ခေတ်ရောက်နေပြီဆိုတာ ထောက်ခံရမည့်နှယ် . . .။

ဆိုလိုတာက အစိုးရကိုယ်နှိုက်ပင်လျှင် ပြည်သူနှင့် အလှမ်းဝေးနေသည်ဟုဆိုလျှင် မမှားတန်ရာ။ ဒီမိုကရေစီ အစိုးရတစ်ရပ်သည် ပြည်သူနှင့်အလှမ်းဝေးသည်ဆိုပါက ကျဆုံးခြင်းနိဒါန်း၌ ခြေတစ်ဖက်ရောက်နေပြီဟု ဆိုရပေလိမ့်မည်။

ကောက်ချက်ချကြည့်လျှင်တော့ ၎င်းသည် ဒီမိုကရေစီအစိုးရတစ်ရပ် သတိပြုဆင်ခြင်ရမည့်ကိစ္စ ဖြစ်လာသည်က အသေအချာပင်။ ဒီအချက်က ပထမတစ်ချက်ဖြစ်သည်။ အလွန်အရေးကြီးသော အဆင့်(အရေးပေါ်အခြေအနေ)ဟုပင်ဆိုသင့်သည်။

ဒုတိယတစ်ချက်ရှိပါသေးသည်။ ပထမအချက်ကဲ့သို့ပင် မိုးထဲလေထဲက အရေးပေါ် . . .။ အများသိကြသည့်အတိုင်းပြီးခဲ့သည့် နိုဝင်ဘာလ(၃)ရက်နေ့က ကြားဖြတ်ရွေးကောက်ပွဲကျင်းပခဲ့ရာတွင် ယနေ့လက်ရှိအာဏာရအစိုးရဖြစ်လာသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပွဲဦးထွက်အနေဖြင့် (၂၀၁၂၊ ၂၀၁၅)သောင်ပြိုကမ်းပြိုနိုင်ခဲ့သလောက် ယခုရွေးကောက်ပွဲ၌ (ကာတွန်းဆရာတစ်ယောက်သရော်ခဲ့သလို)ကြောင်သလိုကန်းသလို ဖြစ်သွားပုံကလည်း ပြောလျှင်အရုပ်ဆိုး အကျည်းတန်သည်။

တစ်ဖက်ကလှည့်တွေးတော့ မဟာဗျူဟာနည်းဗျူဟာတွေပဲလား၊ ကစားကွက်အရွှေ့ပဲလား၊ အတိမ်အနက် အထူအပါးများနှင့် ယှဉ်၍ အခြေအနေကို စောင့်ကြည့်ချင်လို့ပဲလားမသိ။ ထိုပါတီအတွက်တော့ အရုပ်ဆိုးစေသည်ကအမှန်. .။ တစ်တက်စားလည်း ကြက်သွန်။

တစ်ခါ ထိုပါတီကပဲ လက်ရှိမှာ အစိုးရဖွဲ့ထားသည်ဆိုတော့ စင်ပေါ်ရောက်အစိုးရ၏အနေအထားက အတော်ပင်အားမလို အားမရဖြစ်စရာ. . .။

ထားတော့ စဥ့်အိုးကြီးကွဲခဲ့တာကိုတော့ ပြန်ဆက်လို့ မရပါ။ ခွပ်ဒေါင်း ဒဏ်ရာရသွားသည်ကိုတော့ ဆေးကု၍ရနိုင်ပါသေးသည်။ ဒီကိစ္စက ဆေးကု၍မရပါမဟုတ်။ 'အနာ'ကိုသိလိုက်တဲ့ကိစ္စ။ ဆေးရှာရမည့်ကိစ္စ။ ဤသို့သာလျှင် နှလုံးပိုက်ရပေတော့မည်။ ဤသို့သာလျှင် အဝါကတ်အပြခံရသည်သို့ မှတ်ယူရတော့မည်။

လဲရာကထရပါမည်။ ကျရာကတက်ရပါမည်။ အဆိုးထဲက အကောင်းကိုရှာလျှင် ယနေ့ပြည်သူတို့ သဘောသဘာဝ၊ စိတ်ခံစားချက်ကို သိခွင့်မြင်ခွင့်ရသွားပြီး လာမည့်ရွေးကောက်ပွဲအတွက် (အကောင်းဆုံး အလေးနက်ဆုံး သင်ခန်းစာအဖြစ်ခံယူ၍)ပြင်ဆင်ရမည်ပင်ဖြစ်သည်။

တစ်ဖက်ကလည်း ရွေးကောက်ပွဲသဘောသဘာဝအရ သန့်ရှင်းခြင်း၊ ညစ်ပတ်ခြင်း၊ ဥပဒေကို လက်တစ်လုံးခြားလုပ်ခြင်းများကို သတိပြုအပ်သည်။ မည်သို့ဆိုစေ သမိုင်းလည်းရှိ လှိုင်းလည်းငြိခဲ့ပြီး ပြည်သူ့အကျိုးကို အမှန်တကယ်သယ်ပိုးမည့် ပါတီတစ်ပါတီအနေဖြင့် အောင်ပွဲများနှင့် အစဉ်အလာဖြစ်ခဲ့သည့် ဂုဏ်သိက္ခာကိုထိန်းသိမ်းရင်း ရှေ့ဆက်၍ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးကို မြင့်မြင့်မားမား ရည်ရွယ်ထားသည့် သံမဏိစိတ်ဓာတ်ပိုင်ရှင်ပီသစွာ၊ ဉာဏ်ပညာနှင့်ဆင်ခြင်တုံတရားရှိသူများ ပီသစွာ ယခုကြားဖြတ် ရွေးကောက်ပွဲရလဒ်အမှတ်အသားကို အဝါကတ်အဖြစ် သင်္ကေတပြုရှုမြင်သင့်ပါကြောင်း တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပါသည်။

ကထိန်သင်္ကန်းလှူဒါန်းရှင်ပျော်နိုင်ငံတော်

□ မြင့်မြတ်အောင်မြင့် □

ဝါလကင်းလွတ် သီတင်းကျွတ်ပြီးတာနဲ့ တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်နေ့ရောက်တဲ့အထိ မြန်မာပြည်တစ်နံတစ်လျားမှာ ဗုဒ္ဓဘာသာဝင် သူတော်စင်ပြည်သူများဟာ ကထိန်သင်္ကန်းတွေကို ရဟန်းသံဃာတော်တွေထံ ကပ်လှူပူဇော်ကြပါတယ်။

ကထိန်ခင်းတယ်ဆိုတဲ့ အမည်နဲ့ပါပဲ။ ဒီလိုနေ့ချင်းပြီး ရက်လုပ်တဲ့ ကထိန်သင်္ကန်းတော်ကို လှူဒါန်းခြင်းအားဖြင့် ပြည်သူတွေဟာ ထူးကဲမွန်မြတ်တဲ့ ကုသိုလ်တွေရကြပါတယ်။

ထူးကဲ လတ်ဆတ်တဲ့ သဒ္ဓါတရားတွေ ပေါ်ထွက်ကြပါတယ်။ အလွန်ကောင်းတဲ့ အစဉ်အလာပါပဲ။ ဒီလိုအစဉ်အလာ ကထိန်သင်္ကန်းခေါ် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲ နှစ်စဉ်ဖြစ်လာအောင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဖန်တီးပေးခဲ့ပါတယ်။

ဂေါတမမြတ်စွာဘုရားဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူနေခိုက်ဖြစ်ပါတယ်။ ဒါကို သတင်းရတဲ့ ပါဝေယျက တိုင်းသား(ပါဝါပြည်သား) ခုတင်ဆောင် ရဟန်းတော်အပါး(၃၀)ဟာမြတ် စွာဘုရားကို ဖူးမြော်ကြည်ညိုဖို့ အဲဒီပါဝါမြို့ကနေ မြတ်စွာဘုရားရှင် ရှိတော်မူရာ သာဝတ္ထိမြို့ကို ဝါဆိုအမီ ကြွချီလာကြပါတယ်။

ဒါပေမယ့် အဲဒီရဟန်းတော်အပါး(၃၀) ကြွချီလာတဲ့ အချိန်ဟာ ဝါဆိုခါနီးဖြစ်နေလို့ သာဝတ္ထိမြို့ကို အချိန်မီမရောက်တော့ဘဲ သာဝတ္ထိနဲ့ခြောက်ယူဇနာဝေးတဲ့ သာကေတမြို့ကိုပဲ ရောက်လာကြရပါတယ်။

ဒါကြောင့်လည်း အဲဒီရဟန်းတော်တွေဟာ မြတ်စွာဘုရားထံ ကြွမလာနိုင်တော့ဘဲ ဝါတွင်းသုံးလလုံးလုံး သာကေတမြို့မှာပဲ သတင်းသုံးလိုက်ရပါတယ်။

နောက်ဝါကျွတ်လို့ ပဝါရဏာပြုပြီးတာနဲ့ ဘုရားရှင်ရှိရာ သာဝတ္ထိမြို့ကို ချက်ချင်းကြွတော်မူကြပါတယ်။ ဒါပေမဲ့ ဝါကျွတ်သော်လည်း မိုးကမကုန်သေးလို့ အဲဒီသံဃာတော်တွေ မိုးထဲလေထဲမှာ အတော်ဒုက္ခရောက်ကြပါတယ်။

ခရီးကြမ်းတဲ့အတွက်လည်း သံဃာတော်တွေရဲ့ သင်္ကန်းတော်တွေမှာ ရွှံ့တွေဗွက်တွေ မိုးရေတွေနဲ့ မြင်မကောင်းပါဘူး။ အထူးသဖြင့် နှစ်ထပ်သင်္ကန်းထူထူကြီးတွေထဲမှာ မိုးရေဝင်နေလို့ ခရီးမတွင်ဘဲ ပင်ပန်းလှပါတယ်။

ဒါကြောင့်လည်း အဲဒီရဟန်းသံဃာတော်တော်အပါး (၃၀)ဟာ ဘုရားရှင်ထံ ရောက်တဲ့အခါမှာ သင်္ကန်း တော်တွေနဲ့ မိုးရေတွေကြောင့် အလွန်ပင်ပန်းတဲ့ အကြောင်းလျှောက်ထားကြပါတယ်။

မြတ်စွာဘုရားကလည်း ဝိနည်းကံအရ နှစ်ထပ်သင်္ကန်းကြီးနဲ့ ခရီးမသွားဘဲ သင်းပိုင်ဧကရီတို့လောက်နဲ့ ခရီးသွားရင် ရဟန်းသံဃာတွေ အဆင်ပြေနိုင်တယ်လို့ တွေးပြီးကထိန်ခင်းမှု ဝိနည်းကံကို စတင်ခွင့်ပြုလိုက်ပါတယ်။

ဒါကြောင့်လည်း ပထမဝါဆိုပြီးလို့ ဝါကျွတ်ကြတဲ့ ရဟန်းတော်တွေကို ကထိန်ခင်းခွင့်ပြုလိုက်ပါတယ်။ ပြီးတော့ ကထိန်အာနိသင်ငါးပါးကိုလည်း ဟောကြားလိုက်ပါတယ်။ ဒီလိုနဲ့ ဘုရားရှင်လက်ထက်တော်ကစပြီး ကထိန်ခင်းပွဲတွေ ပေါ်ပေါက်လာခဲ့ပါတယ်။

ဒါပေမယ့် ကထိန်ခင်းကြတဲ့ ကထိန်ကာလအချိန်မှာ သင်္ကန်းတွေလှူကြတန်းကြပေမယ့် ကထိန်ခင်းဖို့ဆိုပြီး သီးသန့်ချုပ်ထားတဲ့ သင်္ကန်းမရှိပါဘူး။ ရိုးရိုးသင်္ကန်းကိုပဲ ကထိန်ခင်းလိုက်တဲ့အတွက် ကထိန်းသင်္ကန်းလို့ ခေါ်ကြတာဖြစ်ပါတယ်။ ရိုးရိုးသင်္ကန်းနဲ့ ကထိန်သင်္ကန်းဟာ ပုံစံခြင်းထပ်တူကျပေမယ့် သင်္ကန်းတွေရဲ့စွမ်းရည် အာနိသင်တွေကတော့ မတူဘဲ ကွဲပြားပါတယ်။

ရိုးရိုးသင်္ကန်းက ဝတ်ရုံပဲသုံးစွဲရပြီး သုံးစွဲတဲ့အကျိုးကျေးဇူးကိုပဲ ရပါတယ်။ ကထိန်သင်္ကန်းကတော့ သုံးစွဲတဲ့အကျိုးအပြင် သီးခြားဖြစ်တဲ့ ကထိန်အာနိသင်ငါးပါးကို ရဟန်းတော်တွေ ရရှိခံစားနိုင်ပါတယ်။ ကထိန်သင်္ကန်းကိုကပ်လှူပူဇော်ခံထားရတဲ့ ရဟန်းသံဃာတော်ဟာ မပန်ကြားဘဲ သွားလာနိုင်ခြင်း၊ သင်္ကန်းသုံးထည် မယူဆောင်ဘဲ သွားလာနိုင်ခြင်း၊ ပင့်နည်းမှားသော ဘောဇဉ်ကိုလည်း စားသုံးနိုင်ခြင်း၊ သင်္ကန်းအပိုလိုသလောက် ထားသုံးနိုင်ခြင်း၊ သံဃာပိုင်သင်္ကန်းကို ခွဲဝေယူနိုင်ခြင်းဆိုတဲ့ အာနိသင်ငါးပါးကို ထူးခြားစွာရရှိနိုင်ပါတယ်။

အလားတူပဲ ရဟန်းသံဃာတော်တွေကို ကထိန်သင်္ကန်း(သို့မဟုတ်) မသိုးသင်္ကန်းကပ်လှူပူဇော်သူတွေ ဟာလည်း ကောင်းမြတ်တဲ့ကုသိုလ်တွေကို ရပါတယ်။ ဒါတွေကတော့ လွတ်လပ်စွာသွားလာနိုင်ခြင်း၊ ဝန်ထုပ်ဝန်ပိုးပေါ့ပါးခြင်း၊ အစားအသောက်အန္တရာယ်ကင်းခြင်း၊ အဝတ်အထည်ပေါများခြင်း၊ ကိုယ်ပိုင်အခွင့်အရေး မဆုံးရှုံးခြင်းတို့ဖြစ်ကြပါတယ်။

ဒီနေရာမှာ ကထိန်အလှူရှင်ဆိုတာနဲ့ ပတ်သက်ပြီး ဆရာတော် အရှင်ဆန္ဒာဓိက၏ ဂုဏ်ရှိန်ပေါင်းစုတဲ့ ဘုံကထိန်ကောင်းမှုဟု ထွက်ရှိထားသော စာအုပ်အတွင်းမှ မိန့်ကြားထားသည့် ဩဝါဒစကားအနည်းအကျဉ်း တင်ပြချင်ပါတယ်။ ကထိန်သင်္ကန်းကပ်လှူပွဲတွေဟာ အများအားဖြင့် စုပေါင်းလှူဒါန်းကြတာများပါတယ်။

စုပေါင်းအလှူငွေတွေနဲ့ "ဥတ်သင်္ကန်း"ဝယ်ရင် အလှူငွေထည့်ထားသူတွေအားလုံးဟာ ကထိန်အလှူရှင်တွေဖြစ်နိုင်ပါတယ်။ ဒါပေမယ့် စုပေါင်းအလှူငွေနဲ့ "ဥတ်သင်္ကန်း"မဝယ်ရင် အလှူငွေထည့်ဝင်ထားသူတွေဟာ ဘယ်သူမှ ကထိန်သင်္ကန်းအလှူရှင်မဖြစ်တော့ပါဘူး။

ကထိန်အလှူဆိုတာ ဥတ်သင်္ကန်းအလှူပါ။ ကထိန်ခင်းတဲ့ ဥတ်သင်္ကန်းကိုလှူမှ ကထိန်အလှူရှင်ဖြစ်ပါတယ်။ ကထိန်ခင်းတဲ့ ဥတ်သင်္ကန်း ကိုလှူခွင့်မရရင် ဘယ်တော့မှ ကထိန်အလှူရှင်မဖြစ်ပါဘူး။ အချို့ကထိန် အလှူတွေမှာ အများအားဖြင့် အလှူရှင်တွေဟာ ငွေလှူလိုက်ပါတယ်။ ကထိန်အလှူရှင် ဖြစ်လား မဖြစ်လား မစုံစမ်းကြပါဘူး။

ငွေလက်ခံပြီး ကထိန်သင်္ကန်အလှူလုပ်တဲ့ လူတွေကလည်း ငွေထည့်သူတွေအားလုံးကို ကထိန်သင်္ကန်း အလှူရှင်ဖြစ်အောင် အထင်ကရ မလုပ်ပေးကြပါဘူး။ အနီးအစပ်ဆုံး ဩဇာအာဏာအရှိဆုံး ငွေအထည့်များ ဆုံးလူကိုသာ ကထိန်သင်္ကန်းအလှူရှင်အဖြစ် တာဝန်မဲ့သတ်မှတ်တတ်ပါတယ်။ ဒါဟာ မလုပ်ကောင်းတဲ့အပြင် အလွန်လည်း ငရဲကြီးပါတယ်။

အရေးကြီးတာက ငွေကြေးနည်းနည်းများများ ကထိန်သင်္ကန်းအတွက် ငွေကြေးလှူဒါန်းထည့်ဝင်သူတိုင်း ကထိန်သင်္ကန်းအလှူရှင်အဖြစ် ကုသိုလ်တော်တွေရလာစေပါမယ်။

ဒီနေရာမှာ ဥတ်သင်္ကန်းကို နှစ်ထပ်သင်္ကန်းကြီးနဲ့မှ လုပ်လို့ရတာ မဟုတ်ဘူးဆိုတာ သိထားဖို့လိုပါတယ်။ ခါးဝတ်သင်းပိုင်၊ ကိုယ်ရုံဧကရီတို့လည်း လုပ်လို့ရပါတယ်။ ကထိန်ခင်းမယ့် သင်္ကန်းကို သင်္ကန်းသုံးထည်သုံးမျိုးနဲ့ လှူဒါန်းမှ ရတာမဟုတ်ပါဘူး။ ဒါကို ကထိန်သင်္ကန်းကပ်မယ့် အလှူရှင်တိုင်း သိဖို့လိုပါတယ်ဟု ဆရာ တော်အရှင်ဆန္ဒာဓိက၏ စာအုပ်အတွင်းတွင် မိန့်ကြားထားမှုကို တွေ့ရှိရပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ဗုဒ္ဓဘာသာနိုင်ငံတော်ပါ။ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်ပေမယ့် အားလုံးနီးနီးဟာ ကိုယ်ရင်ဝတ်၊ ရဟန်းခံ၊ ရှင်ပြု၊ မယ်သီလရှင်လုပ်တဲ့ ဗုဒ္ဓဘာသာဝင်တွေချည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံအရ နိုင်ငံသားတွေဟာ မသိုးသင်္ကန်းလို့ခေါ်တဲ့ ကထိန်သင်္ကန်းကပ်လှူပွဲ တော်တွေကို သီတင်းကျွတ်မီးထွန်းပွဲတော်ပြီးတာနဲ့ တန်ဆောင်မုန်းလဆုတ်မတိုင်မီအထိ မြန်မာပြည်အနှံ့ ကြက်ပျံမကျစည်ကားသိုက်မြိုက်စွာ ပြုလုပ်ကြပါတယ်။ ဒီလိုပြုလုပ်ကပ်လှူပူဇော်ကြရင်းနဲ့ ကောင်းမြတ်တဲ့ ကုသိုလ်တွေကို ရယူရင်းနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့ ကြိုးစားလျက်ရှိကြပါတယ်။

ဒီလိုကြိုးစားကြတဲ့ နိုင်ငံသူ နိုင်ငံသားတွေထဲမှာ သင်လည်း အားတက်သရောပါဝင်နေတယ်လို့ အကြွင်းမဲ့ယုံကြည်ရင်း ဤဆောင်းပါးကို နိဂုံးချုပ်လိုက်ပါတယ်။

♦ မြင့်မြတ်အောင်မြင့် ♦

THE SUN RAYS

အမှတ်(၀၉၀၃/ဘီ)၊ လမ်းမတော်ပလာဇာ၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ် (ကမ္ဘောဇဘဏ်အနီး)၊ More & More Gold and Jewellery ဆိုင်ဘေးလှေကားမှဝင်၍ ဓာတ်လှေကားဖြင့် ၉ လွှာသို့တက်ပါ။
ဖုန်း-၀၉-၂၅၄၀၁၂၅၂၂

email.thesunraynews@gmail.com

ထုတ်ဝေသူ
ဦးခင်အေး (၀၀၄၉၈)
09 400400051

တာဝန်ခံအယ်ဒီတာ
ရဲဝင်း

ဥပဒေရေးရာအကြံပေး
တင်သန်းဦး

ဖြန့်ချိရေး
ဦးကျော်တင့်

ပုံနှိပ်
ပြည်အေး - ပုံနှိပ်တိုက်
09 5169728

ပုံနှိပ်သူ
ဦးခွန်ပြည်အေး(၀၀၈၉၂)
အမှတ် - ၂၆၃၊ YMCAဝင်း (၉)ရပ်ကွက်၊ မိုလ်တထောင်။

သူရိယနေဝန်းဂျာနယ်ပါဓါတ်ပုံများကို အင်တာနက်မှ ကူးယူဖော်ပြပါသည်။

ဆိုကရေးတီးရဲ့အဆိပ်ခွက်ကို အားနာတယ်

မောင်ခင်မှိုင်း(ချောက်)

■ သူက ဘီယာသမား
ငါက ကော်ဖီသမား
ခွဲခြား ခွဲခြားလုပ်သူများ···

■ လောကစံချင်းမတူလို့
ခွက်ချင်းမတူတာ
ခွက်ချင်းမခုတ်ကြပါနဲ့လား···။ ။

မောင်ခင်မှိုင်း(ချောက်)

www.free4readrs.com

လွမ်းမွှယ့်သည့်ကျောင်း (၂)

ကိုငွေး(နတ်မောက်)

ဆရာတော်ဦးဥတ္တရလက်ထက်မှာ ဒီပင်္ကရာစာသင်တိုက်သည် နတ်မောက် ရှစ်ဆယ့်ရှစ် သပိတ်စခန်းအဖြစ်တစ်လကြာသည်။ ဦးနေဝင်းအစိုးရကို ၁၉၈၈ တစ်ပြည်လုံးအုံကြွတော်လှန်ရာတွင် နတ်မောက်သားတို့လည်း နောက်ချန်မနေခဲ့ပါ။ ဤတွင် ဒီပင်္ကရာကျောင်းအခန်းကဏ္ဍ အရေးပါလာသည်။

သီလ၊ သိက္ခာ၊ သမာဓိပညာအားကြီးမားသော ရှင်ရဟန်းတို့ တော်လှန်ရေးတွင် ရှေ့တန်းမှပါလာသောအခါ လူထုထောက်ခံမှုရသည့်အပြင် တော်လှန် အားလည်းကြီးထွားလာသည်မှာ ခေတ်အဆက်ဆက်သမိုင်းသက်သေဖြစ်သည်။ ဒီပင်္ကရာစာသင်သားရှင်ရဟန်းတို့သည် ကျောင်းတိုက်နှင့်စာသင်စာချ နာယကဆရာတော်တို့ ဂုဏ်မပျက်စေဘဲ အရေးတော်ပုံတပ်သားတို့နှင့် တစ်သားထဲဖြစ်ခဲ့သည်။ မြို့နှင့်လူထုကိုလည်း စောင့်ရှောက်သည်။ တော်လှန်မှုသမိုင်းမှာ တပ်ဦးလည်းမကျ၊ တပ်နောက်လည်းမကျန်၊ တရားဓမ္မလမ်းစဉ်ဘောင်အတွင်းမှ အခြားမြို့များနည်းတူပါဝင်ခဲ့သည်။ မဝေးသေးသော အတိတ် ၁၉၈၈သမိုင်းတွင် အမုန်းများ၊ အာဃာတများဖြင့် လက်စားချေမှုများ ရှိခဲ့ကြရာ နတ်မောက်မှာ ထိုအဖြစ်ဆိုးမျိုး မကြုံရအောင် ဆရာတော်ဦးဥတ္တရ၊ ဦးဝါယမ၊ ဦးစန္ဒတို့က ထိန်းကျောင်းခဲ့သည်။ ဆရာတော်တို့သည် အရေးတော်ပုံတပ်သားတို့ကိုလည်း လက်ခံ၊ ထိုခေတ်ပါတီကောင်စီလူကြီးတို့ကို သပိတ်တပ်က အန္တရာယ်မပေးနိုင်ရန်လည်း စီမံနိုင်ခဲ့မှုမှာ မေ့ပစ်မရကောင်းသော နတ်မောက်သပိတ်သမိုင်းဖြစ်သည်။ အထူးသဖြင့် ဆရာတော်ဦးစန္ဒ၏ ကျေးဇူးသည် မြို့နှင့်လူထုအပေါ် ကြီးမားသည်။ သပိတ်ခေတ်ဆန်ပြတ်လပ်မှုကြုံရာ ဆရာတော်သည် မြို့လူနေငွေစု၍ သာယာဝတီ၊ နတ္တလင်း၊ ဇီးကုန်း ဆန်ဝယ်ထွက်ရာတွင် ဦးဆောင်ရသည်။ ၁၈-၉-၁၉၈၈ စစ်တပ်အာဏာသိမ်းမှုနှင့်ကြုံရာ ဝယ်လာဆန်တို့ စစ်တပ်မသိမ်းအောင် ဆောင်ရွက်ပုံတို့မှာ ကိုယ့်ပန်းစိတ်နွမ်းဖြစ်ရသည်။ မြို့ရောက်၍ ဆန်ဝေငှမှု၊ ငွေကြေးရှင်းရမှုတို့တွင် လောဘသားကုန်သည်များနှင့် ဆရာတော်စိတ်ညစ်ညူးရသည်။ သို့သော် ဆရာတော်သည် အားလုံးကို သပိတ်ပြုကွဲအပြီး တက်လာသောစစ်အုပ်ချုပ်ရေးနှင့် ပြေလည်အောင်စွမ်းဆောင်နိုင်မှုသည်လည်း ဒီပင်္ကရာကျောင်း၏ မေ့ပစ်မရကောင်းသောသမိုင်းဖြစ်သည်။

မြို့ပေါ် ကိုးကျောင်းတွင် သပိတ်မှောက်တပ်သားတို့ကို လက်ခံခဲ့၍ (၈၈-သပိတ်ကျောင်း)ဟု နဝတအစိုးရက သတ်မှတ်က ငြိုးတေးထားခဲ့သည်။ နောက်မှ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာကြီးမားသော ဆရာတော်ကြီးတို့ကို မလေးစားလျှင် လူထု၏ငြိုငြင်မှုကိုခံရမည်ကိုသိလာ၍ စစ်အာဏာရှင်တို့သည် ဒီပင်္ကရာကျောင်း၏ အလှူ့ရှင်များဖြစ်လာသည်။ စာသင်တိုက်နှစ် ၅၀ပြည့်အတွက် ဇိမာန်တော်ကြီးဆောက်ရာတွင်ထိုစဉ်က လူထုစီးပွားရေးကျပ်တည်း၍ အဆောက်အဦတန်းလန်းဖြစ်နေချိန် စက်မှုဝန်ကြီးဦးအောင်သောင်းသည် တစ်ချက်ခုတ်သုံးချက်ပြတ်အဓိကအလှူရှင်ဖြစ်လာသည်။ ဇိမာန်တော်ကြီးရှိ ဒုဗိုလ်ချုပ်ကြီးမြင့်အောင်မိသားစု အလှူရှင်ကမ္ပည်းကိုမြင်တိုင်း စစ်အာဏာရှင်တို့ သံဝေဂရဖွယ်စကားမောင်ဒွေးကြားနေမိသည်။ ဒီပင်္ကရာဆရာတော်ဦးစန္ဒ ရန်ကုန်ကြွလာစဉ် ဦးမြင့်အောင်က ငွေလှူသည်။ လှူဒါန်းစဉ်(ပစ္စည်းက လူကိုစွန့်ရင် စိတ်ဆင်းရဲရပါတယ်ဘုရား။ လူကပစ္စည်းကို စွန့်ရင် စိတ်ချမ်းသာမှုရပါတယ်ဘုရား။ ဇိမာန်တော်အတွက် အလှူငွေပါဘုရား)ဟူသောစကားဖြစ်သည်။ ဦးမြင့်အောင်သည် ဇိမာန်တော်အတွက် ငွေလှူပြီး တစ်ပတ်အကြာ စိတ်ဖိစီးမှုကြောင့်ပင် သေဆုံးခဲ့၍ ဆရာတော်မှာ ဆွမ်းသွတ်ရန်ကုန်ပြန်ကြွ၊ ကျန်ရစ်သူတို့ကိုတရားပြရသည်။ အတွင်းရေးမှူး(၃)ဒု-ဗိုလ်ချုပ်ကြီး ဝင်းမြင့်သည်လည်း တာဝန်မှရပ်စဲခံရပြီးမှ ကျပ်သိန်း၅၀ရွှေရတု ဇိမာန်တော်ကိုလှူဒါန်းခဲ့သည်။ သွားလေသူ စက်မှုဝန်ကြီးကတော့ (တောင်တွင်းမြို့သစ်၊ နတ်မောက်)နယ်စားဖြစ်ရာ (ဒီပင်္ကရာ)သည် သူကိုးကွယ်ရာကျောင်းတော်ဖြစ်ခဲ့သည်။ သူ့သမိုင်းပုံရိပ်တွင် ဘုန်းကြီးကျောင်းဝင်းအတွင်း၌

ဖိနပ်စီးလျက် ဆရာတော်နှင့် အတူလမ်းလျှောက်ဝံ့ခြင်းက သာသနာနှင့် ရဟန်းသံဃာတို့ကို ဂါရဝထားနှလုံးသားမရှိကြောင်း သက်သေဖြစ်သည်။ ထိုသို့ စစ်အာဏာရှင်တို့ လှူဒါန်းလာ၍၊ ကိုးကွယ်လာ၍အချို့က (စစ်အစိုးရနဲ့ ပေါင်းတဲ့ကျောင်း)ဟု ကင်ပွန်းတပ်ခဲ့ကြပြန်သည်။

၂၀၀၇ ခု စက်တင်ဘာ ရွှေဝါရောင် အရေးတော်ပုံတွင် နတ်မောက်ရဟန်းသံဃာရှင်လူတို့သည် ပခုက္ကူ- မန္တလေး၊ ရန်ကုန်နောင်တော်ရဟန်းတို့ကို ထောက်ခံပါဝင်ခဲ့ကြသည်။ ဤတွင်လည်း ဒီပင်္ကရာရှင်ရဟန်းသံဃာတော်တို့က ရှေ့တန်းကဦးဆောင်ခဲ့ကြပြန်သည်။ ၎င်းကို RFA, VOA, BBC, DVB တို့ကစက်မှုဝန်ကြီးဦးအောင်သောင်းနှင့် ဗိုလ်ချုပ်တွေကိုးကွယ်တဲ့ နတ်မောက်ဒီပင်္ကရာမှ ရှင်ရဟန်းသံဃာတို့ပင် ပြည်သူတို့အတွက် ရှေ့ထွက်ခဲ့ကြကြောင်း အချိန်မဆိုင်းဘဲ လွှင့်ထုတ်ခဲ့ကြရာ တစ်ပြည်လုံးရှိ ပြည်သူတို့တက်ကြွဝမ်းသာကြငြား စက်မှုဝန်ကြီးအပါအဝင် စစ်အာဏာရှင်တို့ ဆွေ့ဆွေ့ခုန်ဒေါသထွက်ကြသည်။ ရွှေဝါရောင်ပြီးသောအခါ ဒီပင်္ကရာကျောင်းအနောက်ဘက်ကပ်လျက် စက်မှုဝန်ကြီးဦးအောင်သောင်း ဝယ်ယူပြင်ဆင်ပေးခဲ့သော ကြံ့ဖွံ့အသင်းရုံးကြီးက ကျောင်းတိုက်ဝင်သူ၊ ထွက်သူမှတ်တမ်းယူ၍ အလှူအတန်းတို့နည်းသွားခဲ့သလို ၂၀၀၇၊ ၂၀၀၈၊ ၂၀၀၉တို့မှာ ဆွမ်းဝတ်မျှပင် မပို့ရဲသော ကျောင်းဘဝသို့ရောက်သွားခဲ့ရပြန်သည်။ ၂၀၁၀ရွေးကောက် ပွဲပြီးသည်အထိ စစ်အစိုးရစောင့်ကြည့်ခံကျောင်းအဖြစ် ပြောင်းသွားပြန်သည်။

၂၀-၈-၂၀၁၃တွင် နတ်မောက်သားတို့ပါဝင်ခဲ့သော ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံငွေရတုကို ဒီပင်္ကရာကျောင်းတိုက်မှာပင် ပြခန်းများဖြင့်ကျင်းပ၊ ပါဝင်ခဲ့ကြသူတွေအမှတ်တရဟောကြ၊ ဆရာတော် ဦးဝါယမက အတိတ်ဖြစ်ရပ်တွေတရားပြကာ ဆွမ်းကျွေးတရားနာ ပြုခဲ့ကြသည်။ ဒီပင်္ကရာစာသင်တိုက်ဘုရားဝင်းအတွင်းမှာ (သီတဂူ၊ ဒီပင်္ကရာ၊ စက္ခု)ဒါနဆေးရုံကို ၂၀၁၀၊ ဇန်နဝါရီက ဖွင့်လှစ်ခဲ့သည်။ ထိုဆေးရုံလာတည်ခြင်းက ဒီပင်္ကရာကျောင်းသမိုင်းကောင်းဂုဏ်ပြသလို(ယခင်-ယခု)တိုင်းပြည်အုပ်ချုပ်အစိုးရတို့ လူထုအတွက် ကျန်းမာရေးတာဝန်မကျေ၍ ဆရာတော်ရှင်ဉာဏီ သဃရတို့လို ရဟန်းသံဃာတော်တို့ မြင့်မြတ်နိုင်ငံရေးတာဝန်ထမ်းဆောင်နေရဆဲဖြစ်ကြောင်း သက်သေဖြစ်သည်။ ၂၀၁၅ ဗိုလ်ချုပ်အောင်ဆန်း နှစ်၁၀၀ပြည့်ပွဲမှစကာ ကျောင်းတိုက်သည် ပို၍စည်ကားလာသည်။ ဗိုလ်ချုပ်နေအိမ်လာ၍ ဗိုလ်ချုပ်ပုံရိပ်ထင်ရှားစွာမြင်လိုလျှင် မဝေးလှသော ဒီပင်္ကရာကျောင်းသို့ရောက်မှဖြစ်သည်။

ကျောင်းတိုက်ကိုလှေ့လာပြီးလျှင် ကျောင်းပျင်းကလေး(အောင်ဆန်း)ကို မြင်လာမည်။ သစ်ပင်ကြို၊ သစ်ပင်ကြား၊ ဘုရားကြို ဘုရားကြား စစ်တိုက်တမ်းကစားကြသော ဦးသောဘိတကျောင်းသား မောင်အောင်ဆန်းကလေးတို့ ပုံရိပ်ကိုတွေ့ရမည်။ ငယ်ဆရာဦးသောဘိတကိုဖူးပြီး လက်ထောက်ဦးနန္ဒမာလာနှင့် စကားလက်ဆုံကျသည့် တက္ကသိုလ်ကိုအောင်ဆန်း၏ ဂါရဝေါစနီဝါတောစကိုလည်း အတုယူရမည်။ ဆရာတော်ဦးသောဘိတနှင့် ဘာသာရေး၊ နိုင်ငံရေးဆွေးနွေးသော နိုင်ငံရေးသမား သခင်အောင်ဆန်း၏ အတွေးများကိုလည်း ရေးရေးမျှမှန်းဆနိုင်သည်။ ဂျပန်ခေတ်မှာ ဇနီးမခင်ကြည်နှင့်နတ်မောက်သို့ ဆွေပြမျိုးပြလာရင်း ကျောင်းတော်တွင်းမှာ ဆရာတော်နှင့် ဘိုးဘွားတို့တည်ထား ဘုရားစေတီပုထိုးတို့ကို ဖူး၊ ရွှင်မြူးစရာဗိုလ်ချုပ်တို့ မောင်နှံ၏ချစ်ကြည်နူးဖွယ်ရာ ပုံရိပ်တို့ကိုလည်း ဖမ်းကြည့်နိုင်သေးသည်။ ၂၅-၃-၁၉၄၇ တွင် ဦးနန္ဒမာလာဆောက်ထားသည့် ကျောင်းအောက်မှာ (နတ်မောက်က နာမည်ကြီးတဲ့လူချမ်းသာတွေ လွတ်လပ်ရေးရန်ပုံငွေထည့်တာမကျေနပ်ဘူး၊ ကျွန်တော်လူထုကို တိုင်ကြားပါတယ်)ဟု အမျိုးသားခေါင်းဆောင်ဘဝ ဦးအောင်ဆန်း ဆရာဦးနန္ဒမာလာကို သွယ်ဝိုက်လျှောက်ထား ပွင့်လင်းပြတ်သားစွာပြောခဲ့ပုံတို့ကို ဒီပင်္ကရာကျောင်း ရောက်မှသာ ခံစားသိမြင်နိုင်ပါသည်။

ထို့ကြောင့် အင်းဝခေတ်မှ ယနေ့ ၂၀၁၈ခေတ်ထိ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာကြီးမား ဆရာတော်များ သီတင်းသုံးရာကျောင်း၊ သမိုင်းလှသည့်ကျောင်း၊ ကလေးအောင်ဆန်း၊ မူလယ်ကျောင်းသားအောင်ဆန်း၊ တက္ကသိုလ်ကျောင်းသားကိုအောင်ဆန်း၊ တို့ဗမာအစည်းအရုံးဝင် သခင်အောင်ဆန်း၊ တပ်မတော်ဖခင် ဗိုလ်ချုပ်အောင်ဆန်း၊ အမျိုးသားခေါင်းဆောင်ဦးအောင်ဆန်းဘဝအထိ ခြေရာချခဲ့သည့်ကျောင်း၊ လွမ်းဖွယ့်သည် ဒီပင်္ကရာကျောင်းကို အောင်မြင်နင်းလိုသပဆိုရင် အောင်မြေနင်းကြရအောင် ကြွလှမ်းလာဖို့ ဖိတ်ခေါ်လိုက်ပါကြောင်း။

♦ကိုငွေး(နတ်မောက်)♦

ကြားဖြတ်ရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့် သတိပေးခေါင်းလောင်းသံတစ်ချက်

ခက်ဆစ်လင်း(ပြည်)

ယခု ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ ၃ရက်နေ့က ကြားဖြတ်ရွေးကောက်ပွဲကျင်းပခဲ့လေသည်။ လစ်လပ်နေရာ ၁၃နေရာအတွက်ဖြစ်၏။ ထိုရွေးကောက်ပွဲမတိုင်ခင်က ထုံးစံအတိုင်း ပါတီအသီးသီးမှလည်း မဲဆွယ်မှုများပြုလုပ်ခဲ့ပေသည်။ ထိုအထဲတွင် ရုပ်ပျက်ဆင်းပျက်နိုင်လွန်းသော မဲဆွယ်မှုများပြုလုပ်ခဲ့သည့်ပါတီကိုပြပါဆိုလျှင်၊ ၂၀၁၀ခုနှစ်က အာဏာရပါတီဖြစ်သည့် ပါတီကြီး၏ မဲဆွယ်မှုများကိုသာ ပြရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုပါတီကြီးက ကြားဖြတ်ရွေးကောက်ပွဲနီးလာပါမှ ပြည်သူလူထုအားစေတနာတွေ ရေစီး ကမ်းပြိုလိုက်ပြီး၊ ဆန်များအား အထူးလျှော့ဈေးဖြင့် လိုက်လံရောင်းချပေးခဲ့ခြင်း၊ မည်သူမှစိတ်မဝင်စားပါသော်လည်း မဲဆွယ်စည်းရုံးမှုများအား လော်ဖြင့်ဆော်ဩခြင်းများဖြင့်၊ မျက်နှာပြောင်ပြောင် လုပ်ဆောင်ခဲ့ခြင်းကြောင့်သာဖြစ်ပါသည်။

ကားဖြင့် ဆန်များအထူးလျှော့ဈေးဖြင့်လိုက်လံရောင်းချပေးရခြင်းသည် မဲလိုချင်၍မဟုတ်ကြောင်းလည်း ထိုပါတီကြီးမှမဲဆွယ်သူများက ဆိုခဲ့ကြသေးသည်။ ထို့အတူ ပြည်သူလူထုက သူတို့ကိုအရာ မသွင်းလိုသဖြင့် အိမ်တံခါးများပိတ်၍နေခြင်းကိုပင်၊ သူတို့အားပြည်သူလူထုက အေးဆေးတည်ငြိမ်စွာ အားပေးနေသည်ဟူ၍ ဆိုခဲ့ကြပြန်ပါသေးသည်။ အတော့်ကိုရုပ်ပျက်ဆင်းပျက်နိုင်သည့် ထိုပါတီကြီး၏မဲဆွယ်စည်းရုံးမှုတချို့သာဖြစ်ပါပေသည်။ ထိုပါတီကြီး၏အဖြစ်ကိုကြည့်ရင်း ပြည်သူလူထုခမျာ ငိုအားထက်ရယ် အားသန်ခဲ့ရပေသည်။ မည်သို့ပင်ဆိုစေ သူတို့ကတော့ အစဉ်အလာမပျက် ခပ်တည်တည်ပင်ဖြစ်ပါ၏။ ထိုသို့ဖြင့် အထက်တွင် ဆိုခဲ့သလို ၂၀၁၈ခုနှစ် နိုဝင်ဘာလ ၃ရက်နေ့တွင်တော့ ၎င်းကြားဖြတ်ရွေးကောက်ပွဲ ကြီးကျင်းပခဲ့ပါတော့သည်။

ရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်ပြီး ပြည်သူလူထုတစ်ရပ်လုံးစိတ်ဝင်စားခဲ့ကြသည်။ အမျိုးမျိုးသောထင်ကြေးများလည်းပေးခဲ့ကြ၏။ မည်သို့ပင်ဆိုစေ ထင်ကြေးသည်ထင်ကြေးသာဖြစ်ပြီး လက်တွေ့ရလဒ်တော့မဟုတ်ပါပေ။ ဤသို့ဖြင့် ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ ၄ရက်နေ့တွင်တော့ ရွေးကောက်ပွဲရလဒ်များထွက်ပေါ်၍လာခဲ့ပါတော့သည်။ နိုင်သူကနိုင်ပြီး၊ ရှုံးသူကရှုံးခဲ့လေသည်။ ၎င်းကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည့် ပါတီများမှာ အောက်ပါအတိုင်းဖြစ်ပါ၏။ လစ်လပ်မဲဆန္ဒနယ် ၁၃နေရာတွင် လက်ရှိအာဏာရပါတီ NLDပါတီက ခုနစ်နေရာ၊ ကြံ့ခိုင်ရေးပါတီက သုံးနေရာ၊ ချင်းဒီမိုကရေစီအဖွဲ့ချုပ်က တစ်နေရာ၊ ကျား ခေါင်းပါတီက တစ်နေရာနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းတို့က တစ်နေရာဖြင့် အနိုင်ရရှိခဲ့ကြခြင်းဖြစ်သည်။ NLDပါတီသည် တာမွေမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ မန္တလေးတိုင်းရှမ်းတိုင်းရင်းသား လူမျိုးမဲဆန္ဒနယ်၊ အုတ်တွင်းအမှတ်(၁)တိုင်းလွှတ်တော်မဲဆန္ဒနယ်၊ မင်းဘူးအမှတ်(၂)တိုင်းလွှတ်တော်မဲဆန္ဒနယ်၊ သပိတ်ကျင်း အမှတ်(၁)တိုင်းလွှတ်တော်မဲဆန္ဒနယ်၊ ကန်ပက်လက်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် နှင့်မြင်းခြံမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တို့တွင် အနိုင်ရရှိခဲ့ခြင်းဖြစ်၏။

ကြံ့ခိုင်ရေးပါတီက ဆိပ်ကမ်းအမှတ်(၂)တိုင်းလွှတ်တော်မဲဆန္ဒနယ်၊ ကချင်ပြည်နယ်အမှတ်(၂)အမျိုးသားလွှတ်တော်မဲဆန္ဒနယ်နှင့် တမူးမြို့နယ်အမှတ်(၂)တိုင်းလွှတ်တော်မဲဆန္ဒနယ်တို့တွင် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး၊ ရသေ့တောင်မြို့နယ်အမှတ်(၂)ပြည်နယ်မဲဆန္ဒနယ်တွင် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းက အနိုင်ရရှိခဲ့သည်။ ထို့အတူ လဲချားမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ကျားခေါင်းပါတီ၊ မတူပီမြို့နယ်အမှတ် (၁)မဲဆန္ဒနယ်တွင် ချင်းဒီမိုကရေစီအဖွဲ့ချုပ်တို့က အသီးသီးအနိုင်ရရှိခဲ့ကြခြင်းဖြစ်၏။ အထက်ပါကြားဖြတ်ရွေး ကောက်ပွဲ၏ရလဒ်က ဤမျှသာဖြစ်ပါပေသည်။ သို့သော် ထိုကြားဖြတ်ရွေးကောက်ပွဲတွင် အတွေးပွားစရာများလည်း များစွာဖြစ်ပေါ်ခဲ့ပါပေ၏။ အဓိကအားဖြင့်တော့ လက်ရှိအာဏာရပါတီဖြစ်သော NLDပါတီအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲအနိုင်ရလဒ်မှာ ပြည်သူလူထုမျှော်မှန်းထားသော ရာခိုင်နှုန်းထက်နည်းပါးခဲ့ရခြင်းသာဖြစ်ပါသည်။

ဤသည်ကို NLDပါတီ ဗဟိုပြန်ကြားရေးကော်မတီအတွင်းရေးမှူး ဆရာမုံရွာအောင်ရှင်ကိုယ်တိုင်ကိုက "ကြားဖြတ်ရွေးကောက်ပွဲရလဒ်သည် မျှော်လင့်ထားသလိုဖြစ်မလာခဲ့ကြောင်း" ပြောကြားခဲ့ပါပေ၏။ ထို့အပြင် "NLDပါတီ ခြောက်နေရာတွင်ရှုံးနိမ့်ရခြင်း၏ အဓိကအချက်မှာ NLDပါတီကို ထောက်ခံသူများလာရောက်၍မဲမပေးကြခြင်းကြောင့်သာဖြစ်သည်"ဟု NLD ပါတီပြောရေးဆိုခွင့်ရှိသူ၊ NLD ပါတီရွေးကောက်ပွဲအောင် နိုင်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာဦးမျိုးညွန့်က ပြောကြားခဲ့ပါသေးသည်။ ယခုကြားဖြတ်ရွေးကောက်ပွဲသို့ လာရောက်မဲပေးခဲ့သည့် လူဦးရေသည် မဲဆန္ဒရှင်ဦးရေ၏ ထက်ဝက်ထက်မက နည်းပါးနေခဲ့ခြင်း ကြောင့်သာ ဖြစ်ပါ၏။ ထို့အတူ ပါတီကို ထောက်ခံသူများ မဲလာမပေးသည့်အတွက်ကြောင့် ဟူသောစကားသည် လည်းမှန်ပါသည်။ အမှန်ပင် လူထုပါတီဖြစ်သော NLD ပါတီ အားထောက်ခံသူများမှာ လူထုပင်ဖြစ်နေခြင်းကြောင့်ဖြစ်ပါ၏။ လူထု၏ထောက်ခံမဲများ ရောက်ရှိမလာတော့သည့်အခါ NLDပါတီအနေဖြင့် နေရာတချို့တွင် မထင်မှတ်ဘဲ ရှုံးနိမ့်ခဲ့ရပါပေသည်။

ဤသည်မှာ အမှန်တရားတစ်ခုသာဖြစ်ပါ၏။ ဤသို့ဆိုသဖြင့် ပြည်သူလူထုအားအပြစ်ဖို့၍တော့မရတန်ရာပေ။ အမှန်တော့ ဤသည်မှာ လက်ရှိNLD အစိုးရ၏အဓိကအားနည်းချက်များမှဖြစ်တည်၍လာရသော ဖြစ်တည်မှုတစ်ခုသာ ဖြစ်သည်ဟုဆိုရပေလိမ့်မည်ဖြစ်ပါ၏။ အဘယ်ကြောင့်ဆိုသော် NLD အစိုးရ၏သက်တမ်းကာလ တဖြည်းဖြည်းကုန်ဆုံးလာသည်နှင့်အတူ NLD အစိုးရအပေါ် ပြည်သူလူထု၏ယုံကြည်မှုများ တစ်စတစ်စလျော့ပါးလာခဲ့ရခြင်းကြောင့်သာ ဖြစ်ပေသည်။ တစ်နည်းအားဖြင့် အစိုးရသက်တမ်း တရွေ့ရွေ့ကုန်ဆုံးလာသည်နှင့်အညီ ပြည်သူလူထုသည် NLDအစိုးရအပေါ် အားမလိုအား မရမှုများများပြားလာခဲ့ရခြင်းသာဖြစ်ပါ၏။ ဆိုရလျှင် NLD ပါတီသည် လူထုနှင့် တစ်စထက်တစ်စ ဝေးကွာသည့်အခြေအနေသို့ ဆိုက်ရောက်၍လာခဲ့ပြီဖြစ်ပါ၏။ ထို့အတွက်ကြောင့်လည်း ၎င်းကြားဖြတ်ရွေးကောက်ပွဲအား လူထုသည် စိတ်ဝင်စားမှု လျော့နည်းခဲ့ရခြင်းဖြစ်ပါ၏။ (NLD ပါတီသည် လူထုကိုစည်းရုံးနိုင်စွမ်းလျော့နည်းလာခဲ့ပြီဖြစ်ပါသည်)။ ရွေးကောက်ပွဲအား စိတ်မဝင်စားသောလူထုသည် မဲရုံသို့လာရောက်၍ မဲမပေးကြတော့အခါ လူထုပါတီဖြစ်သော NLDပါတီသည် ထင်မှတ်မထားဘဲ၊ နေရာတချို့တွင် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ပါ၏။

နဂိုကတည်းက လူထု၏ထောက်ခံအားပေးမှုဖြင့် ဖြစ်တည်၍လာရသော ပါတီဖြစ်သည့်အတွက်ကြောင့် လူထု၏ထောက်ခံမှုလျော့ပါးလာသည်နှင့်အညီ ပါတီ၏ဖြစ်တည်မှုများလည်း ယိမ်းယိုင်လာရခြင်းသာဖြစ်ပါသည်။ အဓိက ပြိုင်ဘက်ပါတီကြီးကဲ့သို့ အမိန့်ဖြင့်ကြိုတင်မဲများ,များစွာအား မရရှိနိုင်ခြင်းကို NLDပါတီအနေဖြင့် သတိပြုမိရန်လိုအပ်လာခဲ့ပြီဖြစ်ပေသည်။

♦ခက်ဆစ်လင်း(ပြည်)♦

စာမျက်နှာ(၂၀)သို့>>



စစ်ဘာကြောင့်ဖြစ်နှင့် ဆိုးကျိုးများ

Causes, Costs and Consequences of Wars

ဒေါက်တာတိုးမြင့်

လက်နက်စွဲကိုင်လျက်ဖြစ်စေ၊ လက်နက်မဲ့ဖြစ်စေ လူတစ်ဦးနှင့်တစ်ဦး၊ လူတစ်စုနှင့်တစ်စု အပြန်အလှန် တိုက်ခိုက်ဖျက်ဆီးခြင်းကို စစ်ဟုခေါ်ပါသည်။ နိုင်ငံတစ်ခုနှင့်အခြားနိုင်ငံ၊ အစိုးရတစ်ခုနှင့်အခြားအစိုးရ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ လက်နက်ကိုင်တပ်ဖွဲ့တစ်ခုနှင့်တစ်ခုတို့ အကြမ်းဖက်ဖျက်ဆီး၊ သတ်ဖြတ်၊ ဒဏ်ရာအနာတရ ဖြစ်စေခြင်းသည် စစ်ပွဲတစ်ခု၏ လက္ခဏာဖြစ်ပါသည်။

စစ်ပွဲများကို သိပ္ပံနည်းကျလေ့လာခြင်း Study of Warကို Polemo -logy ဟုလည်းခေါ်ပြီး စစ်ပွဲများအကြောင်း၊ စစ်ဖြစ်ရခြင်းအကြောင်း၊ စစ်၏ဆိုးရွားသောနောက်ဆက်တွဲဖြစ်ရပ်များကို ရှာဖွေတင်ပြသွားပါမည်။ ဤစာရေးသူသည် မည်သည့်ပါတီဝင် မည်သည့်အဖွဲ့အစည်း၏ ထောက်ခံမှုကိုမယူဘဲ စာရေးသူကိုယ်တိုင်တပ်မတော် ပြန်တမ်းဝင်အရာရှိ(ဆေးမှူး) အဖြစ် ၁၉၈၂မှ ၁၉၈၅အထိ စစ်ဆင်ရေးကြီးများဖြစ်သော "လွယ်ပန်လုံတိုက်ပွဲ" "မိုးဟိန်းအဆင့်(၈)စစ်ဆင်ရေး"တို့၏ အတွေ့အကြုံများကို မူတည်လျက် နိုင်ငံတကာလေ့လာသူများ၏ အမြင်ကိုပါ ရေးသားပါမည်။

သမိုင်းသုတေသီတို့တွေ့ရှိသော Mesolithic Cemetery သင်္ချိုင်းနေရာ ၁၁၇သည် နှစ်ပေါင်း ၁၄,၀၀၀ရှိ ကြောင်း Radio Carbon Date တိုင်းထွာချက်အရသိရပါသည်။ ထိုသင်္ချိုင်းရှိလူအရိုးတို့၏ ၅၀ရာခိုင်နှုန်းသည် ခုတ်ဖြတ်ပျက်စီးနေသဖြင့်အကြမ်းဖက်သူကြောင့်သေဆုံး Violent Death သည်ဟု လေ့လာတွေ့ရှိရပါသည်။ အမဲလိုက်ရှာဖွေသူများ Hunter Gatherers အဖြစ်မှ မြစ်ဝှမ်းယဉ်ကျေးမှု River Valley Civilization သို့ပြောင်း လဲချိန် နိုင်ငံ States များထူထောင်သော လွန်ခဲ့သည့်နှစ်ပေါင်း၅၀၀၀ ကျော်မှစတင်လျက်စစ်ဖြစ်လာခဲ့ကြသည်။ ဓား၊ လှံ၊ လေး၊ မြား၊ ဆင်၊ မြင်းတို့မှတစ်ဆင့် သေနတ်ယမ်းမှုန့် Gun Powder စတင်တီထွင်ပြီးနည်းပညာအဆင့်ဆင့် တိုးမြင့်လာခဲ့ပြီး စစ်ပွဲများလည်း ပိုမိုရှုပ်ထွေးလာပါသည်။ သေကျေ၊ ဒဏ်ရာရမှုမြင့်မားလာသည်။

နည်းပညာတိုးတက်လာသဖြင့် စစ်ပွဲကြောင့်သေဆုံး၊ ဒဏ်ရာရမှုများလာစေပြီး ယဉ်ကျေးလူ့ဘောင် အသိုင်းအဝိုင်း Civilized Societies များက စိုးရိမ်ပူပန်လာကြသည်။ စစ်မဖြစ်ရေး၊ ငြိမ်းချမ်းရေး၊ လူနေမှုဘဝ တိုးတက်ရေးတို့ကို အားတက်လုပ်ဆောင်လာကြသည်။

လူ့အသက်ဆုံးရှုံးမှုများ

စစ်ပွဲများတွင် လူ့အသက်ဆုံးရှုံးမှုနှုန်းသည် ပထမကမ္ဘာစစ်အထိ ပြောင်းလဲမှုမရှိခဲ့ပေ။ သမားရိုးကျစစ်ပွဲ Conventional War တွင်စစ်သားများသာ သေဆုံးမှုရှိသော်လည်း ဒုတိယကမ္ဘာစစ်အပြီး ဖြစ်ပွားသော စစ်ပွဲများတွင် နှစ်ဖက်စစ်တိုက်သူစစ်သားများထက် အရပ်သားသေဆုံးမှု Civilian Death ပိုမိုများပြားလာခဲ့သည်။ ဒုတိယကမ္ဘာစစ်၏ စစ်ကာလ ၁၉၃၉မှ ၁၉၄၅အထိ လူသန်းပေါင်း၆၅. ၈၅သန်းသေဆုံးသည်ဟု ခန့်မှန်းကြသည်။ လူတို့သေကျေဒဏ်ရာရခြင်းအပြင် စစ်ကြောင့် Infrastructure (လမ်း၊ တံတား၊ ဆက်သွယ်မှု)ပျက်စီးဆုံးရှုံးသည်။ Ecosystem ခေါ် သဘာဝပတ်ဝန်းကျင်ပျက်စီးသည်။ နိုင်ငံဖွံ့ဖြိုးမှုကဏ္ဍအတွက် ငွေကိုစစ်ပွဲအတွက်သုံးနေရသဖြင့် တိုင်းပြည်ဆုတ်ယုတ်ကျဆင်းသည်။ အစာရေစာ ငတ်မွတ်မှုကို လူအများကြုံတွေ့ခံစားရပြီး ဒုက္ခသည်များ အစုပြုံလိုက်ပြောင်းရွှေ့ဒုက္ခရောက်ကြရသည်။ စစ်အတွင်း ဖမ်းမိသူရန်သူသုံ့ပန်းများ၊ မသက်ဘသူများကို လူသားချင်းညှာတာစိတ်ကင်းမဲ့ ရက်စက်စွာ နှိပ်စက်၊ ညှဉ်းဆဲသတ်ဖြတ်မှုများကို စစ်ဖြစ် နေသူနှစ်ဖက်လုံးမှ လုပ်နေကြပြီး ကံဆိုးသောပြည်သူလူထုမြေစာပင်ဖြစ်ကြရသည်။ လက်နက်ရောင်းသူများနှင့် ဝါဒသတင်းဖြန့်သူများသာအလုပ်အကိုင်တိုးလျက်စီးပွားဖြစ်ထွန်းပါသည်။

လူအသေအပျောက်အများဆုံးစစ်ပွဲသုံးခုရှိပြီးပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်ကြီးနှင့် တရုတ်-ဂျပန် ဒုတိယစစ်ပွဲ(၁၉၃၇-၄၅)တို့ဖြစ်သည်။ စစ်မြေပြင်တွင်တိုက်ခိုက်သော စစ်သားများသေကျေ၊ ဒဏ်ရာအပြင် စိတ်ရောဂါများဖြစ်သော (၁)စိတ်ဓာတ်ကျရောဂါ Depression (၂)Post-traumatic Stress Disorder PTSD (၃)စိုးရိမ်လွန် Anxiety တို့ဖြစ်တတ်ပါသည်။ အမေရိကန်စစ်ရေး သုတေသနတွေ့ရှိချက်တစ်ခုမှာ ပထမကမ္ဘာစစ်အတွင်း သေနတ်ကိုင်စစ်သား ၁၅ရာခိုင်နှုန်းမှ ၂၀ရာခိုင်နှုန်းသာ ရန်သူကိုချိန်ရွယ်ပစ်ကြပြီး အများစုက လုံးဝမပစ်ကြပါ။ အမေရိကန်ပြည်တွင်းစစ်တွင် သေနတ်ရှည် musket ၂၇.၅၇၄ကို စွန့်ပစ်ထားခဲ့ရာ ၉၀ ရာခိုင်နှုန်းသည် ကျည်အပြည့်နှင့်တစ်ချက်မှ ပစ်ဖောက်ခြင်းမရှိခဲ့သည်ကို တွေ့ရသည်။ အမေရိကန်စစ်သားတို့က မိမိတို့၏ပြည်သူပြည်သားညီနောင်ဖွားအချင်းချင်း သေစေလိုသော ဆန္ဒမရှိကြောင်း ပြသခဲ့ခြင်းဖြစ်ပါသည်။

အခြားသုတေသန တွေ့ရှိချက်မှာ ဒုတိယကမ္ဘာစစ်အတွင်း ခြောက်ရက်ဆက်တိုက် ပစ်ခတ်တိုက်ခိုက်နေ ရသော စစ်သားများအနက် ၉၈ ရာခိုင်နှုန်းသည် စိတ်ရောဂါသည်များ ဖြစ်လာကြသည်ကိုတွေ့ရှိရသည်။ (Swawk and Marchand)

ဗီယက်နမ်နှင့်အီရတ်(Desert War)စစ်ပြန်များတွင် ၁၈ရာခိုင်နှုန်းမှ ၅၄ရာခိုင်နှုန်းသည် PTSD (Post-traumatic Stress Disorder) ရောဂါခံစားပြီး ဆေးကုသမှုခံယူရသည်။ ပထမကမ္ဘာစစ်တွင် ဥရောပစစ်သား သန်း ၆၀ပါဝင်တိုက်ခိုက်ခဲ့ရာ ရှစ်သန်းသေဆုံးသည်။ ခုနစ်သန်းက ဒုက္ခိတဘဝလုံးဝရောက်ပြီး ၁၅သန်းက ဒဏ်ရာရရှိခဲ့သည်။ ပြင်သစ်ဧကရာဇ်ဗိုလ်ချုပ်နပိုလီယံ၏ စစ်သည်တော် လေးသိန်းခွဲတို့ ရုရှားမှတပ်ဆုတ်ပြန်လာရာ စစ်သည် လေးသောင်းသာ အသက်ရှင်လျက် ပြင်သစ်ပြည်ကို ပြန်ရောက်ကြပြီး အများစုသည် TYPHUS ရောဂါကြောင့် သေဆုံးခဲ့ကြသည်။

အရပ်သား(လက်နက်မဲ့)သေဆုံးမှု

ဒုတိယကမ္ဘာစစ်အတွင်း သေဆုံးသူသန်း၆၀ အနက် သန်း ၄၀ သည် အရပ်သားများဖြစ်ကြပါသည်။ စစ်ဖြစ်သောနိုင်ငံတစ်ခုသည် စစ်နိုင်သည်ဖြစ်စေ၊ စစ်ရှုံးသည်ဖြစ်စေ စစ်စရိတ်ကုန်ကျမှုများလွန်းသဖြင့် နိုင်ငံစီးပွားရေးကို ပြင်းထန်စွာ ထိခိုက်ပျက်စီးစေပါသည်။ စစ်ရှုံးနိုင်ငံက စစ်လျော်ကြေးလည်း ပေးရသဖြင့် ပိုမိုခက်ခဲတတ်ပါသည်။ ရံဖန်ရံခါ စစ်ရှုံးနိုင်ငံ၏ မြေနယ်နိမိတ်မှ အစိတ်အပိုင်းကို စစ်နိုင်သောနိုင်ငံကသိမ်းယူခဲ့ခြင်းကို ပြင်သစ်နှင့်ဂျာမနီနိုင်ငံနှစ်ခုအကြားရှိ Alasce-Lorraine ဒေသသည် သုံးကြိမ်တိုင်တိုင် လက် ပြောင်းလက်လွှဲဖြစ်ခဲ့သည်။

ဘာကြောင့် စစ်တိုက်အကြမ်းဖက်ကြသလဲ

စိတ္တဗေဒပညာရှင်တို့က အမျိုးမျိုးသော အကြောင်းများကို လေ့လာတွေ့ရှိခဲ့သည်။ ဒတ်ချ်ပညာရှင် Joost Meerloo က"စစ်ဆိုသည်မှာ တဖြည်းဖြည်းကြီးမားလာသော အတွင်းဒေါသပေါက်ကွဲမှု"ဟု အဓိပ္ပာယ်ဖွင့်သည်။ "a mass discharge of accumulated internal rage..." ထို့ကြောင့် လူတစ်ဦးက မိမိ၏စိတ်ဆန္ဒနှင့်ဘဝ အခြေအနေကို မပြုပြင် မကျော်လွှားနိုင်ရာမှ ပေါက်ကွဲပြီး မိမိနှင့်မိမိပတ်ဝန်းကျင်ကို ဖျက်ဆီးစေခြင်းဖြစ်ပါသည်။ "man's own frustration at his inability to master his own self is expressed via his unleashing of destructive behaviour upon others..."

သေကျေဖျက်ဆီးခံရသူ(ဓားစာခံလူထု)သည် အကြမ်းဖက်(စစ်တိုက်)သူ၏ မသိစိတ်မှ မကျေနပ်မှုများ၊ ကြောက်လန့်စိုးရိမ်မှုများ၊ မပြည့်ဝမှုများကို အကြောင်းမဲ့ခံရခြင်းဖြစ်သည်။ "others are made to serve as the scapegoat of unspoken and subconscious frustrations and fears"

လူအုပ်စုအလိုက် (စစ်ဖြစ်မှု)ကိုလေ့လာသော Maurice Walsh ကမူ "လူတို့သည် သဘာဝအားဖြင့် စစ်တိုက်သတ်ဖြတ်မှုကို ဆန့်ကျင်သည်။ စိတ်ပိုင်းဆိုင်ရာမူမမှန်သော ခေါင်းဆောင်တစ်ဦး၏ အမိန့်၊ အာဏာကြောင့်စစ်ဖြစ်ရသည်။ General populace is more neutral towards war and wars occur when leaders with psychologically abnormal disregard for human life are in power... "

Hermann Goring ဟာမင်ဂိုရင်က ဧပြီ၊ ၁၈၊ ၁၉၄၆နေ့ နျူရင်ဘတ်စစ်ခုံရုံးတွင် " the common people don't want war. Neither in Russia, nor in England nor in America...it is the leaders who determine the policy and it is always a simple matter to drag the people along... people can always be brought to the bidding of the leaders...All you have to do is tell them they are being attacked and denounce the pacifist for lack of patriotism and exposing the country to danger. It works the same way in any country..."

လူတိုင်းက စစ်ကိုမလိုလားပါ။ ရုရှားမှာ၊ အင်္ဂလန်မှာ၊ အမေရိကန်မှာလည်းမလိုလားပါ။ စစ်လိုလားတာက ခေါင်းဆောင်ဆိုသူတွေက ပေါ်လစီကိုချမှတ်ပြီး လူထုကိုအလွယ်နည်းနဲ့ ဆွဲသွင်းကြတာပါ။ ခေါင်းဆောင်ကပြောရင် လူအများစုက လိုက်နာကြတာပါပဲ။ လူထုကို "ခင်ဗျားတို့ရဲ့ နိုင်ငံအတိုက်ခံနေရတယ်"ဟုပြောရုံသာဖြစ်ပြီး ငြိမ်းချမ်းလိုသူကို "မျိုးချစ်စိတ်မရှိသူတွေ၊ တိုင်းပြည်မချစ်သူတွေ၊ တိုင်းပြည်ကိုအန္တရာယ်ထဲပို့တဲ့သူတွေလို့"ပြောရုံပါပဲ။ နိုင်ငံတိုင်းမှာ ဒီလိုပုံစံမျိုးလုပ်နေကြပါတယ်။ " Hermannn Goring 18-4-1946 Nuremberg Trials Evolution"ခေါ် လူမှုဘဝတဖြည်းဖြည်း ပြောင်းလဲမှုသီအိုရီတွင် ကျောက်ခေတ်လူသားဘဝမှ ပိုမိုရှုပ်ထွေးသောလူမှုအဖွဲ့အစည်းသို့ အသွင်ပြောင်းသည့်အခါ လူဦးရေများလာသဖြင့် ပစ္စည်း၊ နေရာ၊ စားစရာပြိုင်ဆိုင်မှုများ ဖြစ်ပေါ်လာသည်ဟု ယူဆသည်။

အုပ်စုလိုက်တိုက်ခိုက်မှုကို ချင်ပန်ဇီ(မျောက်များ)နှင့်ပုရွက်ဆိတ်တို့တွင်တွေ့ရပြီး group conflict (အုပ်စုလိုက်တိုက်ခိုက်မှု)သည် Animal social bahaviourတိရစ္ဆာန်တို့၏ ဗီဇအကျင့်ဖြစ်သည်။ Maya Civilization မာယာယဉ်ကျေးမှုပြိုလဲပျက်စီးခြင်းမှာ CE 900 ခုတစ်ဝိုက်တွင် လူဦးရေများပြားကျပ်တည်းလာပြီး သဘာဝသယံဇာတ၊ ရေ၊ မြေနှင့်လုံခြုံမှုတို့ကို ပြိုင်ဆိုင်အရယူလိုသော စိတ်ကြောင့် စစ်ဖြစ်ပွားပြီး လူမျိုးနှင့်ယဉ်ကျေးမှုပါ ပပျောက်သွားခဲ့သည်။ Bobbi S.Low ကပညာရေးနှင့်စစ်ရေးတို့ဆက်သွယ်ပုံကို"စစ်ပွဲများဖြစ်ပွားနေသောနေရာများတွင်ကလေးများကိုပိုမိုကြမ်းတမ်းရန် ပတ်ဝန်းကျင်က လှုံ့ဆော်သည်။" "Societies where warfare is commonplace encourage their children to be more aggressive..."

လူတစ်စု၊ လူမျိုးတစ်မျိုးချမ်းသာနေလျှင် စစ်မတိုက်ကြပါ။ ဆင်းရဲလို့စစ်တိုက်ကြရင်း၊ စစ်တိုက်ရင်းဆင်း ရဲတတ်ပါသည်။ တကယ်စစ်တိုက်သောလူစု၊ လူမျိုးကိုသာဆိုလိုခြင်းဖြစ်ပြီး စစ်ကိုအကြောင်းအမျိုးမျိုးပြလျက် လုပ်စားနေသောသူများ၊ စစ်ကိုအကာကွယ်ယူလျက် မိမိတစ်ဦးတည်း၊ တစ်စုတည်း၊ တစ်ပါတီတည်းကြီးပွား ချမ်းသာလျက် မိမိ၏လူမျိုးစု၊ အပြစ်မဲ့ကလေးနှင့် အရပ်သားတို့၏ အသက်၊ သွေး၊ ဘဝတို့ကို ပျက်စီးစေလျက် ချမ်းသာနေသူများလည်း ရှိပါသည်။

နိုင်ငံရေးမူဝါဒ၊ ဘာသာရေးအယူအဆမတူသဖြင့် စစ်တိုက်ကြပါသည်။ မတ်စ်ဝါဒMarxist (ကွန်မြူနစ်) အယူအဆတွင် လူတန်းစား (class)မတူမှုကို အကြောင်းပြလျက် စစ်ပွဲများဖြစ်ပွားခြင်းကို လူထုတော်လှန်ရေး Revolution (တော်လှန်ရေး)ဟုအမည်သစ်ပေးလျက် စစ်ပွဲများ Battles များကိုပင် နာမည်ပြောင်းလျက်စစ် တိုက်ခဲ့ကြပါသည်။

နိုင်ငံရေးသိပ္ပံ Political Science ပညာရှင် Lewis Fry Richardcon ကပထမကမ္ဘာစစ်ကို ကိန်းဂဏန်း database ဖြင့် စတင်လေ့လာခဲ့သည်။ Kenneth Waltz ရေးသော Man, the State and War (လူ၊ တိုင်းပြည်နှင့်စစ်ပွဲ)တွင် စစ်ဖြစ်ရခြင်းကို စနစ်(System level)၊ လူ့အဖွဲ့အစည်း(Society level)နှင့်တစ်ဦးချင်း(Individual level)အဆင့်သုံးမျိုးခွဲခြားလေ့လာပါသည်။

စနစ်အဆင့်(System level)တွင် 'လုံခြုံမှုရယူလိုသောကြောင့် စစ်တိုက်ကြပြီး တစ်ခါတရံ စစ်တိုက်လို့ မလုံခြုံတော့ဘဲ လုံခြုံအောင် ခုခံစစ်လား၊ တိုက်စစ်လား"ခွဲခြားမသိနိုင်တော့သည့် အခြေအနေမျိုးရောက်တတ်ပါသည်။ Henry Kissinger ဟင်နရီကင်ဆင်ဂျာကဲ့သို့ ပညာရှင်များက အယူအဆနှစ်မျိုးထပ်မံခွဲခြားလျက် (၁)Balance of Power သီဝရီတွင် အုပ်စုတစ်စု၊ နိုင်ငံတစ်ခုက အင်အားကြီးမားလိုသောကြောင့် စစ်တိုက်ကြပါသည်။ အင်အား Power ညီမျှနေလျှင် နိုင်ငံရေးစစ်ရေး တည်ငြိမ်နေတတ်သည်ဟု ဆိုလိုပါသည်။ (၂)Power Transition Theory အင်အားကြီးနိုင်ငံများအင်အားချည့်နဲ့လာသောအခါ ကျန်နိုင်ငံအချို့ကထိပ်တန်းအင်အားကြီးနိုင်ငံဖြစ်လိုသဖြင့်စိန်ခေါ်မှုများက စစ်ပွဲဖြစ်ပွားစေတတ်ပါသည်။

လူမှုအဖွဲ့အစည်း Society level အဆင့်တွင် အင်အားကြီးမားသူအုပ်စုက စစ်ပွဲများဖန်တီးလျက် မိမိ၏ ပြည်သူလူထုထောက်ခံမှုရအောင် စစ်တိုက်ခိုင်းတတ်ပါသည်။ Scapegoat Hypothesis ဟုလည်းခေါ်ပါသည်။

တစ်ဦးချင်းအဆင့် (Individual level)တွင် ခေါင်းဆောင်တစ်ဦး၏ စိတ်ထား၊ အယူအဆ၊ ဆုံးဖြတ်ချက်၊ ခံစားမှု၊ ယုံကြည်မှုတို့က စစ်တိုက်မလား၊ ငြိမ်းချမ်းမလားကို ဖြစ်ပေါ်စေတတ်ပါသည်။

စစ်ပွဲကျင့်ဝတ် War Ethics ကိုလည်း ဆွေးနွေးကြသည်မှာ သမိုင်းအစတည်းကဖြစ်ပါသည်။ Jus ad bellum(Right to War)နှင့် Jus in bello (Right in War)ဟူ၍ အဓိကနှစ်မျိုးတွေ့ရပါသည်။

Jus ad bellum(Rigt to War) စစ်ဖြစ်ရန် မည်သည့်လှုံ့ဆော်ရန်စမှုက စစ်ကြေညာသင့်သည်ကို လေ့လာ ခြင်းဖြစ်သည်။ တရားဝင်စစ်တိုက်ခြင်းအတွက် (၁)စစ်ကြေညာပြီးမှတိုက်သင့်သည်။ (၂) တရားမျှတ၊ ခိုင်လုံသောအကြောင်းရှိရမည်။ (၃)မှန်ကန်မျှတသော ရည်ရွယ်ချက်ရှိရမည်။ (၄)စစ်ကြေညာသည့်အုပ်စု(နိုင်ငံ)တွင်စစ်ပွဲနိုင်လောက်သောအခွင့်အရေး၊ အင်အား၊ ငွေကြေးရှိရမည်။ (၅)စစ်ပွဲသည် မလွှဲမရှောင်သာနောက်ဆုံးရွေးစရာလမ်းမရှိတော့သော အခြေအနေဖြစ်ရမည်။ (၆)စစ်ပြီးဆုံးလျှင် ရရှိမည့်ရည်မှန်းချက်ကို ဆီလျော်သော အင်အားသုံးမှု The end must be proportional to the means beings used...တို့ဖြစ်ပါသည်။

Jus in bello (Right in War) တွင် စစ်ပွဲအတွင်းကျင့်သုံး၊ လုပ်ကိုင်ဆောင်ရွက်မှုဖြစ်ပြီး ဆီလျော်မှု Proportionality နှင့်ခွဲခြားသိရှိနိုင်မှု Discriminationတို့ဖြစ်ပါသည်။ နိုင်ငံတကာတရားဥပဒေများတွင် ရည်မှန်းချက်တစ်ခုအတွက် သင့်လျော်မျှတသော အင်အား Proportionality သုံးခြင်းဖြစ်ပြီး အလွန်အကျွံ အင်အားသုံးခြင်းကို တားမြစ်သည်။ ခွဲခြားသိနိုင်ခြင်းတွင်မိမိ၏ရန်သူကိုသာခွဲခြားပစ်မှတ်ထားပြီးစစ်ရေးဆောင် ရွက်ခြင်းဖြစ်ပြီး စစ်တိုက်သူနှင့်စစ်မတိုက်သူ၊ လက်နက်ကိုင်နှင့်လက်နက်မဲ့တို့ကို ခွဲခြားသိရှိပြီး မလိုအပ်သော အန္တရာယ်ကင်းရှင်းရန် ကာကွယ်စောင့်ရှောက်ခြင်းဖြစ်ပါသည်။ မျက်စိမှိတ်ပြီးလူအုပ်ထဲသေနတ်ပစ်သောIndiscriminate shooting ကို နိုင်ငံတကာဥပဒေများက တားမြစ်အရေးယူပါသည်။ ဤအချက်များကိုမလိုက်နာလျှင် မည်မျှပင်တရားမျှတသော စစ်ပွဲဖြစ်စေ တရားဝင်မှုပျောက်ပျက်ပြီး ရာဇဝတ်မှုမြောက်ပါသည်။

Versatile force ပြောင်းလွယ်ပြင်လွယ်ရှိသော စစ်အင်အားနှင့်မည်သည့်နေရာတွင် မည်သည့်အင်အားမျိုးကို အချိုးမျှတ Proportion ကျစွာ သုံးလျက်ကျင့်မှ လူ့အဖွဲ့အစည်းအတွက် ကာကွယ်မှု၊ ကောင်းကျိုးပြုသောစစ်ပွဲဖြစ်ပါသည်။

လာမည့်ဆောင်းပါးများတွင် စစ်၏ဆိုးရွားသောနောက်ဆက်တွဲများကို ဆွေးနွေးရေးသားပါမည်။

မှီငြမ်း Ref: (၁) Warfare Cambridge Dictionary

(၂)Use of Force in international Relations ISBN 978-80-224-1341-1

(၃)Guns, Germs and Steel By Jared Diamond

ဒေါက်တာတိုးမြင့်
toe1myint2@gmail.com

www.free4readrs.com

www.free4readrs.com

အမေရိကန် လူဝင်မှုကြီးကြပ်ရေး အကျပ်အတည်း

ရဲကျော်စွာ

အမေရိကန်ပြည်ထောင်စုအတွင်းသို့ အလယ်အမေရိကဒေသမှ ရွှေ့ပြောင်းဝင်ရောက်သူများ အလုံးအရင်းနှင့် တရားမဝင် ဝင်ရောက်နေခြင်းကို အိမ်နီးချင်း မက္ကဆီကိုနိုင်ငံက တားဆီးပိတ်ပင်ပေးခြင်း မလုပ်ဆောင်လျှင် အမေရိကန်-မက္ကဆီကိုနယ်စပ်သို့ လက်နက်ကိုင်တပ်ဖွဲ့များစေလွှတ်ရမည်ဟု အမေရိကန် သမ္မတဒေါ်နယ်ထရမ့်က အောက်တိုဘာလ (၁၈) ရက်နေ့တွင် သတိပေး ပြောဆိုလိုက်သည်။

ဟွန်ဒူးရပ်စ်နိုင်ငံမှ လူအုပ်ကြီးများ

လွန်ခဲ့သော ရက်သတ္တပတ်များအတွင်း ဟွန်ဒူးရပ်စ်နိုင်ငံမှ ဟွန်ဒူးရပ်စ်နိုင်ငံသားများ အဓိကပါဝင်သော အလယ်အမေရိကဒေသ နိုင်ငံပေါင်းစုံမှ လူသုံးထောင်ခန့်ပါဝင်သော လူအုပ်ကြီးသည် ဟွန်ဒူးရပ်စ်နိုင်ငံမြောက်ပိုင်း ဆန်ပက်ဒရို ဆူလာမြို့မှ စတင်ထွက်ခွာလာပြီး အိမ်နီးချင်း ဂွာတီမာလာနိုင်ငံမှတစ်ဆင့် မက္ကဆီကိုနိုင်ငံကို ဖြတ်သန်းကာ အမေရိကန်ပြည်ထောင်စုအတွင်းသို့ ဝင်ရောက်ရန်ဦးတည်ချက်ဖြင့်အစုလိုက်အပြုံလိုက်ရွှေ့ပြောင်းလာ နေကြသည်။

ယင်းလူအုပ်များအတွင်း ဒုစရိုက်သမားများ ပါဝင်နေသောကြောင့်လူအုပ်ကြီးကို တားဆီးပေးရန် အပြင်းထန်ဆုံးနည်းများဖြင့် တောင်းဆိုထားကြောင်း အမေရိကန်သမ္မတထရမ့်ကပြောဆိုသည်။ ဒုစရိုက်ဂိုဏ်းသားများနှင့် မူးယစ်ဆေးဝါးများအမေရိကန်ပြည်ထောင်စု၏ တောင်ပိုင်းမှတစ်ဆင့် စီးဆင်းဝင်ရောက် နေခြင်းကို ဟန့်တားရေးသည်အမေရိကန်-မက္ကဆီကို-ကနေဒါသုံးနိုင်ငံလွတ်လပ်သော ကုန်သွယ်ရေးစာချုပ်(USMCA) ထက်ပိုမိုအရေးကြီးသည်ဟု သမ္မတထရမ့်က အင်တာနက်လူမှုဆက်သွယ်ရေးကွန်ရက်တစ်ခု ဖြစ်သော တွစ်တာ (Twitter)မှ တစ်ဆင့် အောက်တိုဘာလ (၁၈) ရက်နေ့က ရေးသားခဲ့သည်။

တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူများအား တားဆီးပေးခြင်းမပြုလုပ်လျှင် ဟွန်ဒူးရပ်စ်နိုင်ငံကိုပေးနေသော အမေရိကန်ပြည်ထောင်စု၏ အထောက်အပံ့များကို ဖြတ်တောက်သွားမည်ဟု သမ္မတထရမ့်ကသတိပေးထားသည်။ ရီပတ်ဘလစ်ကန်ပါတီမှ သမ္မတထရမ့်က လူဝင်မှုကြီးကြပ်ရေးဥပဒေများ၏ အားနည်းချက်များအတွက် အားပျော့ချည့်နဲ့နေသောလူဝင်မှုကြီးကြပ်ရေးဥပဒေများကို ယခင်ကပြဋ္ဌာန်းခဲ့သည့် လက်ရှိအတိုက်အခံ ဒီမိုကရက်တစ်ပါတီကို ပြစ်တင်ဝေဖန်ထားသည်။

အလယ်အမေရိကဒေသမှ ဟွန်ဒူးရပ်စ်နှင့် ဂွာတီမာလာနိုင်ငံနှစ်ခုလုံးသည် ယခင်စစ်အေးခေတ် ကာလအတွင်း အမေရိကန်ပြည်ထောင်စု၏ အထောက်အပံ့ခံ လက်ယာအစွန်းရောက် ရုပ်သေးအာဏာရှင် အစိုးရများက ဆယ်စုနှစ်ပေါင်းများစွာ အုပ်ချုပ်ခဲ့ကြဖူးသော နိုင်ငံများဖြစ်ကြသည်။ ယင်းနှစ်နိုင်ငံလုံးတွင် လက်ယာစွန်း အာဏာရှင်အစိုးရများ လက်အောက်တွင် ဒုစရိုက်ဂိုဏ်းများနှင့် မူးယစ်ဆေးဝါးဂိုဏ်းများလည်း ထိုကာလအတွင်းက အင်အားကြီးမားနေခဲ့ဖူးသည်။

ဂွာတီမာလာ - မက္ကဆီကိုနယ်စပ်ဒေသ

အခြားနေရာတစ်နေရာတွင် ထောင်ပေါင်းများစွာရှိသော ရွှေ့ပြောင်းဝင်ရောက်သူများသည်ဂွာတီမာလာနှင့်မက္ကဆီကိုနှစ်နိုင်ငံအကြား နယ်စပ်ဒေသရှိ မြေပြင်နယ်ခြားစည်းရိုးကို အတင်းကျော်တက်ကာ ဆူပူသောင်းကျန်းမှုများကို အောက်တိုဘာလ (၁၉) ရက်နေ့တွင် စတင်ပြုလုပ်ကြသည်။ ယာဉ်တန်းရှည်ကြီးများဖြင့် ယင်းနယ်စပ်သို့ ချဉ်းကပ်လာနေသော ရွှေ့ပြောင်းဝင်ရောက်သူများကို လူစုလူဝေးဖြင့် မြင်တွေ့နေရသည်။ မက္ကဆီကိုနှင့်ဂွာတီမာလာနှစ်နိုင်ငံလုံးမှ အစိုးရတပ်ဖွဲ့ဝင်များကို နှစ်နိုင်ငံနယ်စပ်သို့ စေလွှတ်လိုက်သည်။

လူသုံးထောင်ကျော်ပါဝင်သော ရွှေ့ပြောင်းဝင်ရောက်သူများသည် မက္ကဆီကိုနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ရရှိရန် တောင်းဆိုနေကြသည်။ သူတို့သည် မက္ကဆီကိုနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ရရှိမှသာ မက္ကဆီကိုနိုင်ငံမှတစ်ဆင့် အမေရိကန်ပြည်ထောင်စုအတွင်းသို့ နယ်စပ်မှ ဖြတ်သန်းဝင်ရောက်နိုင်မည် ဖြစ်သည်။ ရွှေ့ပြောင်းဝင်ရောက်သူ လူအုပ်ကြီးသည် "ငါတို့အလုပ်လုပ်ချင်တယ်"ဟူသောကြွေးကြော်သံကိုအကြိမ်ကြိမ် သံပြိုင်အော်ဟစ်နေကြသည်။ အချို့သောသူများက "ငါတို့က မှောင်ခိုကုန်သည်တွေမဟုတ်၊ ငါတို့က ရွှေ့ပြောင်းဝင်ရောက်သူတွေ" ဟု ကြွေးကြော်နေခဲ့ကြသည်။

အမေရိကန်သမ္မတထရမ့်က ထိုလူအုပ်ကြီးကို အမေရိကန်ပြည်ထောင်စုအား တိုက်ခိုက်ချေမှုန်းနေခြင်းဖြစ်သည်ဟုဝေဖန်လိုက်သည်။ နောက်ပိုင်းတွင် သမ္မတထရမ့်သည် ယင်းနယ်စပ်ဒေသသို့ ရဲတပ်ဖွဲ့ဝင်များနှင့်အဓိကရုဏ်းနှိမ်နင်းရေးတပ်ဖွဲ့များစေလွှတ်ပေးခဲ့သည့်အတွက်မက္ကဆီကိုနိုင်ငံကို ကျေးဇူးတင်ကြောင်း ပြောဆိုလိုက်သည်။

ထိုယာဉ်တန်းရှည်ကြီးတွင် လိုက်ပါလာသူများသည် မကြာခင်ကျင်းပတော့မည့် ရွေးကောက်ပွဲများတွင် အတိုက်အခံ ဒီမိုကရက်တစ်ပါတီကို မဲပေးကြမည့်သူများဖြစ်သည်ဟု သမ္မတထရမ့်က သရော်လိုက်သည်။ အမေရိကန်ပြည်ထောင်စု၏ တောင်ပိုင်းနယ်စပ်ကို ပိတ်လိုက်မည်၊ စစ်ဘက်လှုပ်ရှားတပ်ဖွဲ့များကို စေလွှတ်လိုက်မည်ဟုလည်း သမ္မတထရမ့်က ဆက်လက် ခြိမ်းခြောက်လိုက်သည်။

အရေးပေါ်အခြေအနေ ကြေညာရမည်

မိမိဆောင်ရွက်ရမည့်ကိစ္စရပ်များမှာ နိုင်ငံလုံးဆိုင်ရာ အရေးပေါ်အခြေအနေ မကြေညာဘဲလုပ်ဆောင်နိုင်မည်မဟုတ်ကြောင်း၊ အကယ်၍ နိုင်ငံလုံးဆိုင်ရာ အရေးပေါ်အခြေအနေ ကြေညာရမည်ဆိုလျှင် အမေရိကန် ကွန်ဂရက်လွှတ်တော်၏ ထောက်ခံအတည်ပြုချက် ရယူပြီးမှ ပြဋ္ဌာန်းကြေညာမည်ဖြစ်ကြောင်း သမ္မတထရမ့်က ကတိပြုထားသည်။ ယခင်က အမေရိကန်သမ္မတများဖြစ်သော ရီပတ်ဘလစ်ကန်ပါတီမှ ဂျော့ဒဗလျူဘုရှ်နှင့် ဒီမိုကရက်တစ်ပါတီမှ ဘားရက်အိုဘားမားတို့ လုပ်ဆောင်ခဲ့ဖူးသည့်အတိုင်းပင် လွန်ခဲ့သော ဧပြီလအတွင်း နယ်စပ်ဒေသကာကွယ်မှုကို အင်အားဖြည့်တင်းရန် အရေးပေါ်အခြေအနေမကြေညာဘဲ အမျိုးသားလုံခြုံရေးတပ်ဖွဲ့များကို သမ္မတထရမ့်က စေလွှတ်ခဲ့ဖူးသည်။

မက္ကဆီကို နိုင်ငံ၏ သဘောထား

အမေရိကန်ပြည်ထောင်စုဆိုင်ရာ မက္ကဆီကိုနိုင်ငံ သံအမတ်ကြီးက ယာဉ်တန်းရှည်ကြီးများဖြင့် ရွှေ့ပြောင်းဝင်ရောက်လာနေသူများအား ခိုလှုံခွင့်ရရှိလိုသူများအဖြစ် မက္ကဆီကိုနိုင်ငံက သဘောထားကြောင်း ပြောဆိုသည်။ လူသားချင်း စာနာထောက်ထားရေးဆိုင်ရာ အကျပ်အတည်း (Humanitarian Crisis) နှင့် ရင်ဆိုင်နေရသော မက္ကဆီကိုနိုင်ငံကို အကူအညီပေးရန် ကုလသမဂ္ဂသို့ အကူအညီ တောင်းခံထားကြောင်း သူက ဆက်လက်ပြောဆိုသည်။

အခြားနေရာတစ်ခုတွင် အောက်တိုဘာလ (၁၈) ရက်နေ့ညနေပိုင်းတွင်ပင် မက္ကဆီကိုနိုင်ငံနှင့်ဂွာတီမာလာနိုင်ငံကိုပိုင်းခြားထားသောနယ်ခြားမြစ်ကို ဖြတ်သန်းကျော်ဖြတ်၍ အခြားရွှေ့ပြောင်းဝင်ရောက်သူလူသုံးထောင်ခန့်သည်လည်း မက္ကဆီကိုနိုင်ငံအတွင်းသို့ ဝင်ရောက်သွားခဲ့သည်။ ထိုနှစ်နိုင်ငံ နယ်ခြားမြစ်ပေါ်မှ တံတားအား ခြေလျင်ဖြတ်သန်း ဝင်ရောက်လာသူများသည် မက္ကဆီကို လူဝင်မှုကြီးကြပ်ရေးတပ်ဖွဲ့နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့များ၏ ခွင့်ပြုချက်သာ မရရှိခဲ့လျှင် ယခုကဲ့သို့ မက္ကဆီကိုနိုင်ငံအတွင်းသို့ရောက်ရှိလာမည်မဟုတ်ဟုရွှေ့ပြောင်းဝင်ရောက်လာသူတစ်ဦးကပြောဆိုသည်။

အခြားလမ်းကြောင်းနေရာများတွင်လည်း လူငါးရာခန့်စီ ပါဝင်နေသော အုပ်စုများဖွဲ့ကာ ခက်ခဲစွာ စားသောက်ရှင်သန်နေကြရသော ရွှေ့ပြောင်းဝင်ရောက်သူအုပ်စုများသည် အလယ်အမေရိက ဒေသအတွင်းရှိ အယ်လ်ဆာဗေးဒိုးနိုင်ငံကိုဖြတ်သန်း၍ဟွန်ဒူးရပ်စ်နိုင်ငံမှတစ်ဆင့် ရောက်ရှိလာသည့် လူတစ်ထောင်ခန့် ပါဝင်သော ယာဉ်တန်းရှည် လူအုပ်စုကြီးတစ်ခုနှင့်အောက်တိုဘာလ(၁၉)ရက်နေ့ညပိုင်းတွင်သွားရောက် ပူးပေါင်းလိုက်ကြပြီး အမေရိကန်ပြည်ထောင်စုအတွင်းသို့ ဝင်ရောက်နိုင်ရန် ဆက်လက်ထွက်ခွာလာကြသည်။

ကုလသမဂ္ဂ၏ သဘောထား

အလယ်အမေရိကဒေသမှ ရောက်ရှိလာကြသော ခိုလှုံခွင့် လျှောက်ထားသူများကို တားမြစ်ပိတ်ပင်သွားရန် အမေရိကန်ပြည်ထောင်စုက ပြောဆိုနေခြင်းများသည် ဥပဒေကြောင်းအရ အထောက်အထား ခိုင်မာခြင်း မရှိကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များရေးရာ မဟာမင်းကြီးရုံး (UNHCR) က အောက်တိုဘာလ (၂၁) ရက်နေ့က ပြောဆိုလိုက်သည်။ ဖိနှိပ်ညှဉ်းပန်းမှုများနှင့် အကြမ်းဖက်မှုများက ထွက်ပြေးလာကြသူများအား နိုင်ငံတကာက ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များ မဟာမင်းကြီးရုံး (UNHCR) က ပြောဆိုသည်။

နိုင်ငံတိုင်း၏ အမျိုးသား အချုပ်အခြာအာဏာပိုင်စိုးမှုကို ကုလသမဂ္ဂဒုက္ခသည်များ မဟာမင်းကြီးရုံးက မေးခွန်းထုတ်နေခြင်း မဟုတ်ကြောင်း၊ သို့သော်လည်း ဒုက္ခသည်များနှင့် ခိုလှုံခွင့် လျှောက်ထားသူများအား နိုင်ငံတကာဥပဒေက အုပ်ချုပ်ပိုင်ခွင့်ရှိကြောင်း ကုလသမဂ္ဂဒုက္ခသည်များ မဟာမင်းကြီးရုံးက ပြောဆိုသည်။

ဟွန်ဒူးရပ်စ်နိုင်ငံမှ ရွှေ့ပြောင်းဝင်ရောက်သူများ အမေရိကန်ပြည်ထောင်စု နယ်စပ်သို့ အလုံးအရင်းဖြင့် ရောက်လာမည်ဆိုလျှင် ကိုင်တွယ်ဖြေရှင်းရန် အခက်အခဲများရှိနိုင်မည်ကို ဒုက္ခသည်များ မဟာမင်းကြီးရုံးက အသိအမှတ်ပြုလက်ခံသည်။ သို့သော်လည်း ထိုသူများဝင်ရောက်လာခြင်းမရှိစေရန် နယ်စပ်ကိုပိတ်ပင်လိုက်ခြင်းမျိုးသည် မှန်ကန်သော အဖြေမဟုတ်ကြောင်း၊ ယင်းကဲ့သို့ လုပ်ဆောင်ခြင်းကြောင့် အကြောက် တရားနှင့် အမှန်တကယ် ရင်ဆိုင်နေရသူ ခိုလှုံခွင့်တောင်းခံသူများအတွက် ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင် သည်ဟု ဒုက္ခသည်များ မဟာမင်း ကြီးရုံးမှပြောရေးဆိုခွင့်ရှိသူ ချာလီယာဇလီက ပြောဆိုသည်။

ဖိနှိပ်ညှဉ်းပန်းမှုများနှင့် အကြမ်းဖက်မှုများကနေထွက်ပြေးတိမ်းရှောင်လာကြသူများအနေဖြင့်နိုင်ငံတစ်ခုသို့ဝင်ရောက်ပြီးသူတို့၏ အခြေခံအခွင့်အရေးဖြစ် သောဒုက္ခသည်များအဖြစ် ခိုလှုံခွင့်လျှောက်ထားပိုင်ခွင့်ရှိကြောင်း၊ယင်းအခြေခံမူသည် နိုင်ငံတကာဥပဒေဖြစ်ရုံမျှသာ မကဘဲနိုင်ငံတစ် ခုချင်းစီတိုင်းကချမှတ်ထားသော ဥပဒေလည်းဖြစ်ကြောင်းပြောရေး ဆိုခွင့်ရှိသူ ချာလီယာဇလီက ဆက်လက်ပြောဆိုသည်။

ထို့ကြောင့် အစိုးရများအနေဖြင့် ယင်းနိုင်ငံတကာ ဥပဒေကို လိုက်နာကြရန်အရေးကြီးကြောင်း၊ အမေရိကန်ပြည်ထောင်စုသည် ဒုက္ခသည်များဆိုင်ရာ ဥပဒေကို အစဉ်တစိုက်လိုက်နာခြင်းမျိုးမရှိခဲ့ ကြောင်း ချာလီယာဇလီက ဆက်လက်ပြောဆိုသွားခဲ့သည်။ ဒုက္ခသည် မိဘများနှင့် သူတို့၏ သားသမီးများကို အမေရိကန်အစိုးရက တစ်ကွဲတစ်ပြားစီချုပ်နှောင်ထားကြောင်း ခိုင်လုံသောအထောက်အထားများရရှိထားပြီးအများပြည်သူကလည်း ယင်းလုပ်ရပ်ကို သိရှိနေကြကြောင်း၊ မိသားစုများကို သီးခြားစီခွဲခြားမထားရန်၊ ဒုက္ခသည်များကို အကျဉ်းထောင်များအတွင်း ချုပ်နှောင်မထားရန် မိမိတို့က အကြိမ်ကြိမ်ပြောဆိုခဲ့ကြောင်း သူကဆက်လက်ပြောဆိုသွားခဲ့သည်။

အမေရိကန်အစိုးရ၏ လုပ်ဆောင်ချက်များသည် နိုင်ငံတကာဥပဒေများနှင့် လိုက်လျောညီထွေ ရှိလာစေရေးအတွက် ကုလသမဂ္ဂဒုက္ခသည်များရေးရာ မဟာမင်းကြီးရုံးက အမေရိကန်ပြည်ထောင်စုနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ချာလီယာဇလီက အသိပေးသွားခဲ့သည်။

နိုင်ငံတကာ ကြက်ခြေနီကော်မတီ

မိမိတို့၏အဖွဲ့ဝင်များသည် ရွှေ့ပြောင်းဝင်ရောက်သူ ဒုက္ခသည်များနှင့်အတူ ခရီးစဉ်တစ်လျှောက် လိုက်ပါနေကြောင်း ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့တော် အခြေစိုက် နိုင်ငံတကာ ကြက်ခြေနီကော်မတီ (ICRC) ကပြောဆိုသည်။ ရွှေ့ပြောင်းဝင်ရောက်နေသူဒုက္ခသည်များအတွက်အရေးပေါ်ဆေးဝါးကုသခြင်းများ၊ သောက်သုံးရေထောက်ပံ့ခြင်းနှင့် ခရီးလမ်းတစ်လျှောက် ကွဲကွာသွားသော မိသားစုများကို ပြန်လည်ပေါင်းစည်းပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း နိုင်ငံတကာကြက်ခြေနီကော်မတီ (ICRC) က ပြောဆိုအသိပေးထားသည်။

ရဲကျော်စွာ

www.free4readrs.com



အပြောထက်အလုပ်နှင့် သက်သေပြကြစို့

သရဝဏ်(ပြည်)

မြန်မာနိုင်ငံသည် အလုပ်ထက်အပြောများသောနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင်တော့ ထုံးစံအတိုင်း ဘာအခမ်းအနားပဲဖြစ်ဖြစ် အပေါ်ယံကြော်တွေများပြီးအနှစ်သာရက မရှိသလောက်နည်းပါးလှ၏။ ပြည်ထောင်စုနေ့အခမ်းအနားဆိုရင်လည်း နှစ်တိုင်းလုပ်ကြတာပဲ ကချင်၊ ကယား ၊ ကရင်၊ ချင်း၊ မွန် ၊ဗမာ၊ ရခိုင်၊ ရှမ်းဆိုပြီး ဝတ်စုံတွေဝတ်ထားတဲ့ စုံတွဲ ရှစ်တွဲ (လူဆယ့်ခြောက်ယောက်က) စင်မြင့်ထက်မှာ သီချင်းတေးသွားနဲ့အတူ ကကြခုန်ကြပျော်ကြပါးကြတဲ့ဟာတွေကိုပဲ ပြည်ထောင်စုနေ့ရဲ့အနှစ်သာရကြီးသဖွယ်ရုပ်မြင်သံကြားကလွှင့်ပြကြ၊ နိုင်ငံတော်ညစာစားပွဲတွေမှာဖျော် ဖြေကြလုပ်နေကြတာကလွဲလို့ ထို့ထက်ပို၍ဘာမှနိုင်ငံရေးအနှစ်သာရမရှိချေ။ နှစ်စဉ် တစ်နှစ်တစ်ခါ ဖေဖော်ဝါရီ ၁၂ ရက်နေ့ရောက်တိုင်းဆိုလိုက်ကြ ကလိုက်ကြပြီးရင်ဘာမှလည်း ပြည်ထောင်စုရဲ့အနှစ်သာရကို မပြနိုင်တော့ဘဲပြီးခဲ့ရတာ ၁၉၆၂ ခုနှစ်ကနေဒီနေ့အထိပဲဖြစ်သည်။

ဒီလိုပါပဲ မတ်လ ၂ ရက်နေ့ရောက်တိုင်း တောင်သူလယ်သမားနေ့ဆိုပြီးလုပ်ကြသည်။ တောင်သူလယ်သမားတွေကဘယ်ဆီနေသည်မသိ။ တကယ်ဆိုရင် ၁၉၆၂ မတ်လ ၂ ရက်နေ့သည် ဦးနေဝင်းအာဏာသိမ်းခဲ့သည့်နေ့ဖြစ်သည်။ မြန်မာနိုင်ငံကံဆိုးမိုးမှောင်ကျခဲ့သည့်နေ့ဖြစ်သည်။ ထိုနေ့ကိုပင်ပျော်လွန်းသဖြင့် ဦးနေဝင်းကပွဲလမ်းသဘင် ကျင်းပလိုသည်။ ထို့ကြောင့် တောင်သူလယ်သမားများကိုအကြောင်း ပြုရမယ်ရှာကာ တောင်သူလယ်သမားနေ့ဟု သူအာဏာသိမ်းသောနေ့ကိုသတ်မှတ်လိုက်သည်။ တကယ်တမ်းတွင် တောင်သူလယ်သမားများသည် ခေတ်အဆက်ဆက်ဘာရပိုင်ခွင့်မှမရှိပေ။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီအစိုးရလက်ထက်တွင် ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းက တောင်သူလယ်သမားများကို စကားလုံးလှလှလေးဖြင့် တောင်သူလယ်သမားဦးကြီးများဟုခေါ်သည်။အခေါ်အဝေါ်က ယဉ်ကျေးသိမ်မွေ့သလောက် ်လယ်သမားတို့ဘဝမှာ ဘာမှပို၍ထူးမလာ။ လယ်သမားတို့သည် မိုးလင်းမိုးချုပ် နွားနှင့်ဖက်၍ ထွန်ယက်စိုက်ပျိုးရမြဲ၊ မစို့ မပို့ရသော အမ တော်ကြေးကို မျှော်လင့်ရဆဲ၊ ခွဲတမ်းနှင့်ချပေးသော ရှားတောင့်ရှားပါး ဓာတ်မြေသြဇာကိုမျှော်လင့်နေရမြဲ။ ပို၍ဆိုးသည်ကား မိမိလယ်ယာမှထွက်သောသီးနှံကို မိမိဘာသာ လွတ်လပ်စွာ ရောင်း ချခွင့်မရှိခြင်းဖြစ် သည်။ တာဝန်ကျေစပါးဟူသော ဝေါဟာရနှင့်အတူ ရောင်းချင်သည်ဖြစ်စေ၊ မရောင်းချင်သည်ဖြစ်စေ သတ်မှတ်ခွဲတမ်းကို စစ်တပ်အတွက် နိုင်ငံတော်ကသတ်မှတ်သော အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းပေးရသည်။ မိုးခေါင်သောနှစ်၊ ရေကြီးသောနှစ်များတွင် မိမိလယ်မှ စပါးမထွက်ပါ ကဆင်ခြေပေး၍မရ၊ တောင်သူများမှာ တာဝန်ကျေစပါးကိုပြင် ပမှဝယ်ပြီးနိုင်ငံတော်သို့သွင်းရသည်။ တောင်သူလယ်သမားဦးကြီးများဟု တစ်နှစ်တစ်ခါ တောင်သူလယ်သမားနေ့တွင်ခေါ်ဝေါ်သုံးစွဲသော်လည်းတောင်သူလယ်သမားတို့ဘဝမှာ နင်းပြားဘဝကမတက်ပေ။ အိမ်နီးချင်းနိုင်ငံများတွင် လယ်ထွန်စက်၊ စပါးရိတ်စက်တို့ကို နိုင်ငံတော်အထောက်အပံ့ဖြင့် တိုးတက်ထွန်းကားနေချိန်တွင် မြန်မာနိုင်ငံမှာတော့ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ဟူသော ဆိုင်းဘုတ်ကြီးမှတစ်ပါး လှည်းနှင့်နွားကိုသာသုံးနေကြရဆဲ။ ကောင်းသည့်ဘက်က ကြံဖန်တွေးမည်ဆိုလျှင် ထိုခေတ်က လယ်သမားတို့၏ လယ်မြေများကို ခရိုနီများကအစိုးရနှင့်ပေါင်းပြီး မလိုမ့်တစ်ပတ် သိမ်းဆည်းခြင်းကိစ္စများ မရှိခဲ့ပေ။ လယ်သမားတို့ဘေးမဦးချ ဘိုးဘွားစဉ်ဆက်လုပ်ကိုင်ခဲ့ကြ သောလယ်ယာများကို စစ်တပ်ကတပ်ရင်းတပ်ဖွဲ့ တိုးချဲ့ရန် တပ်ပိုင်မြေဟု ဆိုင်းဘုတ်လာရောက်စိုက်ထူခြင်းမရှိခဲ့ချေ။ အစိုးရနှင့်လက်ဝါးချင်း ရိုက်ထားသော တရုတ်ကုမ္ပဏီများမှ လယ်သမား၊ ယာသမားတို့၏စိုက် ပျိုးမြေများကို စက်ရုံပိုင်မြေမတူးကျော်ရဟူသော သူခိုးကလူပြန်ဟစ်သည့် ကိစ္စများမပေါ်ပေါက်ခဲ့ဖူးပေ။ လယ်မြေကိုသိမ်းဆည်းပြီးမြေ ကွက်ရိုက်ကာ စက်မှုဇုန်ဟုရောင်းစားခြင်းများလည်း ခေတ်မစားသေး ချေ။

ထိုအဖြစ်မျိုးသည် အင်္ဂလိပ်ခေတ်မှာပင်မရှိခဲ့။ အင်္ဂလိပ်ခေတ်တွင် အိန္ဒိယမှလာသော ချစ်တီးများငွေ တိုးချေးစားသောကြောင့် လယ်ပေါင်ယာပေါင်လုပ်မိသူများ လယ်ယာမြေများဆုံးရှုံးခြင်း၊ ကျွဲနွားများ ဆုံးရှုံးရခြင်းများရှိပါ၏။ သို့သော် ထိုခေတ်က စက်မှုဇုန်တည်ဆောက်ဖို့ လယ်မြေသိမ်းသည်ဟူ၍မရှိခဲ့ပါ။ တပ်ပိုင် မြေဟူ၍ သိမ်းဆည်းခြင်းမရှိခဲ့ပါ။ ကြေးနီတောင်စီမံကိန်းဟူ၍သိမ်းသည်မရှိခဲ့ပါ။ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းအတွက်သိမ်းသည်ဟူ၍မရှိခဲ့ပါ။စပါးဈေးကျခြင်း၊ လူခွန်ကောက်ခြင်း၊ ချစ်တီးကြောင့် လယ်ယာများ အသိမ်းခံရခြင်းတို့ကြောင့် လယ်သမားများကျပ်တည်းကာ ဆရာစံဦးဆောင်သော တောင်သူလယ်သမားအရေး တော်ပုံဖြစ်ပွားခဲ့ပါသည်။

ယခုအခါဆရာစံသာရှိသေးလျှင် ဘယ်လိုဆုံးဖြတ်မည်လဲမသိပါ။ ဖိုးလှကြီးရှိသေးလျှင် မည်သို့ ခံစားရမည်မသိပါ။ ချစ်တီးခေတ်ထက်ဆိုးသောကာလကို မြန်မာနိုင်ငံရောက်ရှိနေလေပြီတကားဟု မြည်တမ်းငိုကြွေးမည်လားမသိပါ။ တောင်သူလယ်သမားတို့၏ အခြေအနေကတော့ ချစ်တီးလက်ထက်ထက်ပို၍ ဆိုးရွားလာနေပါသည်။

၁၉၈၈ မှ ၂၀၁၀ အထိအုပ်ချုပ်ခဲ့သော နဝတ၊ နအဖ စစ်အစိုးရလက်ထက်တွင် စစ်တပ်နှင့်နီးစပ်သူများသည် မြေယာနှင့်ပတ်သက်လာလျှင် ထင်တိုင်းကြခွင့်ရခဲ့ပါသည်။ ဆီအုန်းစိုက်ပျိုးမည်၊ ရေနက်ကွင်းစပါးစိုက်ပျိုးမည်၊ ကြက်ဆူပင်စိုက်ပျိုးမည်စသည်ဖြင့် မဖြစ်နိုင်သောမစားရဝခမန်းစီမံကိန်းများကို ဗန်းပြ၍ ဝေသာလီပြည်ဘီလူးစီးသလို ခရိုနီနှင့်စစ်တပ်ပေါင်း၍ လယ်ယာမြေအပိုင်သိမ်းမှုများ ဖြစ်ပေါ်လာခဲ့ပါသည်။ ကချင်ပြည်နယ်တွင် ဟူးကောင်းချိုင့်ဝှမ်းဒေသပါမချန်လက်ဝါးကြီးအုပ်ရယူခဲ့ပါသည်။ တနင်္သာရီတိုင်းမှသည်မြစ်ဝကျွန်းပေါ်အထိ၊ ဧရာဝတီတိုင်းမှသည် ကချင်ပြည်နယ်အထိ ခရိုနီနှင့်စစ်တပ်အမွှမသိမ်းပိုက်ဖူးသောမြေဟူ၍မရှိတော့ပါ။ တောင်သူလယ်သမားများသည်လုပ်စားတော့မိုးခေါင်၊ ခိုးစားတော့ခွေးဟောင်ဆိုသည့် စကားထက်ဆိုးသော လုပ်စားဖို့လယ်မရှိသောဘဝသို့ နေ့ချင်းညချင်းရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင်မည်သည့်ခေတ်ကမှ မကြားဖူးသည့် သက်ငယ်မုဒိမ်းမှုများ၊ အဖေအရင်းက သမီးကို ပြန်လည်ကျင့်ကြံမှုများ၊ ရက်ရက်စက်စက်အုပ်စုဖွဲ့ သတ်ဖြတ်မှုများ၊ အကျင့်ပျက်ခြစားမှုများ၊ မူးယစ်ဆေးဝါးမှုများ၊ ခိုးမှုများ၊ လူမိုက်ဂိုဏ်းများ ပေါ်ပေါက်နေပါသည်။ ဥပဒေစိုးမိုးမှုအားနည်းလာနေပါသည်။ လယ်သမားများသည် လွှတ်တော်တွင် အဆိုတစ်ခု၊ စီမံကိန်းတစ်ခုတင်လိုက်တိုင်း ငါ့လယ်ကလေးတော့ဘယ်တော့လာသိမ်းမလဲဟု ရင်မနေကြရပါသည်။ထိုအချိန်တွင် လူတစ်ရာယိုသည့်ဈေးပုစွန်ဆိတ်ခေါင်းစုဆိုသလို သမ္မတကြီးဦးဝင်းမြင့်လက်ထက်သို့ ရောက်လာပါသည်။ ဦးဝင်းမြင့်လည်း စူပါမန်းမဟုတ်သဖြင့် ခေတ်အဆက် ဆက်ကပြဿနာများကို မဖြေရှင်းနိုင်ပါ။ ပြည်ထောင်စုနေ့၊ တော်လှန်ရေးနေ့(တပ်မတော်နေ့)၊ တောင်သူ လယ်သမားနေ့၊ အလုပ်သမားနေ့၊ မီးသတ်နေ့၊ အာဇာနည်နေ့၊ အမျိုးသားနေ့၊ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့၊ လွတ်လပ်ရေးနေ့၊ တရုတ်နှစ်သစ်ကူးနေ့၊ ကရင်နှစ်သ စ်ကူးနေ့၊ ဘက္ကဒ်ီးအိဒ်နေ့၊ ခရစ္စမတ်နေ့၊ ဒီပါဝလီနေ့၊ ဒီမိုကရေစီနေ့၊ ရှစ်လေးလုံးနှစ်ပတ်လည်နေ့၊ တံတားနီနေ့၊ သစ်ပင်စိုက်ပျိုးရေးနေ့ စသည်ဖြင့်မြန်မာနိုင်ငံမှာလည်းအထိမ်းအမှတ်အခမ်းအနားနေ့များက များပြားလှသည်။ တကယ်တမ်းပြန်ကြည့်လျှင် ထိုအခမ်းအနားများမှာ အပေါ်ယံစကားတွေပြောကြပြီး နောက်နေ့တွင် ထိုစကားများလေထဲမှာ ပျောက်သွားကြတာများသည်။ သစ်ပင်စိုက်ပွဲနေ့တွင် ပြောခဲ့သောစကားသည် နောက်တစ်နေ့တွင် သစ်ပင်များဘာဖြစ်ဖြစ် ပြောသူနှင့်မဆိုင်တော့၊ နားထောင်သူနှင့်လည်းမဆိုင်တော့။ မည်သူနှင့်မှုမဆိုင်တော့။ စိုက်သောသစ်ပင် ရှင်မရှင်လည်း ဘယ်သူကမှစိတ်မဝင်စားကြ။ မြန်မာသည် အလုပ်ထက်အပြောများနေသောနိုင်ငံဖြစ်သည်။ အခမ်းအနားတစ်ခုတွင် အလုပ်လုပ်နေသူ တစ်ယောက်ကိုတွေ့တိုင်း အလုပ်မလုပ်ဘဲမတ်တတ်ရပ်၍ စကားပြောနေသူ ဆယ်ယောက်ကို တွေ့နိုင်သည်။ အလုပ်သမားထက် အပြောသမားများသော မြန်မာပြည်ဖြစ်သည်။ ထိုအကြောင်းကို ဂျပန်ခေတ်က စစ်ဗိုလ်ချုပ်ကြီးတစ်ယောက်က သခင်နုအား ဤသို့ပြောဖူးသည်။ ကရင်-ဗမာချစ်ကြည်ရေးတရားလိုက်ဟောနေသော သခင်နုနှင့်အဖွဲ့ကို ဂျပန်စစ်တပ်များ၏ သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီး အာနီးယားဆိုသူက

"ဗမာတွေအလကားစကားများနေကြတာပဲ။ မင်းတို့လည်း တရားထွက်ဟောတယ်ဆိုတာ ခုနေအခါမှာ အချိန်ဖြုန်းနေတာပဲ။ အလုပ်အများကြီးလိုတယ်၊ စကားမလိုဘူး"ဟုပြောခဲ့ဖူးသည်။

ထိုဂျပန်စစ်ဗိုလ်ချုပ်ပြောခဲ့သလိုပင်၊ စကားတွေအများကြီးပြောနေကာ လက်တွေ့အလုပ်နည်းပါးသော မြန်မာလူမျိုးနှင့် စကားနည်းနည်းပြောကာ အလုပ်ကို ဇောက်ချလုပ်သော ဂျပန်နိုင်ငံ၊ ဒုတိယကမ္ဘာစစ်ဒဏ် ခံရတာခြင်းအတူတူ မည်သူက မည်သည့်အဆင့်ရောက်သွားပြီကို ယခုအခါပြက်ပြက်ထင်ထင်တွေ့မြင် နိုင်ပြီဖြစ်ပါ၏။ မြန်မာနိုင်ငံ၏ အပေါ်ယံကြော်ကျင်းပသော အခမ်းအနားများ၊ မပြီးနိုင်မစီးနိုင်သော အမှာစကားများ၊ အစည်းအဝေးများ၊ လမ်းညွှန်ချက်များ၊ မစားရဝခမန်းကတိစကားများ နေရာတွင် လက်တွေ့ ထိရောက်သော အလုပ်များဖြင့် တိုင်းပြည်တည်ဆောက်နိုင်ကြပါစေသော်။

သရဝဏ်(ပြည်)

□

ဆေးရုံ

ငွေးကြည်(စလင်း)

"အန်တွန်ချက်ကော့" ရဲ့
လူနာဆောင် အမှတ် (၆) ကို အခေါက်ခေါက်ဖတ်ရင်း
ကိုယ့်ကိုယ်ကိုယ် တံခါးခေါက်ကြည့်တယ်
ကျွန်တော်တို့
ခင်ဗျားတို့
တစ်နေ့သေကြရမှာပဲ
ကျွန်တော်တို့လက်ထဲမှာ
သောက်လက်စဆေးတစ်ခွက်နဲ့
မနက်ဖြန်အတွက်
လက်ကျန်တွက်ရင်
"ပစ္စုပ္ပန်နဲ့ အနာဂတ်
ဘယ်တော့ သေခန်းပြတ်မလဲ"။

ငွေးကြည် (စလင်း)

အရန်လူ

ရာစုသစ်(mgy)

- မသေချာလုပ်ခဲ့သမျှ
  လိုရာခရီးလည်းမပေါက်
- ပြဿနာ အရှုပ်ထုပ်တွေနဲ့
  ပန်းတိုင်နားလည်း မရောက်
- သုံးမရတဲ့ လူမိုက်တွေကို
  ဖြုတ်ချိန်တန် ဖြုတ်လိုက်
- သူ့ထိုက်နဲ့ သူ့ကံပဲ
  ထုတ်ချိန်တန်ထုတ်လိုက်
- ရွေးကောက်ပွဲရဲ့ အနိုင်အရှုံးဟာ
  ဲရလဒ်နဲ့ ဆုံးဖြတ်တာဆို
- ပွဲလွှက်စာရင်းကို လူကြိုက်နည်းနေပြီ
  အချိန်ပိုကန်နေရဦးမယ်
  အရန်လူမတွ ထုတ်သုံးပါ။

ရာစုသစ်(mgy)

www.free4readrs.com

ကွမ်းလုံအသက် ဟိုက်ကမ်းပါးသက်သေ အပိုင်း(၆)

ဟိုက်ကမ်းပါးခံစစ်ကုန်းအား ပြန်လည်သိမ်းပိုက်ခြင်း

ဇော်(တောင်တန်းပြာ)

မြေပြင်ချေမှုန်းရေးစစ်ကြောင်းများကို ပစ်ကူပေးရန် သံလွင်မြစ်နှင့် ကွမ်းလုံကြီးတံတားအား ဖြတ်ကျော်လာသော T-33 တိုက်လေယာဉ်များ

၁၉၇၁ခုနှစ် နိုဝင်ဘာလ ၁၀ရက်နေ့ရဲ့လကွယ်ညဟာ နှင်းငွေ့တွေကြောင့် မှုန်ရီရီရှိနေတယ်။ တိုခပ် လှမ်းလှမ်းပညာက်တောင်ကြောပေါ်က ဗကပလက်နက်ကြီးအဖွဲ့ရဲ့ လက်နက်ကြီးပစ်ခတ်သံဖောင်းခနဲ ဖောင်းခနဲကြားရပြီးမကြာမနှောင်းမှာတော့ ကွမ်းလုံမြို့ပတ်ဝန်းကျင်မှာ တအုန်းအုန်းပေါက်ကွဲကုန်ကြတယ်။ ဟိုက် ကမ်းပါးခံစစ်ကုန်းပေါ်မှာတော့ ဗကပတွေ တဟေးဟေးနဲ့ပျော်မြူးပြီး ကခုန်နေကြတုန်း၊ ဗကပတွေ ဟိုက်ကမ်းပါးခံစစ်တုန်းကို သိမ်းပိုက်ပြီး တစ်နာရီအကြာ၊ ကွမ်းလုံစစ်ကြောင်းဌာနချုပ်ကနေ လှမ်းပစ်လိုက် တဲ့ ၁၀၅မမ ဟောင်ဝစ်ဇာအမြောက်လေးလက်ရဲ့ ကျွဲကျည်တွေဟာ လေပေါ် တရှူးရှူးပျံသန်းလာပြီး ဟိုက်ကမ်းပါးခံစစ်ကုန်းရဲ့လေထုထဲမှာ တဂွမ်းဂွမ်းနဲ့ ပေါက်ကွဲကုန်တော့တယ်။ ဒီတော့ ဗကပ တို့ရဲ့အောင် ပွဲခံအော်ဟစ်သံတွေ ရုတ်ချည်းငြိမ်သက်သွားပြီး တအောင့်လောက်အကြာမှာတော့ အော်ဟစ်ဆဲဆိုသံတွေ၊ ညည်းညူသံတွေအဖြစ် ကမ္ဘာပျက်နေတော့တယ်။ ဗကပတချို့ သွေးရူးသွေးတန်းနဲ့ တောင်အောက်ဆင်း ပြေးကုန်ကြတယ်။ အမြောက်လေကွဲကျည်ဆိုတာ မြေကြီးပေါ်ကျပြီး ပေါက်ကွဲတဲ့ ထိကွဲဗုံးသီးမျိုးမဟုတ်ဘူး၊ သတ်မှတ်ထားတဲ့ ကိုက်အကွာအဝေးရောက်တဲ့အခါ လေထဲမှာတင် ပေါက်ကွဲတဲ့ဗုံးသီးမျိုးဖြစ်တယ်။ ပြီးတော့ အပေါ်ကို ဖြာပြီး ပေါက်ကွဲတဲ့စနစ်မဟုတ်ဘဲ အောက်ကိုဖြာပြီး ပေါက်ကွဲတဲ့စနစ်မျိုးဖြစ်တယ်၊ ဒါကြောင့် ခေါင်ကတုတ်ဘန်ကာအောက်က လူကလွဲရင် မြေပြင်ပေါ်က ယင်ကောင်တောင်မလွတ်ဘူး၊ အဲဒီလို အမြောက်လေကွဲကျည်ဆန်တွေပေါက်ကွဲတာနဲ့တစ်ပြိုင်နက် စခန်းနဲ့ကိုက်၅၀အကွာမှာချဉ်းကပ်ထားကြတဲ့ ဗိုလ်ကြီးအောင်ဘကြည်ဦးစီးတန်ပြန်ချေမှုန်း ရေးတပ်စုငါးစုဟာ "ဝမ်းနော်ဖိုက်ကွ" လို့ အော်ဟစ်ပြီး အတင်းပစ်ပစ်တတ်တက်ဝင်တိုက်ကြတယ်။

ဗကပတွေဟာ မဲခေါင်အရက်တွေသောက်ပြီး မူးရူးကခုန်နေကြတုန်း အမြောက်လေကွဲကျည်တိုက်ရိုက်ထိမှန်ပြီး တချို့ပွဲချင်းပြီး ကျဆုံးကုန်သလို တချို့က သွေးရူးသွေးတန်းနဲ့ဆင်းပြေးကုန်ကြတယ်၊ ဒါကြောင့် စခန်းပေါ်ကျန်ခဲ့တဲ့ ဗကပ အနည်းငယ်ကသာ ခဏတဖြုတ်ပြန်လည်ပစ်ခတ်ခုခံကြပြီး သူတို့လည်းဘာသားနဲ့ထု ထားတာမို့လဲ၊ ရှေ့ကလူတွေအတိုင်းဒရောသောပါးဆုတ်ပြေးကုန်ကြတာပေါ့၊ ဒါကြောင့် ဗိုလ်ကြီးအောင်ဘကြည်ဦးစီး ချေမှုန်းရေးတပ်စုငါးစုဟာ ကျားထိုးပြီး ဟိုက်ကမ်းပါးခံစစ်ကုန်းကို တစ်နာရီအတွင်း ပြန်လည် သိမ်းပိုက်နိုင်ခဲ့ကြတယ်၊ ဗကပတွေဟာ ဟိုက်ကမ်းပါးခံစစ်ကုန်းကို တပ်မတော်ကပြန်လည်သိမ်းပိုက်လိုက်တော့ လွယ်မန်ခါးတောင်ကြောနဲ့ ပညာက်ထန်တောင်ကြောပေါ်ကနေ လက်နက်ကြီးတွေနဲ့ ဟိုက်ကမ်းပါးခံစစ်ကုန်းကို တရစပ်ပစ်ခတ်လာကြတယ်၊ ဒါပေမယ့် လွယ်မန်ခါးတောင်ကြောနဲ့ ပညာက်ထန်တောင်ကြောကို အမြောက်လေးလက်နဲ့ ထိကွဲ၊ လေကွဲနှစ်မျိုးစလုံးရောပြီး ကောင်တာပြန်ပစ်ခတ်လိုက်တော့မှ ငြိမ်သက်သွားကြတော့တယ်၊ ဟိုက်ကမ်းပါးခံစစ်ကုန်းနဲ့ ခပ်လှမ်းလှမ်းလွယ်မန်ခါးရွာဘက်မှာ ကားသံတွေတစ်ညလုံးဆူညံနေ တယ်၊ ကြားဖမ်းစက်သတင်းအရ ဗကပအလောင်းတွေနဲ့ ဒဏ်ရာရသူတွေကို သယ်ထုတ်နေကြကြောင်းသိရတယ်၊ ခမရ(၁၀၅)က တန်ပြန်ချေမှုန်းရေးတပ်စုတွေဟာ ဟိုက်ကမ်းပါးခံစစ်ကုန်းကို ညတွင်းချင်းပြန်လည် သိမ်းပိုက်ကြပြီး နောက်တစ်နေ့စခန်းတစ်ခုလုံးရှင်းကြတော့ဗကပအလောင်းခြောက်လောင်းနဲ့သေနတ်ခြောက်လက် သိမ်းဆည်းနိုင်ခဲ့ကြတယ်၊ စခန်းအပြင်ဘက် ဗကပတွေတက်လာတဲ့ မျက်နှာစာဘက်မှာတော့ ဗကပအလောင်းတွေ ၅၀ကျော်ခန့်မြင်မကောင်းအောင် ပြန့်ကျဲနေတာကို လှမ်းမြင်ကြရတယ်၊

ဗိုလ်ကြီးအောင်ဘကြည်က စခန်းအပြင်ဘက်ထွက်ပြီး ဗကပအလောင်းတွေကို သွားရှင်းဖို့ခွင့်တောင်းတော့ တပ်မှူးက ခွင့်မပြုဘူး၊ ဗကပတွေက အပြီးအပိုင်ဆုတ်ခွာသွားတာမဟုတ်ဘူး၊ လွယ်မန်ခါးတောင်ကြောနှင့် ရှောင်တီလင်တောင်ကြောတွေမှာ အခြေကုပ်ယူထားကြဆဲဖြစ်တယ်၊ ဒါကြောင့် ဗကပတွေဟာ ဟိုက်ကမ်းပါးခံစစ်ကုန်းကို အချိန်မရွေး တန်ပြန်တိုက်ခိုက်လာနိုင်တဲ့အတွက် စခန်းပေါ်မှာပဲ အားလုံးအဆင့်သင့်နေရာယူထားဖို့ အမိန့်ပေးထားရတယ်၊ အဲဒီမှာ မနေနိုင်တဲ့ရဲဘော်တွေကတော့ စခန်းအပြင်စည်းရိုးဘေးက ဗကပအလောင်းတချို့ရဲ့ ကျောပိုးအိတ်တွေကို ချိတ်တွေနဲ့လှမ်းဆွဲပြီး ကျောပိုးအိတ်ထဲက မုန့်တွေ၊ ပေါက်ပေါက်ဆုပ်တွေကို အဆာပြေစားသောက်ကြတယ်၊ ဟိုက်ကမ်းပါးခံစစ်ကုန်းကို ဗကပလက်ထဲက နာရီပိုင်းအတွင်း ပြန်လည်သိမ်းပိုက်ကြပြီး ခပ်လှမ်းလှမ်းဟိုလီမြောက်ဘက် တောင်ကုန်းပေါ်မှာ အခြေကုပ် ယူထားတဲ့ အင်အား၅၀ရှိ ဗကပစခန်းတစ်ခုကို ကချင်(၃)တပ်ရင်းက ဗိုလ်ကြီးအောင်ကျော်သိန်းတပ်ခွဲနဲ့ ဗိုလ်လျှန်ခေါင်ဦးစီး ကိုးကန့်ကာကွယ်ရေးတပ်ခွဲက တစ်လက်စတည်း ဝင်ရောက်တိုက်ခိုက်ပြီး သိမ်းပိုက်လိုက်ကြပါတယ်၊ ဟိုလီကြောတိုက်ပွဲမှာ ဗကပအလောင်း ၁၄လောင်းသိမ်းဆည်းနိုင်ခဲ့ကြတယ်၊ ပြီးတော့ အဲဒီဟိုလီကြောစခန်းမှာ ဗိုလ်ကြီးအောင်ကျော်သိန်းတပ်ခွဲက တစ်ခါတည်းတပ်စွဲထားလိုက်တယ်၊ ဘာပဲဖြစ်ဖြစ် ဗကပတွေရဲ့ တိုက်စစ်အဟုန်ကတော့ လျော့သွားပြီ၊ ဒါပေမယ့် အပြီးအပိုင်တော့ မဆုတ်ကြသေးဘူး၊ အဲဒီ အချိန်မှာပဲ နောက်တန်းကစစ်ကူတက်လာတဲ့ ခမရ(၁၀၇)တပ်ရင်းဟာ ဒီဇင်ဘာလ ၆ရက်နေ့မှာ ကွမ်းလုံစစ် ကြောင်းဌာနချုပ်ကို ရောက်လာခဲ့တော့တယ်၊

ဗကပတို့၏ စိတ်မကျေပွဲ

ဗကပတွေဟာ နိုဝင်ဘာ ၃၀ရက်နေ့မှာ ဟိုက်ကမ်းပါးခံစစ်ကုန်းကို တရကြမ်းတိုက်ခိုက်သိမ်းပိုက်ခဲ့ကြပေမယ့် အဲဒီနေ့ညတွင်းချင်းမှာပဲ ခမရ(၁၀၅)က ဗိုလ်ကြီးအောင်ဘကြည်ဦးစီး တန်ပြန်ချေမှုန်းရေးတပ်စုငါး စုက အမြောက်ပစ်ကူယူပြီး ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပါတယ်၊ ဒီဇင်ဘာလ ၃ရက်နေ့မှာတော့ ဗိုလ်ကြီးအောင်ဘကြည်စစ်ကြောင်းဟာ နာတီးကနေ စစ်ကူရောက်လာတဲ့ ခလရ(၆)စစ်ကြောင်း ၂နဲ့ တပ်ချင်းလဲလှယ်ပြီး ကွမ်းလုံစစ်ကြောင်းဌာနချုပ်မှာ ပြန်လည်အခြေပြုခဲ့ကြတယ်၊ ဟိုက်ကမ်းပါးခံစစ်ကုန်းကို ပြန်လည် လက်လွှတ်လိုက်ရတဲ့ ဗကပတွေဟာ ပတ်ဝန်းကျင်တောင်ကြောတွေမှာ ပြန်လည်စုဖွဲ့ကြပြီး စိတ်မကျေပွဲနွှဲဖို့ပြင်ဆင်လာကြတယ်၊ ဒါပေမယ့် သုံးလေးရက်လောက် အခြေအနေကြည့်ရင်း လွယ်မန်ခါးနဲ့ပညာက်ထန် တောင်ကြောတွေကနေ လက်နက်ကြီးတွေနဲ့ ကြိုကြားကြိုကြား ပစ်ခတ်လာကြတယ်၊ အဲဒီတောင်ကြောတွေကို ကွမ်းလုံစစ်ကြောင်းဌာနချုပ်က အမြောက်တွေနဲ့ကောင်တာပြန်ပစ်ခတ်ပေးတယ်၊ ဒီဇင်ဘာလ ၅ရက်နေ့၊ ရှမ်းမြောက်ဒေသမှာတော့ ဆောင်းလယ်ကာလကို ခြေလှမ်းပြင်နေတဲ့ ရာသီကြောင့် မေးရိုးတွေပြုတ်မတတ် အေးစိမ့်နေပြီ၊ ဒါပေမယ့် ဟိုက်ကမ်းပါးခံစစ်ကုန်းပေါ်မှာတော့ ခလရ(၆)ကရဲဘော်တွေဟာအဲဒီရာသီဥတုကိုအန်တုရင်းသေနတ်တွေကိုယ်စီမောင်းတင်လို့နေရာယူထားကြလေရဲ့၊ ဗကပတွေဟိုက်ကမ်းပါးကို တစ်ချီတစ်မောင်းပြန်တိုက်တော့မယ်လို့ သတင်းရထားကြတာကိုး၊ သတင်းရထားတဲ့ အတိုင်းပါပဲ၊ အင်အား ၃၀၀အထိ ပြန်လည်စုဖွဲ့ထားကြတဲ့ ဗကပတွေဟာ မွန်းလွဲတစ်နာရီလောက်မှာ ဟိုက်ကမ်းပါးခံစစ်ကုန်းကို လက်နက်ကြီးပစ်ကူယူပြီး ဝိုင်းပတ်တိုက်ခိုက်လာကြတယ်၊ ဒါပေမယ့် အမြောက်လေကွဲကျည်တွေကြောင့် သွေးပျက်နေကြတဲ့ ဗကပတွေဟာ ပထမတိုက်စစ်တုန်းကလို အမိုက်ခံပြီး မတက်ရဲကြတော့ဘူး၊

ဗကပတွေရဲ့ ဒီတစ်ခါတန်ပြန်တိုက်စစ်က စိတ်မကျေပွဲလို့ပဲ ပြောပါတော့၊ ဒါပေမယ့် ဗကပတွေဟာ ခပ်လှမ်းလှမ်းကနေပဲ လက်နက်ငယ်တွေနဲ့ ဝတ်ကျေတန်းကျေ လှမ်းပစ်ကြပြီး "နေဝင်းခွေးတွေ လက်နက်ချ၊ လက်နက်ချ မင်းတို့ကိုငါတို့ ဝိုင်းထားပြီ"ဆိုပြီး မပီကလာ ပီကလာလှမ်းအော်ကြတယ်၊ ဒါပေမယ့် စခန်းပေါ်ကနေ တရစပ်ပစ်ခတ်လာတဲ့ ကျည်ဆန်တွေကြောင့် မအော်နိုင်ကြတော့ဘဲ တောင်ခြေအထိ ပြန်ဆုတ်သွားကြတယ်၊ ဗကပတွေဟာ သူတို့အခြေအနေသူတို့သိသွားပြီ၊ ဒါကြောင့် ဆုတ်လက်စနဲ့ လွယ်မန်ခါးတောင်ကြောအထိ ပြန်လည်ဆုတ်ခွာသွားကြတယ်၊ ဗကပတွေလုံးဝလက်လျှော့သွားကြပြီလေ၊

လွယ်မန်ခါးကို သိမ်းပိုက်ခြင်း

အသံထွက်မှန်က လွိုင်မိုင်ခါးပါ၊ ဒါပေမယ့် လွယ်မန်ခါးလို့ပဲ နှုတ်ကျိုးနေကြတာလေ၊ ဟိုက်ကမ်းပါးခံ စစ်ကုန်းတိုက်ပွဲမှာ ဗကပတွေကို သွေးပျက်စေတဲ့ အရာကတော့ ၁၀၅မမ ဟောင်ဝစ်ဇာအမြောက်လေးလက်နဲ့ ပစ်ခတ်တဲ့လေကွဲကျည်တွေပါပဲ၊ ဗကပတွေဟ ဟိုက်ကမ်းပါးတိုက်ပွဲမှာတင် မိုင်းထိသူနဲ့လေကွဲကျည် ထိမှန်ကျဆုံးသူပေါင်း ၁၀၀ကျော်တယ်လို့ ကြားသိရတယ်၊ ဒါကြောင့် ဟိုက်ကမ်းပါးခံစစ်ကုန်းကို လုံးဝမရ နိုင်တော့ဘူးဆိုတာသိသွားကြတဲ့ဗကပတွေဟာ သူတို့အခြေကုပ်ယူထားတဲ့ တောင်ကြောတွေမှာ ပြန်လည် ဆုတ်ခွာပြီး ခံစစ်အသွင်နဲ့ပဲ အခြေကုပ်ပြန်ယူကြတော့တယ်၊ ပြီးတော့ လက်နက်ကြီးပစ်ခတ်မှုတွေကလည်း တဖြည်းဖြည်းကျဲသွားပြီ၊ ဒါကြောင့် ဒီတစ်ခါတပ်မတော်ရဲ့ တိုက်စစ်အလှည့်ဖြစ်ပြီး ဗကပတွေအဖို့ ခံစစ်အလှည့်ပြန်ဖြစ်သွားတယ်၊ အဲဒီမှာ လွယ်မန်ခါးတောင်ကြောကြီးဟာ ပတ်ဝန်းကျင်တောင်ကြောအားလုံးကို စိုးမိုးထားပြီး အချက်အချာကျတယ်၊ ပြီးတော့ ကွမ်းလုံမြို့ကထဲကျရောက်လာတဲ့ လက်နက်ကြီးတွေဟာလွယ်မန်ခါးတောင်ကြောပေါ်က အများဆုံးပဲ၊ အဲဒီတော့ လောလောဆယ် လွယ်မန်ခါးကို ပြန်တိုက်ဖို့အရေး ကြီးလာတယ်၊

ဒါကြောင့် ကွမ်းလုံမြို့ကို စစ်ကူရောက်လာတဲ့ခမရ(၁၀၇)တပ်ရင်းဟာ လွယ်မန်ခါးဆီ ချီတက်လာကြ တယ် ခမရ(၁၀၇)စစ်ကြောင်းတွေဟာ ဒီဇင်ဘာ ၁၁ ရက်နေ့ ညနေသုံးနာရီကစပြီး ကွမ်းလုံကနေချီတက် လာကြတယ်၊ လွယ်မန်ခါးတောင်ကြောပေါ်မှာ ဗကပအင်အား ၂၀၀က အခိုင်အမာအခြေကုပ်ယူထားတယ်၊ တကယ်တော့ လွယ်မန်ခါးတောင်ကြောကို သိမ်းပိုက်ဖို့ဆိုတာ လွယ်တော့မလွယ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လွယ်မန်ခါးတောင်ကြောဟာ တော်တော်မြင့်မားပြီး မတ်စောက်တယ်၊ ပြီးတော့ ချီတက်ရာလမ်းကြောင်းတွေ ကကျဉ်းမြောင်းပြီး ကျောက်ဆောင်ကျောက်တုံးကြီးတွေလည်း ပေါများတဲ့အတွက် တစ်စုတစ်စုတောင်တပ်ဖြန့်ဖို့မလွယ်ဘူး၊ မလွယ်ပေမယ့် ဒီအတိုင်းထားလို့လည်း မဖြစ်ပြန်ဘူး၊ ဒါကြောင့်ခမရ(၁၀၇)စစ်ကြောင်းတွေဟာ လွယ်မန်ခါးတောင်ကြောကို ရသလောက်ဖြန့်ခွဲပြီး တဖြည်းဖြည်း ချဉ်းကပ်ကြတယ်၊ ခမရ(၁၀၇)က တပ်ခွဲတစ်ခွဲနဲ့ ကိုးကန့်ကာကွယ်ရေးတပ်ဖွဲ့တွေ ပူးပေါင်းပြီး တုံကိုလင်ဘက်ကိုယောင်ပြစစ်အဖြစ် ထိုးဖောက်တိုက်ခိုက်ကြတယ်၊ လွယ်မန်ခါးတောင်ကြောပေါ်နေရာယူထားတဲ့ ဗကပတွေလည်း တပ်မတော်စစ်ကြောင်းတွေ ချဉ်းကပ်လာမှန်းသိတော့ ရှေ့ဆက်တိုးမလာနိုင်အောင် အာရ်ပီဂျေ၊ အဲမ် ၇၉စတဲ့ လောင်ချာတွေနဲ့ တရစပ်ပစ်ခတ်ပြီး ဟန့်တားကြတယ်၊ ဒီဇင်ဘာလ ၁၂ရက်နေ့၊နှင်းတွေကွဲပြီးရာသီဥတုကောင်းသွားတဲ့အတွက် တပ်မတော်(လေ)တပ် ကတီ(၃၃)တိုက်လေယာဉ်လေးစီးဟာလွယ်မန်ခါးတောင်ကြောကို နေ့လယ် ၁၂နာရီတိတိအချိန်စတင်ဗုံးကြဲတိုက်ခိုက်ပေးတယ်၊ ကွမ်းလုံစစ်ကြောင်းဌာနချုပ်ကလည်း၁၀၅မမအမြောက်လေးလက်နဲ့ပစ်ကူပေးတယ်၊ ဒါပေမယ့် ဗကပတွေဟာကျောက်တုံးတွေ ၊အောက်ဂလိုင်တွေတူး ပြီးပုန်းနေကြတဲ့အတွက် ထိရောက်မှုတော့သိပ်မရှိဘူး၊

အဲဒီအချိန်မှာ ခမရ(၁၀၇)စစ်ကြောင်းကကျောက်ကြိုကျောက်ကြားတွေကနေ ခက်ခက်ခဲခဲဝင်ပြီး တက်တိုက်ကြတယ်၊ဒါပေမယ့် ဗကပ တွေဟာလောင်ချာလက်နက်တွေများများသုံးပြီးပစ်ခတ်လာကြတဲ့အတွက် စုပြုံပြီးတက်လာကြတဲ့ ခမရ(၁၀၇)စစ်ကြောင်းဟာ ထိခိုက်ကျဆုံးသူတွေများပြီး ရှေ့ဆက်မတက်နိုင် ကြတော့ဘူး၊ ဒါကြောင့် တိုက်စစ်ကို မဆင်နွှဲ နိုင်ကြတော့ဘဲ ရောက်တဲ့နေရာကနေ ကျင်းတူးပြီး ရင်ဆိုင်ရတဲ့ အခြေအနေရောက်သွားကြတယ်၊ ဒါပေမယ့် လွယ်မန်ခါးတောင်ကြောကို မရရအောင် သိမ်းပိုက်ရမှာမို့ မရ(၁၀၇) စစ်ကြောင်းတွေ နောက်တစ်ပြန်တိုက် စစ်အတွက် ပြင်ဆင်ထားကြတယ်၊ သိပ်မကြာပါဘူး၊ တီ(၃၃) တိုက်လေ ယာဉ်လေးစီးဟာ လွယ်မန်ခါးတောင်ကြောရဲ့ကောင်းကင်ယံပေါ် ဝေါခနဲ ဝေါခနဲ ပျံသန်းလာကြပြီး ပဒေသာဗုံးမိုးတွေ သဲသဲမဲမဲရွာချလိုက်တော့ တယ်၊ ပြီးတော့ အမြောက်လေကွဲကျည်တွေလည်းအဆက်မပြတ် ကျရောက်ပေါက်ကွဲလာတော့တယ်၊ ဗကပတွေဟာ အောက်ကတက်လာတဲ့ မြေပြင်ချေမှုန်းရေးစစ် ကြောင်းတွေကို ခုခံနိုင်ပေမယ့် အပေါ်ကကျရောက်လာတဲ့ဗုံးမိုးတွေကြောင့် နားတွေထဲက သွေးတွေယိုပြီး မခံနိုင်ကြတော့ဘူး၊ ဒါကြောင့် ဗကပတွေဟာ ကျဆုံးအလောင်းတချို့ကို သယ်ထုတ်ပြီး ဆုတ်ခွာသွားကြတော့တယ်၊ ဒါကြောင့် ခမရ(၁၀၇)စစ်ကြောင်းတွေဟာ အဲဒီနေ့ညနေ ၅နာရီအချိန်မှာ လွယ်မန်ခါးတောင်ကြောကို သိမ်းပိုက်နိုင်ခဲ့ကြတယ်၊

တောင်းကျဲရွာမှ ဗိုလ်အေးရွှေတပ်စု ဗတပတို့အဝိုင်းခံရခြင်း

လွယ်မန်ခါးတောင်ကြောကို ခမရ(၁၀၇)စစ်ကြောင်းက ပြန်လည်သိမ်းပိုက်ပြီး တီ(၃၃)တိုက်လေယာဉ်တွေက ပညာက်ထန်တောင်ကြောနဲ့ ရှောင်တီလင်တောင်ကြောတွေကို တစ်လက်စတည်း ဗုံးကြဲတိုက်ခိုက်ပေးတယ်၊ ဒါပေမယ့် ဗကပတွေဟာ လက်တော့မလျှော့ကြသေးဘူး၊ ကွမ်းလုံမြို့သိမ်းတိုက်ပွဲကို နောက်ဆုံးအခြေအနေအထိ ကြိုးစားဖို့ပြင်ဆင်လာကြပြန်တယ်၊ ဒါကြောင့် ဗကပအင်အား ၁၀၀ခန့်ဟာ ကောင်းကျဲရွာကနေတစ်ဆင့် ညာဘက်ကနေ ပတ်ပြီး ကွမ်းလုံမြို့ကို တိုက်ခိုက်ဖို့လှုပ်ရှားလာကြတယ်၊ နမ့်ဟူးရွာနဲ့ကောင်းကျဲရွာဆိုတာ ကွမ်းလုံမြို့နဲ့ ငါးမိုင်လောက်ဝေးပြီး ကွမ်းလုံ-ဟိုပန်လမ်းကြောင်းပေါ်မှာ တည်ရှိတဲ့ရွာတွေဖြစ်တယ်၊ ဒါကြောင့် ခမရ(၁၀၅)က ဗိုလ်ကြီးမောင်မောင်ဦးစီးတဲ့ တပ်ခွဲ(၃)ဟာ ဒီဇင်ဘာ ၁၈ရက်နေ့ နံနက် ၈ နာရီအချိန်ကစပြီး ကွမ်းလုံကနေ

စာမျက်နှာ (၂၀) သို့

www.free4readrs.com

နောက်ကြောင်းမပြန်ရဆိုတဲ့ကိစ္စ

တရားသူကြီးဟောင်းဘခက်

၂၉-၉-၂၀၁၈ထုတ်စံတော်ချိန်သတင်းစာမှာ "နောက်ကြောင်း မပြန်ရဥပဒေကို ရုပ်သိမ်းရန်အစီအစဉ်ရှိ မရှိ ဦးသန်းငွေး မေးခွန်းထုတ်" ဆိုတဲ့ သတင်းတစ်ပုဒ်ဖတ်ရပါတယ်။ ဦးသန်းငွေးဆိုတာ ပြည်ခိုင်ဖြိုးပါတီဥက္ကဋ္ဌကြီးပါ။ အုတ်တွင်းမြို့နယ်လူထုနဲ့ တွေ့ဆုံပွဲမှာ ပြောခဲ့တာလို့ ဖတ်ရပါတယ်။

-နောက်ကြောင်းပြန်ဆိုတဲ့ကိစ္စဟာ မှတ်မိသလောက် ဦးသိန်းစိန်အစိုးရသက်တမ်းကာလအတွင်း မကွေးတိုင်းဒေသကြီးအစိုးရရဲ့ ရန်ပုံငွေ၇. ၄၅၉ဘီလီယံကိစ္စပေါ် ပေါက်ခဲ့စဉ်ကစပြီး အတော်တွင်တွင်ကျယ်ကျယ်ပြော ဆိုရေးသားကြတာဖြစ်မယ်ထင်ပါတယ်။ အဲဒီလိုပြောဆိုရေးသားကြရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၄၃)နဲ့ ပုဒ်မ(၄၄၅)ကို ရည်ညွှန်းကိုးကားကြတာတွေ့ရပါတယ်။ အမှန်တော့ မကွေးတိုင်းအစိုးရဟောင်းရဲ့ ရန်ပုံငွေ ၇. ၄၅၉ဘီလီယံကိစ္စဟာ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၄၃)နဲ့မသက်ဆိုင်သလို ပုဒ်မ(၄၄၅)နဲ့လည်း မသက်ဆိုင်ပါဘူး။

-၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၄၃)မှာ "No penal law shall be enacted to provide retrospective effect."(မည်သည့်ပြစ်မှုဆိုင်ရာဥပဒေမျှ နောက်ကြောင်းပြန်အာဏာသက်ရောက်စေရန် ပြဋ္ဌာန်းခွင့်မရှိစေရ) လို့ဆိုပါတယ်။ ဥပဒေတစ်ခုပြဋ္ဌာန်းလိုက်ရင် အဲဒီဥပဒေမပြဋ္ဌာန်းမီက ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေကို အဲဒီဥပဒေနဲ့ အရေးယူလို့မရဘူး။ အဲဒီဥပဒေအာဏာတည်တဲ့ အချိန်ကစပြီး နောက်ပိုင်းကာလများမှာ ကျူးလွန်တဲ့ပြစ်မှုများကိုသာ အဲဒီဥပဒေနဲ့ အရေးယူရမယ်လို့ဆိုလိုတာဖြစ်ပါတယ်။

-ပြဋ္ဌာန်းလိုက်တဲ့ဥပဒေတစ်ရပ်ဟာ အာဏာတည်ပြီးနောက်ပိုင်းမှာ ကျူးလွန်တဲ့ပြစ်မှုများကိုသာ စီရင်ပိုင်ခွင့်ရှိပြီး အဲဒီဥပဒေမပြဋ္ဌာန်းမီ၊ အာဏာမတည်မီက ကျူးလွန်တဲ့ပြစ်မှုများကို အဲဒီဥပဒေနဲ့စီရင်ပိုင်ခွင့်မရှိဘူးဆိုတာ ဥပဒေများပြဋ္ဌာန်းရာမှာ လိုက်နာကျင့်သုံးရမြဲဖြစ်တဲ့ 'မူ'ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေမှာသာ သာမက ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေများမှာလည်း အထက်ဖော်ပြပါ'မူ'အတိုင်း လိုက်နာပြဋ္ဌာန်းခဲ့တဲ့ ၂၀၀၈ ဖွဲ့စည်းပုံပုဒ်မ(၄၃)ပါ ပြဋ္ဌာန်းချက်နဲ့ အလားတူတဲ့ ပြဋ္ဌာန်းချက်တွေရှိခဲ့တာပါပဲ။

-၁၉၄၇ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ(၂၄)မှာ "No person shall be convicted of crime except for violation of a law in force at the time of the commission of the act charged as an offence, nor shall he be subjected to a penalty greater than that applicable at the time of the commission of the offence."(ပြစ်မှုတစ်ခုကို ပြုသည့်အခါ အတည်ဖြစ်နေသော တရားဥပဒေကို ကျူးလွန်သည့်အတွက်မှတစ်ပါး မည်သူ့ကိုမျှ ပြစ်မှုထင်ရှားမစီရင်ရ၊ ထို့ပြင် ပြစ်မှုကိုပြုသည့်အခါက အတည်ဖြစ်နေသော တရားဥပဒေအရပေးနိုင်သော အပြစ်ဒဏ်ထက်ပို၍ ကြီးလေးသော အပြစ်ဒဏ်ကိုလည်း မည်သူ့အားမျှမပေးရ) လို့ ပြဋ္ဌာန်းထားပါတယ်။ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၃၇၃)မှာလည်း ဒီအတိုင်းပြဋ္ဌာန်းထားပါတယ်။

-၁၉၇၄ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၂၃)မှာလည်း "No penal law shall have retrospective effect conquently ponishments for offence shall be meted out only under the laws in force at the time of conviction for the offence." (မည်သည့်ပြစ်မှုဆိုင်ရာ ဥပဒေမျှ နောက်ကြောင်းပြန်၍ အာဏာသက်ရောက် မှုမရှိစေရ။ သို့ဖြစ်၍ ပြစ်မှုတစ်ရပ်ကို စီရင်ရာတွင် ယင်းပြစ်မှုကိုကျူးလွန်သောအချိန်၌ အာဏာတည်သည့်ဥပဒေအရသာ စီရင်ရမည်)လို့ ပြဋ္ဌာန်းထားပါတယ်။

-အထက်မှာဖော်ပြခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသုံးမျိုးစလုံးမှာလည်း မည်သည့်ပြစ်မှုဆိုင်ရာဥပဒေမျှ နောက်ကြောင်းပြန် အာဏာသက်ရောက်မှုမရှိစေရဆိုတဲ့ ဥပဒေပြဋ္ဌာန်းခြင်းဆိုင်ရာ 'မူ'ဖြစ်တဲ့ ပြဋ္ဌာန်းချက်တွေ အသီးသီးပါရှိတာ တွေ့ရပါတယ်။ အဲဒီပြဋ္ဌာန်းချက်တွေကြောင့် ယခင်ကျူးလွန်ခဲ့တဲ့ ပြစ်မှုဟောင်းတွေကို စစ်ဆေးဖော်ထုတ်လာနိုင်တဲ့အခါမျိုးမှာ အရေးယူ တရားစွဲဆိုခွင့် မရှိစေရဘူးလို့ လုံးဝအဓိပ္ပာယ်မသက်ရောက်ပါဘူး။ ကျူးလွန်ခဲ့တဲ့ ပြစ်မှုကိုစစ်ဆေးဖော်ထုတ်ခြင်းမပြုနိုင်ခဲ့လို့ အရေးယူတရားစွဲဆိုခြင်းမပြုခဲ့ရပေမယ့် စစ်ဆေးဖော်ထုတ်လာနိုင်တဲ့အခါမှာ အရေးယူတရားစွဲဆိုလို့ရ တယ်ဆိုတာ ရှင်းရှင်းလင်းလင်းသိဖို့လိုအပ်ပါတယ်။ တရားမမှုများမှာ ကာလစည်းကမ်းသတ် ကျော်လွန်သွားလို့အရေးယူတရားစွဲဆိုခြင်း မပြုနိုင်တာတွေ ရှိပေမယ့် ရာဇဝတ်မှုများမှာ ကာလစည်းကမ်းသတ်မှတ်ချက်မရှိပါဘူး။ ပြစ်မှုကို စစ်ဆေးဖော်ထုတ်လာနိုင်တဲ့ မည်သည့်အချိန်မှာမဆို တရားစွဲဆိုအရေးယူလို့ရပါတယ်။ မကွေးတိုင်းအစိုးရဟောင်းရဲ့ ရန်ပုံငွေကိစ္စဟာ ဥပဒေအရ တရားစွဲဆိုနိုင်တဲ့ တရားစွဲဆိုခွင့်ရှိတဲ့ ကိစ္စဖြစ်ပါတယ်။ တရားစွဲဆိုခြင်းမရှိတာကတော့ အစိုးရရဲ့ မူဝါဒကြောင့် ဖြစ်မယ်ထင်ပါတယ်။

-နောက်ကြောင်းပြန်တယ်ဆိုတဲ့ကိစ္စနဲ့ပတ်သက်လို့ အချို့က ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၄၄၅) မှားယွင်းစွာရည်ညွှန်းကိုးကားရေးသားကြတာလည်း တွေ့ရပါတယ်။ မကွေးတိုင်းအစိုးရဟောင်းရဲ့ ဖြစ်ရပ်နဲ့ ပုဒ်မ(၄၄၅)လုံးဝဆက်စပ်ပတ်သက်မှုမရှိပါဘူး။ မသက်ဆိုင်ပါဘူး။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄၄၅)မှာ "All policy guide lines, laws, rules, regulations, notifications and declarations of the State Law and Order Restoration Council and the State Peace and Development Council or actions, rights and responsibilities of the State Law and Order Restoration Council and the State Peace and Development Council shall devolve on the Republic of the Union of Myanmar. No proceeding shall be instituted against the said councils or any member there of or any members of the Government in respect of any act done in the execution of their respective duties."(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့၏ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ပြန်တမ်းများ ကြေညာချက်များကို လည်းကောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးဖွံ့ဖြိုးရေးကောင်စီတို့၏ဆောင်ရွက်ချက်များ တာဝန်များနှင့် ရပိုင်ခွင့်များကိုလည်းကောင်း ဆက်ခံသည်။ ယင်းအဖွဲ့ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် အစိုးရအဖွဲ့ဝင်တစ်ဦးဦး၏ တာဝန်အရဆောင်ရွက်ချက်များအပေါ် အကြောင်းပြုလျက် ယင်းတို့အား တရားစွဲဆိုခြင်း၊ အရေးယူခြင်းမရှိစေရ)လို့ ပြဋ္ဌာန်းထားပါတယ်။







-၂၀၁၈ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရာမှာ နောက်ကြောင်းပြန်ကိစ္စကို ပြောလာပြန်ပါပြီ။ ပြည်ခိုင်ဖြိုးပါတီဥက္ကဋ္ဌကြီး ဦးသန်းငွေးက "ကျွန်တော်တို့ကို သိက္ခာချနေတဲ့ ခုနကနောက်ကြောင်းမပြန်ရဆိုတဲ့ ပုဂ္ဂိုလ်တွေမိမိတို့လက်ထက်မှာရော အဲဒီဥပဒေတွေကို ရုပ်သိမ်းဖို့အစီအစဉ်ရှိပါသလား"၊ "ဂုဏ်သိက္ခာရှိတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ တို့ကာလနောက်ကြောင်းပြန်မှုတွေ မရှိစေရဘူးဆိုတာဖြစ်နိုင်မလား" "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ၎င်းတို့၏လုပ်ဆောင်ချက်များကို ရာနှုန်းပြည့် ဖြူစင်ကြောင်း အာမခံနိုင်ပါက နောက်ကြောင်းပြန်အရေးမယူရဆိုသည့် ဥပဒေပြဋ္ဌာန်းချက်ကို ရုပ်သိမ်းသင့်သည် စသည်ဖြင့် ပြောဆို ကြောင်း သတင်းစာမှာ ဖတ်ရပါတယ်။

-ဦးသန်းငွေးပြောနေတဲ့ နောက်ကြောင်းမပြန်ရဆိုတဲ့ ဥပဒေက ဘာပါလဲ။ နောက်ကြောင်းမပြန်ရဆိုတဲ့ ဥပဒေကို စာရေးသူအနေနဲ့ ဥပဒေဘာသာရပ်မှာ ကျွမ်းဝင်နှံ့စပ်တဲ့ ပညာရှင်မဟုတ်လို့ ရှင်းလင်းကွဲပြားစွာမသိပါဘူး။ ဦးသန်းငွေးကတော့ အာဏာရပါတီရဲ့အဓိကပြိုင်ဘက်ပါတီကြီးရဲ့အကြီးအကဲဖြစ်လို့ ရှင်းလင်း မြင်သာစွာသိမှာ သေချာပါတယ်။

-၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၄၃)ကို ပြင်ရမှာလား၊ ဒီပုဒ်မက ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ ဖော်ပြပြဋ္ဌာန်းကြမြဲဖြစ်တဲ့ လိုက်နာကျင့်သုံးကြရမြဲဖြစ်တဲ့ 'မူ'လေ။ ဒါကိုပြင်လိုက်ရင် ဥပဒေမဏ္ဍိုင်ကြီးတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံဖြစ်ပြီး တရားဥပဒေစိုးမိုးမှုပျက်သုဉ်းသွားတော့မှာပေါ့။ ဒါမှမဟုတ် ၂၀၀၈ဖွဲ့စည်းပုံအ ခြေခံဥပဒေပုဒ်မ(၄၄၅)ကို ပြင်ရမှာလား၊ အဲဒီပုဒ်မ(၄၄၅)က နဝတ၊ နအဖအဖွဲ့ဝင်တွေ အဲဒီကာလများက အစိုးရအဖွဲ့ဝင်တွေကို သူတို့ရဲ့တာဝန်အရ ဆောင်ရွက်ချက်များအပေါ် မှာ အကြောင်းပြုပြီး တရားစွဲဆိုခြင်း၊ အရေးယူခြင်း၊ မပြုရလို့ ပိတ်ပင်တားမြစ် အကာအကွယ်ပေးထားတဲ့ ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ အဲဒီပုဒ်မ(၄၄၅)ကို ပြင်လိုက်မယ်ဆိုရင်တော့ နဝတ၊ နအဖအဖွဲ့ဝင်တွေ အဲဒီကာလက အစိုးရ အဖွဲ့ဝင် တွေကိုတရားစွဲအရေးယူတာမျိုး တွေဖြစ်လာနိုင်တာပေါ့။ ပုဒ်မ(၄၃) ကိုပြင်ချင်လျှင် ပုဒ်မ ၄၃၆(က)အရ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းရဲ့ ၂၀ရာခိုင်နှုန်းကတင်ပြ၊ လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ ၇၅ရာခိုင်နှုန်းကျော်က သဘောတူလက်ခံ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်၊ ဆန္ဒပေးခွင့်ရှိ သူအားလုံးရဲ့ထက်ဝက်ကျော်ဆန္ဒမဲဖြင့်သာ ပြင်ဆင်နိုင်ခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ (ဆန္ဒမဲပေးသူအားလုံးရဲ့ ထက်ဝက်ကျော်မဟုတ်ဘူးနော်၊ ဆန္ဒမဲပေးခွင့်ရှိသူအားလုံးရဲ့ထက်ဝက်ကျော်) ပုဒ်မ (၄၃)ကို ပြင်နိုင်ဖို့ ဖြစ်နိုင်ပါ့မလား မောင်ကာဠုရဲ့လို့ မေးနေဖို့ပင်မလို မဖြစ်နိုင်၊ ဖြစ်နိုင်ရန် အလွန့်အလွန်ခက်ခဲ။

-ဒါဆို ပုဒ်မ(၄၄၅)ကို ပြင်မှာလား။ ဒီပုဒ်မကို ပြင်ချင်လျှင်တော့ ပုဒ်မ ၄၃၆(ခ)အရ လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ ၇၅ရာခိုင်နှုန်းကျော်က လက်ခံသဘောတူမှ ပြင်ဆင်ခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ တပ်မတော်က လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ ၂၅ရာခိုင်နှုန်းကို အလိုအလျောက် အပိုင်ယူထားပြီး ပြည်ခိုင်ဖြိုးပါတီ၊ အခြားပါတီများက လွှတ်တော်ကိုယ်စားလှယ်တွေ အင်န်အယ်လ်ဒီပါတီကို မထောက်ခံတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေလည်း ရှိနေသေးတော့ အင်န်အယ်လ်ဒီပါတီကလွှတ်တော်ကိုယ် စားလှယ်အားလုံးရဲ့ ထက်ဝက်ကျော်ဆန္ဒမဲရဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ်အားလုံး (၁၀၀ရာခိုင်နှုန်း)ကို ရွေးချယ်ခွင့်ရတာမဟုတ်ပါဘူး။ တပ်မတော်ကိုယ်စားလှယ် ၂၅ရာခိုင်နှုန်းကိုဖယ်ပြီး ကျန် ၇၅ ရာခိုင်နှုန်းကိုရွေးချယ်ခွင့်ရတာပါ။ အဲဒီကျန်၇၅ရာခိုင်နှုန်းအားလုံးကို အင်န်အယ်လ်ဒီပါတီက အနိုင်ရတယ်ဆိုလျှင်တောင် တပ်မတော်သားကိုယ်စားလှယ်များက မထောက်ခံလျှင် ဒီဥပဒေကိုပြင်ဆင်ဖို့ဘယ်လိုမှမဖြစ်နိုင်ပါ။

-အဲဒီလို အနေအထားမျိုးမှာ ပြည်ခိုင်ဖြိုးပါတီဥက္ကဋ္ဌကြီးက လက်ရှိအစိုးရကပြင် သင့်တယ်ပြင်လိုက်ပါလို့ ပြောနေတဲ့နောက်ကြောင်းမပြန်ရဆိုတဲ့ ဥပဒေဟာ ဘယ်ဥပဒေဘယ်ပုဒ်မကို ဆိုလိုတာလဲ၊ ဘယ်ပုံဘယ်နည်းနဲ့ ပြင်ဆင်ရမလဲဆိုတာတွေကိုတော့ ပြည်ခိုင်ဖြိုးပါတီဥက္ကဋ္ဌကြီး ရှင်းလင်းလမ်းညွှန်မိန့်ကြားမှသာ ပြည် သူလူထုကြီးက သိရှိလိုက်နာဆောင်ရွက်နိုင်ကြမယ်လို့ ထင်မြင်ယူဆကြောင်း တင်ပြလိုက်ရပါတယ်။

♦ တရားသူကြီးဟောင်းဘခက် ♦



www.free4readrs.com

ခြံအမှတ် (၅၄) ဖြစ်ရပ်
မောင်နှမနှစ်ဦး၏တစ်ကျော့ပြန်

ဦးစိုးတင့်

ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းက ခြံအမှတ်(၅၄)ခြံဝင်းနှင့်အိမ်ကို လေလံတင်ရောင်းချပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ တစ်ဝက်စီခွဲယူဖို့ ဦးအောင်ဆန်းဦး ကြိုးစားနေတဲ့သတင်းဟာ ယခုရက်ပိုင်းအတွင်းအထူးရေပန်းစားတဲ့ သတင်းတစ်ခုဖြစ်လာပါတယ်။ အထူးသဖြင့် သိုသိုသိပ်သိပ်နေတတ်ပြီး နိုင်ငံပိုင်ရုပ်သံနှင့် သတင်းစာများမှာ အာဇာနည်နေ့ကဲ့သို့ ရက်မျိုးမှသာမြင်ရလေ့ရှိတဲ့ ဗိုလ်ချုပ်အောင်ဆန်း၏သားကြီးရဲ့ဓာတ်ပုံများနဲ့ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ ဘုဆတ်ဆတ်စကားပြောဆိုတဲ့ အင်တာဗျူးများကြောင့် လူထုက ပိုမိုစိတ်ဝင်စားခဲ့ကြပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာလ(၁၇)ရက်နေ့က နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့သားကြီး ဦးအောင်ဆန်းဦးမှ အမွေဆိုင်အိမ်အတွက် အယူခံလျှောက်ထားခဲ့ပါတယ်။ အထူးခုံရုံးသဘာပတိနဲ့ တရားရေးဝန်ကြီးနှစ်ပါးတို့က ကြားနာခဲ့ခြင်းဖြစ်ပြီး အဲဒီကတစ်ဆင့် အထူးအယူခံဝင်ခွင့်ပြုပါက တရားသူကြီးချုပ် အပါအဝင် (၁၀)ပါးစုံညီထိုင်ကာ ဆက်လက်ကြားနာရမယ်လို့ ဦးအောင်ဆန်းဦးရဲ့ ရှေ့နေ ဦးအေးလွင် (မိုးဟိန်းကျော်)က မီဒီယာများကို ရှင်းပြခဲ့ပါတယ်။ ဦးအောင်ဆန်းဦးဘက်ကတော့ အိမ်ကိုလိုချင်၍ မဟုတ်ကြောင်းနဲ့ ညီညီမျှမျှသာဖြစ်စေလိုကြောင်း မီဒီယာများကို ပြောဆိုထားပါတယ်။

'ပစ္စည်းခွဲလို့ကတော့မလွယ်ဘူး။ အိမ်ပါတာ၊ မပါတာ အဲဒါတွေ မလိုချင်ဘူး။ ကျွန်တော်တို့က လေလံပစ်ပြီးတော့ ရတဲ့တန်ဖိုးကို တစ်ယောက်တစ်ဝက်ခွဲမယ်။ ဒါအရှင်းဆုံးပဲ။ အဲဒါလည်း ဘာမှမတရားတောင်း ဆိုတာမှမဟုတ်တာ။ အခွန်တွေဘာတွေပေးပြီး တစ်ယောက် တစ်ဝက်ရရင်ပြီးတာပဲ'ဟု ဦးအောင်ဆန်းဦးက အောက်တိုဘာလ (၁၇)ရက်နေ့က နေပြည်တော်မှာ ပြောဆိုခဲ့ပါတယ်။

အချိန်အတော်ကြာရပ်နားနေတဲ့မောင်နှမနှစ်ဦးရဲ့အမွေပြဿနာတစ်ကျော့ပြန် ပေါ်လာခြင်းအတွက် ပြည်သူအချို့မှ သို့လောသို့လော ပြောဆိုမှုများရှိသလို ထင်မြင်ယူဆချက်များကိုလည်း ရေးသားလာကြပါတယ်။ အချို့က နိုင်ငံရေးပယောဂမကင်းဟု ယူဆကြသလို အချို့ကသမိုင်းဝင်အိမ်ကြီးဖြစ်တာကြောင့် လေလံမတင်သင့်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းနေခဲ့တဲ့ အိမ်ကြီးဖြစ်၍ လေလံတင်လိုက်ပါက အမွေအနှစ်များ ပျောက်သွားမှာ ဖြစ်ကြောင်း စသည်ဖြင့် ပြောဆိုလာကြပါတယ်။ ဒီလို ပြောဆိုသူများထဲမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ နီးစပ်သူတွေ၊ ထောက်ခံသူတွေလည်း ပါဝင်ပါတယ်။ ဒါ့အပြင် ၎င်းတို့ဟာ ဦးအောင်ဆန်းဦးရဲ့ဇနီးနဲ့ပတ်သက်ပြီး ပုဂ္ဂိုလ်ရေးဆန်ဆန် ဝေဖန်တိုက်ခိုက်မှုများ၊ အမုန်းစကားပြောဆိုမှုများ ရေးသားလာ တာတွေ့ရပါတယ်။ ပြည်သူအများစုကတော့ မောင်နှမချင်းကိစ္စဖြစ်သဖြင့် ဝင်ပါလိုဟန် မရှိကြပါဘူး။ အဆင်ပြေပြေနှင့် ညီညီမျှမျှ ဖြစ်စေလိုကြောင်းကိုသာ ဆန္ဒပြုခဲ့ကြပါတယ်။ ဒါပေမဲ့ ခြံအမှတ်(၅၄)မှာ ဗိုလ်ချုပ်အောင် ဆန်းနေခဲ့ဖူးခြင်း ရှိ/မရှိနဲ့ သမိုင်းဝင်အိမ်ကြီး ဟုတ်/ မဟုတ်ကိုတော့ လူများစုက ဝေဝါးနေကြပါတယ်။ အထူးသဖြင့် ဒီအိမ်ကြီးထဲမှာ နေအိမ်အကျယ်ချုပ်ကာလအတွင်း ဒေါ်အောင်ဆန်းစုကြည်နေခဲ့ခြင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၊ အမေရိကန်သမ္မတအိုဘားမား၊ ဒုသမ္မတနဲ့ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်တို့ လာရောက်ခဲ့ဖူးခြင်းတို့ကြောင့် သမိုင်းဝင်အိမ်ဖြစ်တယ်ဆိုပြီး သူမကို ထောက်ခံသူများက ယူဆနေကြပါတယ်။ မည်သို့ဆိုစေ အိမ်ကြီးနှင့်ပတ်သက်၍ သမိုင်းဝင် ဟုတ်/မဟုတ် ဆုံးဖြတ်ရာမှာတော့ မည်သူ့ကို ထောက်ခံခြင်း/မထောက်ခံခြင်းမရှိဘဲ ပကတိ အမှန်တရားနဲ့ သမိုင်းကြောင်းကိုသာ အခြေခံစဉ်းစားရမှာဖြစ်ပါတယ်။

ခြံအမှတ်(၅၄)၏သမိုင်းမှန်

ခြံအမှတ်(၅၄) အိမ်ကြီးကို ၁၉၂၀ ခုနှစ်ခန့်က စတင်ဆောက်လုပ်ခဲ့ပြီး မူလပိုင်ရှင်မှာ အိန္ဒိယနွယ်ဖွားတစ်ဦးလက်မှနေ၍ မြန်မာတိုင်းရင်းဆေးလုပ်ငန်းရှင်တစ်ဦးမှ လေလံဆွဲ ဝယ်ယူခဲ့တာလို့သိရကြောင်း ဦးခွန်သာမြင့်က ပြောတယ်ဆိုပြီး ဘီဘီစီသတင်းတစ်ရပ်မှာ ဖော်ပြခဲ့ဖူးပါတယ်။ အဲဒီနောက် အစိုးရကဝယ်ပြီး ဒေါ်ခင်ကြည်ကိုပေးခဲ့တာလို့ ဖတ်ရပါတယ်။

ဦးအောင်ဆန်းဦးမှလည်း 'ကျွန်တော်တို့မိသားစုလက်ထဲ မရောက်ခင် အရင်ရှိတဲ့ မိသားစုထဲက ပုဂ္ဂိုလ်တစ်ယောက်ယောက်က ဘဏ်တိုက်မှာငွေချေးပြီး ပြန်မဆပ်နိုင်လို့ ဘဏ်တိုက်က ပစ္စည်းအရသိမ်းပြီးတော့ လေလံတင်ရောင်းချလိုက်တဲ့အခါမှာ ကျွန်တော်သိသလောက်ပေါ့လေ၊ ဘယ်လောက်ဟုတ်လဲတော့ မသိဘူး။ ဖဆပလ အစိုးရကနေပြီးတော့ ကျွန်တော့်အမေကို ဗဟန်းမှာရှိတဲ့ ပြတိုက်အိမ်အစားပေးထားတာ။ နာမည်တွေက ၁၉၈၅ ခုနှစ်အထိ ကျွန်တော် သိသလောက်က အရင်ပိုင်တဲ့ မိသားစုနာမည်နဲ့ပဲ ရှိခဲ့တာ' လို့ ဆိုပါတယ်။

Wutyi Phyu ဆိုတဲ့ အကောင့်ပိုင်ရှင်တစ်ယောက်ကတော့ အိမ်ကြီးကို သူမအဖွား၏မိခင်ကိုယ်တိုင်ဆောက်လုပ်ခဲ့ကြောင်း သက်သေအထောက်အထားများနှင့်တကွ လူမှုကွန်ရက်တွင် ပြောဆိုရေးသားထားပါတယ်။

ရေးထားသည့်အဆိုအရ ထိုတက္ကသိုလ်ရိပ်သာလမ်း ခြံအမှတ်(၅၄)ကို သူမရဲ့အဘွား (သူ့အဖွား ဒေါ်အုန်းကြည်၏ အမေ) ဒေါ်အေးခင်ကိုယ်တိုင်ဆောက်လုပ်ခဲ့ခြင်းဖြစ်တယ်လို့ဆိုပါတယ်။ အင်းလျားကန်စပ်မြေနှစ်ဧကခန့်ကို ကာလပေါက်ဈေး ရှစ်သောင်းကျပ်နှင့်ဝယ်ပြီး အင်္ဂလန်မှ ဗိသုကာကို ဒီဇိုင်းအပ်နှံ၍ တည်ဆောက်ခဲ့ရာ ကျပ်ငွေတစ်သိန်းခွဲကုန်ကျခဲ့ကြောင်း၊ အိမ်ကိုဆောက်ခဲ့သူအဘွား ဒေါ်အေးခင်ရဲ့ခင်ပွန်း ဦးကံမြင့်ဆုံးပါးသွားချိန်မှာ ဦးကံမြင့်ရဲ့ညီအရင်းဖြစ်သူ ဦးသိန်းမောင်နဲ့လက်ထပ်ခဲ့ကြောင်း၊ စစ်ကြီးပြီးသွားချိန်မှာ ဦးသိန်းမောင်က စစ်တွင်းလက်ကျန်ပစ္စည်းများကို လေလံတင်ရန်ဇနီးဖြစ်သူအား တိုင်ပင်ရာ ဇနီးမှသဘောမတူသဖြင့် ခြံအမှတ်(၅၄)အိမ်ဂရန်ကိုပေါင်၍ စီးပွားရေး လုပ်ကိုင်ရန်ကြိုးစားခဲ့ကြောင်း၊ ဒေါ်အေးခင် မကျန်းမာခိုက်လက်မှတ်အစားထိုးကာ ဘဏ်တွင်ပေါင်နှံခဲ့ကြောင်း၊ ထိုအတောအတွင်း ဒေါ်အေးခင်မှာ နာမကျန်းဖြစ်ကာ အသက် ၅၀ မပြည့်မီ အရွယ်တွင် ဆုံးပါးသွားခဲ့ကြောင်း၊ ဒေါ်အေးခင် ကွယ်လွန်ချိန်တွင် ဘဏ်၌ပေါင်ထားသော ဂရန်ကို ငွေကြေးအလုံအလောက်နှင့် ရွေးရန်ကြိုးစားသော်လည်း အခက်အခဲများကြောင့် မရွေးနိုင်ခဲ့ကြောင်း ပြောဆိုထားပါတယ်။

အဲဒီနောက် ၁၉၅၀ ဝန်းကျင်မှာ ဗိုလ်ချုပ်အောင်ဆန်း အမှန်တကယ်နေထိုင်ခဲ့တဲ့ တာဝါလိန်းလမ်းနေအိမ်ကို ဗိုလ်ချုပ်ပြတိုက်လုပ်မှာဖြစ်တာကြောင့် ဒေါ်ခင်ကြည်ကို အိမ်အစားပေးရန် ဦးနုအစိုးရမှ စိတ်ကြိုက်အိမ်ရွေးခိုင်းစဉ် ရေကန်စပ်နှင့်အိမ်အမျိုးအစားကို နှစ်ခြိုက်တယ်လို့ ဒေါ်ခင်ကြည်က ပြောခဲ့ကြောင်း၊ ဤသို့ ဖြင့် အပေါင်ဆုံးခြံအမှတ်(၅၄)မှာ ဝန်ကြီးချုပ်ဦးနုမှ တစ်ဆင့် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်ရဲ့လက်ထဲသို့ ရောက်ခဲ့ကြောင်း ရှင်းပြထားပါတယ်။

သမိုင်းဝင်အိမ်မဟုတ်သလို ဗိုလ်ချုပ်အောင်ဆန်းလည်း နေခဲ့ဖူးခြင်းမရှိ

လူအချို့ယူဆနေကြသလို ခြံအမှတ် (၅၄)နေ အိမ်ကြီးဟာ ဗိုလ်ချုပ်အောင်ဆန်းနေထိုင်ခဲ့တဲ့ အိမ်မဟုတ်သလို အများထင်ထားသလို သမိုင်းဝင်အထင်ကရ အိမ်ကြီးလည်း မဟုတ်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်း မကွယ်လွန်မီအချိန်ထိ အမှန်တကယ်နေထိုင်ခဲ့တဲ့ အိမ်အမှန်က ဗဟန်းမြို့နယ်၊ ဗိုလ်ချို (၁)ရပ်ကွက်၊ တာဝါလိန်း (Tower Lane) လမ်းရှိခြံအမှတ် (၂၅) ဖြစ်ပါတယ်။ အဆိုပါတာဝန်လိန်းလမ်းနေအိမ်မှာ ယခင်က ဗိုလ်ချုပ် နေဝင်းနေထိုင်ခဲ့ပါတယ်။ တော်လှန်ရေးအပြီး ဗိုလ်ချုပ် ရန်ကုန်ပြန်ရောက်ချိန်မှာ နေစရာမရှိဘဲ ကလေးတွေနဲ့ အခက်အခဲဖြစ်နေတာကြောင့် ဗိုလ်ချုပ်နေဝင်းက ကုန်းပေါ်အိမ်ကြီးကို ဗိုလ်ချုပ်အတွက် ပေးခဲ့ပါတယ်။ ဗိုလ်ချုပ်နေဝင်းကတော့ ဗိုလ်ချုပ်အိမ်လောက်မကောင်းတဲ့ ကုန်းအောက်ခြေက အိမ်မှာ ဆင်းပြီးနေခဲ့တယ်လို့ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောရေးသားတဲ့ ဆိုင်းစုမှသည် မန်ဟိုင်းဆီသို့ စာအုပ်မှာ မှတ်သားရပါတယ်။

ဗိုလ်ချုပ်အမှန်တကယ်နေခဲ့သည့် သမိုင်းဝင်နေအိမ်

ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီးချိန် ၁၉၄၇ ခုနှစ် နောက်ပိုင်းမှာလည်း ဒေါ်ခင်ကြည်နဲ့ သား/သမီး သုံးဦးတို့ တာဝါလိန်းလမ်းအိမ်မှာ နေထိုင်ဆဲဖြစ်ပါတယ်။ အဲဒီနောက် ဝန်ကြီးချုပ်ဦးနုအစိုးရကနေ ဗိုလ်ချုပ်အောင်ဆန်းနေထိုင်ခဲ့တဲ့ သမိုင်းဝင် တာဝါလိန်းလမ်းနေအိမ်ကို ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ပြုလုပ်ဖို့အတွက် လက်ရှိနေအိမ်ခြံအမှတ် (၅၄) ထံသို့ ၁၉၅၅ ခုနှစ်မှာ ပြောင်းရွှေ့ပေးခဲ့ခြင်းဖြစ်ပါတယ်။ တာဝါလိန်းလမ်းအိမ်ကနေ ခြံအမှတ်(၅၄)ကို မပြောင်းမီ ပြည်ထောင်စုရိပ်သာမှာလည်း နေခဲ့တယ်လို့ သမိုင်းစာအုပ်များမှာ ဖတ်ရှုရပါတယ်။

ဗိုလ်ချုပ်အမှန်တကယ်နေခဲ့သည့် အိမ်ကြီး၏သမိုင်း

ဗိုလ်ချုပ်အောင်ဆန်း မိသားစုနှင့်အတူ အမှန်တကယ်နေထိုင်ခဲ့တဲ့ တာဝါလိန်းလမ်း အိမ်အမှတ်(၂၅)ရဲ့ မူလပိုင်ရှင်က အိန္ဒိယအနွယ်ဝင်တစ်ဦးဖြစ်ပြီး အိမ်ကြီးမှာ ရှေးမူလက်ရာတွေ၊ ကိုလိုနီခေတ်လက်ရာတွေနဲ့ တည်ဆောက်ထားတာဖြစ်ပါတယ်။ ၁၉၂၁ခုနှစ်ခန့်က ဆောက်လုပ်ခဲ့ပြီး ဂျပန်တော်လှန်ရေးခေတ် ရောက်ချိန်မှာ အိမ်ပိုင်ရှင်ဟာ နေအိမ်စွန့်ခွာ ထွက်ပြေးသွားခဲ့ပါတယ်။ ၁၉၄၅ ခုနှစ် မေလမှာတော့ ဗိုလ်ချုပ်အောင်ဆန်းတို့ မိသားစု စတင်နေထိုင်ခဲ့ပါတယ်။ ဒီအိမ်ကြီးနဲ့ပတ်သက်ပြီး အမှတ်တရများစွာရှိခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ အခြားခေါင်းဆောင်များနဲ့အတူ ဒီအိမ်ကြီးမှာ အစည်းအဝေးတွေတွေ့ဆုံပွဲတွေ အကြိမ်ကြိမ်လုပ်ခဲ့ပါတယ်။ ဒီအိမ်ကြီးထဲမှာပဲ အရေးပါတဲ့ ဆုံးဖြတ်ချက်တွေ ချခဲ့ဖူးပါတယ်။

စိတ်မကောင်းစရာတွေကတော့ ၁၉၄၆ ခုနှစ် စက်တင်ဘာလ(၂၇)ရက်နေ့မှာ အထွေးဆုံးသမီးလေးဟာ မွေးဖွားပြီး မကြာခင်မှာ ကွယ်လွန်ခဲ့ပါတယ်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ(၁၉)ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံခဲ့ရပြီး ၁၉၅၃ ခုနှစ် ဇန်နဝါရီလ (၁၆)ရက်နေ့ တွင် ဒုတိယသားဖြစ်သူ အောင်ဆန်းလင်းဟာ ဒီအိမ်ခြံဝန်းထဲမှာ ရေနစ်သေဆုံးခဲ့ရပါတယ်။ ဒေါ်ခင်ကြည်ကိုယ်တိုင်ကလည်း ခင်ပွန်းလည်းသေ၊ သားလည်း ရေနစ်သေဆုံးခဲ့ရတဲ့ နေရာကြီးမှာ မနေချင်မကြည့်ရက်တော့တာကြောင့် ပြောင်းရွှေ့သွားတယ်လို့ရေး သားထားတာတွေလည်း ဖတ်ရှုရပါတယ်။ မည်သို့ဆိုစေ ဒီအိမ်ကြီးမှာ ဗိုလ်ချုပ်အောင်ဆန်း အသုံးပြုခဲ့တဲ့ အမှတ်တရပစ္စည်းများစွာ ရှိနေသလို ဗိုလ်ချုပ်နောက်ဆုံးနေထိုင်ခဲ့တဲ့ သမိုင်းဝင်အိမ်ကြီးအဖြစ် မြန်မာနိုင်ငံကြီးတည်တံ့နေသရွေ့ ဆက်လက်ရှိနေဦးမှာဖြစ်ပါတယ်။

အက္ကဘာလမ်း (Akbar Road) အိမ်နံပါတ် (၂၄)နှင့် ခြံအမှတ် (၅၄) ကို ဗိုလ်မှူးကြီး ခင်မောင်အေးအား အမွေခွဲပေးခြင်း

တာဝါလိန်းလမ်းနေအိမ်မှ ခြံအမတ် (၅၄)သို့ ပြောင်းရွှေ့ပြီး ငါးနှစ်အကြာ ၁၉၆၀ ခုနှစ်၊ မေလ(၁၉) ရက်နေ့မှာ ဒေါ်ခင်ကြည်ကို ပထမဆုံးအမျိုးသမီးသံအမတ်အဖြစ် အစိုးရက ခန့်အပ်ခဲ့ပါတယ်။ အဲဒီနောက် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်ခင်ကြည်ဟာ အိန္ဒိယနိုင်ငံ နယူးဒေလီသို့ ပြောင်းရွှေ့နေထိုင်ခဲ့ပါတယ်။ ဒေါ်ခင်ကြည်တို့ မိသားစုဟာ နယူးဒေလီမြို့ အက္ကဘာလမ်း(Akbar Road)က အိမ်နံပါတ်(၂၄)နေအိမ်မှာ နေထိုင်ခဲ့ပြီး ခုနှစ်နှစ်တာမျှနေထိုင်ခဲ့ပြီးနောက် ၁၉၆၇ ခုနှစ် ဇွန်လမှာ သံအမတ်အဖြစ်မှ အငြိမ်းစားယူခဲ့ကာ ခြံအမှတ်(၅၄)သို့ ဒေါ်ခင်ကြည် ပြန်လာခဲ့ပါတယ်။ ၁၉၆၇ ခုနှစ် ဒေါ်ခင်ကြည် မြန်မာနိုင်ငံအတွင်း ပြန်လာချိန်တွင် ဒေါ်အောင်ဆန်းစုကြည်တို့ ခြံအမှတ် (၅၄)သို့ပြန်လည် လာရောက်နေထိုင်ခဲ့ခြင်းမရှိတော့ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ဟာ ၁၉၆၄ ခုနှစ် မှ ၁၉၆၇ ခုနှစ်ထိ အောက်စဖို့တက္ကသိုလ် ဟ္ယူစ်ကောလိပ်မှာ ဒဿနဗေဒ၊ နိုင်ငံရေးသိပ္ပံနဲ့စီးပွားရေး ပညာရပ်တွေကို လေ့ လာဆည်းပူးခဲ့ပြီး ဝိဇ္ဇာဂုဏ်ထူးဘွဲ့ကိုရရှိခဲ့ကာ ဘွဲ့ရပြီးနောက် ဗြိတိန်နိုင်ငံတွင် လည်းကောင်း၊ နယူးယောက်ရှိ ဒေါ်သန်းအေးထံတွင်လည်းကောင်း နေထိုင်ခဲ့ပါတယ်။ Wikipedia ၏ ဖော်ပြချက်အရ ဒေါ်ခင်ကြည် ခြံအမှတ် (၅၄)သို့ပြန်လည်နေထိုင်ပြီး တစ်နှစ်အကြာ ၁၉၆၈ ခုနှစ် မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ မိုက်ကယ်အဲရစ်တို့ တွေ့ဆုံခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီနောက် ၁၉၇၂ ခုနှစ်မှာ မိုက်ကယ်အဲရစ်နှင့် အိမ်ထောင်ပြုပြီး ဘူတန်၊ ဗြိတိန်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများသို့ မိသားစုလိုက် ပြောင်းရွှေ့နေထိုင်ခဲ့တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံကိုမူ အလည်အဖြစ်သာ မကြာခဏပြန်လာလေ့ရှိပြီး ၁၉၈၈ ခုနှစ် မတ်လကုန် မိခင်ဒေါ်ခင်ကြည် ကျန်းမာရေးမကောင်းခြင်းကြောင့် ခြံအမှတ်(၅၄)သို့အပြီး ပြန်လာခဲ့တယ်လို့ ဖတ်ရှုရပါတယ်။

သားအကြီး ဦးအောင်ဆန်းဦးဟာလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့

အလားတူဖြစ်ပါတယ်။ ခြံအမှတ်(၅၄)မှာမိခင်နှင့်အတူ လာရောက်နေထိုင်ခဲ့သူမဟုတ်ပါဘူး။ ဒါကြောင့်ဒေါ်ခင်ကြည်ဟာ အစ်မအရင်းဖြစ်သူ ဒေါ်ခင်ကြီးရဲ့သား ဦးခင်မောင်အေးကို မွေးစားသားအဖြစ် မွေးစားခဲ့ပါတယ်။ ဦးခင်မောင်အေးဟာ ၁၉၈၅ ခုနှစ် အထိ နေစရာအိမ်မရှိဖြစ်နေတာကြောင့် ခြံအမှတ်(၅၄) မြေကွက်အတွင်းမှ ပေ(၇၀×၁၀၀)ကို ဒေါ်ခင်ကြည်က အသိသက်သေများရှေ့မှာ လက်မှတ်ရေးထိုးပေးခဲ့တယ်လို့လည်း ၂၀၁၇ ဇူလိုင်လတွင်းက လူမှုကွန်ရက်ပေါ်မှာ ရေးသားထားတာ ဖတ်ရပါတယ်။

ဒေါ်ခင်ကြည်ရဲ့ မွေးစားသားဆိုသူမှာ ခင်မောင်အေး(မန္တလေး)လို့ လူသိများတဲ့ ဗိုလ်မှူးကြီး ခင်မောင်အေးဖြစ်ပါတယ်။ ၁၉၆၅ ခုနှစ်၊ အမျိုးသားစာ ပေဆု(ဝတ္ထုတိုတတိယဆု)ကို 'ကျားနှင့်မုဆိုး' စာအုပ်ဖြင့် ဆုရရှိခဲ့သူဖြစ်ပါတယ်။ စာအုပ်ပေါင်းရှစ်အုပ်ကျော် ရေးသားခဲ့ဖူးပြီး စာအုပ်များတွင် ၎င်း၏ ကိုယ်ရေးအကျဉ်းကိုလည်း တွေ့နိုင်ပါတယ်။ တပ်မတော်မှာ ဗိုလ်မှူးကြီး အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှာ

ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ မြဝတီမဂ္ဂဇင်းတိုက် အယ်ဒီတာချုပ်အဖြစ်လည်းကောင်း၊ စာပေလုပ်သားအဖွဲ့ဥက္ကဋ္ဌအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဦးခင် မောင်အေးဟာ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့က မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီးမှာ ကွယ်လွန်ခဲ့ပါတယ်။

မောင်နှမနှစ်ဦး၏ အမွေပြဿနာအစ

ဦးအောင်ဆန်းဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ အမွေပြဿနာက ၁၉၈၈ ဒေါ်ခင်ကြည်ဆုံးပြီးက တည်းကလို့ ဆိုနိုင်ပါတယ်။ ၁၉၈၈ နှစ်ကုန်ပိုင်း ဦးအောင်ဆန်းဦး မြန်မာပြည်ကို ပြန်လာချိန်မှာ ညီမဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က စကားမပြောဘဲ ဖယ်ထုတ်ဖို့ ကြိုးစားခဲ့တယ်လို့ ဦးအောင်ဆန်းဦးက ဆိုပါတယ်။ ဦးဘဝင်းရဲ့သား ဦးအေးဝင်းက ကမကထလုပ်ကာ ဦးအောင်ဆန်းဦးပိုင်ဆိုင်တဲ့ ခြံမြေတွေကိုပေးဖို့နဲ့ အားလုံးပေါင်းပြီး ဒေါ်ခင်ကြည်အတွက် အထိမ်းအမှတ်လုပ်ဖို့ ပြောလာတဲ့အကြောင်း၊ ဦးအောင်ဆန်းဦးဘက်မှ ဒေါ်အောင်ဆန်းစုကြည် တကယ်လုပ်ပါက တစ်စက္ကန့်အတွင်းမှာ သဘောတူတယ်လို့ ပြောဆိုခဲ့ကြောင်းနဲ့နောက်ပိုင်းမှာတော့ ဒေါ်အောင်ဆန်းစုကြည်က မလုပ်ခဲ့ဘူးလို့ ဆိုပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ ဒေါ်ခင်ကြည် ရဲ့ အိမ်ထဲက အမှတ်တရ ပရိဘောဂတွေလည်း ရောင်းပစ်ခဲ့ပြီး အချို့ကို ဆေးတွေပြောင်းသုတ်ခဲ့တဲ့အပြင် အ ထိမ်းအမှတ် ပြတိုက်အတွက် အိမ်ကြီးကို ပုံမပျက်အောင် ထားရမည့်အစားပြင်ချင်သလို ပြင်ခဲ့တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ဦးအောင်ဆန်းဦးဘက်မှ joint owner (ပူးတွဲပိုင်ဆိုင်မှု)အတွက် တရားရုံးအသိအမှတ်ကို တောင်းခဲ့ချိန်မှာ ဒေါ်အောင်ဆန်းစုကြည်က မပေးခဲ့ကြောင်းနဲ့ ဒေါ်ခင်ကြည်အတွက်မဟုတ်ဘဲ သူအကုန်အပိုင်ယူမယ်လုပ်ခဲ့တယ်လို့ အောက်တိုဘာလ(၂၉)ရက်နေ့က ဘီဘီစီနဲ့ အင်တာဗျူးမှာ ဦးအောင်ဆန်းဦးက ဆိုထားပါတယ်။ အမွေဆိုင်အိမ်ဖြစ်ပေမယ့် ဦးအောင်ဆန်းဦးကို ဘာမှ ညှိနှိုင်းတိုင်ပင်တာ မရှိခဲ့ဘူးလို့ ဆိုပါတယ်။

၂၀၀၀ ပြည့်နှစ်မှာတော့ အစ်ကိုဖြစ်သူ ဦးအောင်ဆန်းဦးက မြန်မာမှုထုံးတမ်းဓလေ့ဥပဒေအရ အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုဖြင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် တရားစွဲဆိုခဲ့ပါတယ်။ ဦးအောင်ဆန်းဦးရဲ့ တရားစွဲဆိုမှုကို တရားရုံးကကြားနာစစ်ဆေးပြီး ဦးအောင်ဆန်းဦးဟာ နိုင်ငံခြားသားတစ်ဦးဖြစ်တာကြောင့် နေအိမ် နှင့်ခြံဝင်းကို ပိုင်ဆိုင်ခွင့်မရှိကြောင်း တရားရုံးက ဆုံးဖြတ်ခဲ့ပါတယ်။ ဦးအောင်ဆန်းဦးရဲ့တရားစွဲဆိုမှုက နိုင်ငံရေးပယောဂတွေ ပါဝင်တယ်ဆိုပြီး မီဒီယာအချို့က ပြောဆိုမှုများရှိခဲ့သော်လည်း အမှန်တကယ် တရားရုံးက ဆုံးဖြတ်ချိန်တွင် ဒေါ်အောင်ဆန်းစုကြည်ဘက်က အသာစီးရခဲ့ပါတယ်။ ဦးအောင်ဆန်းဦးကတော့ တရားရုံးဆုံးဖြတ်ချက်ကို မကျေနပ်ခဲ့ပါဘူး။

၂၀၀၁ ခုနှစ်မှာ ဦးအောင်ဆန်းဦးရဲ့ အကျိုးဆောင်ရှေ့နေများက ဒေါ်အောင်ဆန်းစုကြည်အပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုနဲ့ ထပ်မံတရားစွဲဆို ခဲ့ပြန်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ အနောက်ပိုင်းခရိုင် ဒုတိယတရားသူကြီးရုံးက ကြားနာစစ်ဆေးပြီး မြန်မာ့ထုံးတမ်းဓလေ့ဥပဒေအရ ထက်ဝက်စီရထိုက်ကြောင်း၊ ဦးအောင်ဆန်းဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် ကွယ်လွန်သူ ဒေါ်ခင်ကြည်၏ တစ်ဦးတည်းသော သားနှင့်သမီးဖြစ်ကြောင်း၊ အငြင်းမပွားနိုင်၍ အမွေဆိုင်များအဖြစ် ထင်ရှားသောကြောင့် မြန်မာ့ထုံးတမ်းဓလေ့ဥပဒေအရ ကျန်ရစ်ခဲ့သောပစ္စည်းများကို ထက်ဝက်စီခွဲယူကြရမည်ဖြစ်ကြောင်း ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှာ အမိန့်ချမှတ်ခဲ့ပါတယ်။ အနောက်ပိုင်းခရိုင်တရားရုံး ဆုံးဖြတ်ချက်မှာ ပေ(၁၀၀×၇၀)ကို ဦးအောင်ဆန်းဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ မိခင်ဒေါ်ခင်ကြည်ရဲ့ ဆန္ဒအတိုင်း ဦးခင်မောင်အေးအား မေတ္တာဖြင့်ပေးအပ်ခဲ့တဲ့ ဧရိယာကို ချန်လှပ်၍ ခွဲယူရမယ်လို့ ဆိုထားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်မှ မကျေနပ်၍ အယူခံတင်ခြင်းနှင့် တရားစွဲခြင်း

မိဘအမွေကို မောင်နှမနှစ်ဦး အညီအမျှတစ် ဝက်စီခွဲယူရန် တရားရုံးမှ အမိန့်ချခဲ့ခြင်းအပေါ် ဒေါ်အောင်ဆန်းစုကြည်က မကျေနပ်တာကြောင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ အယူခံတင်သွင်းခဲ့ပါတယ်။ အယူခံအတွက် နှစ်ဖက်အကျိုးဆောင် များရဲ့ အပြီးသတ် လျှောက်လဲချက်ကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ(၁၄)ရက်နေ့မှာ ကြားနာခဲ့ရပြန်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဘက်က ရှေ့နေ ဦးဉာဏ်ဝင်းကတော့ ဦးအောင်ဆန်းဦးဟာ နိုင်ငံခြားသားအဖြစ် ခံယူထားသူဖြစ်တဲ့အတွက် ရွှေ့ပြောင်းလို့မရတဲ့ ပိုင်ဆိုင်ပစ္စည်းကို ပိုင်ဆိုင်ရယူခွင့်မရှိကြောင်း၊ ဒါ့အပြင် ဒေါ်အောင်ဆန်းစုကြည် ကြိုက်နှစ်သက်သလောက် လက်ရှိအိမ်မှာနေထိုင်နိုင်ပြီး အိမ်ကိုရောင်းချတဲ့အခါကျမှ တစ်ယောက်တစ်ဝက်စီ ခွဲဝေယူဖို့ ပဋိညာဉ်စာချုပ်ရှိကြောင်း ဦးဉာဏ်ဝင်းက ဘီဘီစီသတင်းဌာနကို ပြောထားပါတယ်။ ဦးအောင်ဆန်းဦးကတော့ အဲဒီစာချုပ်ဆို တာက သူပိုင်ဆိုင်မှုပေးကမ်းခြင်း စာချုပ်မဟုတ်ဘဲ power of attorney သာဖြစ်ပြီး အမိုးပျက်သွားရင် ပြန်ပြင်စရာရှိရင် ပြင်ဖို့သဘောသာ ဖြစ်တယ်၊ အကြီးစား ပြင်ဆင်မှုလုပ်မယ်ဆိုရင် အကြောင်းကြားပြီးတော့ သဘောတူညီချက်တို့ ဘာတို့ ညှိရမှာဖြစ်တယ်လို့ ၂၀၁၈ ခုနှစ် အောက်တိုဘာလ (၂၉) ရက်နေ့က ဘီဘီစီကိုပြောထားပါတယ်။ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးကတော့ ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှာ အိမ်ကြီးနဲ့ပတ်သက်ပြီး အပြီးသတ်အမိန့်ကို ချမှတ်ခဲ့ပါတယ်။ ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ မိခင်ကြီး ဒေါ်ခင်ကြည် အမည်ပေါက် မြေအကျယ်အဝန်း ၁ ဒသမ ၉၂၃ ဧက၊ နှစ်ထပ်တိုက်နဲ့ မြေတစ်ဝက်ကို ဒေါ်အောင်ဆန်းစုကြည်၊ တစ်ထပ်တိုက်နဲ့ မြေတစ်ဝက်ကို ဦးအောင်ဆန်းဦးဟူ၍ တစ်ဝက်စီခွဲဝေယူကြရန်ဆိုပြီး ချမှတ်ခဲ့တယ်လို့ ဦးအေးဝင်းက မီဒီယာများကို ရှင်းပြပါတယ်။

၂၀၁၁ ခုနှစ် ဇူလိုင်လအတွင်းက မောင်နှမ နှစ်ဦး အမွေပြဿနာနှင့်ပတ်သက်ပြီး မော်နီတာ ဂျာနယ်က ဦးအောင်ဆန်းဦးကို အင်တာဗျူးခဲ့ပါတယ်။ အဲဒီအင်တာဗျူးထဲကဦးအောင်ဆန်းဦးရဲ့ဖြေဆိုချက်တွေဟာ တရားရုံးရဲ့ အပြီးသတ်ဆုံးဖြတ်ချက် မချရသေးခင် ပြောဆိုချက်တွေဖြစ်တာကြောင့်ဆိုပြီး ဒေါ်အောင်ဆန်းစုကြည်က အစ်ကိုဖြစ်သူ ဦးအောင်ဆန်းဦးကို တရားစွဲခဲ့ ပါတယ်။ အင်တာဗျူးဖော်ပြခဲ့တဲ့ မော်နီတာဂျာနယ်ကိုပါ ဒေါ်အောင်ဆန်းစုကြည်က ထည့်သွင်းတရားစွဲခဲ့ပါတယ်။

၂၀၁၆ ခုနှစ်အတွင်း တရားရုံးရဲ့အပြီးသတ်ဆုံးဖြတ်ချက်ချအပြီးမှာ ဒေါ်အောင်ဆန်းစုကြည်မှ တရားရုံးဆုံးဖြတ်ချက်အတိုင်း မြေပိုင်ဆိုင်ခွင့်ပေးမည်မဟုတ်ကြောင်းနှင့် မြေတန်ဖိုးကို ခွဲဝေခံစားခွင့်ပေးမည်ဖြစ်ကြောင်း ဗိုလ်မှူးကြီးခင်မောင်အေး(မန္တလေး)နှင့် ဦးအောင်ဆန်းဦးတို့ ထံပြန်ကြားခဲ့တယ်လို့ သိရပါတယ်။ ခြံအမှတ်(၅၄)ရောင်း ချရန် တန်ဖိုးတွက်ချက်ခဲ့ရာမှာ ကာလပေါက်စျေး ကျပ်သိန်းပေါင်း နှစ်သိန်းခုနှစ်သောင်း(၂၇ဘီလီယံ) ပေါက်တဲ့အကြောင်း၊ ယင်းအတွက် သားသမီးအရင်းများဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးအောင်ဆန်းဦးတို့က ကျပ်သိန်းပေါင်း တစ်သိန်းစီ(၁၀ ဘီလီယံစီ) ခွဲဝေရယူပြီး ဗိုလ်မှူးကြီးခင်မောင်အေး(မန္တလေး)အား ကျပ်သိန်းပေါင်း ခုနှစ်သောင်း (၇ ဘီလီယံ)ကို ခွဲဝေပေးမည်ဟု စီစဉ်ခဲ့ကြောင်းနဲ့အိမ်ကိုမူ အမှန်တကယ်မရောင်းဘဲ ခရိုနီတစ်ဦးနှင့်လက်ဝါးချင်းရိုက်ကာ အရောင်းပြပြီး ယင်းအိမ်ကို အပိုင်စီးရန် ဒေါ်အောင်ဆန်းစုကြည်က စီစဉ်ခဲ့တယ်လို့ အွန်လိုင်းပေါ်မှာ ရေးသားထားတဲ့ သတင်းများမှာ ဖတ်ရှုရပါတယ်။

ခြံအမှတ် ၅၄ နှင့်ပတ်သက်ပြီး
ဦးအောင်ဆန်းဦးရဲ့မကျေနပ်ချက်

အစိုးရကပေးတဲ့ ခြံအမှတ်(၅၄)အိမ်ဟာ ဒေါ်ခင်ကြည်က တစ်ပုံ၊ ဦးအောင်ဆန်းဦးက တစ်ပုံနဲ့ ဒေါ်အောင်ဆန်းစုကြည်က တစ်ပုံဖြစ်တယ်လို့ ဘီဘီစီနဲ့ မေးမြန်းခန်းမှာ ဦးအောင်ဆန်းဦးက ပြောထားပါတယ်။ ဒါကို ဒေါ်ခင်ကြည်က မကြိုက်လို့ တစ်ယောက်တည်းပိုင် လုပ်ခဲ့ပြီး စည်ပင်မှာလည်း ပိုင်ဆိုင်မှုပြောင်းတဲ့အခါမှာ နာမည်တွေမပြောင်းခဲ့ဘူးလို့ ဆိုပါတယ်။ ဒါ့အပြင် ဒေါ်အောင်ဆန်းစုကြည်ဟာ လူတွေကို ညာပြီးတော့ အကုန်လုံးအပိုင်စီးနိုင်ဖို့ လုပ်နေတာကြောင့် တရားဥပဒေနဲ့ အညီ မှန်မှန်ကန်ကန်ဆုံးဖြတ်သွားနိုင်ဖို့ အရေးကြီးကြောင်းနဲ့ယခုကိစ္စက သာမန်မိသားစုမဟုတ်ဘဲ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိသားစုကိစ္စဖြစ်တယ်လို့ဆိုပါတယ်။ ၎င်းအနေနဲ့ မတရားလုပ်တာခံနေရတယ်လို့ အောက်တိုဘာလ(၂၉)ရက်နေ့က ပြောဆိုထားပါတယ်။

'အိမ်ကြီးကိုလည်း စုကြည်အကုန်ယူတယ်။ သူတို့ တောင်ပြော မြောက်ပြော အကြောင်းတွေတော့ပြတာပေ့ါ၊ ဒါပေမဲ့ ပြန်စဉ်းစားကြည့်လိုက်ရင် ရုံးချုပ်ကနေ ဆုံးဖြတ်ထားတဲ့ ဘောင်က ကျော်သွားပြီ၊ ကျွန်တော်က တစ်ဝက်ထက် သိသိသာသာကြီးနည်းတဲ့ မြေကြီးရမယ်၊ ကျွန်တော်က အိမ်မကြီး လုံးဝမရဘူး၊ ပြိုနေတဲ့ အိမ်တစ် အိမ်ရမယ်၊ အိမ်မကြီးအစား။ ဒါကဟာသကြီးပဲ၊ ဟုတ်လား နည်းနည်းခေါင်းရှိတဲ့လူက စဉ်းစားလို့ရမယ်၊ ဒါတစ်ယောက် တစ်ဝက်ဆိုတာ ဘယ်လိုမှ မဟုတ်နိုင်ဘူး။ အဲဒါကိုမကျေနပ်ဘူး'လို့ ဦးအောင်ဆန်းဦးက ဆိုပါတယ်။

အောက်တိုဘာလ(၂၄)ရက်နေ့က 7Day သတင်းဌာနနဲ့ အင်တာဗျူးမှာတော့ အသက်လည်းကြီးပြီဖြစ်တာကြောင့် ဒီပိုက်ဆံရပြီးရင် အချို့ကိုဖယ်ထားပြီး ကျန်တာအကုန်လုံး ပုဂံဒေသက,ကလေးတွေ၊ အထူးသဖြင့် မျိုးဆက်သစ်ကလေးတွေအတွက် လှူသွားမယ်၊ မသေခင် လှူချင်သလိုနည်းနဲ့ လှူသွားချင်တယ်လို ဦးအောင်ဆန်းဦးက ပြောဆိုထားပါတယ်။

ခြံအမှတ် (၅၄)မှ အထင်ကရဖြစ်စဉ်များ

ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းရှိ ခြံအမှတ်(၅၄)နှင့်ပတ်သက်၍ အထင်ကရဖြစ်စဉ်များကိုပြပါဆိုလျှင် အိမ်နှင့်ပတ်သက်ပြီး မောင်နှမနှစ်ဦး အပြန်အလှန်တရားစွဲတဲ့ သတင်းများကိုသာ ပြရမှာဖြစ်ပါတယ်။ သတင်းစာ/ဂျာနယ်များအတွင်းမှာလည်း ဒီအကြောင်းကိုသာ တွေ့ရပါလိမ့်မယ်။ ၂၀၁၀ ခုနှစ် နောက်ပိုင်းတုန်းကတော့ ပြည်တွင်း/ပြည်ပရှိဧည့်သည်များ၊ အနုပညာရှင်များနှင့်ကျောင်းသားများကို ဒေါ်အောင်ဆန်းစုကြည်မှ ခြံအမှတ်(၅၄)သို့ ဖိတ် ခေါ်တွေ့ဆုံတာတွေရှိခဲ့ပါတယ်။

ထူးထူးခြားခြားအနေနဲ့ကတော့ ၂၀၀၉ ခုနှစ် မေလ(၄)ရက်နေ့က အမေရိကန်နိုင်ငံသား ဂျွန်ရက်တော ဆိုသူ ခြံအမှတ်(၅၄)တွင်းသို့ တိတ်တဆိတ်ခိုးဝင်ကာ တစ်ညဝင်အိပ်ခဲ့တဲ့ ဖြစ်စဉ်ရှိခဲ့ဖူးပါတယ်။ ၂၀၁၁ခုနှစ်က Luc Besson ရိုက်ကူးသော The Lady ရုပ်ရှင်ဇာတ်ကား မှာ ခြံအမှတ်(၅၄) အိမ်ပုံစံပါဝင်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းမှ ခြံအမှတ် (၅၄)မှာ နေထိုင်ခဲ့ကြောင်း မှားယွင်းတဲ့ ရုပ်ရှင်ပြကွက်တွေပြသခဲ့လို့ ဝေဖန်ခံခဲ့ရဖူးပါတယ်။

၂၀၁၅ ခုနှစ်တွင်းက ခြံအမှတ်(၅၄)မှ တံခါးတစ်ချပ်လျှင် ကျပ်သိန်း(၅) ထောင်ဖြင့် လေလံတင်ခဲ့တဲ့ သတင်းကတော့ ဂျာနယ်အချို့နှင့် လူမှုကွန်ရက်များတွင် အတော်လေးပျံ့နှံ့ခဲ့ဖူးပါတယ်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ လ(၁) ရက်နေ့ နံနက်(၆)နာရီခွဲ အချိန်ခန့်မှာ ခြံအမှတ် (၅၄) ခြံဝင်းအတွင်းသို့ စိတ်မကျန်းမာသူ ဦးဝင်းနိုင်ဆိုသူက မီးလောင်စေတဲ့ ဖန်ပုလင်းတစ်လုံးအား ပစ်သွင်းခဲ့တာကြောင့် ခြံဝင်းအတွင်း ခြံစောင့်တဲအနီးရှိ ရေပိုက်တစ်ချောင်း မီးစွဲလောင်ကျွမ်းခဲ့ဖူးပါတယ်။ အခြားထင်ရှားတဲ့ သမိုင်းကြောင်းများကိုတော့ မတွေ့ရပါဘူး။

ရာဇဝင်ထဲမှာ ၅၄ ကိုထားခဲ့တော့

ခြံအမှတ် (၅၄)နဲ့ပတ်သက်ပြီး အလကားရခဲ့တဲ့ မောင်နှမနှစ်ဦးတောင် ဒီအိမ်ကြီးကို ဒီလောက်လိုချင်နေကြရင် ဘိုးဘွားများက ဆောက်လုပ်ခဲ့ပြီး အပေါင်ဆုံးခဲ့တဲ့ မိသားစုများအနေနဲ့ ပိုပြီးတော့တောင် လိုချင်နေမှာ အသေအချာဖြစ်ပါတယ်။ နှစ်ဖက်လုံးက ကြွယ်ဝချမ်းသာသူများဖြစ်ပြီး အလကားရတဲ့အိမ်အတွက် ရုံးရောက်ဂတ်ရောက်နဲ့ မောင်နှမချင်း ရင်ကြားမစေ့ဖြစ်နေခြင်းက သိက္ခာကျစေပါတယ်။

တကယ်တော့ 'ပါဝါ ၅၄' လို့ နာမည်ကြီး နေတဲ့ ခြံအမှတ်(၅၄)ဟာ သမိုင်းအမွေအနှစ် အိမ်ကြီး မဟုတ်ဘဲ သမိုင်းဝင်အမွေလုအိမ်ကြီးလို့တောင် ခေါ်ရမလိုဖြစ်နေပါပြီ။ အိမ်ကြီးတွင်းဖြစ်ပျက်ခဲ့သမျှအကြောင်း အရာများကလည်း မျိုးဆက်သစ်လူငယ်များ မှတ်သားစရာမရှိဘဲ မောင်နှမချင်းရင်ကြားမစေ့နိုင်တဲ့ အရှက်ပွား စရာတွေသာ တွေ့နိုင်ပါတယ်။ ဒီအိမ်ကြီးဟာ သမိုင်းဝင်အိမ်ကြီးလည်းမဟုတ်၊ ဗိုလ်ချုပ်အောင်ဆန်းနေထိုင်ခဲ့တဲ့ အိမ်လည်းမဟုတ်၊ ဘိုးဘွားပိုင်မြေလည်းမဟုတ်ဘဲသာ မန်အပေါင်ဆုံးအိမ်တစ်လုံးသာဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့တဲ့ သမိုင်းဝင်အိမ်မှာ ဗဟန်းမြို့တာဝါ လိန်းလမ်းတွင် ဗိုလ်ချုပ်ပြတိုက်အဖြစ် ဖွင့်လှစ်ထားပါကြောင်း လူငယ်များအမှတ်မမှားဖို့ လမ်းပြလိုက်ရပါတယ်။

◆ဦးစိုးတင့်◆

ရည်ညွှန်း

စေတနာမိခင် မဟာသိရိသုဓမ္မဒေါ်ခင်ကြည် - ဇေယျဇော်၊ ဖိုးစိုင်း
ဆိုင်းစုမှသည်မန်ဟိုင်းဆီသို့ - ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော
ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ - ဗိုလ်သိမ်းဆွ
ဗမာ့နိုင်ငံရေးသုခမိန် - မောင်ထင်
အောင်ဆန်းဦးတို့ အဖေ - တက္ကသိုလ်နေဝင်း
ဦးအောင်ဆန်းဦးနှင့် ၇ရက်သတင်းဌာန တွေ့ဆုံမေးမြန်း ချက်
ဦးအောင်ဆန်းဦးနှင့်ဘီဘီစီသတင်းဌာနတွေ့ဆုံမေးမြန်းချက်
လူမှုကွန်ရက်နှင့် သတင်းစာ/ဂျာနယ်များ

THE SUN RAYS Vol(1), No (223), 10th November (Saturday) 2018.
www.free4readrs.com

လမ်းပေါ်ကဘဝရောင်စုံကို ဆေးခြယ်ရေးသားခဲ့သည့် လမ်းပေါ်ကစာရေးဆရာ(သို့မဟုတ်) ဗိုလ်ကြီးဝင်း မောင်မှ တစ်ဖြစ်လဲ မင်းရှင်နောင်ရဲ့မင်းရှင် (သို့မဟုတ်) စာပေသမားသူငယ်ချင်းအတွက် ထုတ်ဝေသူ ဘက်မလိုက်ခဲ့သည့် ယုံကြည်ချက်ကလောင်တစ်ချောင်း (သို့မဟုတ်)စာရေးဆရာ

မင်းရှင်(၁၉၂၇-၁၉၈၆)

□ ဇော်ဝင်းထွန်း □

သည်နေ့ အချိန်အခါမှာ မဂ္ဂဇင်းဆိုတာက ရှားပါးပစ္စည်းတစ်ခုသဖွယ် ဖြစ်နေပြီပင်။ ထို့ကြောင့် ကျွန်တော့်တွင် ရှိနေသော တောင်လိုပုံနေသည့် မဂ္ဂဇင်းအဟောင်းတွေကို ဂရုစိုက်သည့်သဘောဖြင့် ဖုန်သုတ်တန်သုတ်၊ ဖရိုဖရဲဖြစ်နေတာတွေ သပ်သပ်ရပ်ရပ်ဖြစ်အောင် လုပ်ဆိုတာမျိုးလို အလုပ်တွေကို တတ်နိုင်သမျှ အချိန်ပေးလုပ်နေမိသည်။ အထူးသဖြင့် ကျွန်တော့်ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများပါခဲ့သော မဂ္ဂဇင်းတွေကိုတော့ သေသေချာချာ ပြုပြင်စီရင်ထားသည်။ ဒါတောင်မှ ကိုယ့်စာမူပါသည့်မဂ္ဂဇင်းတွေဆိုတာက အစုံမရှိ။ ထားတော့။ ယခုလည်း မဂ္ဂဇင်းတောင်တန်းတစ်ခုပေါ်က တစ်အုပ်ကိုယူကြည့်လိုက်သည်။ 'ပန်'ရုပ်စုံမဂ္ဂဇင်း။ ရိုးရာပန်းပညာရှင်များကောင်စီ၊ စည်းရုံးရေးကော်မတီမှထုတ်ဝေ၊ ၁၉၈၆ခုနှစ်၊ စက်တင်ဘာလထုတ်။ ပါဝင်သည့် စာရေးဆရာနှင့် စာမူတွေက ဘာကောင်းသလဲမေးစရာမလို။ ပန်းပညာရှင်ကြီးတွေ ရေးသည့်စာ။ ဒီလိုမဂ္ဂဇင်းမျိုး မထိန်းလျှင် ဘယ်လိုမဂ္ဂဇင်းမျိုးကိုထိန်းရပ့်ါ ထဲက. . .။ စာမျက်နှာတစ်ခု၏ သတင်းကဏ္ဍထဲမှာတော့ စာရေးဆရာမင်းရှင်ကွယ်လွန်သည့်သတင်းကိုဖတ်လိုက်ရသည်။ ရန်ကုန်မြို့၊ လှိုင်မြို့နယ်။ ပဏ္ဍိတ လမ်း၊ အမှတ်(၁၀)နေ စာရေးဆရာမင်းရှင်ကွယ်လွန်။ ၇-၈-၁၉၈၆နေ့က. .။

မင်းရှင်ဆိုလျှင် ကျွန်တော်တို့ "လမ်းပေါ်မှာ"ဟူသည့် ဝေါဟာရလေးကို ချက်ချင်းသတိရမိကြသည်။ "လမ်းပေါ်မှာမင်းရှင်"ဟုပင် တစ်ခါတရံ၌ ဝိသေသပြုပြောကြဆိုကြသည်ကို ကြားဖူးသည်။ မြန်မာဝတ္ထုတို တစ်ခေတ်မှာတော့ မင်းရှင်ဆိုတာ မဖြစ်မနေ ထည့်သွင်းပြောရမည့် စာရေးဆရာမှန်း ဒီနေ့ထဲက စာပေလောကသားကျွန်တော်တို့ အလေးပြုလျက်ရှိသောစာရေးဆရာဖြစ်သည်။

တစ်ခါသားမှာတော့ အဲဒီလမ်းပေါ်မှာဝတ္ထုတိုပေါင်းချုပ်စာအုပ်ကို မြန်မာစာကျောင်းသူတစ်ဦးက ပါရဂူဘွဲ့အတွက် တင်သွင်းသည့်စာအုပ်အနေဖြင့် တွေ့လိုက်ဖူးသည်။ အိမ်ကဇနီး သူ့သူငယ်ချင်းတစ်ယောက်ဆီက ငှားလာတာမျိုး. . .။

ထားပြန်တော့။ ဆရာမင်းရှင်နှင့် ပတ်သက်ပြီး ကျွန်တော်အမှတ်စွဲနေတာလေးတစ်ခုကို ဒီနေရာမှာ ပြန်ပြောချင်ပါသည်။ ကျွန်တော် ငယ်စဉ် စာဖတ်ရှိန်ကောင်းစဉ် အရွယ်က ဖြစ်သည်။ မြန်မာစာပေလောကမှာ နာမည်ကြီးသော စာအုပ်မှန်သမျှကို မဖြစ်ဖြစ်အောင် ရှာဖွေဖတ်ခဲ့ဖူးသည်။ ဤ၌ ယခု ဆရာမင်းရှင်၏ "လမ်းပေါ်မှာ" ဝတ္ထုတိုပေါင်းချုပ်စာအုပ်လည်း ပါဝင်သည်။

ကျွန်တော်ပြောချင်တာက ထို လမ်းပေါ်မှာထဲက အလုပ်ဂုဏ်ဟူသော ဝတ္ထုတိုလေးဖြစ်သည်။ ပိန်လှီပါးလျနေသည့် ကုလားအဖိုးကြီးတစ်ဦးက အိမ်တွေမှာ ထင်းလိုက်ခွဲပေးသည့် အလုပ်လုပ်ရာက စသည်ထင်သည်။ ဟုတ်သည်။ ဒီဝတ္ထုလေးကို ကျွန်တော်ပြန်တွေ့၍ တတိယအကြိမ်အဖြစ် ပြန်ဖတ်ဖြစ်သည်။

ချုပ်ပြောလျှင် ကုလားအဖိုးကြီးသည် ထင်းခွဲသည့်အလုပ်ကို လုပ်နိုင်စွမ်းမရှိ(ပိန်လွန်းလှီလွန်းနေသဖြင့်)ဟု ထင်ထားသမျှ တက်တက်စင်အောင်လွဲသွားသည်။ အချိန်တိုအတွင်းမှာ သတ်မှတ်ထားသည့်ထင်းများကို ကြည့်၍ အံ့ဩသွားသည်။ အံ့ဩရုံမဟုတ်။ အဖိုးကြီးနှင့်ယှဉ်၍ လူဝကြီးတစ်ယောက် အလျှုခံစားပုံ၊ သူဌေးသားတစ်ယောက် ကိုယ့်ဘဝကိုယ်မကျေနပ်ပုံ၊ ဘတ်စ်ကားပေါ်တွေ့သည့် ခြောက်ဆယ်ကျော်အရွယ်အဖိုးကြီးတစ်ယောက် ခုံဖိနပ်ရောင်းနေပုံများကို ယှဉ်တွဲပြောပြသွားပြီး နောက်ဆုံးစာရေးသူ(မင်းရှင်)ကိုယ်တိုင်ပင် အလုပ်ရှေးနေပြီး၊ အလုပ်မရနိုင်သေးဘဲ မိဘထံလက်ဖြန့်နေရသည့်ဘဝကို ရှက်စရာအဖြစ်မြင်လာပုံတို့ကို ရေးပြထားသည်။ ဒီဝတ္ထုလေးက ဝတ္ထုဟုဆိုပေမယ့် ဒီနေ့စကားနှင့်ပြောလျှင် ရသစာတမ်းလေးတစ်ခုဖြစ်နေသည်ကို ကျွန်တော်သတိပြုမိသည်။

ဝတ္ထု၏အဆုံးသတ်ကလေးကို ကျွန်တော်ကောက်နုတ်ပြချင်ပါသည်။

"ထိုအခိုက် ကုလားကြီးသည် ကျွန်တော်တို့နှစ်ယောက်အနားသို့ ဖြည်းလေးစွာလျှောက်လာပြီးလျှင် သူ့ ညာဘက်လက်ကို ရှေ့သို့ထုတ်ကာ ချွေးစီးပြန်နေသောလက်ဝါးကို ဖြန့်ခံလျက် "ပီးတွားဘီ. . ဆပ်"ဟုပြော လိုက်လေ၏။ ကျွန်တော်ကားကုလားကြီး၏ ဖြန့်ထားသောလက်ဝါးမည်းမည်းကြီးကို စူးစိုက်ကြည့်လိုက်မိရင်းက ဤချွေးစေးပြန်နေသည့်လက်ဝါးကြီးသည်ကား ပိတ်ဖြူစင်ကြယ်ဝတ်လျက် ကိုသန်းတင်တို့အိမ်ရှေ့တွင် ငွေအလှူခံသည့် လူဝတုတ်တုတ်ကြီး၏လက်ဝါးများနှင့်သော်လည်းကောင်း၊ ကျွန်တော်တို့သူငယ်ချင်းသူဌေးသား၏ နူးညံ့သောလက်ဝါးများနှင့်သော်လည်းကောင်း၊ လွန်ခဲ့သောဆယ်နှစ်ကျော်က မိဘများထံခရီးစရိတ် မုန့်ဖိုး ပဲဖိုး ဖြန့်ခံခဲ့ဖူးသည့် ကျွန်တော်၏လက်ဝါးများနှင့်သော်လည်းကောင်း မတူတကား၊ မနှိုင်းယှဉ်အပ်တကားဟု ပီတိသောမနသဖြစ်နေမိပါတော့သည်။ ယခုမြင်နေရသော ကုလားအဖိုးကြီး၏ လက်ဝါးသည်ကား ဆောင်ရွက်ပြီးစီးသွားသော သူ၏ ကြိုးပမ်းဆောင်ရွက်မှုအတွက် ရသင့်ရထိုက်သည့် အခွင့်အရေးကို ဂုဏ်ယူဝံ့ကြွား စွာ တောင်းခံနေခြင်းသာလျှင် ဖြစ်ပေသည်။ ကိုသန်းတင်က ထိုလက်ဝါးကြီးထဲသို့ ငွေနှစ်ကျပ်ကို ထည့်လိုက် ရင်း ပြီးလျှင် "ရော့. . . အဖိုးကြီးပိုက်ဆာ"ဟု ပြောလိုက်ရာတွင် ကုလားအဖိုးကြီးသည် ဖြန့်ထားသောလက်ဝါးကို တုန်ရီစွာဆုပ်လိုက်၍ ငွေနှစ်ကျပ်ကို သူ့ဒိုတီခါးတောင်းကျိုက်ခါးကြားထဲသို့ တယုတယသိမ်းဆည်းလိုက်လေ၏။

ထိုအချိန်တွင် ကျွန်တော်ကိုယ်တိုင်မှာလည်း အင်္ကျီအိတ်ထဲမှငွေ တစ်ကျပ်ကို ကပျာကယာထုတ်လိုက်မိ ပြီးလျှင် "ရော. . . ရော. . . အဖိုးကြီး၊ ဘောက်ဆူး"ဆိုပြီး ကုလားအဖိုးကြီးအား လှမ်းပေးမိလျက်သားဖြစ်နေပါတော့သည်။ အဖိုးကြီးသည် ကျွန်တော်ပေးသည်ကိုချက်ချင်းမယူသေးဘဲ ငေးကြည့်နေရာက "ကျတော၊ ရဘီဆပ်၊ မယူဘူးဆပ်"ဟု ငြင်းလိုက်လေ၏။ ရုတ်တရက်သော် ကျွန်တော်ပင်လျှင် ရှေ့သို့ထုတ်ထားသောလက်ကိုပြန်

မရုပ်မိသေးဘဲ ကြောင်အမ်းအမ်းကြီးဖြစ်နေမိသေး၏။ နောက်မှကုလားအဖိုးကြီး ငြင်းဆန်နေသည့် အဓိပ္ပာယ်ကို သဘောပေါက်နားလည်သွားသောကြောင့် ပို၍ပင်ပီတိဖြာဝေသွားမိပါတော့သည်။ ကိုသန်းတင်အား လှည့်ကြည့်လိုက်မိရာတွင် သူက အဓိပ္ပာယ်သက်ရောက်စွာ ပြုံးလိုက်ရင်းက "ကျွန်တော်ပိုပေးရင်လည်း မယူဘူးဗျ။ သူ့အဖို့တော့ သူ့လုပ်ခလေးသူရရင်ပဲ ကျေနပ်လို့မဆုံးဖြစ်နေပါပြီဗျ"ဟု နှစ်ထောင်းအားရရှင်းပြ လိုက်လေတော့သတည်း။"ဟူ၍ ဖြစ်သည်။ ဆရာမင်းရှင်က ကုလားအဖိုးကြီး၏ ဇာတ်ဆောင်စရိုက်ကို အစွမ်းကုန်မြှင့်တင်ပေးလိုက်ရင်း ဝတ္ထုကိုအဆုံးသတ်ထားသည်။ ဒီအဖိုးကြီး၏စိတ်ဓာတ် ဘယ်လောက်မြင့်မြတ်လိုက်ပါလေသနည်း။ ကိုယ့်လုပ်အားမပါလျှင် ပိုက်ဆံမယူဘူးဟူသော စိတ်ဓာတ်။ ကျွန်တော်ငယ်ငယ်ကအတွေးကို ဒီမှာပြန်ပြောရပါမည်။ "ငါသာဆိုလျှင် ယူမိမှာပါပဲ"ဟူသော အချောင်သမားတို့အကျင့်အကြံကို ကျွန်တော် အားကျခဲ့ခြင်းအား ဒီချိန်ခါမှာ ဝန်ခံရမှာပင်ဖြစ်သည်။ သို့သော်ဆရာမင်းရှင်က စာဖတ်သူကို မြင့်မြတ်သော စိတ်ဓာတ်များပွားများစေရန် စေတနာထား၍ ရေးပြခဲ့သည်။ ကျွန်တော်တလွဲတွေးသည်။ ယခုအခါမှာတော့ အမှန်ကို တွေးတတ်နေပါပြီ။

ထို့ကြောင့်ဆရာမင်းရှင်ကို ကျေးဇူးတင်ရပါသည်။ ကျေးဇူးနှင့်အတူ ဆရာမင်းရှင်၏ ဘဝနှင့်စာပေကိုလေ့ လာကြည့်ပါမည်။ ၁၉၂၇ခုနှစ်၊ ဧပြီလ(၆) ရက်နေ့တွင် ဦးတင့်နှင့်ဒေါ်ချောတို့က ရန်ကုန်မြို့၌မွေးဖွားသည်။ မွေးချင်းလေးယောက်တွင် အကြီးဆုံးဖြစ်သည်။ အမည်ရင်းမှာ ဦးဝင်းမောင်ဖြစ်သည်။ ၁၉၄၄ ခုနှစ်တွင် ဗမာ့ ကာကွယ်ရေးတပ်မတော်လေယာဉ်ပစ် အမြောက်ကြီးတပ်သို့ တပ်သားအဖြစ်ဝင်ရောက်သည်။ ဖက်ဆစ်တော်လှန်ရေးကာလတွင် တိုင်း(၁)၊ မင်းလှစည်သူတပ်ရင်း မင်းရှင်နောင်တပ်ခွဲသို့ ဝင်ရောက်၍ တော်လှန်ရေးထဲပါ ဝင်ခဲ့သည်။ မင်းရှင်နောင်တပ်ခွဲကို အကြောင်းပြု၍ မင်းရှင်ကလောင်အမည်ခံယူကာ အလင်းရောင်မဂ္ဂဇင်း၌ "ရွက်ဝါ"အခန်းဆက်ဝတ္ထုရှည်နှင့် စာပေလောကထဲသို့ စတင်ဝင်ရောက်ခဲ့သည်။ ၁၉၄၆-၄၇ ကာလတွင် ကမာရွတ်တိုက်နယ်၊ ပြည်သူ့ရဲဘော်တပ်ဖွဲ့၊ စည်းရုံးရေးမှူးနှင့်၊ ဖဆပလ အဖွဲ့အတွင်းရေးမှူးတာဝန်တို့ကို ယူခဲ့သည်။ ၁၉၄၆ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ပညာသင် သည်။

၁၉၄၆-၄၇ကာလတွင် တက္ကသိုလ်၌ပညာသင်ရင်း သစ်ဆန်းမဂ္ဂဇင်းအယ်ဒီတာ၊ တာရာမဂ္ဂဇင်း တွဲဖက်အယ်ဒီတာ၊ ၁၉၄၇-၄၈တွင် ရှုမဝရုပ်စုံမဂ္ဂဇင်း အယ်ဒီတာ၊ ၁၉၄၆-၅၀ကာလတွင် တိုးတက်ရေးသတင်းစာ တွဲဖက်အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၁မှ ၁၉၅၃ ထိ ကာလတွင် မြန်မာ့အသံ၌ မြန်မာပိုင်းအစီအစဉ်လက်ထောက်၊ ၁၉၅၁-၅၂ကာလတွင် မြန်မာနိုင်ငံစာရေးဆရာအဖွဲ့ အမှုဆောင်နှင့် စာပေမဂ္ဂဇင်းအယ်ဒီတာ၊ ၁၉၅၂တွင် မြဝတီမဂ္ဂဇင်း အယ်ဒီတာချုပ်အဖြစ်နှင့်ဆောင်ရွက်ခဲ့ပြီး ၁၉၅၃မှ ၁၉၅၈ အထိ ဗမာ့တပ်မတော်၌ ဗိုလ်ကြီးအဆင့်နှင့် အမှုထမ်းစဉ် ၁၉၅၄-၅၆ခုနှစ်တွင် မြဝတီမဂ္ဂဇင်း အမှုဆောင်အရာရှိအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၅၈တွင် တပ်မတော်မှ ထွက်လာပြီးနောက် ၁၉၅၈မှ ၁၉၆၄အထိ မြန်မာ့အသံစာပြုမှူးနှင့် သောတရှင် မဂ္ဂဇင်းအမှုဆောင်အရာရှိ၊ ၁၉၆၄၊ ဇွန်လမှစ၍ နိုင်ငံခြားရုပ်ရှင်တင်သွင်းရေး အေဂျင်စီ၌ အမှုထမ်းကာ ၁၉၈၄တွင် အငြိမ်းစားယူသည်။ ၁၉၆၃-၆၉ကာလတွင် ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင်၊ ၁၉၇၆မှစ၍ လှိုင်မြို့နယ်၊ စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးမှူး၊ ၁၉၈၀-၈၄တွင် လှိုင်မြို့နယ်၊ စာပေလုပ်သား အဖွဲ့ဥက္ကဋ္ဌ၊ ရုပ်မြင်သံကြားကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ်တာဝန်ယူခဲ့သည်။ ချစ်ဝဲလည် (၁၉၄၆)၊ ပွင့်ချပ်သုံးလွှာ (၁၉၄၇)၊ မေ့ဘူးကွယ့်သက်လှယ်(၁၉၄၈)ဝတ္ထုများနှင့်လမ်းပေါ်မှာ(၁၉၆၂)၊ တစ်ခါတုန်းက ဒို့ရဲဘော်(၁၉၆၃) ဝတ္ထုတိုပေါင်းချုပ်တို့ရေးခဲ့သည်။ ၁၉၆၂တွင် လမ်းပေါ်မှာဝတ္ထုတိုများဖြင့် အနုပညာဆိုင်ရာ စာပေဆု၊ ၁၉၆၃တွင် တစ်ခါတုန်းကဒို့ရဲဘော်ဝတ္ထုတိုများဖြင့် ဝတ္ထုတိုပေါင်းချုပ်၊ ဒုတိယဆုကိုရရှိခဲ့သည်။ မော်ကွန်းဝင် ဒုတိယအဆင့်လည်းရခဲ့ပြီး ၁၉၈၆ တွင်ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်စိန်(ငြိမ်း-အထက(၁)လှိုင်) နှင့်သားသမီးလေးယောက်ကျန်ရစ်သည်။

ဆရာမင်းရှင်နှင့်ပတ်သက်၍ ၎င်း၏ရေးဖော်ဆရာ အောင်စိုးက အမှတ်တရလွမ်းလွမ်းတတ စာတစ်ပုဒ်ရေးခဲ့ဖူးသည်။ စင်စစ် မင်းရှင်အကြောင်းပြောလျှင် ပူးတွဲကပ်ပါနေသူများက ဆရာမိုးဝေ၊ ဆရာသန်းဆွေတို့ ဖြစ်သည်။ စာပေလောကကလည်း ထိုဆရာသုံးယောက်ကိုတွဲ၍ သိကြသည်။

ဆရာမင်းရှင်နှင့် ပတ်သက်၍မှ ဆရာအောင်စိုးက "တစ်ကြိမ်တွင် ကိုမင်းရှင်နှင့် ကျွန်တော်တို့သည်မြို့ထဲသို့ အင်းစိန်ဘတ်စ်ကားစီး၍ သွားခဲ့ကြသည်။ ကျွန်တော်က ရှုမဝမဂ္ဂဇင်းတွင် ဝတ္ထုရှည်အဖြစ် ရေးသားရန်ရည်ရွယ်ထားသော ဝတ္ထုဇာတ်လမ်းကို ကိုမင်းရှင်အား ပြောပြရင်းလိုက်ပါလာခဲ့သည်။ ကိုမင်းရှင်က လိုအပ်သောနေရာကလေးများတွင် ဖြည့်စွက် အကြံပေးသည်။ သူကြိုက်သောအချက်ဆိုလျှင်လည်း အားပါး တရအသံဝါကြီးဖြင့် "ဟုတ်တယ်၊ ဟုတ်တယ်၊ အင်းကောင်းပါတယ်"ဟု ကျယ်ကျယ်လောင်လောင် ထောက်ခံတတ်၏။ ဘေးပရိသတ်ကိုပင် သတိမရနိုင်ဘဲ ဝတ္ထုဇာတ်လမ်းပြော၍ လိုက်ပါလာခဲ့ကြရာ သိမ်ကြီးဈေးဂိတ်ဆုံးရောက်မှ ဇာတ်လမ်းလည်းပြီးဆုံးလေတော့သည်။ (နောင်တွင် ဟောင်းကြမ္မာလည်း ကြွေပါပြီဟူသောအမည်ဖြင့် ရှုမဝမဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြခဲ့သည်။)

ကိုမင်းရှင်၏ အလွန်ထူးခြားသော အရည်အချင်းတစ်ရပ်ကို ထုတ်ဖော်တင်ပြရန် လိုအပ်ပါလိမ့်မည်။ အခြားမဟုတ်ပါ။ စာပေနှင့်ပတ်သက်သော အရည်အချင်းဖြစ်ပါ၏။ စာပေနှင့်ပတ်သက်လာလျှင် သူသည် အလွန်မာနကြီးပြီး စိတ်ဓာတ်မှာလည်း သံမဏိကဲ့သို့ ခိုင်မာနေသည်ဟုဖော်ပြရပါမည်။ အကြောင်းမူမဂ္ဂဇင်းတစ်ခုတွင် သူနှင့်ကိုမိုးဝေတို့၏ ဝတ္ထုများကိုအတူ ထည့်သွင်းဖော်ပြရာ၌ စာမူခကို တူညီစွာမပေးသည့်ကိစ္စမျိုးနှင့် ကြုံရတတ်သောကြောင့်ဖြစ်ပါသည်။ ဥပမာ ကိုမင်းရှင်(မင်းရှင်)ဝတ္ထုအတွက် ၅၀ကျပ်ပေးပြီး ကိုမိုးဝေ (မိုးဝေ)ဝတ္ထုအတွက် ၂၅ကျပ်၊ သို့မဟုတ် ၃၀ကျပ်လောက်သာ ပေးခြင်းဖြစ်သည်။ ထိုအခါကိုမင်းရှင်က ကိုမိုးဝေအား သူနှင့်ညီတူညီမျှပေးရန် တောင်းဆို၏။ ထုတ်ဝေသူက မလိုက်လျောချေ။ ကိုမင်းရှင်ကညီတူညီမျှ မပေးမချင်း ထိုမဂ္ဂဇင်းတွင်မရေးတော့ဟုပြောကာ လက်တွေ့လည်း မရေးဘဲနေလေသည်။ ဤသို့မရေးဘဲနေသည် မှာလနှင့် နှစ်နှင့် ချီ၍ကြာတတ်လေသည်။ နောက်ပိုင်းတွင် ကိုမင်းရှင် စာရေးသားမှုနည်းသွားခြင်းမှာ လခစားအလုပ်လုပ်သည့် အချက်ထက် ဤကိစ္စကပို၍အဓိကကျနေလိမ့်မည်ဟု ကျွန်တော်ယုံကြည်မိလေသည်။ ကိုမင်းရှင်၏သတ္တိနှင့် ခိုင်မာသောဆုံးဖြတ်ချက်ကို ကျွန်တော်သည် မိမိဖာသာကျိတ်၍ ချီးကျူးမိရပါတော့သည်။

၁၉၉၂ခုနှစ် မတ်လနှင့်ဧပြီလထုတ်ချယ်ရီမဂ္ဂဇင်းပါ "သန်းဆွေမိုးဝေမင်းရှင်"(ကမာရွတ်သားစာရေးဆရာ သုံးယောက်)ဆရာအောင်စိုး၏ "စာပန်းငုံဖူး"ဆောင်းပါးမှ ကောက်နုတ်ချက်ဖြစ်ပါသည်။

ဤတွင်စာရေးဆရာ(အစစ်)ဆိုသည်မှာ ကိုယ့်စာပေသမားအချင်းချင်းအတွက် သစ္စာရှိသည်၊ ကိုယ်ကျိုးစွန့်သည်၊ ပိုက်ဆံကိုမကိုးကွယ်ဟူသော စာပေယုံကြည်ချက်မှလာသည့် သံမဏိစိတ်ဓာတ်မျိုးကို ပိုင်ဆိုင်သူ ဟူသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကျွန်တော်တို့ဆင်ခြင်သုံးမိရသည်။ မင်းရှင်သည် သူ့ခေတ် သူ့အခါကရဲရဲတောက် စာရေးဆရာတစ်ယောက်ဖြစ်သည်ဟူ သော အချက်က မြန်မာစာပေသမိုင်းတွင်အထင်အရှားပင်။

♦ဇော်ဝင်းထွန်း♦

www.free4readrs.com

စည်းလုံးညီညွတ်မှုနှင့်စုစည်းမှု
Unity & Integration

□ ခိုင်မာကျော်(ဒဿန) □



"Come to terms with"(အပေးအယူတည့်သွားကြပြီ၊ အဆင်ပြေသွားပြီ) ဆိုသောစကားလေးတစ်ခွန်းကို တစ်နေရာမဟုတ် တစ်နေရာတွင် ကြားဖူးကြလိမ့်မည်ထင်ပါသည်။ ဝိရောဓိမျှသာမက ရံခါတွင် ပဋိပက္ခအခြေအနေမျိုးထိတိုင် ဆိုက်ရောက်နေကြသော(ဘက်နှစ်ဖက် သို့မဟုတ် ထိုထက်ပိုသော) သဘောကွဲလွဲဆန့်ကျင်နေ သူနှစ်ဦးဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေတို့ချင်းကြား၌ ညှိနှိုင်းသဘောတူညီမှုရသွားသည့်အခါတွင် အသုံးပြုတတ်ကြသော စကားလေးဖြစ်ပါသည်။ ဤစကားလေးတစ်ခွန်းအကွက် ကျွန်တော်တို့ရွှေနိုင်ငံကြီးတွင် ဖခင်ဗိုလ်ချုပ်မှစကာ သာမန်အညတရအပြစ်မဲ့ပြည်သူ ပြည်သားများအဆုံး သွေးမြေကျအသက်နှင့်ဘဝပါ စတေးခဲ့ကြရသည်မှာ နှစ်(၇၀)ကျော်ကြာခဲ့ပါပြီ။ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံတွင်မျှမရှိသော အရှည်ကြာဆုံး ရန်ပွဲကြီးများဖြင့် အချင်းချင်း စစ်ခင်းသတ်ဖြတ်နေကြသည်မှာ အများပြည်သူ့အကျိုးစီးပွားအတွက်မဟုတ်ဘဲ လူတစ်စုစီတို့၏ ကိုယ်ကျိုးစီးပွားအတွက် သာဖြစ်ကြောင်း တစ်ကမ္ဘာလုံးကပင် သိနေကြလေပြီ။ ထိုလူတစ်စုစီတို့၏ ကိုယ်ကျိုးစီးပွားချင်းအတွက် လက်နက်ကိုယ်စီကိုင်ကာ အားပြိုင်ကြရာမှ လူကြီးလူကောင်းနှင့် နိုင်ငံကြီးနိုင်ငံကောင်း ဆန်မှုတို့ပျက်သုဉ်းသွားခဲ့ကြသည်မှာလည်း ထိုစကားလေးအတွက်ပင်ဖြစ်ပါ၏။

ထိုစကားလေးအကောင်အထည်မပေါ်လာသည့်အတွက် ကျွန်တော်တို့တွင် အပျက်နှစ်ထပ်ကွမ်းနှင့် ကြုံနေကြရပြီလည်းဖြစ်ပါသည်။ ပထမတစ်ထပ်မှာ National Unity (အမျိုးသားစည်းလုံးညီညွတ်မှု)ပျက်ပြားခြင်းဖြစ်ပြီး ယင်းမှ ကျိုးပေါင်းတက်အရွတ်ထင်လာသော နောက်တစ်ထပ်မှာ National Integration(အမျိုးသားစုစည်းမှု)ဖြစ်ပါသည်။ ထိုဝေါဟာရနှစ်ရပ်မှာ သဘောတရားအားဖြင့် ဆင်တူသယောင်ရှိသော်လည်း အနက်အဓိပ္ပာယ်အားဖြင့် လည်းကောင်း၊ လုပ်ထုံးလုပ်နည်းအားဖြင့် လည်းကောင်း မတူကွဲပြားသော သဘောကိုဆောင်နေပါသည်။ အမျိုးသားစည်းလုံးညီညွတ်မှုမှာ ပြည်ထောင်စုသားအားလုံးသွေးမကွဲဘဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်းဖြင့် ပဋိပက္ခများကင်းပ၊ အများပြည်သူဘဝအေးမြသာယာမှုကို ရည်ညွှန်းသောစကားဖြစ်ပါသည်။ အမျိုးသားစုစည်းမှုကား ညီညွတ်ငြိမ်းချမ်းစွာသွေးအေးနေကြခြင်းထက် အဓိပ္ပာယ်ပိုသည်။ သွေးဆူခြင်းမဟုတ်သော သွေးပူခြင်းသဘော၊ လှုပ်ရှားသက်ဝင်နေသော သဘောကိုဆောင်ပါ၏။ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုး တက်ရေးအတွက် နိုင်ငံသားတိုင်းသည် ညီညာဖျဖျ လုံ့လဥဿဟကိုယ်စီဖြင့် ပူးပေါင်းပါဝင်လုပ်ဆောင်စေခြင်းနှင့် ယင်းကို ထက်မြက်မှန်ကန်စွာ ဦးဆောင်မှု ပေးခြင်းဟူသည့် ထူးခြားသော အဓိပ္ပာယ်အနှစ်သာရဖြစ်ပါ၏။ အမျိုးသားစုစည်းမှုအဖြစ် ဦးဆောင်မှုကောင်းပေးနိုင်သူမှာ ဖခင်ဗိုလ်ချုပ်ကိုသာခေ တင်နိုင်ပါသည်။ ဂျပန်တွင်မေဂျီခေတ်နှင့် တောင်ကိုရီးယားတွင် ၁၉၆၀ပြည့် လွန်နှစ်စသည်တို့မှ လူထုနှင့်ခေါင်းဆောင်များအဖြစ် မြင်တွေ့ကြရပါမည်။

မည်သည့်နိုင်ငံ၏ မည်သည့်ခေတ်တွင်မဆို ဂဃနဏလေ့လာကြည့်လိုက်ပါ။ တွေ့လာရသည်မှာကား "Country's development starts not with matter, but with man."(နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုသည် သက်မဲ့ရုပ်ဝတ္ထုပစ္စည်းများဖြင့်စတင်ခြင်းမဟုတ်ဘဲ လူများဖြင့်စတင်သည်။)ဟူ၍ဖြစ်ပါ၏။ ယင်းကိုပညာရပ်ဆန်ဆန်ပြောရလျှင် "လူသားဖွံ့ဖြိုးတိုးတက်မှုအတွက်မူ သူ၏ဘဝအရှိတရားထက် သူ၏ဘဝအသိတရားကပို၍ ပဓာနကျပေသည်။ "ကျွန်တော်တို့မြန်မာမှုတွင် ရှေးကဆိုရိုးတစ်ခုရှိခဲ့ပါ၏။ "မရှိတာထက် မသိတာခက်၏။ မသိ တာထက် မသိချင်တာပို၍ခက်၏"ဟုဖြစ်ပါသည်။ ယခုကာလများတွင်တော့ ထိုဆိုရိုးစကားမသိမသာပြောင်း လဲသွားပေပြီ။ "မရှိတာထက် မသိတာခက်၏၊ မသိတာထက် သိသည်ထင်နေခြင်းကပို၍ခက်ပါ၏"ဟူ၍တည်း။ ကျွန်တော်တို့ဝန်းကျင်တွင်"မရှိ"သည့်လူများထက် "ရှိရှိမရှိရှိ (ကိုယ့်ကိုယ်ကိုယ်)"သိလှပြီထင်"နေသူတို့က ပို၍များပါ၏။ သိသင့်သိထိုက်သည့် သိစရာများကို စဉ်ဆက်မပြတ်ဆည်းပူးလေ့လာသင်ယူတတ်မြောက်ခဲ့ခြင်း မဟုတ်ပါဘဲ သူလိုကိုယ်လိုလူချင်းမှရလာသော သတင်းစကားမျှကိုသာ ကြားသိနားဝင်အားလုံးအမှန်ထင်ကာ အားလုံးသိနေသယောင်ဖြစ်နေကြသူတို့က လူတိုင်းနီးပါးပင်။ ထိုအထဲတွင် အမတ်ကြီး၊ ဝန်ကြီးများ၊ ဆရာဝန်ကြီးများ၊ အင်ဂျင်နီယာကြီးများ၊ ဗိုလ်တကာ့ဗိုလ်ကြီးများမှစကာ အယ်ဒီမတာ့တတာကြီးများနှင့် ပညာမတတ်၊ တတတ်၊ ပညာမရှိ တရှိ ပညာမရှင့် တရှင်ကြီးများပါ ပါဝင်နေကြသည်မို့ နိုင်ငံတော်ကြီးရတက် မီးပွားစုံစေ့စွာ အခက်ကြီးများကြုံနေရရှာသည်က လက်တွေ့ပင်။ ကျွန်တော်တို့ဆီတွင် မည်သည့်ပညာမျှ ထဲထဲဝင်ဝင် ကုန်စင်အောင် လေ့လာဆည်းပူးမှု ပြုမထားသူတို့က ဓားမိုးစိုးအုပ်ဗိုလ်လုပ်ကာ (ပြည်သူလူထု) ကို အနိုင်ကျင့်ခဲ့ကြ၏။ ထိုဒဏ်ကိုမခံနိုင်သည့်အဆုံး ပြည်သူတစ်ရပ်လုံးစည်းလုံးညီညွတ်စွာဖြင့် တုံ့ပြန်တော်လှန်ကာ ဖယ်ရှားခဲ့ကြ၏။ ထိုမှတစ်ဖန် အောင်ပွဲခံသူတို့က (ယခုအခါတွင်) ကျွန်တော်တို့ကို(ဓားမမိုးပေမယ့်)စိုးမိုးအုပ်ချုပ်ကြီးစိုးခဲ့ကြပြန်ပါ၏။ ဤသည်မှာလည်း ယင်းသူတို့တွင် သဘောပညာအဆံပါမလာခြင်းကြောင့်ဟူသည်သာ အထင်ရှား။ ထို့ကြောင့်ပင် ဟိုစဉ်ကနှယ် တိုင်းပြည်ဝယ်ဖွံ့ဖြိုးတိုးတက်မလာနိုင်ခဲ့သေးသည်သာဖြစ်ပါ၏။ အနောက်မှလူတစ်ဦးက ကျွန်တော့်ကိုစကားတင်းဆိုပါသည်။ "You are sitting on a potential gold mine and going hungry." (သင်တို့သည် အလားအလာကောင်းသောရွှေတွင်းကြီးပေါ်ထိုင်ပြီး ထမင်းငတ်နေသူများဖြစ်သည်)ဟူပါ၏။

ပြန်ပြောင်းအောက်မေ့ရသည်ရှိသော် ကျွန်တော်တို့တွေသည် သမိုင်းတစ်လျှောက်၌ အကြိမ်ကြိမ်စည်းလုံးညီညွတ်ခဲ့ကြပါ၏။ ခေါင်းဆောင်ကောင်းနှင့်လည်းဆုံခဲ့ရပါ၏။ သို့ပါလျက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုမရှိခဲ့ကြ။ လိုအပ်သည့်အခါတိုင်း စည်းလုံးညီညွတ်မှုရှိခဲ့ကြသော်လည်း စုစည်းမှုမရှိခဲ့ခြင်းကြောင့် ဤသို့ဖြစ်ကြရလေသည်။ စင်စစ်တွင် နိုင်ငံတော်အာဏာလွှမ်းခြုံပျံ့နှံ့ခြင်း၊ ဗဟိုအစိုးရ၏ ဦးဆောင်မှုထက်မြက်စူးရှခြင်း၊ ဗဟိုအစိုးရအပေါ် ပြည်သူတို့၏ သစ္စာခံမှုအားကောင်းခြင်းစသည့်အကြောင်းသုံးရပ်ဖြင့်သာ တစ်မျိုးသားလုံး၏စုစည်းမှုကို သိပ်သည်းကျစ်လျစ်စွာတည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ယင်းတို့ဖြစ်ရန်မှာ အစိုးရနှင့်ပြည် သူအပြန်အလှန်နားလည်မှုနှင့် အပြန်အလှန်အသိအမှတ်ပြုမှုဟူသော လမ်းကြောင်းဖြောင့်မှန်သည့် ဒီမိုကရေစီပီပြင်ဖို့လိုပါသည်။ ၂၀၁၅ခုနှစ် နိုဝင်ဘာလက "ပြောင်းလဲချိန်တန်ပြီ"စုစည်းမှုဖြင့် အမေစုနှင့် ပြည်သူတို့ အပြန်အလှန်နားလည်ခဲ့ကြ၊ အပြန်အလှန်အသိအမှတ်ပြုခဲ့ကြပြီးဖြစ်ပါ၏။ သို့သော် ယနေ့တွင်ကား မုန်တိုင်းနှင့်လှိုင်းလေတို့ကြောင့် အရောင်လွင့်ပြယ်လုလုဖြစ်ကြရပြီလား။ နိုင်ငံတော်အာဏာကလည်း လွှမ်းခြုံပျံ့နှံ့မှုအားနည်း၊ ဗဟိုအစိုးရ၏ ဦးဆောင်မှုကလည်း ထက်မြက်စူးရှသည့်လုပ်ကွက် တယ်မပီပြင်။ ဗဟိုအစိုးရအပေါ် ပြည်သူကိုမဆိုထားဘိ ဝန်ကြီးကိုပင် ဝန်ထမ်းတို့က သစ္စာခံမှုချည့်နဲ့တရွတ်ဆွဲ၊ တစ်မျိုးသားလုံးကို အသာထားလျက် အစိုးရနှင့်လွှတ်တော်ပင် စုစည်းမှုမရှိသလောက်၊ ထိုမျှသာမကသေး ဖက်ဒရယ်ပြည်ထောင်စုဟူသော ခေါင်းစဉ်အောက်၌ နိုင်ငံတော်အပေါ် သစ္စာခံသည်ထက် ပြည်နယ်နှင့်လူမျိုးစုအလိုက်/အပေါ် သစ္စာခံယူလိုခြင်းက ပို၍အားသာနေသည့် ကြန်အင်လက္ခဏာများ လွန်ကဲနေခြင်းဖြစ်ပါ၏။ ခေါင်းဆောင်အချင်းချင်းလည်းကောင်း၊ ခေါင်းဆောင်နှင့် ပြည်သူအကြား၌လည်းကောင်း၊ ပြည်သူချင်းအကြားတွင်လည်းကောင်း အပြန်အလှန်နားလည်မှုနှင့် အသိအမှတ်ပြုမှုတို့ကလည်း အပေါ်ယံသာဖြစ်နေကြပြန်ပါသည်။ နိုင်ငံတော်ကြီးတွင် စိတ်ပိုင်းဆိုင်ရာ စုစည်းမှု(Emotional Integraton)ပျက်ယွင်းနေသည်ဟု ဆိုချင်မိပါ၏။

လွန်ခဲ့သည့် ပထမလွှတ်တော်သက်တမ်းကာလက ဦးသိန်းစိန်၏စကားတစ်ခွန်း လွန်စွာခေတ်စားခဲ့ဖူးပါသည်။ "Mindset"ဟူသောစကားဖြစ်ပါ၏။ ထိုစကားကို မည်သူဖန်တီးပေးလိုက်သည်မသိပါ။ နိုင်ငံရေးစကားဝိုင်းနယ်ပယ်တွင်မျှမက စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည်ဖြင့် နယ်ပယ်အသီးသီးတွင်ပါထိုစကားတွင်ကျယ်ခဲ့ပါ၏။ မြန်မာမှုမပြုဘဲ ထိုအတိုင်းပင် တိုက်ရိုက်ကြီးသုံးစွဲခဲ့ပေရာ လူတိုင်းပင်သိနားလည်နေသည့်အသုံးအနှုန်းသဖွယ် လေ့နေလေ့အောင်း မြင်းဇောင်းပင်မကျန်ခဲ့ပါ။ ကျွန်တော်ကတော့သိသလိုလို မသိသလိုလိုဖြစ်နေသော ထိုစကား၏မြန်မာမှုကို ကြုံတိုင်းစဉ်းစားမိ၏။ "စိတ်နေစိတ်ထား"ကိုညွှန်းလေ သလား၊ မဟုတ်ပါ။ ထိုစကားဖြစ်လျှင် "Attitude" ရှိနေပြီးသား။ "အစွဲအလမ်း"ဟုဆိုလျှင်ကော မဖြစ်နိုင်။ "Bia" ဖြစ်သွားမည်။ တစ်နေ့သော် ဖျတ်ခနဲပေါ်လာပါ၏။ "စိတ်စွဲယူဆမှု"။ စာစကားတော့ဆန်၏။ ကျွန် တော့်စိတ်ထဲတွင် အတော်ပင်ရှင်းခနဲ လင်းခနဲဖြစ်သွားသည်။ ဟုတ်ပါပြီ။ ကျွန်တော်တို့တွေ အတိတ်ကလက်ခံကျင့်သုံးသိမ်းပိုက်ထားခဲ့သော "စိတ်စွဲယူဆမှု"များကို ဆက်လက်ဖက်တွယ်ထားရန်မသင့်တော့။ ဖယ်ရှားပြောင်းလဲပစ်ရမည်။ အတိတ်က "နိုင်ငံရေးသမားစိတ်စွဲယူဆမှု"များအစား ယနေ့ "နိုင်ငံပြုသမားစိတ်စွဲယူဆချက်"များအဖြစ် ပြောင်းလဲဖော်ထုတ်ရမည့်အချိန်အခါဖြစ်နေပါပြီ။ ရှင်းစွာဆိုရသော် နိုင်ငံရေးသမားစိတ်စွဲ အမြင်များ(ဘာဝါဒီ၊ ညာဝါဒီ စသည်တို့)ကိုပယ်ဖျောက်၍ နိုင်ငံပြုသမားစိတ်စွဲအမြင်များဖြင့် အစားထိုးကြရ/နိုင်ရပေမည်။ သို့မှသာ နိုင်ငံရေးသမားတစ်ဖြစ်လဲ နိုင်ငံပြုသမားတစ်ဦးဖြစ်လာနိုင်ပါမည်။ (ကိုယ့်ကိုယ်ကိုယ်) သိလွန်းလှပြီ ထင်နေကြသောလူများစွာကား(သူတို့ပိုင်)"Mindset"များကမူ ယခင်အတိုင်း မပြောင်းမလဲရှိနေဆဲသာ။ ကျွန်တော်ကဘေးမှရပ်ကြည့်နေသူမို့ ထိုအဖြစ်များကို မြင်သိနေပါ၏။ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လက်တွဲစုစည်းခြင်းသို့ ဦးမတည်ဘဲ ဖယ်ရှားရှင်းထုတ်ခြင်းနှင့် ဖြိုခွဲချေမှုန်းခြင်းတူရှုသို့သာ တွေး၊ ပြော၊ လုပ်ဆောင်နေကြသည်က အထင်းသား။

နိုင်ငံပြုသမားတစ်ဦးဖြစ်လာရန် ဖခင်ဗိုလ်ချုပ်ချမှတ်ခဲ့သည့် ပင်လုံစိတ်ဓာတ်ပျိုးထောင်ယူရန် လိုအပ်ပါ၏။ ပင်လုံစိတ်ဓာတ်ဟူသည်မှာ အခက်အခဲများကြုံကြရသော်လည်း နှစ်ပေါင်းများစွာ ပေါင်းစည်းလက်တွဲ နေထိုင်ခဲ့ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများကြားတွင် ပိုမိုစည်းလုံး၊ ညီညွတ်ကျစ်လျစ်ခိုင်မာစေရန် မိမိတို့၏သဘောဆန္ဒအလျောက် ထပ်မံပေါင်းစည်းနေထိုင်လိုမှု သဘောတူညီချက် (Agreement Holding Together) စိတ်ဓာတ်ဖြစ်ပါသည်။ ဤကားအမျိုးသားစည်းလုံးညီညွတ်မှုတည်း။ အမျိုးသားစုစည်းမှုကိုတော့ အမေစု၏စကားက ထင်ရှားစေပါ၏။ "ကျွန်မတို့အားလုံး လက်တွဲပူးပေါင်းပြီးတော့ ရှိနေတဲ့အခက်အခဲတွေကို ဘယ်လိုကျော်လွှားနိုင်မယ်ဆိုတာကို ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းကြဖို့၊ ဒီလိုဆွေးနွေးကြညှိနှိုင်းကြရာမှာ နှလုံးသားတင်မက ဦးနှောက်ကိုပါဖွင့်ထားကြဖို့ အရေးကြီးပါတယ်။ ကျွန်မတို့တာဝန်ခံကြရတဲ့ ကျွန်မတို့ မျက်နှာမူကြရမယ့် ကျွန်မတို့ရဲ့ပြည်သူတွေကို မျက်မှောက်ပြုပြီး ကျွန်မတို့အားလုံးသတ္တိရှိကြဖို့ အလေးအနက် တိုက်တွန်းလိုပါတယ်" (စုစည်းမှုပြုရာ၌) နှလုံးသားနှင့်ဦးနှောက်အပြင်သတ္တိပါလိုကြောင်း၊ ညှိနှိုင်းတယ်ဆိုတာ အရှုံးပေးတာ၊ အလျှော့ပေးတာမဟုတ်ကြောင်း၊ ကိုယ့်လုပ်ဆောင်ချက် ကိုယ်ယုံကြည်တယ်ဆိုရင် သတ္တိရှိရှိ ညှိနှိုင်းဖို့လိုကြောင်းတို့ကိုပါ အမေစုက နှိုးဆော်ထားပါ၏။ အလေးအနက်မှတ်သားထိုက်သည့် ယတိပြတ်ဆုံးဖြတ် ချက်(Categorical Imperative)များဖြစ်ပါသည်။ အလွန်အရေးကြီးနေပြီဖြစ်သော အမျိုးသားစည်းလုံး ညီညွတ်မှုအတွက် ခေါင်းဆောင်တိုင်းအနေဖြင့် အမေစု၏ အယူအဆ၊ ယုံကြည်ချက်နှင့် သတ္တိမျိုးများအပြည့်အဝရှိကြစေချင်ပါသည်။ အမေစုကဲ့သို့ ကိုယ်ကျိုးမဖက် သက်သက်သောရိုးသားမှုဖြင့် အမျိုးသားစည်းလုံးညီညွတ်မှုကို အမြန်ဆုံးတည်ဆောက်ရင်း အမျိုးသားစုစည်းမှုကို ဆောလျင်အရေးကြီးစွာ တစ်ပါတည်း ဆောင်ရွက်ပေးကြပါရန် လေးစားစွာတိုက်တွန်းလိုက်ရပါသည်ခင်ဗျာ။

◆ခိုင်မာကျော်(ဒဿန)◆

ကဗျာဆရာနှင့် သူ့ကဗျာတို့ဆက်ဆံရေး

- ဒီကဗျာကို နေပူကြီး အောက်မှာရေးလိုက်လို့
  ငါ့ကဗျာချစ်ချစ်တောက်ပူသွားတယ်။
- ဒါနဲ့
  ဒီကဗျာကို အရိပ်တစ်ခုအောက် သွားရေးလိုက်တော့
  ငါ့ကဗျာအရိပ်တစ်ခုကလွှမ်းမိုးသွားတယ်။
- ဒါနဲ့
  ဒီကဗျာကို
  ပန်းခြံထဲဝင်ပြီး လွတ်လပ်ရေးကျောက်တိုင်ဘေးမှာထိုင်ရေးတယ်။
- ငါ့ကဗျာဟာ
  ကျောက်ထီးတန်ရှူ
  နိုင်ငံ့လွတ်လပ်ရေးလို ပမာပြုနိုင်လောက်အောင်
  ခိုင်မာလေးနက်လာမယ်လို့ ထင်ခဲ့တယ်။
- အလို… ကျောက်တိုင်ကြီးကိုသေချာကြည့်
  ချေးတွေ သွေးတွေ အများကြီး စီးဆင်းနေတယ်
  သူ့ရဲကောင်းစိတ်ဓာတ်တွေ ဖူးပွင့်နေတယ်။
  ငါ့ကဗျာကိုသေချာကြည့်
  ငန်ကျိုကျိုအရေပြားတွေပဲရှိတယ်
  ခါးသက်သက်ရေမွှေးပုလင်းတွေပဲရှိတယ်။
  သူ့ရဲဘောကြောင်တဲ့ ကြက်ဆူပင်တွေပဲ တောထနေတယ်။
- ဒါနဲ့ပဲ
  ဒီကဗျာကို ပြန်ရုပ်သိမ်း
  လွတ်လပ်ရေးကျောက်တိုင်ဘေးကခွာ
  ပန်းခြံထဲက ပြန်ထွက်ခဲ့ပါတယ်။
- တစ်ခါတစ်ခါ
  ငါ့ကဗျာက
  ငါ့ကို နားရင်းပြန်အုပ်တာခံလိုက်ရသလိုမျိုး
  ပိုးစိုးပက်စက်ဆဲရေးတိုင်းထွာတာကို ခံလိုက်ရသလိုမျိုး
  (ငါ့မှာတော့…)
  ရိုးတိုးရှန့်တန့်နဲ့ သိမ်ငယ်လို့မဆုံးခဲ့ဘူး။

နွေသင်နိုင်

www.free4readrs.com

ကမ္ဘာ့အတုမရှိ မဟာမုနိ ရုပ်ရှင်တော် ရေတော်ဝတ်

Sacred Water Services For World-Incomparable Maha Muni Buddha Image

တင်ထွန်း(မန္တလေး)

ယပ်တော်သွင်းခြင်း

"ဓညဝတီ၊သိင်္ဂီပြည်သာ၊ တည်ထုံလှာ၍၊ဆက်ကာလူ့ထိပ်၊ နှစ်ကိုပ်ရှစ်ယောက်၊ မင်းများနောက်တွင်၊ လက်အောက်အာဏာ၊ စကြာနန္တ၊ နေလမတူ၊ မဟူမြတ်မော၊ ဉာဏ်ရောင်ပြောလျက်၊ ရှင်စောဂေါတမ၊ ပွင့်လတ်ထသည်၊ ဘဝသုံးထိပ်ဦး တည့်လေ. . . .

အမည် သူရိယ၊ စန္ဒရာဇာ၊ မင်းသဒ္ဓါလျှင်၊ ထိုခါစိုးခိုက်၊ ရှင်တော်ကြိုက်၍၊ ရိုက်ရိုက်သဲပိမ့်၊ အူသိမ့်ထက်ဝှန်၊ ပီတိမွန်မျှ၊ တောင်းပန်သောအခါ၊ မဟာမုနိ၊ ရှိသည်ယခု၊ ဆင်းရုပ်တုကို၊ ဝိသုကမ္မ၊ သိကြားမ၍၊ ပဥ္စလောဟာ၊ ရတနာဖြင့်၊ သွန်းကာမဖြစ်၊ ခုနစ်လက်ခွဲ့၊ ကိုယ်ငွေ့တော်ယူ၊ တည်တော်မူမှ၊ ဘုန်းတူတုန်းရှည်၊ ညီနှယ်ဘုရား၊ကိုယ်တော်စားဟု၊ထားခဲ့သောအား၊ သုံးပါးနတ်လူ၊ ကိုးရာမူသည်၊အယူရှိညွတ်နူး တည့်လေး++

(အဒူ မင်းညို (၁၄၃၁-၆၃ ခန့်)၊ 'ရခိုင်မင်းသမီး ချေင်း'၊)

ရခိုင်သမိုင်းမှတ်တမ်းများနှင့် အာနန္ဒစန္ဒြမင်း ကျောက်စာအရ ဓညဝတီခေတ်သုံးခေတ် (၃၃၂၅ ဘီစီ-အေဒီ ၃၂၆)၊ နှစ်ပေါင်း ၃၆၅၁၊ မင်းပေါင်း ၁၁၀ ဟူ၍လည်းကောင်း၊ ဝေသာလီခေတ် သုံးခေတ် (၅၁၀ ဘီစီ-အေဒီ ၇၂၀)၊ နှစ်ပေါင်း ၁၂၃၀၊ မင်းပေါင်း ၃၆ ဟူ၍လည်းကောင်း၊ ပဥ္စာခေတ် (၈၁၈-၁၁၀၃)၊ နှစ်ပေါင်း ၂၈၅၊ မင်းပေါင်း ၁၅ ဟူ၍လည်းကောင်း၊ ပုရိန်ခေတ် နှစ်ခေတ် (၁၁၀၃-၁၁၆၀)၊ နှစ်ပေါင်း ၅၇၊ မင်းပေါင်း ၁၂ ဟူ၍ လည်းကောင်း၊ နေရဥ္စရာခေတ် (၁၁၆၀-၁၂၅၀)၊ နှစ်ပေါင်း ၉၀၊ မင်းပေါင်း ၁၆ ဟူ၍ လည်းကောင်း၊ လောင်းကြက်ခေတ် (၁၂၅၀-၁၄၀၆)၊ နှစ်ပေါင်း ၁၅၆၊ မင်းပေါင်း ၁၈ ဟူ၍လည်းကောင်း၊ မြောက်ဦးခေတ် သုံးခေတ် (၁၄၃၀-၁၇၈၄)၊ နှစ်ပေါင်း ၃၅၄၊ မင်းပေါင်း ၄၈ ဟူ၍လည်းကောင်း သိရှိရပါသည်၊

မြောက်ဦးခေတ်

ခေတ်	ခရစ်နှစ်	မြို့သက်	မင်း
ပထမမြောက်ဦးခေတ်	၁၄၃၀-၁၅၃၁	၁၀၁နှစ်	၁၂ပါး
ဒုတိယမြောက်ဦးခေတ်	၁၅၃၁-၁၆၃၈	၁၀၇နှစ်	၉ပါး
တတိယမြောက်ဦးခေတ်	၁၉၃၈-၁၇၈၄	၁၄၆နှစ်	၂၇ပါး
မြောက်ဦးခေတ် သုံးခတ် စုစုပေါင်း		၃၅၄နှစ်	၄၈ပါး

ဓညဝတီခေတ်

ခေတ်	ခရစ်နှစ်	မြို့သက်	မင်း
ပထမဓညဝတီခေတ်	၃၃၂၅ဘီစီ-၁၅၀၇ဘီစီ	၁၈၁၈နှစ်	၅၇ပါး
ဒုတိယဓညဝတီခေတ်	၁၅၀၇ဘီစီ- ၅၈၀ဘီစီ	၉၂၇နှစ်	၂၈ပါး
တတိယဓညဝတီခေတ်	၅၈၀ဘီစီ-အေဒီ၃၂၆	၉၀၆နှစ်	၂၅ပါး
ဓညဝတီခေတ်သုံးခေတ်-စုစုပေါင်း		၃၆၅၁နှစ်	၁၁၀ပါး

မျက်နှာတော်သစ်အခမ်းအနား

ရွှေငွေကို ရွှေပန်းတောင်းတွင် ထည့်၍ ဆင်ဖြူတော်ပေါ်တွင် ထီးဖြူအုပ်လျက် သီရိဂုတ်တောင်ကုန်းသို့ ယူဆောင်သည်၊

ဘုရားရုပ်တုတော်ကို ၅၆၇ ဘီစီမေယလပြည့်ဗုဒ္ဓဟူးနေ့ ညနေတွင် စတင်သွန်းလုပ်သည်၊ နံနက်ခင်း တွင် ဆင်းတုသွန်းလုပ်ပြီးစီးခါနီးမှ ဦးခေါင်းတော်မှာ မစေ့၊ မစပ်ဘဲ ဖြစ်နေသောကြောင့် မြတ်စွာဘုရားကို လျှောက်ထားသည်၊

"ဝေ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မော အစိန္တိယာ၊

အစိန္တိယေ၊ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော"

မြတ်စွာဘုရား၏ တန်ခိုးတော်ကိုချိုးမွမ်းရန်ကြံစည်ခြင်းဌာ မတတ်နိုင်ရာဟု ဟောကြားပြီး၊ ဘုရားရှင်၏ ရင်ငွေ့တော် ခုနစ်လက်ခုပ်ကို ထည့်သွင်းတော်မူသည်၊၅၆၇ ဘီစီမေယ လပြည့်ကျော်၁ ရက် ကြာသပတေးနေ့ နံနက်တွင်း ရုပ်တုတော် အောင်မြင်ပြီးမြောက်သည်၊

"ညီတော် မဟာမုနိ"

ညီတော် မဟာမုနိသည် ရှိသေမြတ်နိုးမှုဖြင့် မြတ်စွာဘုရားနောက်သို့လိုက်ရန်ပြင်သည်၊

"ညီတော်ညီ၊မလိုက်ပါနဲ့"

ဟု မြတ်စွာဘုရားက မှာကြားသည်၊ တုဏှိဘာဝေ ဆိတ်ဆိတ်နေရန်၊ နောင် ကမ္ဘဝိပါက်တော်ကိုလည်း ခံယူရန်ဆုံးမသည်ဟုဆိုသည်၊

"ငါ့ညီတော် ရက္ခိုင်ဘုရား၊ မဟာမုနိကို အလှူပေးသောသူတို့သည် ဖြစ်လေရာဘဝ၌ စည်းစိမ်ချမ်းသာနှင့် မင်းကြီးဖြစ်၍၊ ခံစားခြင်းပြည့်စုံ၍၊ တောင်းသော ဆုပတ္တနာ အတိုင်းလည်း ဖြစ်လေကုန်ရာ၏"

ဟူ၍ မြတ်စွာဘုရားက မှာကြားခဲ့ဟန် ၁၇၈၆ ခုနှစ် သမိုင်းပေစာတစ်ခု၌ တွေ့ရသည်၊

မဟာမုနိ ကိန်းဝပ်စေရန် သီရိဂုတ်တောင်ကုန်းပေါ်တွင် သိမ်တော်ကို သရက္ခန် (စန္ဒကူး)သားဖြင့် ဇေတဝန်ဆောင်ပုံ ဆောက်လုပ်ထားသည်၊ မြတ်စွာဘုရား သီတင်းသုံးရန် ဓညဝတီ ရွှေနန်းတော်တောင်ဘက်တွင် ဝေဠုဝန်ကျောင်းတည်သည်၊ ခုနစ်ရက်ပတ်လုံး မြတ်စွာဘုရားသည် စန္ဒသူရိယမင်းကြီး၏ နန်းတော်တွင် 'ဝေနေယျ သတ္တဝါတို့ လူ၏ ဘဝကိုရခဲကြောင်း၊ ဘုရားသာသနာတော်ကို ကြုံကြိုက်သော်လည်း ဘုရားတရားတော်ကို ကြားနာရခဲကြောင်း၊ ဘုရားတရားတော်ကို နာကြားပြီးနောက် နှလုံးသွင်း ကြိုးစား အားထုတ်စေလိုကြောင်း' ဟောကြားတော်မူသည်၊ ခုနစ်ရက်ပြီးနောက်၊ မြတ်စွာဘုရားသည် သက်ရှိထင်ရှား မြတ်ဘုရားကဲ့သို့ ကိုယ်စားတော် 'ညီတော်မဟာမုနိ'ကိုဗုဒ္ဓဘာသာဝင်တို့အတွက်ကိုးကွယ်ရန်ထားရစ်ကာဒေသစာရီ ဆက်လက်ကြွချီသည်၊

တတိယ ဓညဝတီခေတ်တွင် စန္ဒသူရိယမင်းကြီး (၅၈၀-၅၂၈ ဘီစီ) လက်ထက်မှ ဝေသာလီမင်းဆက်၊ ပဥ္စာအင်းဆက်၊ နေရာဥ္စရာမင်းဆက်၊ လောင်းကြက်မင်းဆက် အဆင့်ဆင့်ဖြတ်သန်းလျက် မြောက်ဦးခေတ် မဟာသမ္မတရာဇာ (၁၇၈၂-၁၇၈၄) တိုင်အောင် မူလနေရာတွင် စဉ်ဆက်မပြတ်တည်ရှိသည်၊

မဟာမုနိ ရုပ်ရှင်တော်မြတ် ပင့်ဆောင်ခြင်း

အမရပူရ မြို့တည် နန်းတည် ဗဒုံမင်းကြီး (၁၇၈၂-၁၈၁၉)၏ သားတော်အိမ်ရှေ့မင်းသည် ၁၇၈၅ ဇန်နဝါရီ ၂၀ တွင် ရခိုင် မြောက်ဦး မင်းနေပြည်တော်ကိုသိမ်းပိုက်သည်၊ မဟာမုနိ ရုပ်ရှင်တော်မြတ်ကို အမရပူရ နေပြည်တော်သို့ ပင့်ဆောင်ရန် ဗိုလ်မင်း သီရိကျော်ထင်ကို တာဝန်ပေးသည်၊

"ဓညဝတီမြို့ မြောက်အရပ်တွင် အစဉ်ထား၍ ကိုးကွယ်သော မဟာမုနိဘုရားရှင်သည် ပဥ္စလောဟာဆင်းတု၊ ထက်ဝယ်တော် ၆ တောင် ၁မိုက်၊ နေရာ ပန်းတင်(ခုံ)ကသည် ရောင်လျှံအထိ ၇တောင် ၂မိုက်ရှိ. . ." (မဟာမုနိရုပ်ရှင်တော်ပင့် ပေစာမှတ်တမ်း)

အထူးသဖြင့် မဟာမုနိ ရုပ်ရှင်တော်မြတ် သမိုင်းသည် ဓညဝတီ၊ မြောက်ဦး၊ အမရပူရနှင့် မန္တလေးစသည့် မင်းနေပြည်တော်များနှင့် ဆက်စပ်နေသည်၊ ဓညဝတီသည် ရခိုင်ပြည်နယ် မြောက်ဦးမြောက်ဘက် ၂၀ မိုင်၊ ကစ္ဆနဒီ မြစ်အရှေ့ဘက် ခြောက်မိုင်တွင်တည်ရှိသည်၊ ဓညဝတီနန်းတော်ရာမြောက်ဘက်တွင် ပေ ၃၀ ခန့် မြင့်သော သီရိဂုတ်တောင်ကုန်းရှိသည်၊ သီရိဂုတ်တောင်ကုန်း အနောက်ဘက် ငါးမိုင်တွင် သေလာဂီရိခေါ် ကျောက်တော်တောင်ရှိသည်၊ရခိုင်ပြည်နယ်ဓညဝတီ၊မြောက်ဦးနှင့် မြန်မာနိုင်ငံ အလယ်ပိုင်း အမရပူရ၊ မန္တလေး အကြား ၁၈ ရာစုနှစ် အကုန်ခန့်က ကုန်းကြောင်းရေကြောင်း နှစ်ရပ်ပေါင်း သုံးလ၊ လေးလခန့် ခရီးသွားရကြောင်းတွေ့ရှိရသည်၊

မြတ်စွာဘုရား ဓညဝတီသို့ ကြွရောက်ခြင်း

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ဂါယာမြို့အနီး နေရဥ္စရာမြစ်ကမ်းရှိ ဗောဓိညောင်ပင်အောက်တွင် သိဒ္ဓတ္ထဂေါတမသည် ၅၈၈ ဘီစီ မေ၊ ကဆုန်ပြည့်နေ့တွင် ဘုရားအဖြစ်သို့ရောက်သည်၊ (Ven.Dr. Ashin Nyanissara, D.litt, "The Great Occasion of the Buddha", 2005, page-7)

ရခိုင် ဓညဝတီပြည်ရှင် စန္ဒသူရိယမင်းကြီး (၅၈၀-၅၂၈ ဘီစီ) သည် တတိယဓညဝတီခေတ်ကိုစတင်သည်၊ စန္ဒသူရိယမင်းကြီးသည် မြတ်စွာဘုရားသခင်ကို ဖူးမြင်လိုလှသည်၊ နှမတော် ဥမ္မဒေဝီနှင့် မှူးမတ်တို့၏ အကြံပြုချက်အရ တံခွန် ၅၀၀၊ သပိတ် ၅၀၀ ၊ ပြာသဒ် ၅၀၀၊ ရွှေပေါက်ပေါက် စသည့်တို့ဖြင့် မြတ်စွာဘုရားကို ခုနှစ်ရက်တိုင်တိုင် ရည်မှန်းပူဇော်ပြီး၊ ကြွကရောက်တော်မူပါရန် ပင့်လျှောက်သည်၊

အိန္ဒိယနိုင်ငံဥတ္တရ ပရဒက်ရှ်ပြည်နယ် ဆာဟက် မာဟက် သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှ ဓညဝတီနေပြည်တော်သို့ ၅၆၇ ဘီစီ မေ၊ လပြည့်နေ့တွင် တစည့်သံယာ ငါးရာနှင့်အတူ ကြွရောက်လာသည်၊ ရှေးဦးစွာ သေလာဂီရိ ခေါ် ကျောက်တော်တောင်ထိပ်၌ ရပ်တန့်သည်၊ စန္ဒသူရိယမင်းကြီးနှင့် ပြည်သူအများ က ကြိုဆိုကာ ဓညဝတီ ရွှေနန်းတော်သို့ ပင့်ဆောင်၍ ဆွမ်းဘောဇဉ်တို့ဖြင့် ပူဇော်ပြီး တရားနာယူကြသည်၊ ကိုးကွယ်ရန် ရုပ်တုကိုယ်စားထားတော်မူပါရန် မင်းကြီးက မြတ်စွာဘုရားကို လျှောက်ထားတောင်းပန်သည်၊ ဘုရားရှင်က လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားအတွက် ခွင့်ပြုတော်မူသည်၊

စန္ဒသူရိယ မင်းကြီးသည် အလွန်ဝမ်းမြောက်စွာဖြင့် ရတနာကိုးပါးတို့ကို ကုဋေမျှ စုဝေးသည်၊ ဘုရားရှင်က လက်တော်ဖြင့် ခုနစ်ဆုပ်ကျုံးပြီး အပ်နှင်းသည်၊

"ငါ ဘုရား ကိုယ်တော်နဲ့ မယုတ်မလွန်၊ အတိုင်းအရှည် ပမာဏရှိသော ရုပ်တုတော်ကို ဤမျှလောက်သော ရတနာအစုဖြင့် ပြုလုပ်လျှင်ပြီးစေ"

အိမ်ရှေ့မင်း ကိုယ်တိုင် မဟာမုနိဘုရားကို ရိုသေစွာ ပူဇော်ကန်တော့ပြီးနောက်၊ သိမ်တော်မြောက်ဘက် ဈေးချောင်း ဒီကြောင်းကမ်းထိပ်သို့ လှည်းစွပ်ရထားဖြင့်လည်းကောင်း၊ ထို့နောက် အိမ်ရှေ့မင်းစီးရွှေလှေတော် တညင်းကြီးဖြင့်လည်းကောင်း ၁၇၈၅ ဇန်နဝါရီ ၂၂ တွင် မြောက်ဦးသို့ ပင့်ဆောင်သည်၊ ဒလက်-အမ်း-တန်လွဲ-ပတွင်-တောင်ကုတ် ရေကြောင်းဖြင့် ငါးစခန်းကို ဖေဖော်ဝါရီ ၅ထိ ရက်သတ္တနှစ်ပတ်ခန့်ကြာသည်၊

ရခိုင်ရိုးမကို ကျော်ဖြတ်လျက် တောင်ကုတ်-ဥယျာဉ်ပုလမ်း ကုန်းကြောင်းဖြင့် မဟာမုနိဘုရားကို ပင့်ဆောင်ရသည်၊ တောင်ကုတ်မှ ပန်းတောင်းဆိပ်ကမ်းထိတောင် ၁၃၈ လုံး၊ စခန်း ၅၄ကို နှစ်လကြာ ဖြတ်သန်းရသည်၊ ပန်းတောင်းဆိပ်ကမ်းမှ အမရပူရ ရွှေမြို့တော် တက်သေးအင်း ဖောင်တော်ဆိပ်သို့ ကရဝိတ် ရွှေဖောင်တော်နှစ်စီး တွဲဖြင့် တစ်လကြာရေကြောင်းဖြင့်ပင့်ဆောင်သည်၊ ၁၇၈၅ မေ ၇ တွင် ဆိုက်ရောက်သည်၊ မေ ၅ စစ်ကိုင်းတွင် ဖောင်တော်ဆိုက်စဉ် ဗဒုံမင်းကြီး လည်တော်တိုင်အောင် ရေသို့ဆင်း၍ ကြိုဆိုသည်၊

ဗဒုံမင်းကြီး ပလ္လင်၊ ဝန္ဒတုငိုအုတ်တိုက်၊ ကျွန်းပြာသာဒ် နှင့် ရွှေအလှူတော်

ပလ္လင်၊ အုတ်တိုက်နှင့် ကျွန်းပြာသာဒ်ကို ၁၇၈၅ ဇူလိုင် ၂ တွင် စတင်ဆောက်လုပ်သည်၊ တံတိုင်းသုံးထပ်၊ တောင်ဘက်တွင် ဦးဆေး-လက်ဆေးကန်၊ မြောက်ဘက်တွင် ခြေဆေးကန်ကို ၁၃×၁၇×၅ တာစီ ပြုလုပ်သည်၊ အောက်တိုဘာတွင် ပြာသာဒ်တော်ပြီးစီး၍ အတွင်းဂန္ဓကုဋီအုတ်တိုက်ထဲရှိ ပလ္လင်ပေါ်သို့ပင့်ဆောင်သည်၊ ၁၇၈၅ နိုဝင်ဘာ ၁၁ တွင် ရွှေဖလံ ၁၉ ပိဿာ၊ ရွှေ ၈ ပိဿာနှင့် ၆၀ ကျပ်သားကို ဆင်းတု မျက်နှာတော်ကို ချန်လှပ်၍ ထက်ဝယ်မှ လည်တော်တိုင်အောင် ရွှေပုစွန်ခွဲ မွမ်းမံရသည်၊

ပုဂံမင်း၏ ရွှေမကိုဋ်နှင့် ဒုယင်တော်အလှူ

အမရပူရပြည်ရှင် ပုဂံမင်း (၁၈၄၆-၅၂)သည် ဝတ်ဆင်တော်မူသော ရတနာမျိုးစုံစီခြယ်သည့် ရွှေမကိုဋ်နှင့် ရွှေဒုယင် တို့ကို ၁၈၅၂ ဇွန် ၂၅ တွင် မဟာမုနိရုပ်ရှင်တော်မြတ်ကို လှူဒါန်းသည်၊

၁၈၈၄ ခုနှစ် မီးလောင်မှု

မဟာမုနိ ရုပ်ရှင်တော်မြတ်ကို ရခိုင်ပြည် ဓညဝတီမြို့တော်မှ ပင့်ဆောင်လာခဲ့သော နှစ်တစ်ရာပြည့်နေ့တွင် မန္တလေးရတနာဘုမ္မိရပ် ငတိုးနေအိမ်က မီးစတင်လောင်ကျွမ်းရာ မဟာမုနိ ကျွန်းပြာသာဒ်တော် ပျက်စီးသည်၊ ဆင်းတုရှိ ရွှေမကိုဋ်၊ ဒုယင်၊ စလွယ်၊ နားပန်နှင့် ရွှေသင်္ကန်းတော်စသည့်တို့ အရည်ပျော် ကျသည်၊ စုစုပေါင်း ရွှေ ၅၄ ပိဿာခွဲ အရည်ပျော်ကျဆင်းသည်၊ ၁၈၈၄ ဧပြီ ၇ ဖြစ်သည်၊ မဟာမုနိ ရုပ်ရှင်တော်မှာ မျက်နှာတော် လက်လေးသစ်ခန့် ကွဲအက်သဖြင့် မျက်နှာတော် ရောင်လျှံတော် အသစ်ဖွင့်ရသည်၊ **ဆက်လက်ဖော်ပြပါမည်**

www.free4readrs.com

နေပြည်တော်သုံးပွင့်ဆိုင်ထိပ်သီးဆွေးနွေးပွဲ အောင်မြင်ခဲ့ပြီလား

မိုးမြင့်ဝင်း(နည်းပညာ)

နေပြည်တော်မှာ အောက်တိုဘာ ၁၅ရက်က စတင်လို့ ငြိမ်းချမ်းရေးအတွက် အင်အားစုကြီးသုံးခုရဲ့ ထိပ်သီးခေါင်းဆောင်ကြီးတွေ အလွတ်သဘောဆွေးနွေးကြတယ်ခင်ဗျာ။ လိုအပ်လို့လုပ်ရတဲ့ပွဲကြီးပါ။ Stake holders တွေ အစုံအညီတက်ကြပါတယ်။ အဆုံးအဖြတ်ပေးရမယ့် ခေါင်းဆောင်တွေ၊ ဥက္ကဋ္ဌတွေကိုယ်တိုင် တက်ကြတဲ့ပွဲပါ။ ပထမနေ့မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးရဲ့ ကိုယ်စား ကေအင်ယူက စောမူတူးဆေးဖိုးတို့က အဖွင့်အမှာစကားပြောကြတယ်။ အဲဒီအဖွင့်မိန့်ခွန်းတွေဟာ သက်ဆိုင်ရာအင်အားစုရဲ့ တရားဝင်သဘောထားမချရသေးတဲ့ အကြောင်းပြချက်နဲ့ စစ်တပ်ကတားနေတယ်။ တောင်ကြီးမှာ မလုပ်ရလို့ ဒေါ်စုညှိနှိုင်းပေးလို့ လင်းခေးမှာ လုပ်မယ်ဆိုတာလည်း မလုပ်ရသေးဘူး။ ၂၀၁၈ ခုနှစ်ဆန်းမှာ ၂၁ရာစုပင်လုံကိုမဖြစ် မနေလုပ်ကြတယ်။ နိုင်ငံရေးနဲ့ လုံခြုံရေးဘာသာရပ်ဆွေးနွေးဖို့ အဆင့်သင့်မဖြစ်လို့ နောက်ထပ်ညီလာခံတွေ ကိုလွှဲခဲ့ရတယ်။ နိုင်ငံရေးကိစ္စမပါတော့ မြေနဲ့သယံဇာတ၊ စီးပွားရေး၊ လူမှုရေးဘာသာရပ်တွေ ဆွေးနွေးလို့ မရဘဲတစ်ဆို့ကုန်တယ်။ National Accords (၁၄) ချက်ပဲရတယ်။ အရင်က (၃၇) ချက်နဲ့ပေါင်းရင် (၅၁) ချက်ပဲ မှတ်တမ်းတင်နိုင်တယ်။ အဖွင့်မိန့်ခွန်းမှာ ပြည်ခိုင်ဖြိုးဥက္ကဋ္ဌဦးသန်းဌေးက ညီလာခံကိုအလျင်အမြန်ပြီးအောင် အလျင်စလိုမလုပ်ကြဖို့ မှာကြားခဲ့တယ်။

အမှန်တွေဖြစ်လို့ စာနယ်ဇင်းတွေမှာ ထုတ်ပြန်ခဲ့ပါတယ်။

အခမ်းအနားအပြီးမှာ နေ့လယ်စာ မသုံးဆောင်မီ ဒီပုဂ္ဂိုလ်သုံးဦးသီးခြားတွေ့ဆုံကြတဲ့ပုံလည်း သတင်းစာမှာဖော်ပြခဲ့တယ်။ ဘယ်အကြောင်းတွေပြောကြသလဲတော့ မသိရပါဘူး။ Informal အာလာပသလ္လာပ အဆင့်ထက်ပိုပုံမရပါဘူး။ ၂၁ရာစုပင်လုံမှာ တစ်ဆို့နေတဲ့ကိစ္စတွေပြေပျောက်စေခြင်းငှာ အခုလိုထိပ်သီးဆွေးနွေးပွဲကို စီစဉ်ရတာပါ။ ဒီမှာကြေလည်ရင် နိုဝင်ဘာလမှာ ကျင်းပနိုင်ဖွယ်ရှိတဲ့ ၂၁ရာစုပင်လုံ စတုတ္ထအကြိမ်ညီလာခံမှာ တစ်ဆို့မှုတွေလျော့ပါးသွားမှာကို မျှော်မှန်းပြီး လုပ်ရတာပါ။

၂၁ ရာစုပင်လုံ သုံးကြိမ်လုပ်ခဲ့ပြီ

သမ္မတဦးသိန်းစိန်လက်ထက် ၂၀၁၅ခု နိုဝင်ဘာလ မဲရုံးနေမှန်း သိပေမယ့် NCA စာချုပ်အရ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို သတ်မှတ်ရက်မှာ မဖြစ်မနေ တစ်ကြိမ်လုပ်ခဲ့ပါတယ်။ အဆင်မပြေကြပါဘူး။ လိုအင်ဆန္ဒတွေများနေတယ်။ အပစ်ရပ်ရှစ်ဖွဲ့နဲ့ လုပ်ခဲ့တာပါ။ မှတ်စုမှတ်တမ်းစာအုပ်မထုတ်ဝေနိုင်ပါဘူး။ အလွတ်သဘောနေ့စဉ်သတင်းစာက ညီလာခံသတင်းအတိုအထွာတွေရခဲ့ပါတယ်။ အခြေအနေမကောင်းပါဘူး။ တိုင်းရင်းသားအရေးဆွေးနွေးရင် ထိခနဲဆိုကွဲကြတာ မြန်မာပြည်ရဲ့ထုံးစံပါ။ သခင်နုခေတ်၊ ဗိုလ်နေဝင်းခေတ်ကလည်း မအောင်မြင်ခဲ့ပါ။

(၁) ဒေါ်အောင်ဆန်းစုကြည်လက်ထက် ၂၀၁၆ ဩဂုတ်လအတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အသစ်ပြန်လုပ်တယ်။ MPC ကို NRPC ပြန်ဖွဲ့တယ်။ ညီလာခံနာမည်ကို ၂၁ရာစုပင်လုံဆိုပြီး အမည်သစ်လည်း ပေးလိုက်သေးတယ်။ ပထမအကြိမ်ညီလာခံကို All inclusive ဖြစ်အောင် လက်မှတ်မထိုးတဲ့အဖွဲ့တွေပါတက် စေတယ်။ KIO/KIAဦးအင်ဘန်လတို့တောင် အဖွင့်မိန့်ခွန်းပြောရသေးတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းတို့ NLD နာယကသူရဦးတင်ဦးတို့ အဖွင့်မိန့်ခွန်းပြောကြတယ်။ UWSA 'ဝ'အဖွဲ့က တစ်ညတာပဲ အိပ်စက်လို့ပြန်သွားကြတယ်။ အင်အားစုအားလုံးရဲ့သဘောထားအမြင် (၇၂)ချက်ကို တင်ပြနိုင်တယ်။ တိုင်းရင်းသားလက်နက်ကိုင်တွေ မိုင်ဂျာယန်ဆွေးနွေးပွဲဆုံးဖြတ်ချက်တွေကို အပိုင်းလိုက်ခွဲပြီး တင်ပြကြတယ်။ ၇၂ ချက်ဘောင်ဝင်သွားတယ်။

(၂) ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၀၁၇ ဖေဖော်ဝါရီမှာကျင်းပတယ်။ တရုတ်ပြည်ရဲ့စီစဉ်ပေးမှုနဲ့ မြောက်ပိုင်းမဟာမိတ်တွေ စင်းလုံးငှားလေယာဉ်နဲ့ ရောက်လာကြပြီး NCA စာချုပ်အပြင်ဘက်က ဆွေးနွေးမယ့်စီမံချက်ကို အစိုးရထံပေးသွားကြတယ်။ ပွင့်လင်းမြင်သာစွာ ဘာသာရပ်ငါးရပ်ကိုဆွေး နွေးကြတယ်။ (၁) နိုင်ငံရေး၊ (၂) စီးပွားရေး၊ (၃) လူမှုရေး၊ (၄) မြေနှင့်သယံဇာတ၊ (၅) လုံခြုံရေးအရ သဘောတူညီချက် (၃၇)ချက်ရလို့ ပြည်ထောင်စုသဘောတူညီချက် National Accords မှာ ထည့်သွင်းစာချုပ်ချုပ်ကြတယ်။ ဒါကို လွှတ်တော်တင်ပြီး အခြေခံဥပဒေကို ပြင်ဆင်နိုင်မယ်။

(၃) တတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံက တစ်နှစ်နီးပါးကြာအောင် စောင့်ကြရတယ်။ "အမျိုးသားအဆင့်ဆွေးနွေးပွဲ"တွေက ရှမ်းပြည်နယ်နဲ့ ရခိုင်ပြည်နယ်မှာလုပ်လို့မရသေးတာ စောင့်နေတယ်။ လုံခြုံမှုစိတ်ဝေဖန်သူတွေက ငြိမ်းချမ်းရေး ဒေါ်စုလက်ထက်မှာရသွားမှာ စိုးရိမ်နေသလားလို့ တုံ့ပြန်ကြတယ်။

အဲဒီတတိယအကြိမ် ၂၁ရာစုပင်လုံမှာပဲ တိုင်းရင်းသားတွေလိုလားတဲ့ တန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်၊ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းရေး၊ တစ်ခုတည်းသောတပ်မတော်၊ လက်နက်ဖြုတ်သိမ်းရေး၊ အရပ်သား အဖြစ်ပူးပေါင်းရေးတွေ ကိုင်တွယ်လို့ မရသေးပါ။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပါလာရင် ခွဲထွက်လိုက ခွဲထွက်ခွင့်က တစ်ပါတည်းပါလာမှာလားဆိုတာ ဝေခွဲလို့မရလို့ နောက်တစ်ကြိမ်ကိုရွှေ့ရပြန်တယ်။ NRPC ခေတ်ဦးက နိုင်ငံရေးနဲ့လုံခြုံရေးနှစ်ခုသာ ဆွေးနွေးမယ်ဆိုခဲ့သေးတယ်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် Self-determination

ကိုယ်ပိုင်အုပ်ချုပ်ရေး Self-Autonomy ထက် ကိုင်ပိုင်ပြဋ္ဌာန်းခွင့် Self-determination ကပိုပြီးအဆင့်မြင့်ပါတယ်။ ဥပမာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အလံတော်အနီခံပေါ်မှာ ကြယ်ဝါကြီးတစ်ပွင့်ကို ကြယ်ဝါအရံ လေးပွင့်က ခြံရံထားပါတယ်။ ကြယ်ဝါငယ်လေးပွင့်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ Autonomous Regions ပြည်နယ် ကြီးလေးခုပါ။ ကျန်ပြည်နယ်တွေလည်း ရှိပါသေးတယ်။ ဥပမာ ယူနန်၊ ဖူကျန်၊ ကန်တုန်၊ စီချွမ်၊ ကန်စု၊ ရှမ်းတုန်းတို့က ကိုယ်ပိုင်အုပ်ချုပ်ခွင့်မရပါ။ ပြည်နယ်ကြီးလေးခုက

(၁) တိဘက်ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်
(၂) အတွင်းမွန်ဂိုလီးယားကိုင်ပိုင်အုပ်ချုပ်ရေးပြည်နယ်
(၃) မန်ချူးရီးယားကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်
(၄) ဆင်ကျန်(ဝီးဂါး)ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ

ဆိုပြီး ဒေသကြီးလေးခုကို Autonomy Power ပေးထားပါတယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် Self-determination မပေးခဲ့ပါ။ တရုတ်ကွန်မြူနစ်ပါတီရဲ့သဘောပါ။ ၁၉၄၇ခု မြန်မာ့အခြေခံဥပဒေအရ ပြည်နယ်တွေကိုယ်ပိုင် အုပ်ချုပ်ရေး အပြည့်အဝမရဘူးလို့ ဆိုကြတယ်။ Unitary (တစ်ပြည်ထောင်စနစ်) ဖြစ်နေလို့ပါ။ ဗိုလ်ချုပ်နေဝင်းရဲ့မဆလအခြေခံဥပဒေ(၁၉၇၄)က ပိုပြီးတင်းကျပ်ခဲ့ပါတယ်။ တိုင်းနဲ့ပြည်နယ်(၁၄)ခုသာခွဲထားတာပါ။ အားလုံးကို အုပ်ချုပ်ရေးလွယ်ကူဖို့ Territorial ဒေသအပိုင်းအခြားခွဲခြားပြီး အုပ်ချုပ်တာပါ။ Self-autonomy ကိုယ်ပိုင်အုပ်ချုပ်ရေးမရကြပါ။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိမှ ဖက်ဒရယ်ပုံစံဝင်မယ်ပေါ့။

ယခုအခြေခံဥပဒေသစ်ကို ရေးဆွဲထားကြသူတွေက ဖက်ဒရယ်ပုံစံဝင်အောင် ရေးဆွဲထားတယ်လို့ဆိုတယ်။ ၁၉၆၂ခုနှစ် ရှမ်းမူအရ လွှတ်တော်နှစ်ရပ်အာဏာတူပေးထားတာဟုတ်တယ်။ ပြည်နယ်တိုင်းတူညီသော အရေအတွက်ရှိတဲ့ အမတ်များနဲ့ အမျိုးသားလွှတ်တော်သို့စေလွှတ်ထားတာမှန်တယ်။ အခြေခံဥပဒေ နောက်ဆက်တွဲဇယား (၁၊ ၂၊ ၃၊ ၅)ပါအချက်အလက်တွေကို ပြုပြင်လိုက်ရင် ပြည်နယ်တွေလုပ်ကိုင်ပိုင်ခွင့်ပိုလာမယ်။ အခွန်အကောက်ပိုရမယ်လို့ သူရဦးရွှေမန်း လွှတ်တော်ခေတ်က ပြောဆိုကြတာရှိတယ်။ စစ်တပ်ကလည်း ဒီသဘောပဲပြောနေတယ်။

သုံးပွင့်ဆိုင်ထိပ်သီးဆွေးနွေးပွဲအောင်မြင်သလား

အင်အာစုကြီးသုံးရပ်ကတော့ ထိပ်သီးဆွေးနွေးပွဲမှာ ကိုယ့်အဖွဲ့သဘောထားတွေကို တင်ပြလို့ပြီးပါပြီ။ ဒီလိုဆွေးနွေးပွဲဖြစ်မှဖြစ်ပါ့မလားလို့ စိတ်ပူကြသူတွေလည်း ရှိနေခဲ့တယ်။ ဒါပြီးရင် စတုတ္ထအကြိမ် ၂၁ရာစုပင်လုံမှာ ဒီထိပ်သီး တွေရဲ့မူကိုချမှတ်ရမှာပါ။ ဒါဆိုရင် ၂၀၁၉ခုမှာ ညီလာခံသုံးခုနဲ့ အပြတ်ဆွေးနွေးပြီး ၂၀၂၀မှာ ဖက်ဒရယ်ဒီမိုကရေစီအခြေခံဥပဒေတစ်ရပ်ပေါ် ပေါက်နိုင်တယ်။ တိုင်းရင်းသားတွေလည်း ဒေါ်စုအာဏာရှိစဉ် ဒီကိစ္စပြီးပြတ်စေချင်တယ်။ ဒေါ်စုနဲ့တပ်မတော်တို့ နှစ်ဦးသဘောထူထားတဲ့မူရှိပုံရရင် ကြားချင်ကြတယ်။ သူတို့လိုက်လျောနိုင်ရင် ပြီးပြီပဲ။ ၁၂ ပြည်နယ်မူ၊ ဗမာပြည်နယ်သစ်ဖွဲ့စည်းရေးလည်း ပြောသံမကြားရပါ။ တစ်ခုတည်းသော တပ်မတော်မူကိုလည်း လက်ခံကြတယ်။ ဘယ်လိုတပ်မတော်မျိုးဖွဲ့မှာလဲ။ အင်္ဂလိပ်တွေက ကချင်၊ ကရင်၊ ချင်း သေနတ်ကိုင်တပ်ရင်းတွေ သီးခြားဖွဲ့ခဲ့လို့ခက်နေတာ။ လွတ်လပ်ရေးခေတ်မှာ ရှမ်းနဲ့ ကယား(သနက)တွေ တိုးလာခဲ့တယ်။ အခုလည်း ကရင်ဒေသမှာ နယ်ခြားစောင့်တပ်ရင်း BGF ကိုဖွဲ့ပြတယ်။ ဒီလိုလုပ်မှာလား။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အရ ပြည်နယ်တွေက ကိုယ်ပိုင်အခြေခံဥပဒေအငယ်တွေရှိရမယ်။ ပြည်ထောင်စုဥပဒေနဲ့ လိုက်လျောညီထွေဖြစ်ရမှာ တော့သိနေတယ်။ အဲဒါ ဆွဲတော့ခွဲထွက်လိုက ခွဲထွက်ခွင့် Secession Act က ဝင်လာပြီ။ NMSP နိုင်ဟံသာကတော့ "ခွဲထွက်ခွင့်မပါဘဲ ဖက်ဒရယ်ပြည်ထောင်စုအခြေခံဥပဒေ၊ ပြည်နယ်ဥပဒေတွေရေးလို့ရနေတာပဲ"လို့ ထိပ်သီးအစည်းအဝေး မတိုင်ခင် ပြောလိုက်ပါတယ်။ ကာ/ချုပ်ကြီးက အဲဒီ အစည်းအဝေးကို အဖွင့်မိန့်ခွန်းပြောပြီးပြန်သွားတယ်။ ဒုတိယကာ/ချုပ်ကြီးပဲ အစည်းအဝေးထိုင်တယ်။ ဖောင်တော်ဦးဘုရားပွဲကို ကာချုပ်ကသွားခဲ့သလို ဒေါ်အောင်ဆန်းစုကြည်ကလည်း (၁၉) ရက်နေ့မှာ မြစ်ကြီး နားခရီးစဉ်ထွက်ရတယ်။ (၁၆) ရက်နေ့သတင်းစာတွေမှာပဲ ထိပ်သီးသုံးဦးရဲ့မိန့်ခွန်းတွေပါတယ်။ ဒါပေမယ့် ထုတ်ပြန်ကြေညာချက်တစ်ရပ်တော့ ပေါ်ထွက်ခဲ့တယ်။ လူထုကြီးကတော့ အားလုံးကခွဲမထွက်ကြတော့ဘူးဆိုတဲ့ ဆုံးဖြတ်ချက်များချကြမလားလို့ လည်တံတရှည်ရှည်နဲ့စောင့်ကြတာပေါ့။

ပင်လုံစိတ်ဓာတ်နဲ့နိုင်ငံမတည်ဆောက်ရသေး

ပင်လုံစာချုပ်ကို ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ(၁၂)ရက်နေ့မှာ ချုပ်ဆိုတော့ မြန်မာပြည်မလွတ်လပ်ရေး ယူတဲ့အခါ ရှမ်း၊ ကချင်၊ ချင်းတို့လည်း ပူးပေါင်းပါဝင်မယ်ဆိုတဲ့အထိသာ ချုပ်ရသေးတယ်။ ဘယ်ပုံစံနဲ့ တိုင်းပြည်ထူထောင်မယ်ဆိုတာ တိုင်းပြည်ပြုလွှတ်တော်ကျမှ ဆွေးနွေးကြမှာပါ။ မေလ ဖဆပလအဖွဲ့ချုပ် ပဏာမညီလာခံမှာ ပြည်ထောင်စုတည်ဆောက်ရေး ရုပ်လုံးပေါ်လာပြီ။ ဇွန်(၁၆)ရက်မှာ တိုင်းပြည်ပြုလွှတ်တော် Constituent Assembly စတင်တော့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အခြေခံမူတွေချမှတ်နိုင်ပြီ။ အဲဒီနောက် မိုင်းပွန် စော်ဘွားစဝ်စံထွန်းနဲ့ ကယားစဝ်ဝဏ္ဏတို့က လွှတ်တော်ဥက္ကဋ္ဌသခင်နုထံလာပြီး "ခွဲထွက်လိုက ခွဲထွက်ခွင့်မပါရင် ဖဆပလအဖွဲ့ချုပ်ရဲ့ရည်မှန်းချက်မိန့်ခွန်းကို သူတို့မထောက်ခံနိုင်ဘူး"ဆိုကြလို့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ဘုရင်ခံတို့ တိုင်ပင်ပြီး အထူးတင်းကျပ်တဲ့ စည်းမျဉ်းများနဲ့ ခွဲထွက်ပိုင်ခွင့်က အခြေခံဥပဒေ အခန်း(၁၀)မှာ ထည့်သွင်းခဲ့ရတာပါ။ အဲဒီခွဲထွက်ခွင့်က အခုတိုင် ဒုက္ခပေးလျက်ရှိပါသေးတယ်။

ဗိုလ်ချုပ်အောင်ဆန်းလက်ကိုင်ပြုတဲ့ "စတာလင်ရဲ့ပြည်နယ်လူမျိုးစုများအရေး"ဆိုတဲ့ စာအုပ်မှာလည်း ရုရှားအခြေခံဥပဒေမှာ ခွဲထွက်ပိုင်ခွင့်စာပိုဒ်ကို လေ့လာကြည့်ပါတယ်။ ယူဂိုစလားဗီးယားနဲ့ ဆိုဗီယက်ရုရှားတို့ပြည်ထောင်စုပြိုကွဲမှုကို နောင်အခါတွေ့မြင်ရတယ်။ ခွဲထွက်လိုကခွဲထွက်ခွင့်ကို နိုင်ငံတကာရဲ့ အခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းထားတာမရှိတော့ဘူး။ ပင်လုံစာချုပ်ဖြစ်မြောက်ရေးအတွက် စော်ဘွားတွေကို တွန်းတွန်းတိုက်တိုက်လုပ်ခဲ့ကြတဲ့ ရှမ်းလူငယ်များ (ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့၊ ရပလ)ကလည်း သူတို့ရဲ့ ကနဦးကြေညာချက်မှာ "ရှမ်းပြည်ခွဲထွက်လိုကခွဲထွက်ရေး"ဆိုတဲ့ဝါဒတရှိနေတယ်။ ရှမ်းလူငယ်တွေဖြစ်တဲ့ ဦးတင်အေး၊ လင်းခေးဦးထွန်းမြင့်၊ ပင်းတလဦးခွန်စောတို့ တိုက်တွန်းလို့ ပင်လုံစာချုပ်တော့ ချောချောမောမော ဖြစ်လာတာပါ။ နယ်ချဲ့ရဲ့နောက်ကွယ်က ကြိုးကိုင်မှုကြောင့် ခွဲထွက်ခွင့်တောင်းဆိုတယ်လို့ တွေးရင်မမှန်ပါ။ စော်ဘွားတွေရော၊ ရှမ်းလူထုပါ အမြင်ကျယ်နေပြီ။ ပြည်မနဲ့ပေါင်းလို့ အကျိုးမများရင် ခွဲထွက်မှာပါ။ ကချင် ဒေသကလည်း "ကချင်ပြည်နယ်ထူထောင်ရေး"ကို အစဉ်တစိုက်တောင်းဆိုခဲ့တာပါ။ ကချင်တောင်ကုန်းဒေသသာမဟုတ်ဘဲ မြစ်ကြီးနားခရိုင်၊ ဗန်းမော်ခရိုင်၊ ကသာခရိုင် မြောက်ပိုင်းစတဲ့ စပါးထွက်ရာဒေသ (ဇယား- ၂)ဒေသတွေကိုလည်းပါအောင် တောင်းတော့ပေးခဲ့ရတယ်။ ချင်းဒေသက ပြည်နယ်တောင်မ တောင်းပါ။ ခရိုင်နှစ်ခုသာတောင်းတယ်။ အထူးတိုင်းအဖြစ် ဖန်တီးခဲ့တယ်။ ကယားဒေသက လွတ်လပ်ရေးကြေညာခါနီးတစ်ပတ်အလိုမှာ ပြည်ထောင်စုထဲပါလာပါတယ်။

◆ မိုးမြင့်ဝင်း(နည်းပညာ) ◆

www.free4readrs.com



၂၀၂၀ ရွေးကောက်ပွဲတွင် ဒီမိုကရေစီဘက်က အရေးလှစေရန် မည်သူတို့တွင် တာဝန်ရှိသနည်း

□ ဇင်လင်း □

မြန်မာနိုင်ငံ ဒီမိုရေစီခရီးအတွက် တစ်ကျော့ပြန်ပါတီစုံအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် စတင်ခဲ့သည်။ ၂၀၁၀-၂၀၁၅ တွင် ပြည်ခိုင်ဖြိုးပါတီ (USDP) အစိုးရနှင့် ၂၀၁၆-၂၀၂၀ တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရတို့အသီးသီး အနိုင်ရပါတီများဖြစ်ခဲ့ကြသည်။ ယခု နိုဝင်ဘာ ၃ရက်နေ့တွင် လူစိတ်ဝင်စားမှုနည်းပါးခဲ့သော ၂၀၁၈ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခဲ့သည်။

ရလဒ်များထွက်ပေါ်လာချိန်တွင်မူ လူအများ၏ နိုင်ငံရေးစိတ်ဓာတ်နိုးကြားမှု ရုတ်တရက် မြင့်တက်လာသည်ကိုသတိပြုမိသည်။ မဲဆန္ဒနယ် ၁၃ နယ်၌သာ ခင်းကျင်းသော ကြားဖြတ်ရွေးကောက်ပွဲဖြစ်၍ လက်ရှိလွှတ်တော်များအတွင်း နိုင်ငံရေးချိန်ခွင်လျှာ အတက်အကျအပေါ် သက်ရောက်မှုနည်းပါးလွန်းသဖြင့် လူထု၏အာရုံစိုက်မှုသိပ်မရှိခဲ့ဟု ထင်ရသည်။ သို့သော် ရွေးကောက်ပွဲရလဒ်များ ထွက်လာသော အခါ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် တောင်ပြိုကမ်းပြိုအောင်ပွဲခံခဲ့သော လက်ရှိအာဏာရအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် မဲဆန္ဒနယ် ၁၃နေရာအနက် ခြောက်နေရာတွင် ရှုံးနိမ့်ခဲ့ရာ နိုင်ငံရေးစောင့်ကြည့်လေ့လာသူများနှင့် ရွေးကောက်ပွဲစိတ်ဝင်စားသူများ အကြား အံ့အားသင့်စရာဖြစ်စေခဲ့၏။ ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲတွင် ၎င်းမဲဆန္ဒနယ် ၁၃ နယ်အနက် NLD က ၁၁ နေရာနိုင်ခဲ့သော်လည်း ယခု ခုနစ်နေရာသာ နိုင်သဖြင့် ဒီမိုကရေစီ ဘက်တော်သားတို့ အထိတ်တလန့်ဖြစ်ကြရသည်။ NLD အစိုးရက ကျင်းပပေးခဲ့သော ၂၀၁၇ ဧပြီ(၁) ရက် ကြားဖြတ်ရွေးကောက်ပွဲကို ပြန်ကြည့်ပါကလည်း လစ်လပ်မဲဆန္ဒနယ် ၁၉ နေရာ အနက် NLDပါတီက ၁၈နေရာ ဝင်ပြိုင်ခဲ့သော်လည်း ကိုးနေရာသာနိုင်ခဲ့သည်။ ကျန်မဲ ဆန္ဒနယ်များတွင် တိုင်းရင်းသားပါတီတို့ အနိုင်ရလာသည်ကို မြင်တွေ့ရသည်။ ၂၀၁၇ ဧပြီ ၁ရက်ကကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်မဲဆန္ဒနယ် ၁၉ နေရာအတွက်နိုင်ငံရေးပါတီ ၂၄ခုမှ ကိုယ်စားလှယ်လောင်း ၈၈ ဦးနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ခုနစ်ဦးစုစုပေါင်း ၉၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ NLD ကကိုးနေရာ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်(SNLD)က ခြောက်နေရာ၊ ပြည်ခိုင်ဖြိုးက နှစ်နေရာ၊ ရခိုင်အမျိုးသားပါတီနှင့် လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (ကယားပြည်နယ်)တို့က တစ်နေရာစီ အသီးသီးအနိုင်ရခဲ့ကြသည်။

ရွေးကောက်ပွဲနှင့် ဒီမိုကရေစီအရွေ့အခြေအနေကို တွက်ဆရာ၌ ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲရလဒ်သည် အရေးပါသည်ဟု ဆိုနိုင်သည်။ ၂၀၂၀ ရွေးကောက်ပွဲတွင် ဒီမိုကရေစီအရွေ့ အတက်အကျဖြစ်လာမည်မှာ သေချာသဖြင့် မြန်မာ့နိုင်ငံရေး၏ရွေ့လာမည့်ဆယ်စုနှစ်အတွက် အလားအလာ မှန်းဆရာတွင် ၂၀၁၈ နိုဝင်ဘာ ၃ကြားဖြတ်ရလဒ်ကို ထည့်သွင်းတွက်ချက်ကြရတော့မည်ဖြစ်သည်။ ယေဘုယျအားဖြင့် ယခုကြားဖြတ်ရွေးကောက်ပွဲတွင် အာဏာရပါတီ၏ လိုအပ်ချက် အားနည်းချက်များကို ပြုပြင်ပြောင်းလဲမှုလုပ်ရန် မဲဆန္ဒရှင်ပြည်သူတို့က ခေါင်းလောင်းထိုးလိုက်ပုံရသည်။

တစ်နည်းအားဖြင့် NLDပါတီ၏ မဟာဗျူဟာနှင့် နည်းဗျူဟာအမှားများကို ပြန်လည်ဝေဖန်စီစစ်သုံးသပ် ရန်အချက်ပေးလိုက်သော ခေါင်းလောင်းသံဖြစ်သည်။ ယခု ၂၀၁၈ နိုဝင်ဘာ ကြားဖြတ်ရွေးကောက်ပွဲတွင် NLD ခေါင်းဆောင်များ မျှော်မှန်းတွက်ဆထားခဲ့ကြသလောက် အနိုင်မရခဲ့ကြသကဲ့သို့၊ ဆန္ဒမဲပေးသူ လူဦးရေလည်း နည်းပါးသည်ဟု စောင့်ကြည့်လေ့လာသူများက ထောက်ပြကြသည်။ ယခုအတိုင်းဆိုပါက လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် NLDပါတီအနေဖြင့် စိုးရိမ်စရာဖြစ်သည်ဟု ဝေဖန်မှုများပေါ် ထွက်နေသည်ကို ကြားသိရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)အနေဖြင့် မိတ်ဖက်တိုင်းရင်းသား အင်အားစုများနှင့် လက်တွဲမှ ဒီမိုကရေစီ နိုင်ငံရေးစနစ်ရွေ့ဆက်နိုင်မည်ဟု ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်(SNLD) ပြောရေးဆိုခွင့်ရှိသူ ဦးစိုင်းလိတ်က နှီးဆော်ပြောကြားလိုက်သည့် အချက်မှာ အထူးသတိပြုရမည့် မဟာဗျူဟာကိစ္စဖြစ်သည်။ ယခုကြားဖြတ်ရွေးကောက်ပွဲ သင်ခန်းစာအရ ဒီမိုကရေစီ အင်အားစုအချင်းချင်း လက်တွဲဆောင်ရွက်နိုင်ခြင်းမရှိပါက လာမည့်ရွေးကောက်ပွဲတွင် အခြားအင်အားစုတစ်ခုက ပြန်လည်အနိုင်ယူသွားနိုင်သည်ဟု ဦးစိုင်းလိတ်က လက်ရှိအာဏာရပါတီ NLD အား သတင်းစကားပါးလိုက်ကြောင်း ၇ရက်နေ့စဉ်သတင်းက ဖော်ပြသည်။

NLD စတင်ထူထောင်သူအနက် တစ်ဦးဖြစ်သည့် ကွယ်လွန်သူစာရေးဆရာ/သတင်းစာဆရာ ဟံသာဝတီ ဦးဝင်းတင်ထံမှ တစ်ဆင့်ကြားသိခဲ့ဖူးသော တိုင်းရင်းသားရေးရာမူဝါဒမှာ တိုင်းရင်းသားပါတီများနှင့် မဟာမိတ်ပြုရေးဖြစ်သည်။ မူလက တိုင်းရင်းသားနိုင်ငံရေးခေါင်းဆောင်များကို NLD ပါတီတွင်ပါဝင်၍ တိုင်းရင်းသားအရေး ဆောင်ရွက်စေလိုသဖြင့် NLD ပါတီဖွဲ့စည်းစဉ်က ဗဟိုအလုပ်အမှုဆောင်ကော်မတီ ၄၂ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သည်ဟုဆိုသည်။ တိုင်းနှင့်ပြည်နယ် ၁၄ ခုအတွက် တစ်ခုလျှင် သုံးဦးကျစီ ကိုယ်စားပြုသည့် ၄၂ ဦးပါဝင်သည့် ဗဟိုကော်မတီဖြစ်သည်။ သို့သော်လက်တွေ့တွင် တိုင်းရင်းသားခေါင်းဆောင်များက သီးခြားတိုင်းရင်းသားပါတီများဖွဲ့ကာ NLD နှင့် မဟာမိတ်ဖွဲ့ရေးသာ စဉ်းစားဆောင်ရွက်ခဲ့ကြသည်။

၁၉၉၀ ရွေးကောက်ပွဲရလဒ်ထွက်ပြီးနောက် အနိုင်ရပါတီ NLD အား အာဏာမလွှဲတော့ဘဲ၊ နဝတ/နအဖ အစိုးရများအုပ်ချုပ်သည့်ကာလများတွင် တိုင်းရင်းသားပါတီအင်အားစုများနှင့် NLDပါတီတို့ မဟာမိတ်ပြုခဲ့ကြဖူးသည်။ သို့ဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPP)ကို ၁၉၉၀ပြည့် ရွေးကောက်ပွဲအနိုင်ရ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့၊ ရှမ်းတိုင်ရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်အမျိုးသား ဒီမိုကရေ စီအဖွဲ့၊ ချင်းဇိုမီးကွန်ဂရက်စသည့် တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် ပူးပေါင်း၍ ၁၉၉၈ ခုနှစ် စက်တင်ဘာ ၁၆ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။

၂၀၁၅ ရွေးကောက်ပွဲ အကြိုကာလတွင် စီအာပီပီခေါ် "ပြည်သူ့ လွှတ်တော်ကိုယ်စားပြုကော်မတီ"တွင် ပါဝင်ခဲ့သော တိုင်းရင်းသားပါတီများ ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်များတွင် NLD ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရန် စဉ်းစားမည်ဟု ထိုစဉ်က ပါတီပြောခွင့်ရသူ ဦးဉာဏ်ဝင်းက ပြောခဲ့ဖူးသည်။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်များနှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များ ရန်ကုန်မြို့၌ ၂၀၁၅ ဇူလိုင် ၁၃ ရက်နေ့ တွေ့ဆုံအပြီးတွင် ထိုသို့ပြောဆိုခဲ့ခြင်းဖြစ်သည်။ ယေဘုယျအားဖြင့် ဒီမိုကရေစီမူဝါဒနှင့် ကျင့်စဉ်များ အမြစ်တွယ်ခိုင်မာရေးလမ်းကြောင်းအတိုင်း သွားမည်ဆိုပါက NLD ပါတီသည် တိုင်းရင်းသားအင်အားစုများနှင့် စနစ်တကျဆွေးနွေးညှိနှိုင်းကာ ကတိသစ္စာ တည်ကြည်စွာ လက်တွဲဆောင်ရွက်သင့်သည်။ ထိုသို့ မဟုတ်ဘဲ မိမိတစ်ပါတီတည်း အားကြီးရေးလမ်းကြောင်းအတိုင်း လျှောက်လှမ်းပါက နောက်ဆုံးတွင် တိုင်းရင်းသားပါတီများ၊ တိုင်းရင်းသား ပြည်သူများနှင့် အလှမ်းဝေးကွာသွားနိုင်သည့်အချက်ကို အလေးအနက် စဉ်းစားသင့်သည်။ ထိုမဟာဗျူဟာကျသည့် တိုင်းရင်းသားသွေး စည်းညီညွတ်ရေးမှုကို NLD က ပစ်ပယ်မိလျှင် ဒီမိုကရေစီအရေးခြုံအင်အားစုများ၏ခြယ်လှယ်မှုကို ပြည်သူတို့ပြန်လည်ခံစားရနိုင်သည်။

အထူးကျယ်လောင်သည့် ခေါင်းလောင်းသံမှာ ယခုကြားဖြတ်တွင် အချို့သောမဲရုံများတွင် NLD ကိုယ်စားလှယ်များ သုညမဲသာရရှိခဲ့သည့်ကိစ္စဖြစ်သည်။ မဟာမိတ်ပြုရမည့် တိုင်းရင်းသားပါတီအင်စုများနှင့် မိတ်ဖွဲ့ရမည့်အစား NLD အား ရန်သူသဖွယ် သဘောထားနေသူများကို ယုံကြည်မိလျှင် လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် မြန်မာနိုင်ငံ၏ဒီမိုကရေစီ ကြိုးပမ်းမှုများသဲထဲရေသွန်ဖြစ်သွားနိုင်သည်။ အထူးသဖြင့် ယနေ့ NLDအစိုးရ၏ငြိမ်းချမ်းရေး ကြိုးပမ်းမှုဖြစ်စဉ်ကို ပြန်လည်သုံးသပ်ကြည့်လျှင် မြင်နိုင်မည်ထင်သည်။

၂၀၁၇ ခုနှစ်ကို NLD အစိုးရက ငြိမ်းချမ်းရေးနှစ်ဟုသတ်မှတ်ကြိုးပမ်းခဲ့သော်လည်း ထင်တိုင်းမပေါက်ခဲ့။ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ရက်နေ့နေပြည်တော်၌ လူငယ်များနှင့် ငြိမ်းချမ်းရေးစကားဝိုင်းပြုလုပ်ခဲ့သည်။ ထို စကားဝိုင်းတွင် "အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ရေးအတွက် စစ်ပွဲများရပ်ဆိုင်း ရေးမှာအလွန် အရေးကြီးသည်"ဟု ဒေါ်အောင်ဆန်းစုကြည်ကပြောခဲ့ကြားသည်။ ပြည်သူလူထုကစစ်ပွဲများ ရပ်ပေးရေးအတွက် များများပြောပေးကြရန် လိုအပ်သည့်ဟုလည်း ဒေါ်အောင်ဆန်းစုကြည်က ဆိုသည်။ ငြိမ်းချမ်းရေးလိုအင်ဆန္ဒ သဘောထားကိုလည်း များများထုတ်ဖော်ပြောဆိုကြရန် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ကတိုက်တွန်းခဲ့သေးသည်။ ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်က စစ်ပွဲများရပ်စဲပေးရေးဆိုသည့် စကားကို များများပြောပေးကြရန်၊ တချို့က နားလေးသောကြောင့် များများပြောပေးမှ ကြားနိုင်မည်ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်ခဲ့သည့် အချက်မှာအဓိပ္ပာယ်လေးနက်သည့် မှာကြားချက်ဟုဆိုနိုင်သည်။ သို့သော် မကြားဟန်ပြုနေသူများရှိမြဲရှိနေသည်ကို မြင်နေကြရသည်။

လက်ရှိမြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် အလားအလာများနှင့် ပတ်သက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံ(တတိယအစည်းအဝေး) အပြီး ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံရေးအခင်းအကျင်းများအပေါ် သုံးသပ်ချက်ကိုမွန်ပြည်သစ်ပါတီ NMSP ဒုဥက္ကဋ္ဌ၊ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ UNFC ဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုပူးတွဲကော်မတီ UPDJC အဖွဲ့ဝင် နိုင်ဟံသာအား မွန်သတင်းအေဂျင်စီက မွန်ဘာသာဖြင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"တတိယအကြိမ် ၂၁ရာစုပင်လုံအစည်းအဝေးမှာ အဓိကတစ်ဆို့မှုတွေကို ကြည့်လိုက်ရင် တပ်မတော်က နေသဘောထား အမြင်နှစ်ရပ်အပေါ် ခိုင်ခိုင်မာမာရပ်တည်နေတာတွေ့ရတယ်။ တစ်အချက်က လုံးဝခွဲမထွက်ရေးမှုကို လက်ခံပါမှ တိုင်းရင်းသားတွေရဲ့ ဖက်ဒရယ်အရေးကို လက်ခံဆွေးနွေးသွားမယ်လို့ ဆိုတယ်။ ဒါကို ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်မှာခွဲထွက်ခွင့်ကို လက်မှတ်ရေးထိုးခဲ့တဲ့ ရှမ်း၊ ကချင်၊ ချင်းတွေကလက်ခံဖို့ လုံးဝမဖြစ်နိုင်တဲ့အဆိုပါ။ တစ်ဖက်မှာလည်း ဖက်ဒရယ်အရေးနဲ့ ပတ်သက်ပြီးတစ်ခွန်းတစ်လေမှလည်း မဆွေးနွေးရသေးဘူး။ တိုင်းရင်းသားတန်းတူရေးအတွက် ဘယ်လောက်အာမခံချက်ရှိသလဲဆိုတာကလည်းလုံးဝမသိရသေးဘဲနဲ့ ခွဲမထွက်ရေးမှု ဆွဲကိုင်ထားပြီးထွက်ပေါက်မရှိအောင် တိုင်းရင်းသားတွေကို တစ်ခါတည်းလမ်းကြောင်းပိတ်ဆို့ထားတာမျိုးလည်း မဖြစ်သင့်ပါဘူး။ ဒါပေမယ့် ဒါတွေကိုကျော်ဖြတ်သွားရမယ့် နည်းလမ်းရှိပါတယ်၊ ဒီနေရာမှာခွဲထွက်ခွင့်ရှိတာ၊ မရှိတာကို လုံးဝထည့်မပြောကြဘဲနဲ့ ဖက်ဒရယ်အရေးကိုပဲ ပွင့်ပွင့်လင်းလင်းဆွေးနွေးသွား ဖို့ လိုအပ်ပါတယ်"ဟု နိုင်ဟံသာက သုံးသပ်ပြောကြားခဲ့သည်။

NLD ပါတီအနေဖြင့် UNFC ဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု ပူးတွဲကော်မတီ UPDJC အဖွဲ့ဝင်နိုင်ဟံသာ၏သဘောထားကို ယခု အချိန်တွင် အလေးအနက်ထည့်သွင်းစဉ်းစားသင့်သည်။ တိုင်းရင်းသားတန်းတူရေးအတွက် NLD အစိုးရက တိုင်းရင်းသားပါတီများနှင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးမှသာ အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုရရှိလာမည်ဖြစ်သည်၊ တစ်ဖက်တွင်လည်း တိုင်းရင်းသားပါတီများနှင့် ယခင် CRPP ခေတ်ကဆက်ဆံရေးမျိုး ပြန်လည်ထူထောင်ဖို့ လိုသည်။ ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲတွင် ဒီမိုကရေစီဘက်က ဆက်လက်အာဏာရယူထားရေးအတွက် တိုင်းရင်းသားအင်အားစုများနှင့် သွေးသောက် မဟာမိတ်ဖွဲ့ရန် ပျက်ကွက်ပါက NLD ပါတီအရေးမလှ ဖြစ်နိုင်သည်။ ထို့ကြောင့် NLD အနေဖြင့် မဟာဗျူဟာအရ တိုင်းရင်းသားအင်အားစုများနှင့် သွေးသောက် မဟာမိတ်ဖွဲ့ ရန်လိုသည်။ ထိုသို့မဟာမိတ်ပြုနိုင်ပါက အခြားတစ်ဖက်တွင် NLD ၏ ရွေးကောက်ပွဲကတိတစ်ခုဖြစ်သည့် ၂၀၀၈ ဖွဲ့စည်းပုံပြင်ရေးအတွက်လည်း အင်အားတောင့်တင်းလာမည်ဖြစ်သည်။

ယနေ့တိုင်းရင်းသားများနှင့် အဓိကစစ်ရေးပဋိပက္ခ ထိပ်တိုက်တွေ့နေရသည့်အကြောင်းရင်းတစ်ခုမှာ ၂၀၀၈ ဖွဲ့စည်းပုံကိစ္စလည်းပါသည်ဟု နိုင်ငံရေးအကဲခတ်များကသုံးသပ်သည်။ ယင်းဖွဲ့စည်းပုံကိုတပ်မတော်တင်းတင်းမာမာ ခုခံကာကွယ်နေသည်။ တိုင်းရင်းသားခေါင်းဆောင်အများစုက ယင်းဖွဲ့စည်းပုံအရဆိုလျှင် စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုမရနိုင်ဟု အကဲဖြတ်ထားကြသည်။ NLD ကလည်း၎င်း၏ ၂၀၁၅ ရွေးကောက်ပွဲကြေညာချက်တွင် ဖွဲ့စည်းပုံကို ပြင်မည်ဟုဆုံးဖြတ်ချက်ရှိထားသည်။ လက်ရှိဖွဲ့စည်းပုံကို ပြင်ခွင့်သင့်၍ ပြင်ကြမည်ဆိုလျှင် တပ်မတော်ကို ဂုဏ်သိက္ခာရှိစွာနိုင်ငံရေးမှ ဆုတ်ခွာခွင့်ထည့်သွင်းရမည်ဖြစ်သည်။ သို့ဆိုလျှင် တကယ့်အရပ်သားစစ်စစ် အစိုးရများပေါ်ထွက်လာရန်ရှိသည်။ တပ်မတော်အနေနှင့်မူ နိုင်ငံတော်လုံခြုံရေးကိုသာ တာဝန်ယူစေရမည် ဖြစ်သည်။ သို့မှသာစစ်ပွဲများ အမှန်တကယ်ချုပ်ငြိမ်း၍ ငြိမ်းချမ်းရေးရနိုင်မည်ဖြစ်ပါသည်။ နိဂုံးချုပ်ရလျှင် လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် ဒီမိုကရေစီ ဘက်တော်သားတို့ အရေးလှစေရန် NLD ပါတီသည် တိုင်းရင်းသားအင်အားစုများနှင့် သွေးသောက်မဟာမိတ် ဖွဲ့ရေးမဟာဗျူဟာ တစ်ရပ်ခိုင်ခိုင်မာမာချမှတ်ရန် အလေးအနက်စဉ်းစားသင့်ပြီဟု သုံးသပ်မိပါသည်။

◆ဇင်လင်း◆



အောင်ဆန်းသူရိယတိုက်ချွန်း (၄)

တက္ကသိုလ်စိန်တင်

ကျွန်တော်တို့လေထီးသမားများ သထုံအနီးတွင် ကျဆင်းခဲ့သော သတင်းကို ဘယ်သူမှမသိဘူးထင်ခဲ့သည်၊ သို့သော် မဟုတ်ပါ၊ သိတဲ့သူရှိပါသည်၊ သူကား ဗမာ့တော်လှန်ရေးတပ်မတော်မှ ဗိုလ်ကြီးကျော်ဦး ဖြစ်သည်၊ ထိုအချိန်တွင် ဖက်ဆစ်တော်လှန်ရေး တပ်မတော်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် မဟာမိတ်တပ်မတော်မှ ဗိုလ်ချုပ်စလင်းတို့ တွေ့ဆုံဆွေးနွေးပြီးဖြစ်သည်၊ ထို့ကြောင့်ပင် ဗမာ့တော်လှန်ရေးတပ်မတော်သည် ဗမာ့မျိုးချစ်တပ်မတော်အဖြစ် မဟာမိတ်တပ်မတော်က အသိအမှတ်ပြုသည်၊ ဗိုလ်ကြီးကျော်ဦးမှာ မဟာမိတ်တပ်မတော်၏ အသိအမှတ်ပြုထားသော ဗမာ့မျိုးချစ်တပ်မတော်မှ တပ်ခွဲမှူးဖြစ်သည်၊ (သူသည် ကန်ပက်လက်နယ်သားချင်းအမျိုးသားတစ်ဦးဖြစ်၏၊ ၁၉၆၂ခုနှစ်က ပန်းတနော်နှင့်ဖျာပုံအကြားတွင် ကရင်သူပုန်တို့ ချောင်းမြောင်းပစ်ခတ်၍ ကျဆုံးခဲ့ရှာပြီဖြစ်သည်၊)

ဗိုလ်ကြီးကျော်ဦး၏ အစီအမံဖြင့် မျိုးချစ်တပ်သားများသည် တောနင်း၍ ကျွန်တော်တို့ကိုရှာကြသည်၊ လေထီးတပ်သားတွေ တောထဲမှာ ဂျပန်တပ်နှင့် တိုးလေမလား၊ အခက်အခဲတွေ တွေ့လေမလား ကူညီရန်ဖြစ်သည်၊ သို့သော် "ဆက်ရက်ချိုးမြင်၊ သမက်ကို သူခိုးထင်"နှင့် ပထမ တွင် ကျွန်တော်တို့က သူ့တပ်သား တွေကို ဂျပန်တပ်ထင်၍ ရှောင်ပြေးကြသည်၊ သူတို့ကရှာ၊ ကျွန်တော်တို့က ပြေးနှင့် တောထဲမှာ ပြေးတမ်းလိုက်တမ်း ကစားနေသလားထင်ရသည်၊ သို့သော်ဗိုလ်ကြီးကျော်ဦးတို့က ကူညီရန်လိုက်ရှာနေကြောင်း နောက်တော့သိရ၏၊ သည်တော့မှ သူနှင့်ကျွန်တော်တို့ အဆက်အသွယ်ရကြလေသည်၊

၁၉၄၅ခုနှစ်၏ မေလဆန်းတွင် ရန်ကုန်မြို့ကို ဗမာ့မျိုးချစ်တပ်မတော်ကသိမ်းလေသည်၊ ထို့နောက်မှ မဟာမိတ်တပ်မတော်က ရန်ကုန်သို့ဝင်ခဲ့သည်၊ ရန်ကုန်ကိုမဟာမိတ်တပ်ဝင်ပြီးနောက် ကျွန်တော်တို့ကို အိန္ဒိယသို့ ပြန်ပို့ရန်စီစဉ်လေသည်၊ သို့သော် သထုံအရှေ့ဘက်တောထဲမှာ လေယာဉ်ဆင်းရန် နေရာမရှိဘဲ ဘယ်လိုနည်းနှင့် အိန္ဒိယပြန်ရမလဲ၊ အဖြေပေါ်လာသည်၊ တောထဲမှာ လေယာဉ်ကွင်းဆောက်မည်၊ ကျွန်တော်တို့ကို ပထမတော့ ရန်ကုန်သို့ လေယာဉ်ဖြင့်သယ်ယူမည်၊ ရန်ကုန်မှတစ်ဆင့် အိန္ဒိယပြည်သို့ ဒုတိယ ခရီးအဖြစ် ဆက်ရမည်ဖြစ်သည်၊

ကျွန်တော်တို့ရဲဘော်များသည် မြေညီညီညာညာ ရှိသော တောင်ထိပ်တစ်ခုကို လေယာဉ်ကွင်းအဖြစ် သတ်မှတ်ကြ၏၊ သစ်ပင်အပေါက်အရောက်နည်းသဖြင့် တောရှင်းရန်လွယ်ကူသည်၊ သစ်ပင်ခုတ်ပြီး မြေညှိတော်တော်တော့ပင်ပန်းသည်၊ သို့သော် ကိစ္စမရှိ၊ ကိုယ့်တပ်ရင်း ဌာနချုပ်ကို ပြန်ရမည်ဆိုတော့ ပင်ပန်းသည်မထင်၊ အားသွန်ခွန်စိုက် လုပ်ကြသည်၊

ကျွန်တော်တို့လေထီးတပ်သားများကို လာရောက်သယ်ယူမည့် လေယာဉ်မှာ လေယာဉ်ကြီးမဟုတ်ပါ၊ နှစ်ယောက်စီး၊ စာပို့လေယာဉ်ငယ်ကလေးဖြစ်သည်၊ ထိုအချိန်က ခုလိုရဟတ်ယာဉ်ခေါ် ဟယ်လီ ကော်ပတာလေယာဉ်မရှိသေး၊ စာပို့လေယာဉ်ငယ်ကလေးကိုသာ အသုံးပြုကြရသည်၊ စာပို့လေယာဉ်ကလေးမှာ မောင်းသူနှင့် လူပိုတစ်ယောက်သာ လိုက်ပါစီးနင်းရန်နေရာရှိသည်၊ ထို့ကြောင့် တစ်ကြိမ်တွင် လူပိုသုံးယောက်ခန့်ပါအောင် ကျွန်တော်တို့သည် စာပို့လေယာဉ်ထဲတွင် ဒူးကွေး၊ ခါးကိုင်းပြီး ဒုက္ခခံကာလိုက်ကြရသည်၊ လေယာဉ်ကလေးက ရန်ကုန်မင်္ဂလာဒုံလေယာဉ်ကွင်းသို့ သုံးလေးခေါက်သယ်ပေးသဖြင့် ကျွန်တော်တို့ ရန်ကုန်သို့ရောက်လာကြ၏၊ ရန်ကုန်တွင်ခေတ္တနားနေကြစဉ် ယခုခြောက်မိုင်ခွဲ၊ စွပ်ကျယ်စက်လမ်းတည့်တည့်မှ အင်းလျားကန်ဘက်မျက်နှာပြုနေသော တိုက်ကြီးတွင်တည်းရသည်၊ ထိုအချိန်တွင် ဗိုလ်ကြီးကျော်ဦး ၏ မျိုးချစ်ဗမာ့တပ်မတော်သည် ဆုတ်ခွာလာသော ဂျပန်များနှင့် တိုက်ခိုက်ရင်းသထုံဘက်မှာ ကျန်ခဲ့ကြလေသည်၊

ရန်ကုန်မှတစ်ဆင့် ကာလကတ္တားသို့ ပြန်ရောက်ကြပြီ၊ ကျွန်တော်တို့ကနားရတော့မည်ထင်၏၊ ဘယ်နှယ့်ဗျာစစ်ဖြစ်ပြီဆိုကတည်းက ဂလိုက်ဒါတပ်သားအဖြစ်တစ်ကြိမ်၊ လေထီးတပ်သားအဖြစ် နှစ်ကြိမ်၊ စစ်တကောင်းဘက်မှာတစ်ကြိမ်၊ တောထဲမှာချည်းဆင်းပြီး လှုပ်ရှားခဲ့ရသည်၊ နားပင်မနားရသေး၊ ယခု နောက်ထပ်တာဝန်တစ်ရပ်က လာပြန်ပြီ၊ ဂျပန်ပြည်သွားရမည်၊ ဂျပန်နိုင်ငံသို့ စေလွှတ်မည့် မဟာမိတ်တပ် များနှင့်အတူ လိုက်ဆင်းရဦးမည်တဲ့၊

သို့သော် ကျွန်တော်တို့ကံကောင်းပါသည်၊ စစ်ကြီးပြီးသွားပြီ၊ ဂျပန်သည် အဏုမြူဗုံးနှစ်လုံး လက်ဆောင်ရပြီးနောက် ခြွင်းချက်မရှိ၊ လက်နက်ချလေသည်၊ အတော်အသည်းမာသည့် ဂျပန်၊ ဘယ်တော့မှ လက်နက်မချဟု ကြုံးဝါးနေသော ဂျပန်၊ ယခုတော့ အဏုမြူဗုံးကို နဖူးတွေ့ဒူးတွေ့ကြုံပြီဆိုတော့ မျက်ရည်စက်လက်နှင့် လက်နက်ချရတော့သည်၊ မောင် မင်းကြီးသား ဂျပန်တွေကိုပင် ကျေးဇူးတင်ရသေးတော့၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်တို့သည် အိန္ဒိယပြည်မှာ မနေချင်တော့ပြီ၊ မြန်မာပြည်ကို ပြန်ချင်လှပြီ၊ ကိုယ့်ပြည် ကိုယ့်ဌာနေကို လွမ်းလှပြီ၊ ဘယ်နေရာကြည့်ကြည့် ကုလားပြည်ရှုခင်းနှင့် ကုလားစကားတွေ ဆူညံဆူညံ ပြောတတ်သော သည်ကုလားပြည်တွင် မပျော်တော့ပါ၊

မြန်မာပြည်သို့ မပြန်မီ ကျွန်တော်သည် သတင်းထူးတစ်ရပ် ကြားရ၏၊ ကျွန်တော်တို့ လေထီးတပ်မှူး မေဂျာမာတင်က ကျွန်တော့်ကိုခေါ်ပြော၏၊ "မင်းကို ဘီဂျီအမ်တွဲ့ချီးမြှင့်လိုက်တယ်"တဲ့ ၊ မြန်မာပြည်တွင် စစ်မှုထမ်းဆောင်ခြင်းအတွက် စစ်မှုထမ်းကောင်းတံဆိပ် (Burma Gallantry Medal)ကိုကျွန်တော်ရမည်ဖြစ်၏၊ ထိုဆုအတွက် နှစ်စဉ် ဒီဇင်ဘာလတိုင်းတွင် ငွေ၆၀၀ကျပ်ကို ဗြိတိသျှအစိုးရက ကျွန်တော့်အားချီးမြှင့်လေသည်၊

ကျွန်တော်တို့လေထီးတပ်ဖွဲ့ကို ဖျက်သိမ်းလိုက်၏၊ လေထီးတပ်သားများကို မိခင်တပ်ရင်းများသို့ ပြန်ပို့ သည်၊ ကျွန်တော်သည် ချင်းတပ်ရင်းသို့ ပြန်ရသည်၊ ကရင်တိုင်းရင်းသားများနှင့်ကချင်တိုင်းရင်းသားများ ကိုလည်း သူတို့၏မိခင်တပ်ရင်းများသို့ ပြန်ပို့သည်၊ ထို့နောက် မြန်မာပြည်သို့ ပြန်ပို့ပေးရန် စီစဉ်တော့သည်၊

ကျွန်တော်တို့ မြန်မာပြည်သို့ ပြန်ရတော့မည်၊ ပျော်ပါဘိ၊

ဗိုလ်ချုပ်ဆိုတာဘယ်လိုပါလိမ့်

ကျွန်တော်သည် ချင်းသေနတ်ကိုင်တပ်ရင်း(၁)တွင် တာဝန်ကျသည်၊ ချင်းသနက(၁)သည်မြန်မာနိုင်ငံလက်ပံတန်းမြို့တွင်စခန်းချရမည်ဖြစ်သည်၊

ထိုအချိန်တွင် မြန်မာပြည်တစ်ဝန်းလုံးကို မဟာမိတ်တပ်များက သိမ်းယူပြီးပြီ၊ ကက်စ်ဘီအစိုးရအဖွဲ့က မြန်မာပြည်ကို အုပ်ချုပ်လျက်ရှိသည်၊ စစ်ပြီးခေတ် မြန်မာနိုင်ငံ၏ နိုင်ငံရေးကား အုတ်အုတ်ကျက်ကျက်တက်တက်ကြွကြွရှိလှသည်၊ တစ်နိုင်ငံလုံးတွင် နိုင်ငံရေးအရှိန်အဟုန်မြင့်မားတိုးတက်လျက်ရှိသည်၊ မြန်မာပြည်လွတ်လပ်ရေးချက်ချင်းပေးဆိုသော အသံများ မြည်ဟည်းနေသည်၊ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီး၏ အလံတော်အောက်တွင် မြန်မာပြည်သူလူထုကြီးတစ်ခဲနက်စုဝေးနေချိန်ဖြစ်သည်၊

ကျွန်တော်တို့တပ်ကို မြန်မာပြည်သို့ လေယာဉ်ဖြင့် သယ်ယူပါသည်၊ ကာလကတ္တားလေယာဉ်ကွင်းမှ ထွက်လာသော ကျွန်တော်တို့လေယာဉ်တွင် ကုလားစစ်သားများလည်းပါလာ၏၊ ကုလားစစ်သားများသည် ဆွေရေး မျိုးရေး၊ တိုင်းရေးပြည်ရေးများကို တိုင်ပင်၍မပြီးနိုင် ဖြစ်နေကြလားမသိ၊ အချင်းချင်းဆူဆူညံညံ စကားပြောလာကြသည်၊ ကျွန်တော်တမူ လေယာဉ်ပျံအတက်တွင် အောက်၌ကျန်ခဲ့သော ကာလကတ္တားလေယာဉ်ကွင်းကို လှမ်းကြည့်လိုက်၏၊ လေယာဉ်သည် မြေပြင်မှတဖြည်းဖြည်းမြင့်တက်လာသည်၊ စိမ်းစိမ်းစိုစိုဖြင့်လှပနေသော လယ်ကွင်းများသည် နောက်မှကျန်ခဲ့ပြီ၊ ကျွန်တော်ကစိတ်ထဲမှ ရေရွတ်လိုက်ပါ၏၊ "နှုတ်ခွန်းဆက်လိုက် ပါရဲ့အိန္ဒိယပြည်"၊

ကျွန်တော်တို့လေယာဉ်သည် မြန်မာနိုင်ငံ ကလေးမြို့တွင် ဆင်းရသည်၊ ကလေးလေယာဉ်ကွင်းက ဘုရားစူးစေ့လေယာဉ်ကွင်းဖြစ်လေသည်၊ စစ်ပြီးစအချိန်ဆိုတော့ ပြင်ဆင်နိုင်ခြင်းမရှိသေး၊ သို့သော် လေယာဉ်ပျံဆင်းနိုင်သည်ကိုပင် ကျေးဇူးတင်ရသေးတော့သည်၊

ကျွန်တော်တို့ချင်းသနက(၁)သည် ကလေးမြို့မှနေ၍ ချင်းတွင်းမြစ်အတိုင်း လှေဖြင့်သွားကာ မုံရွာသို့ရောက်၏၊ မုံရွာမှနေ၍ မီးရထားဖြင့် မန္တလေးသို့ခရီးဆက်၏၊ စစ်ပြီးခေတ်မန္တလေးကားကြေကွဲလွမ်းဆွတ်ဖွယ်ရာ မြို့တော်ကြီးအဖြစ် ကျန်ရစ်၏၊ ကျွန်တော်သည် ရွှေနန်းတော်ကြီးနေရာကိုသွားကြည့်၏၊ တစ်ချိန်က တောက်တောက်ပပ ဝင်းဝင်းလက်လက်ရှိခဲ့သော ရွှေနန်းတော်ကြီးကို မမြင်ရတော့ပြီ၊ မန္တလေးမြို့ပေါ် သို့ကြဲချခဲ့သော ဗုံးဒဏ်ဖြင့် နန်းတော်ကြီးကွယ်ပျောက်ခဲ့ရပြီ၊ စိန်မှန်ကင်းအစစ် ထင်းဖြစ်ခဲ့ရလေပြီ၊ ကျွန်တော်သည် လွမ်းမောဖွယ်ရာသည်ရှုခင်းကို ရင်တွင်းကနာကျင်စွာဖြင့် ငေးကြည့်နေမိလေသည်၊

မန္တလေးမြို့တွင် ကြာကြာမနေရ၊ ခေတ္တခဏမျှသာနားရသည်၊ မန္တလေးမှ ရန်ကုန်သို့ခရီးဆက်ခဲ့၏၊ ရန်ကုန်မှ ပြည်ရထားဖြင့် လက်ပံတန်းသို့သွားရပြန်သည်၊ လက်ပံတန်းကား ကျွန်တော်တို့၏ ချင်းသနက(၁) စခန်းချရမည့်နေရာ၊

ချင်သနကတပ်ရင်း(၁)၏ တပ်ရင်းမှူးမှာ ဒုတိယဗိုလ်မှူးကြီးဖလင်နယ်လ်ကမ်းဖြစ်၏၊ ဒုတိယတပ်ရင်းမှူးကား ချင်းအမျိုးသားဗိုလ်မှူးကပ်ကျောင်းဖြစ်သည်၊ ထိုအချိန်က ကျွန်တော်သည် ဦးစီးတပ်ခွဲတွင် တပ်ကြပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေရပြီ၊ ကျွန်တော်တို့ချင်းသနက(၁)ကို လက်ပံတန်းဘူတာရုံအရှေ့ဘက်နားတွင် နေရာချထားသည်၊ ယခင်က ပုလိပ်ဌာနဖြစ်မည်ထင်၏၊ စစ်ပြီးကာလဆိုတော့ အေးချမ်းလှသည်၊ ပြဿနာမရှိ၊ ပဲစားရင်း၊ ကင်းစောင့်ရင်း၊ ဘယ်ညာနင်းရင်း၊ ကျန်းမာရေးလေ့ကျင့်ရင်း အချိန်ကုန်ရလေသည်၊

သုံးရက်တစ်ကြိမ် ကင်းစောင့်ရသည်၊ တပ်သားခြောက်ယောက်၊ ဒုတပ်ကြပ်တစ်ယောက်နှင့် တပ်ကြပ် တစ်ယောက်ပါဝင်သော ကင်းတပ်ဖွဲ့သည် သုံးရက်တစ်ကြိမ်သာ ကင်းကျသည်၊

ကျွန်တော်ကား ရောက်ရာနေရာတွင် ပျော်တတ်အောင်လေ့ကျင့်ထား၏၊ စစ်သားဆိုတာ "ကျားကိုခလုတ်၊ သစ်ငုတ်သင်ဖြူး၊ ဆူးကိုမွေ့ရာ"ဆိုမဟုတ်မလား၊ ယခုတော့ ခလုတ်မထိ ဆူးမငြိပါ၊ တပ်ထဲမှာ အေးအေးချမ်းချမ်းနေရသည့်ဘဝ၌ ပျော်အောင်နေသည်၊ ချင်းတောင်ကိုမလွမ်း၊ အမေ့အိမ်ကို သတိရစရာမရှိ၊ မြန်မာပြည်တစ်ပြည်လုံးသည် ကျွန်တော့်အမေအိမ်လိုပဲ စိတ်ထဲမှာ စွဲနေလိုက်သည်၊

လက်ပံတန်းတွင် (၁၀)လခန့်ကြာခဲ့သည်၊ သည်နောက်တော့ရန်ကုန်သို့တပ်ရင်းတစ်ရင်းလုံးပြောင်းရသည်၊ ယခုထောက်ကြန့်မြို့အနီး ပေါက်ကုန်းရွာတွင် ရွက်ထည်တဲများကို ထိုး၍စခန်းချရသည်၊ ထို့နောက် ရွက်ထည်စခန်းနှင့် မျက်နှာချင်းဆိုင် နေရာတွင် သစ်သားအိမ်များဆောက်၍ ပြောင်းရွှေ့နေထိုင်ကြရ၏၊

ရွက်ထည်တဲဖြင့်နေရစဉ် ကျွန်တော့်အဖို့ မကြုံစဖူးထူးထူးခြားခြားဖြစ်ရပ်တစ်ခုကို သတိရမိသေး၏၊

ထိုအချိန်က မြန်မာပြည်တစ်ပြည်လုံးတွင် လွတ်လပ်ရေးတောင်းဆိုသံတွေ ဆူဆူညံနေပြီ၊ လွတ်လပ်ရေး တောင်းသံနှင့်အတူ တစ်ပါတည်းပါလာသည်က ဗိုလ်ချုပ်အောင်ဆန်း၏အမည်ဖြစ်သည်၊

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အမည်ကို မကြားချင်အဆုံးကြားနေရသည်၊ ရဲဘော်သုံးကျိပ်ကို ခေါင်းဆောင်၍ ဂျပန်ပြည်မှာ စစ်ပညာသင်ယူခဲ့သူ၊ ဗမာ့တော်လှန်ရေးတပ်ကို ခေါင်းဆောင်ခဲ့သော လူငယ်စစ်ဗိုလ်ချုပ်၊ ဗမာပြည်၏ တစ်ခုတည်းသော အင်အားအကြီးမားဆုံး နိုင်ငံရေးပါတီကြီးကို ခေါင်းဆောင်နေရသော အမျိုးသားခေါင်းဆောင်ကြီးစသည်ဖြင့်ကြားနေရ၏၊သိနေရ၏၊ မြင်တော့မမြင်ဖူးသေး၊

တစ်နေ့တွင် ဒုတိယတပ်ရင်းမှူးဗိုလ်မှူးကပ်ကျောင်းက ကျွန်တော့်ကိုခေါ်သဖြင့်ဗိုလ်မှူးကပ်ကျောင်း၏ရုံးခန်းသို့ဝင်သွားရ၏၊ထိုနေ့ကကျွန်တော်၏တပ်စိတ်မှာတပ်ရင်းလုံခြုံရေးတာဝန်ယူပြီးကင်းစောင့်နေရသည်၊

ဗိုလ်မှူးကပ်ကျောင်းကို အလေးပြုပြီး ရပ်နေသည်နှင့် ဗိုလ်မှူးက ပြောသည်၊

"တိုက်ချွန်း. . . ဒီနေ့တပ်ရင်းကို ဗိုလ်ချုပ်အောင်ဆန်းလာလိမ့်မယ်၊ မင်းရဲ့ ကင်းတပ်ဖွဲ့က တန်းစီအ လေးပြုရမယ်၊ ထုံးစံအတိုင်း ကင်းတပ်ဖွဲ့၊ ခါးပတ်၊ ဖိနပ်၊ သေနတ်တွေတိုက်ပြီး စည်းကမ်းတကျ အလေးပြုပါစေ."

"ဟုတ်ကဲ့ဗိုလ်မှူး"

"ဘာ မေးစရာရှိသေးလဲ"

"ဘယ်အချိန်လာမှာလဲ ဗိုလ်မှူး"

"နေ့လယ်ပိုင်းလောက်ပဲ အချိန်တော့တိတိကျကျ ပေးမထားဘူး"

"ဟုတ်ကဲ့ ဗိုလ်မှူး အစစအဆင်ပြေပါစေ့မယ်"

"ကောင်းပြီး ဂရုစိုက်ပါ မင်းသွားနိုင်ပြီ"

ကျွန်တော်သည် ဒုတိယတပ်ရင်းမှူးကို အလေးပြု၍ ထွက်လာခဲ့သည်၊ လမ်းလျှောက်လာရင်း လုပ် ဆောင်ရမည့်တာဝန်တွေကို စဉ်းစားလာပါသည်၊ စနစ်တကျ အလေးပြုအောင် ရဲဘော်တွေကို ညွှန်ကြားရမည်၊ ခါးပတ်၊ ဖိနပ်၊ သေနတ်တွေပြောင်လက်နေအောင် အတိုက်ခိုင်းရမည်၊

ဆက်လက်ဖော်ပြပါမည်

www.free4readrs.com

အင်္ဂလိပ်တို့ချီးကျူးရသည့်မြန်မာ့ခံစစ်ဗျူဟာ

မောင်မြူစင်(ကော့မှူး)

ကမ္ဘာပေါ်မှာ လူသားတို့စတင်နေထိုင်တဲ့ကာလကစလို့ လူမျိုးစုချင်းတိုက်တဲ့စစ်၊ မြို့ပြနိုင်ငံချင်းတိုက်တဲ့စစ်၊ နိုင်ငံအချင်းချင်းကျူးကျော်စစ်၊ ကမ္ဘာစစ်များမှသည် ပြည်တွင်းစစ်တွေအထိ ဖြစ်ပွားနေဆဲဖြစ်ပါတယ်။ သေနင်္ဂဗျူဟာ စစ်ပညာတွေဟာ နိုင်ငံတိုင်းလူမျိုးတိုင်းမှာ ရှေးကလည်းရှိခဲ့သလို ယခုလည်းရှိနေဆဲ၊ နောင်လည်းရှိနေဦးမှာဖြစ်ပါတယ်။ ခေတ်ကာလအခြေအနေအရ စစ်ပညာတွေတိုးတက်ပြောင်းလဲလာပေမယ့် ရှေးပညာရပ်တွေကိုအခြေခံကာ နောက်ပိုင်းပညာရပ်တွေအဖြစ် တစ်ဆင့်တစ်ဆင့် တိုးတက်ပြောင်းလဲလာ ကြတာဖြစ်ပါတယ်။ ခေတ်နှင့် လျော်ညီစွာ စစ်ပညာရပ်တွေ တိုးတက်ပြောင်းလဲလာပေမယ့် ရှေးခေတ်စစ် ပညာရပ်တွေကို လုံးဝစွန့်ပယ်လို့မရသေးဘဲ သုံးသင့်က သုံးနေကြရဆဲဖြစ်ပါတယ်။ မြန်မာ့သမိုင်းစဉ် တစ်လျှောက်ပျူ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်ကစလို့ ပြည်တည်ထောင်သည့်စစ်၊ မင်းပြိုင် ပြည်ထောင်နှစ်ခုတိုက်သည့်စစ်၊ ပြည်ပကျူးကျော်စစ်စတဲ့ စစ်ပွဲများစွာကို တိုက်ခိုက်ခဲ့ကြရတာကြောင့် ရှေးမြန်မာမင်းများ စစ်သည်တော်များက သေနင်္ဂဗျူဟာ စစ်ပညာရပ်တွေ စနစ် တကျရေးသားဖွဲ့စည်းတိုက်ခိုက်ခဲ့ကြပါတယ်။

ရှေးမြန်မာမင်းများလက်ထက် စစ်အစီအရင်ခုနစ်ပါးရှိရာ စစ်၏အင်္ဂါခုနစ်ပါး၊ စစ်ချီခြင်းလေးပါး၊ စစ်ကပ်ခြင်းလေးပါး၊ စစ်ထိုးခြင်းခြောက်ပါး၊ စစ်ခံခြင်းခြောက်ပါး၊ စစ်ဖျက်ခြင်းခြောက်ပါး၊ စစ်ပြန်ခြင်းသုံးပါးတို့ဖြစ်ကြပါတယ်။ ယခုဆောင်းပါးမှာ မြန်မာ့ခံစစ်ပညာအကြောင်း တင်ပြမှာဖြစ်တာကြောင့် ရှေးမြန်မာ သေနင်္ဂစစ်ဗျူဟာတို့မှ စစ်ခံခြင်း (သေနာပဋိဂ္ဂဟ) ခြောက်ပါးအကြောင်း ရှေးဦးစွာတင်ပြပါမယ်။ စစ်ခံခြင်း ခြောက်ပါးဟာ ရန်သူစစ်တပ်က စစ်ဆင်ပြီးတိုက်စစ်ဆင်လာတဲ့အခါ ခံစစ်အဖြစ် ပြန်လည်တိုက်ခိုက်တဲ့နည်း စနစ်တွေဖြစ်ပါတယ်။ စစ်ခံခြင်းခြောက်ပါးအနက် ရင်ပေါင်တန်းငှက်ကဲ့သို့ စစ်ခံခြင်း (နဒီစရဗျူဟာ)မှာ တစ်ပြေးညီစွာတန်း၍ စစ်ခံခြင်း (သို့မဟုတ်) မြစ်ကို ဖြတ်သန်းကူးတဲ့ တံတားကဲ့သို့ ရင်ပေါင်တန်း စစ်ခံခြင်းဖြစ် ပါတယ်။ ကင်းလက်မကဲ့သို့ စစ်ခံခြင်း (ဝိစ္ဆိကဗျူဟာ)မှာ တပ်မကိုအလယ်ကထားပြီး လက်ဝဲလက်ယာနှစ်ဖက် ကင်းလက်မထောင်သကဲ့သို့ စစ်ခံခြင်းဖြစ်ပါတယ်။ ထိုခံစစ်နှစ်မျိုးဖြင့် စစ်တိုက်အောင်မြင်တာကြောင့် ကျော်ထင်နော်ရထာကဘုရင့်နောင်ကျော်ထင်နော်ရထာအဖြစ်ထင်ရှားလာခဲ့ပါတယ်။

ထိုအကြောင်းကို "သရေခေတ္တရာပြည်ကို အစိုးရသော ဆင်များသခင် ဆင်ဖြူရှင်မင်းတရားနှစ်ပါး၏ မြေးတော်နရပတိမင်း၏ နှမတော်နှင့် စုံဖက်သောဗညားဒလသည် ဟံသာဝတီသို့ ပြောင်းသည့်အနောက် သရေခေတ္တရာကိုလိုချင်၍ ရင်ပေါင်တန်းတပ်၊ ကင်းလက်မထောင်တပ် စစ်ဆင်နည်းဖြင့် ချီတက်လာသည်ကို ကျော်ထင်နော်ရထာတပ်မချုပ်၍ ဘယသကြီ၊ ဒေါင်းမိုင်းရဲတို့ကို တပ်စစ်ကဲခန့်၍ နောင်ရိုးချောင်းတွင် နံနက် ထမင်းစားပြီးသော် ညစာကို မွန်တို့တပ်မှာ စားအံ့ဟု မုန့်ပဲစမဲအကြော်များကို ချောင်းတွင်အကုန် သွန်စေပြီးမှ ရေယာဉ်ဆင်းတပ်ခင်း၍ မွန်တို့တပ်ကိုကျော်ထင်နော်ရထာဆင်စီး၍ တိုက်ဖျက်လျှင် ဗညားဒလ ဆင်ကဆင်း၍ မြင်းနှင့်ပြေးထွက်သောကြောင့် လွတ်လေသည်။ သုံ့လူ၊ ဆင်၊ မြင်းအများရလိုက်၍ တပင်ရွှေထီးကို ဆက်သရာတွင်ဘုရင့်နောင်တော်ဘွဲ့ပေး၍ကျော်စောထင်ရှားသောစစ်တိုက်နည်းတည်း" လို့တွေ့ရပါတယ်။

လှည်းဦးကင်းကဲ့သို့ စစ်ခံခြင်း (သကဋဗျူဟာ)မှာ ညံ့တဲ့စစ်သည်တွေ အလယ်မှာထားပြီး အစွမ်းကောင်းတဲ့ စစ်သည်တွေကို အဖက်ဖက်ကရံစေလျက် စစ်ခံခြင်းဖြစ်ပါတယ်။ ပျားလပို့ကဲ့သို့စစ်ခံခြင်း (မဓုဝတ္တနဗျူဟာ)မှာ တပ်မကိုအလယ်ထားပြီး တစ်စုတစ်ခဲတည်း စစ်ခံခြင်းမျိုးဖြစ်ပါတယ်။ ကျီးခြေကဲ့သို့ စစ်ခံခြင်း (ခက်ပါဒဗျူဟာ)မှာ နောက်တပ်တစ်သွယ်၊ ရှေ့တပ်သုံးသွယ်ထားပြီး ကျီးခြေပုံစံ စစ်ခံခြင်းဖြစ်ပါတယ်။ ခုံလောက်ကဲ့သို့ စစ်ခံခြင်း (ဥဒ္ဓနဗျူဟာ)မှာ စစ်တပ်ကိုသုံးစုခွဲပြီး ဖိုခနောက်သုံးလုံးကဲ့သို့ စစ်ခံခြင်းဖြစ်ပါတယ်။ ရှေးမြန်မာမင်းများလက်ထက် စစ်သည်တော်တို့ဟာ အထက်ပါစစ်ခံခြင်းခြောက်ပါး အပါအဝင် သေနင်္ဂဗျူဟာ စစ် ပညာတွေနဲ့ စစ်တိုက်ခဲ့ကြတာဖြစ်ပါတယ်။ သို့သော်မြန်မာမင်းများလက်ထက်အခါက နန်းစောင့်တပ်မှလွဲလို့ အမြဲတမ်းဖွဲ့စည်းထားတဲ့ စစ်တပ်ကရှားပါတယ်။

ကုန်းဘောင်ခေတ်ကာလဟာ ပြည်တည်ထောင်စစ်၊ ပြည်ပကျူးကျော်မှုတားစီးရေးစစ်စတဲ့ စစ်ပွဲများစွာ တိုက်ခိုက်ခဲ့ရပါတယ်။ ပြည်ပကျူးကျော်မှု တားစီးရေးစစ် သို့မဟုတ် နယ်ချဲ့ကျူးကျော်မှုတော်လှန်တဲ့စစ်ပွဲတွေမှာ အမြဲတမ်းလေ့ကျင့်ဖွဲ့စည်းထားပြီး ခေတ်မီလက်နက်တွေကိုင်ဆောင်ထားတဲ့ ဗြိတိသျှတပ်တွေနဲ့ ရှေးမြန်မာစစ်သည်တော်ကြီးတွေ ရင်ဆိုင်တိုက်ပွဲဝင်ခဲ့ရပါတယ်။ ထိုအခါဗြိတိသျှအာဏာပိုင်တွေက မြန်မာ့စစ်ရေးဗျူဟာကို ချီးကျူးသမှုပြုလာရပါတယ်။ ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲ (ခရစ်နှစ် ၁၈၂၄-၂၆) အတွင်း စစ် သူကြီးမဟာဗန္ဓုလ အပါအဝင် မြန်မာ့စစ်သည်တော်တွေရဲ့ စစ်သည်စွမ်းရည်ကို စစ်မဖြစ်မီ မြန်မာပြည်မှာ သံအမတ်အဖြစ် နေထိုင်ခဲ့ဖူးတဲ့ ကပ္ပတိန်ကန်နင်းက အိန္ဒိယဘုရင်ခံချုပ်ထံပေးပို့တဲ့ အကြံပြုစာမှာ "မြန်မာတို့တွင် အမြဲတမ်းစစ်တပ်နှင့် နာမည်ခံယူနိုင်သော အမြောက်တပ်ဖွဲ့ကြီးများ မရှိသော်လည်း ထိုသူတို့ကိုမထီလေးစား ပမာမခန့်လောက်သော ရန်သူဟူ၍မယူဆသင့်ပါ" လို့ ထည့်သွင်းအသိပေးထားပါတယ်။ မြန်မာ့ ခံစစ်နည်းဗျူဟာနဲ့ ပတ်သက်လို့ ဗြိတိသျှစစ်သမိုင်းဆရာဝီလဆင် (Wilson) က "မြန်မာတပ်အားလုံး၏ စစ်ဆင်ရေးဗျူဟာမှာ အဆင့်ဆင့်ချီတက်တပ်စွဲလေ့ရှိသော ခံတပ်စစ်ဆင်ရေးသာဖြစ်၏။ ထိုခံတပ် စစ်ဆင်ရေးများ၌ မြန်မာတို့မှာ ပင်ကိုစိတ်ကူး ဉာဏ်ကောင်းသူများဖြစ်သည့် အပြင်စစ်ထိုးရေးတွင် စိတ်ရော ကိုယ်ပါ အားတက်သရော ပြမှုဆင်နွှဲလေ့ရှိကြ၏။ ဤခံကတုတ်များမှနေလျက်မယိမ်းမယိုင်သော စိတ်ဓာတ်ပြောင်မြောက်သော သူရသတ္တိတို့ဖြင့်ရန်သူကို ရင်ဆိုင်လေ့ရှိရကား စစ်မြေပြင်ရှိ စစ်သားများအနေဖြင့် ထိုမြန်မာတို့မှာ ကြောက်မက်ဖွယ်ကောင်းသူများဖြစ်ကြောင်းတွေ့ရှိရ၏" လို့ ဝန်ခံမှတ်တမ်းပြုခဲ့ပါတယ်။

ဒေါက်တာဒီပင်ဆင်ဟာ (Dr.D P Singhal) ဆိုသူ သမိုင်းဆရာတစ်ဦးကလည်း "(မြန်မာတို့သည်)အရှုံးပေးအညံ့ခံရသည်ထက် အမျိုးသားဇာတိမာန်စိတ်ဖြင့်တိုက်ခိုက် ရင်းသေသွားရသည်ကမှကောင်းသေး၏ဟူသော စိတ်ဓာတ်ဖြင့် တိုက်ခိုက်သွားကြပေသည်" လို့ဝေဖန်ရေးသားခဲ့ပါတယ်။ ထို့ပြင် တတိယအင်္ဂလိပ်- မြန်မာစစ် (ခရစ် ၁၈၈၅ ခုနှစ်) မြန်မာပြည်သိမ်းအင်္ဂလိပ်စစ် ဗိုလ်ချုပ် ပရင်ဒါဂတ်ကိုယ်တိုင်က "မြန်မာတပ်များသည် သူတို့၏စစ် ကြောင်းများမှ (ရုတ်တရက်ဆုတ်ခွာခြင်းမပြုဘဲ) ခုခံတိုက်ခိုက်ရင်း တစ်လက်မချင်းဆုတ် ခွာကြသည်။ ခံစစ်ကြောင်းများမှ တစ်တပ်ပြီးတစ်တပ် ခုခံရင်းတပ်ချင်းလဲ၍ ဆုတ်ခွာကြပုံမှာ စနစ်ကျလွန်းသဖြင့် စံနမူနာယူလောက်ပါပေသည်" လို့သူ့ရဲ့စစ်မှတ်တမ်းမှာ ရေးသားခဲ့ပါတယ်။

ရှေးမြန်မာစစ်သည်တော်ကြီးများအသုံးပြုခဲ့ကြတဲ့ စစ်ခံခြင်းနည်းဗျူဟာတို့ကို ဗြိတိသျှစစ်ဗိုလ်ချုပ်များ သမိုင်းဆရာများကပါလေးစားချီးကျူးခဲ့ရပါတယ်။ ခေတ်မီစစ်ပညာရပ်များ မည်မျှထွန်းကားနေပါစေ ရှေးခေတ်သေနင်္ဂဗျူဟာ စစ်ပညာရပ်များကိုလည်း လေ့လာသုံးစွဲဖို့လိုကြောင်း တိုင်းပြည်လွတ်လပ်ရေးဖက်ဆစ်တော်လှန်ရေးအတွက် ကိုယ်တိုင်လက်နက်စွဲကိုင် တော်လှန်ခဲ့သလို ဂျပန်ခေတ်ကာလ (ခရစ်နှစ် ၁၉၄၂-၄၅) အတွင်း ရှေးခေတ်သနင်္ဂဗျူဟာ စစ်ပညာရပ်များ ပြန်လည်ဖော်ထုတ်နိုင်ဖို့ စွမ်းဆောင်ခဲ့သူ မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းက "ယခုခေတ်ပြောင်းခေတ်လွှဲအခြေအနေအမျိုးမျိုးကို ထောက်ကာ ရှေးကရှိသည့်သေနင်္ဂဗျူဟာ ကျမ်းမျိုးကိုလည်း လေ့လာအပ်လှေ့လာထိုက်သည်။ ကိုယ့်မြန်မာစာဖြစ်လျှင် အလျှော်စားဟု အရမ်းမယူဆကြဘဲ မကောင်းရာနုတ်လိုရာကိုဖြည့်၍ လေ့လာအပ်သည်"လို့မိန့်မြွက်ခဲ့ဖူးကြောင်းတင်ပြရင်းအင်္ဂလိပ်တို့ချီးကျူးရတဲ့ မြန်မာခံစစ်ဗျူဟာအကြောင်း နိဂုံးချုပ်အပ်ပါတယ်။

ကိုးကား

၁။ သေနင်္ဂဗျူဟာ မြန်မာ့စစ်ပညာ- မေမြို့မိုးကြည်

၂။ အမျိုးသားအပျော်တမ်းရဲတပ်သမိုင်း-နတ်မောက်ဘုန်းကျော်

စာမျက်နှာ (၁၀) မှ အဆက်...ကွမ်းလုံအသက်ဟိုက်ကမ်းပါးသက်သေ ...ကေ(တောင်တန်းပြာ)

ကောင်းကဲ့ရွာကို ချီတက်လာကြတယ်၊ ကောင်းကဲ့ရွာကို ဖြတ်လာမယ့် ဗကပတွေကို ပိတ်ဆို့တိုက်ခိုက်ဖို့ဖြစ်တယ်၊ ကောင်းကဲ့ရွာရောက်လာကြတော့ ရွာသားတစ်ယောက်မှမရှိတော့ ဘူး၊ တပ်ခွဲမှူးဗိုလ်ကြီးမောင်မောင်ဟာ ဗိုလ်အေးရွှေဦးစီးတပ်စု(၁)ကို ကောင်းကဲ့ရွာအနီးမှာ ဖြန့်ခွဲနေရာယူစေပြီး သူကိုယ်တိုင်ဦးစီးခွဲရုံးနှစ်စုက နမ့်တိန်ချောင်းတစ်လျှောက်ဖြန့်ခွဲပြီးနေရာယူထားတယ်၊ ဗိုလ်အေးရွှေ တပ်စုဟာ ကောင်းကဲ့ရွာကို ဖြတ်လာကြတဲ့ ဗကပတွေနဲ့ မွန်းလွဲ၁ နာရီအချိန်ကစပြီး တွေ့ဆုံတိုက်ပွဲဖြစ်ကြတယ်၊ ဗကပတွေဟာ တဖြည်းဖြည်းအင်အားများလာပြီး ဗိုလ်အေးရွှေတပ်စုကို ဝိုင်းပတ်တိုက်ခိုက်လာကြတယ်၊ ဗိုလ်အေးရွှေတပ်စုဟာ တပ်ခွဲရုံးနဲ့လည်း အဆက်အသွယ်ပြတ်သွားတယ်၊ ဗိုလ်အေးရွှေတပ်စုဟာ ဗကပတွေနဲ့ အနီးကပ်လုံးထွေးတိုက်ခိုက်ကြပြီး ဖောက်ထွက်ဖို့ကြိုးစားကြတယ်၊ အဲဒီအချိန်မှာ ခမရ(၁၀၅)ကပဲ တပ်ခွဲ(၅)တပ်ခွဲမှူး ဗိုလ်ကြီးအောင်ဘကြည်ဦးစီးခွဲရုံးနှစ်စုနဲ့ တပ်ခွဲ(၄)တပ်ခွဲမှူးဗိုလ်ကြီးချစ်ဟန် ဦးစီးခွဲရုံးနှစ်စုဟာ စစ်ကူပေးဖို့ ကွမ်းလုံကနေ ငါးမိုင်ဝေးတဲ့ ကောင်းကဲ့ရွာကို အပြေးချီတက်လာကြပြီး ဗိုလ်အေး ရွှေတပ်စုကို အချိန်မီ စစ်ကူပေးနိုင်ခဲ့တယ်၊ စစ်ကူတွေရောက်လာတော့ ဗကပတွေလည်း တစ်ယောက်မကျန် ဆုတ်ခွာထွက်ပြေးသွားကြတယ်၊

ဗကပတို့ကွမ်းလုံစစ်မျက်နှာမှအပြီးအပိုင်ဆုတ်ခွာခြင်း

၁၉၇၁ခုနှစ် နိုဝင်ဘာလ ၁၉ရက်နေ့မှာည စတင်ပြီး ကွမ်းလုံမြို့သိမ်းတိုက်ပွဲဆင်နွှဲခဲ့ကြတဲ့ ဗကပတွေဟာ လူတစ်ထောင်ကျော်ကျဆုံးခဲ့ပြီး တစ်ထောင့်ငါးရာကျော် ဒဏ်ရာရခဲ့ကြတယ်၊ ပြီးတော့ တပ်မတော်ရဲ့လေကြောင်းနဲ့ မြေပြင်ချေမှုန်းရေးတန်ပြန်တိုက်စစ်ကလည်း တဖြည်းဖြည်းပြင်းထန်လာတဲ့အတွက် ဒီဇင်ဘာ ၂၉ ရက်မှာ ကွမ်းလုံစစ်မျက်နှာကနေ အပြီးအပိုင်ဆုတ်ခွာသွားကြပါတော့တယ်၊ ဒါကြောင့် ကွမ်းလုံတိုက်ပွဲဟာ ရက်ပေါင်း၄၀တိတိကြာမြင့်ခဲ့တယ်၊ ကွမ်းလုံရက် ၄၀တိုက်ပွဲမှာ ခမရ(၁၀၅)၊ ကချင်(၃)၊ ကိုးကန့်ကာကွယ်ရေး အဖွဲ့က အရာရှိစစ်သည်စုစုပေါင်း ၂၀၀ကျော်ကျဆုံးခဲ့ပြီး ၅၀၀ကျော်ဒဏ်ရာရရှိခဲ့ကြတယ်၊ ခမရ(၁၀၅)က အများဆုံးကျဆုံးခဲ့တယ်၊ တကယ်လို့သာ နားတီးမှာ အခြေပြုထားတဲ့ စစ်ဗျူဟာမှူးဗိုလ်မှူးကြီးထွန်းရီသာ ကွမ်းလုံမြို့ကို ရောက်မလာခဲ့ဘူးဆိုရင် သံလွင်မြစ်အရှေ့ခြမ်းတစ်ခုလုံး ဗကပတွေလက်ထဲဆုံးရှုံးရတော့မယ်၊ အဲဒီအခါကျရင် သံလွင်မြစ်အရှေ့ခြမ်းကို ပြန်ရဖို့ဆိုတာ မလွယ်တော့ပါဘူး၊ ဒါကြောင့်ဗျူဟာမှူးဗိုလ်မှူးကြီး ထွန်းရီဟာ ဟိုက်ကမ်းပါးခံစစ်ကုန်းကျသွားပြီး အောက်ခြေတပ်မှူးတွေတုန်လှုပ်ချောက်ချားပြီး တွေဝေနေတဲ့အချိန်မှာ ရဲရင့်ပြတ်သားတဲ့အမိန့်နဲ့ တိုက်ပွဲဝင်စစ်သည်တွေကို ရဲစိတ်ရဲမာန်သွင်းပြီးညတွင်းချင်းပြန်လည်တိုက်ခိုက်သိမ်းပိုက်စေခဲ့တာပါ၊ ဒါကြောင့်လည်း တပ်မတော်မှာဗိုလ်မှူးကြီးထွန်းရီ(ဒုဗိုလ်ချုပ်ကြီးသူရထွန်းရီ)ကို မြန်မာပြည်ရဲ့ နပိုလီယံလို့ တင်စားခေါ်ဝေါ်ခဲ့ကြတာပါ၊ ကွမ်းလုံရက်၄၀တိုက်ပွဲရဲ့ ဖိုက်တာတပ်ရင်းကတော့ ခမရ(၁၀၅)ပါပဲ၊ ခမရ(၁၀၅)ကဖိုက်တာ တပ်မှူးတွေကတော့ ဗိုလ်ကြီးအောင်ဘကြည်၊ ဗိုလ်ကြီး ချစ်ဟန်၊ ဗိုလ်သိန်းမြင့်၊ ဗိုလ်အေးရွှေ၊ ဗိုလ်တင်မြင့်၊ ဗိုလ်မြင့်ကျော်၊ ဗိုလ်မျိုးဝင်းလတ်တို့ပဲဖြစ်ပါတယ်၊ အဲဒီ ဗိုလ်တွေထဲကမှ ဗိုလ်ကြီးအောင်ဘကြည်၊ ဗိုလ်မြင့်ကျော်၊ ဗိုလ်အေးရွှေ၊ ဗိုလ်တင်မြင့်၊ ဗိုလ်မျိုးဝင်းတို့ဟာ ဟိုက်ကမ်း ပါးခံစစ်ကုန်း ပြန်လည်သိမ်းပိုက်ရေးမှာ ဦးဆောင်ခဲ့တဲ့ သူရဲကောင်းတွေပဲ၊ ကွမ်းလုံမြို့အတွက် အသက်တမျှအရေးကြီးတဲ့ ဟိုက်ကမ်းပါးတိုက်ပွဲဟာ အခုအခါမှာ နှစ်ပေါင်း(၄၇)နှစ်ကြာမြင့်ခဲ့ပါပြီ၊ ဒါပေမယ့် မြန်မာတည်သရွေ့ဟိုက်ကမ်းပါးတောင်ကုန်းကြီးကသက်သေအဖြစ် တည်ရှိနေဦးမှာပါ၊

ကေ(တောင်တန်းပြာ)

ဝန်ခံချက်၊ ၊ "ကွမ်းလုံအသက်ဟိုက်ကမ်းပါးသက်သေ"အခန်းဆက်ဆောင်းပါးသည် ကွမ်းလုံရက်(၄၀) တိုက်ပွဲအား မျိုးဆက်သစ်စာဖတ်ပရိသတ်များအတွက် စာရေးသူအာဘော်ဖြင့် ပြန်လည်ခံစားတင်ပြခြင်းဖြစ်ပါသည်၊

စာမျက်နှာ (၆) မှ အဆက်...ကြားဖြတ်ရွေးကောက်ပွဲမှ ထွက်ပေါ်လာ သည့်...ခက်ဆစ်လင်း(ပြည်)

အဓိကအားဖြင့် NLD ပါတီသည် လက်ရှိအချိန်တွင် လျော့ပါးလျက်ရှိသော လူထု၏ထောက်ခံမှုကို ပြန်လည်တည်ဆောက်ရယူနိုင်ရန် လိုအပ်ကြောင်း အထူးသတိပြုမိရန် လိုအပ်လာခဲ့ပြီဖြစ်ပေသည်၊ သို့မဟုတ်လျှင်တော့ ၂၀၂၀ ပြည်လုံးကျွတ်ရွေး ကောက်ပွဲကြီးတွင် NLD ပါတီ အနေဖြင့် ၂၀၁၅ခုနှစ်က ရလ္လဒ်အတိုင်းထွက် ပေါ်လာဖို့ဆိုသည်မှာ အလွန်ခက်ခဲသွားရပေလိမ့်မည်ဖြစ်ပါ၏၊ ထို့အတွက် ကြောင့် NLDပါတီ(လူထုအစိုးရ) အနေဖြင့် ယခုအချိန်မှစ၍ လူထုထောက်ခံမှုများပြန်လည်မြင့် မားလာစေရန်အတွက် လုပ်ဆောင်ချက်များဖြင့် အစွမ်းကုန်ကြိုးစားရန်အချိန်တန်ခဲ့ပြီဖြစ်ပါ၏၊

ပြည်သူ့ကိုယ်စားလှယ်များမှအစပြု၍ အစိုးရတာဝန်ရှိသူတိုင်း ပြည်သူလူထုနှင့်ကင်းကွာ၍နေခြင်းကို ပြင်ဆင်ချိန်တန်ခဲ့ပြီဖြစ်ပါသည်၊ အစိုးရတာဝန်ရှိသူများအနေဖြင့် လယ်ထဲဆင်း၍ကောက်စိုက်ပြရုံ၊ မစားရဝခမန်းစကားများအား ပြောကြားရုံ၊ ပါတီအတွင်းအချင်းချင်းတွန်း တိုက်မှုများအား ပြုမူနေရုံဖြင့်မရတော့ဘဲ ပြည်သူလူထုကို အမှန်တကယ်မျက်နှာမူလျက်ရှိကြောင်း အလုပ်ဖြင့်သက်သေပြဖို့အချိန်တန်ခဲ့ပြီဖြစ်ပါ၏၊ အစိုးရတာဝန်ရှိသူများအနေဖြင့် လူထုနှင့်ပိုမိုထိတွေ့ရန် လိုအပ်လာခဲ့ပြီလည်းဖြစ်ပေသည်၊ ထို့အတူ အရာ ထင်ရန်ရာခိုင်နှုန်းနည်းလှသည့် ရင်ကြားစေ့ရေးနည်းဗျူဟာကိုလည်း အစိုးရတာဝန်ရှိသူများအနေဖြင့် စွန့်လွှတ်ပြီး၊ ပြတ်သားသောနည်းဗျူဟာများအား ပြောင်းလဲအသုံးပြုရန် လိုအပ်လာခဲ့ပြီဖြစ်ပါ၏၊ သို့မှသာ NLD ပါတီအပေါ် ပြည်သူလူထု၏ယုံကြည်မှုများ ပိုမို၍မြင့်မားလာပေလိမ့်မည်ဖြစ် ပါ၏၊ သို့မှသာ လူထု အနေဖြင့် NLDပါတီအပေါ်ယုံကြည်ချက်ဖြင့် နိုင်ငံ၏အနာဂတ်အတွက် မဲရုံများသို့လာရောက်၍ ဆန္ဒမဲများ ပေးကြလိမ့်မည်ဖြစ်ပါသည်၊ ထိုအချက်ကို လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်မှ အစပြု၍ အစိုးရတာဝန်ရှိသူတိုင်း အထူးသတိပြုမိဖို့လိုပါပေသည်၊ ဆိုရလျှင် ယခုကြားဖြတ်ရွေးကောက်ပွဲရလဒ်သည် လူထုအစိုးရ(NLDပါတီ) အတွက် လူထုကတီးခတ်ပေးလိုက်သည့် သတိပေးခေါင်းလောင်းသံတစ်ချက်သာ ဖြစ်ပါပေ၏၊ ထို့အတွက်ကြောင့် လူထုအစိုးရအနေဖြင့် ပြည်သူလူထု၏မျှော်လင့် ချက်အတွက် လက်ကျန်သက်တမ်းအတွင်းတွင် နိုင်ငံနှင့်လူထုအပေါ် စစ်မှန်သောစေတနာထားရှိကြောင်းအား အစွမ်းရှိသမျှသော လုပ်ဆောင်မှုများဖြင့် သက်သေပြနိုင်ရန် လိုအပ်လာခဲ့ပြီဖြစ်ပါကြောင်း . . . ၊

♦ခက်ဆစ်လင်း(ပြည်)♦

ဗုဒ္ဓ ဓမ္မ သံဃ

စနေနေ့တိုင်းထုတ်ဝေသည်

သူရိယနေဝန်း
THE SUN RAYS

Vol.1 No.223 WEEKLY NEWS JOURNAL 10th November 2018

ထဘီကျွတ်၍ လွှတ်လိုက်သည့် ထဘီလွှင့်၍ နန်းတက်သည့်

တောင်သမန်အင်းကောင်း

www.free4readrs.com

အမေရိကန်သို့ ရခိုင်ပြည်သို့

လူ(၇၀၀၀)ရဲ့ အမေရိကားအိပ်မက်နဲ့ လူ (၇၀၀,၀၀၀)ရဲ့ ရခိုင်အိပ်မက်

ဗဟိုအမေရိကားဒေသက လူသား(၇၀၀၀)ပါတဲ့လူတန်းကြီးဟာ အမေရိကန်တောင်ဘက်နယ်စပ်ကို ဦးတည်ပြီး ချီတက်လာနေပါပြီ။

သူတို့ဟာ အခုဆို မက္ကဆီကိုနိုင်ငံမြို့တော်ကို ရောက်လာခဲ့ပါပြီ။ ဒီလူအုပ်ကြီးစတင်ထွက်ခွာလာတဲ့နေရာအစကတော့ ဗဟိုအမေရိကားဒေသမှာရှိတဲ့ ဟွန်ဒူးရပ်စ်နိုင်ငံက ဖြစ်ပါတယ်။ ဗဟိုအမေရိကား Central America ဒေသဟာ ပစိဖိတ်သမုဒ္ဒရာနဲ့ အတ္တလန္တိတ်သမုဒ္ဒရာနှစ်စင်းအကြားက အလွန်လှပပြီး ဆန်းကြယ်လှတဲ့ ပထဝီဝင်အနေအထားရှိရာနေရာပါ။

ကမ္ဘာပေါ်မှာ အကြီးဆုံးဆိုတဲ့ ပစိဖိတ်သမုဒ္ဒရာကြီးရဲ့အရှေ့ဘက်ဆုံးဟာ ရှေ့ကိုဆက်မတိုးနိုင်တော့ဘဲ ရပ်ဆိုင်းသွားတဲ့နေရာ ဖြစ်ပါတယ်။ ဘာကြောင့် ပစိဖိတ်သမုဒ္ဒရာကြီး ဒီနေရာမှာရပ်ဆိုင်းသွားသလဲဆိုတော့ အလွန်မြင့်မားတဲ့တောင်တန်းကြီးတွေ၊ ကျောက်တောင်ကျောက်ဆောင်ကြီးတွေကြောင့်ပါ။ အတိအကျဆိုရရင်တော့ မြောက်အမေရိကတိုက်က အမြင့်မားဆုံးနဲ့အရှည်လျားဆုံး ရော့ကီးတောင်တန်းကြီးဟာ သမုဒ္ဒရာနှစ်စင်းအကြားကို တားဆီးကာရံထားတဲ့အတွက်ပါ။ ဒီတောင်တန်းကြီးဟာ တောင်ဘက်အရပ်ကိုဆက်ဆင်းလာပြီး တောင်အမေရိကားတိုက်ရဲ့အကြီးဆုံးနဲ့အရှည်လျားဆုံး အင်ဒီးစ်တောင်တန်းကြီးအဖြစ် အမည်ပြောင်းလဲသွားရအောင် ရှည်လျားတဲ့တောင်တန်းကြီးပါ။

တကယ်တော့ မြောက်အမေရိကားတိုက်က ရော့ကီးတောင်တန်းဟာ ဗဟိုအမေရိကားတိုက်ဒေသကို ဖြတ်သန်းပြီး တောင်အမေရိကတိုက်ရောက်တဲ့အခါမှာ အမည်ပြောင်းလဲသွားပြီး အင်ဒီးစ်တောင်တန်းလို့ ခေါ်တွင်သွားခြင်းပါ။ ပစိဖိတ်နဲ့ အတ္တလန္တိတ်သမုဒ္ဒရာနှစ်စင်းအကြား အရှေ့နဲ့အနောက်အကျယ်ဆုံးနေရာဟာ ပျမ်းမျှမိုင်(၂၀၀)ကနေ (၅၀၀)လောက်ပဲရှိပြီး အကျဉ်းဆုံးနေရာဟာ ပနားမားတူးမြောင်းရှိရာ ပနားမားဒေသပါ။

ဒီလို သမုဒ္ဒရာနှစ်စင်း ဆက်လုနီးပါးဖြစ်ပြီးမှ ဆက်ခွင့်မရတဲ့ ကျွန်းဆွယ်ရော့ကီးနဲ့ အင်ဒီးစ်တောင်တန်းကြီးနှစ်ခုအကြားဒေသကို ဗဟိုအမေရိကဒေသလို့ ခေါ်ခဲ့ပါတယ်။

အခုတော့ ဒီလောက်လှပဆန်းကြယ်တဲ့ ဒီကျွန်းဆွယ်ဒေသမှာ လူတွေ ငတ်နေကြပါပြီ။ လူတွေဟာ စီးပွားရေးကျပ်တည်းလွန်းလို့ အလုပ်အကိုင်ဘာမှမရှိတော့လို့ နောက်ဆုံး ဖြစ်ချင်ရာဖြစ်စေတော့ဆိုပြီး မထူးဇာတ်ခင်းတဲ့အနေနဲ့ သူတို့ဇာတိနိုင်ငံတွေက စွန့်ခွာထွက်ပြေးလာကြခြင်း ဖြစ်ပါတယ်။

ဒီလောက် သဘာဝသယံဇာတတွေနဲ့လှပစိမ်းလန်းတဲ့ဒေသမှာ လူတွေ ရပ်တည်အသက်ရှင်ဖို့မလွယ်လောက်အောင်ဖြစ်စေတာကတော့ နိုင်ငံအုပ်ချုပ်သူအာဏာရှင်အစိုးရအဆက်ဆက်ရဲ့ စီးပွားရေးစီမံခန့်ခွဲမှုအမှားတွေကြောင့်ပါပဲ။ ဟွန်ဒူးရပ်စ်၊ ဂွါတီမာလာ၊ အယ်ဆာဗေဒို၊ နီကါရာဂွါစတဲ့နိုင်ငံတွေကို Banana Countries **ငှက်ပျောသီးနိုင်ငံ**တွေလို့ ခေါ်ကြပါတယ်။ ဒီဒေသဟာ ကမ္ဘာပေါ်မှာ ငှက်ပျောတောကြီးတွေ၊ ငှက်ပျောသီးစိုက်ခင်းတွေရှိတာရယ်ကြောင့်အပြင် ဒီဒေသမှာ အစိုးရတစ်ခုကိုဖြုတ်ချပြီး နောက်ထပ်အစိုးရတက်လာဖို့ဆိုတာ ငှက်ပျောသီးအခွံနွှာစားရသလို လွယ်ကူလို့ နောက်ပြောင်ပြီး ခေါ်ဝေါ်တဲ့သဘောပါ။ အမေရိကား America ကိုသုံးပိုင်းခွဲထားပါတယ်။ မြောက်အမေရိကမှာ ကနေဒါ၊ အမေရိကန်ပြည်ထောင်စုနဲ့ မက္ကဆီကို သုံးနိုင်ငံ ပါပါတယ်။

ဗဟိုအမေရိကားမှာတော့ ဂွါတီမာလာ၊ ဟွန်ဒူးရပ်စ်၊ အယ်ဆာဗေဒို၊ နီကါရာဂွါ၊ ပနားမား၊ ကော်စတာရီကာခြောက်နိုင်ငံပါပါတယ်။ တောင်အမေရိကကတော့ ဘောလုံးဘုရင်တို့ဖြစ်တဲ့ ဘရာဇီးလ်၊ အာဂျင်တီးနား၊ ချီလီ၊ ပီရူး၊ ကိုလံဘီယာ၊ ဗင်နီဇွဲလားတို့ပါ။

အမေရိကန် အိပ်မက်

ဗဟိုအမေရိကဒေသ၊ ကာရစ်ဘီယံဒေသနဲ့ တောင်အမေရိကဒေသသုံးခုစလုံးမှာရှိတဲ့ နိုင်ငံအများစုကြီးမှာရှိတဲ့ လူတွေရဲ့ (၉၀)ရာခိုင်နှုန်းဟာ အမေရိကန်ပြည်ထောင်စုကို သွားရောက်အခြေချနေထိုင်ချင်တဲ့ မဟာအိပ်မက်ကြီးရှိခဲ့တာ ကြာပါပြီ။

ဒီဒေသအားလုံးက အခြေခံလူတန်းစားတွေထဲက (၉၀)ရာခိုင်နှုန်းလောက်က တစ်နိုင်ငံပြီး တစ်နိုင်ငံကူးဖြတ်ပြီး အမေရိကန်တောင်ဘက်ရှိရာ မက္ကဆီကိုနိုင်ငံထဲကို ဝင်လာနေကြတာ ဆယ်စုနှစ်ပေါင်းများစွာက တည်းကပါ။

တောင်အမေရိက၊ ဗဟိုအမေရိက၊ ကာရစ်ဘီယံဒေသမှာရှိတဲ့ နိုင်ငံပေါင်း (၂၀)လောက်ရဲ့ထူးခြားချက်နဲ့အားသာချက်ကတော့ စပိန်ကိုလိုနီလက်အောက်မှာ နှစ်ပေါင်း(၄၀၀)ကျော်နေခဲ့ရလို့ မူရင်းဇာတိဘာသာစကားတွေ ပျောက်ကွယ်သွားကြပြီး ယခုအခါ စပိန်ဘာသာစကားတစ်ခုတည်းကို ပြောဆိုကြခြင်းပါပဲ။ ဒီလိုလူမျိုးတွေ၊ နိုင်ငံတွေကွဲပြားကြပေမယ့် ဘာသာစကားတစ်ခုတည်း ပြောကြတဲ့အတွက် သူတို့အားလုံးဟာ နယ်နိမိတ်တွေ၊ နိုင်ငံတွေမတူပေမယ့် ဝင်ထွက်သွားလာပြောဆိုရှင်သန်ဖို့ အလွန်လွယ်ကူနေပါတယ်။ ဒါကြောင့် တောင်ဘက်ဆုံး အာဂျင်တီးနားကနေ မြောက်ဘက်ဆုံး မက္ကဆီကိုအထိ မိုင်ပေါင်းတစ်သောင်းနီးပါးဝေးပေမယ့် ဘာသာစကားတူတာကြောင့် သူတို့အတွက် နယ်နိမိတ်ဆိုတာ မရှိသလိုဖြစ်နေခြင်းပါ။ ဒီလို ဘာသာစကားတူတဲ့နိုင်ငံတွေပေါင်းစည်းပြီး United South America ဆိုတဲ့ လက်တင်အမေရိကားပြည်ထောင်စုကြီး တည်ထောင်ဖို့ အာဂျင်တီးနားတော်လှန်ရေးခေါင်းဆောင် **ချေဂွေဗားရား**ရဲ့ အိပ်မက်ဖြစ်ခဲ့ပါတယ်။

သမိုင်းထဲက အရှုံးသမား မက္ကဆီကိုနဲ့ သမိုင်းထဲက နယ်ချဲ့အမေရိကန်

အမေရိကန်ပြည်ထောင်စုဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံးဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အကောင်းဆုံးဒီမိုကရေစီစနစ်ကို ကျင့်သုံးနေတဲ့ ကမ္ဘာ့နံပါတ်တစ်နိုင်ငံကြီးပါ။ ဒါပေမယ့် အခုလို ကမ္ဘာ့အကောင်းဆုံးစံပြနိုင်ငံကြီး ဖြစ်မလာခင် အမေရိကန်ရဲ့သမိုင်းတစ်လျှောက်ကို ပြန်ကြည့်ရင်တော့ မက္ကဆီကိုနိုင်ငံပိုင်နယ်မြေတွေကို စစ်ပွဲတွေခင်းပြီး နယ်ချဲ့သိမ်းယူခဲ့တာကိုတော့ ချန်ထားလို့ မဖြစ်နိုင်ပါဘူး။

တကယ်တော့ အမေရိကန်ပြည်ထောင်စုရဲ့ အစ ကိုလိုနီနယ်(၁၃)နယ် စတင်ကတည်းကိုက မူလဇာစ်မြစ်နေထိုင်သူတိုင်းရင်းသား အင်ဒီးယန်းတွေရဲ့နယ်မြေကို နယ်ချဲ့ပြီး သိမ်းယူခဲ့တာက စတင်တာပါပဲ။

မူရင်းပိုင်ရှင် ဇာတိ ရက်အင်ဒီးယန်းတွေဟာ ယဉ်ကျေးမှု မထူထောင်နိုင်ခဲ့ကြတဲ့ လူရိုင်းတွေဆိုတဲ့ပုံစံမျိုးနဲ့ ဒီဒေသကို ဥရောပက လူဖြူတွေလာပြီး နယ်သစ်ထောင်တာက စတာပါပဲ။ ဒီကိုလိုနီ(၁၃)နယ်က အမေရိကန်ပြည်ထောင်စု တည်ဆောက်ခြင်းရဲ့ပထမအဆင့်ပါ။ ကိုလိုနီနယ်(၁၃)နယ်ရဲ့အစဟာ ကိုလံဘတ်ရောက်တဲ့ အေဒီ ၁၄၉၈ကနေ ၁၈၂၄ ဆိုတဲ့ နှစ်ပေါင်း(၄၀၀)၊ ရာစုနှစ်လေးခုလောက်အထိပါပဲ။ (ကိုလံဘတ် အမေရိကားကို အခြေချတဲ့အချိန်ကာလကတော့ မြန်မာပြည်မှာ ပုဂံပျက်ပြီး ညောင်ရမ်းခေတ်လောက်မှာ ဖြစ်ပါတယ်။)

၁၈၂၄ခုနှစ်အထိ ယနေ့ခေတ် အမေရိကန်ပြည်ထောင်စုနယ်နိမိတ်ထဲမှာရှိကြတဲ့ ကယ်လီဖိုးနီးယားပြည်နယ်၊ အော်ရီဂွန်ပြည်နယ်၊ ဝါရှင်တန်ပြည်နယ်၊ အရီဇိုးနားပြည်နယ်၊ နယူးမက္ကဆီကိုပြည်နယ်၊ တက္ကဆပ်ပြည်နယ်၊ လူဝီစီးယားနားပြည်နယ်၊ မစ္စစ္စပီပြည်နယ်၊ နီးဗားဒါးပြည်နယ်နဲ့ အနောက်မြောက်ဒေသတစ်ခုလုံးဟာ အမေရိကန်ပြည်ထောင်စုရဲ့ နယ်မြေနယ်နိမိတ် မဟုတ်ခဲ့ပါ။

ဒီနယ်မြေအားလုံးဟာ မက္ကဆီကိုနိုင်ငံရဲ့ပိုင်ဆိုင်တဲ့ နယ်နိမိတ်ပါပဲ။ အထူးသဖြင့် Alta California နဲ့ Baja California ခေါ်တဲ့ ဒေသကြီးထဲမှာ ဒီနေ့ ကယ်လီဖိုးနီးယားပြည်နယ်တစ်ခုလုံး၊ တက္ကဆပ်ပြည်နယ်၊ အရီဇိုးနားနဲ့ နယူးမက္ကဆီကို၊ နီဗားဒါးအားလုံးဟာ မက္ကဆီကိုပိုင်နက် အတိအကျဖြစ်ခဲ့ပါတယ်။

တောင်အမေရိကနဲ့ မြောက်အမေရိကားကို ခရစ္စတိုဖာကိုလံဘတ်နဲ့ မက်ဂျယ်လန်တို့ တွေ့ခဲ့တဲ့ (၁၅)ရာစုကတည်းကနေ (၁၉)ရာစုဖြစ်တဲ့ ၁၈၁၀အထိကို စပိန်တွေက မက္ကဆီကိုကနေ အာဂျင်တီးနားအထိ စပိန်အင်ပါယာထူထောင်ထားခဲ့တာပါ။ ထူးခြားတာကတော့ ဒီတိုက်ကြီးထဲမှာ ဘရာဇီးလ်တစ်နိုင်ငံတည်းသာ ပေါ်တူဂီလက်အောက်မှာရှိခဲ့ပြီး ပေါ်တူဂီစကားပြောနိုင်ငံအဖြစ် ကျန်ခဲ့တာပါ။

၁၈၁၀ကစပြီး မက္ကဆီကိုမျိုးချစ်တွေက စပိန်ကို လက်နက်ကိုင်ပြီး လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့တာ (၁၄) နှစ်ကြာတဲ့အခါမှာတော့ မက္ကဆီကိုနိုင်ငံထဲက စပိန်တွေကို မောင်းထုတ်နိုင်ခဲ့ပြီး ၁၈၂၄မှာ မက္ကဆီကိုက သူ့လွတ်လပ်ရေးကို ကြေညာခဲ့ပါတယ်။

စပိန်တွေကတော့ မက္ကဆီကိုရဲ့လွတ်လပ်ရေးကို လုံးဝအသိအမှတ်မပြုခဲ့တဲ့အပြင် ပစိဖိတ်ကမ်းခြေ ကယ်လီဖိုးနီးယားမှာ သူတို့ရဲ့ခံတပ်တွေဆောက်ပြီး ဆက်လက်တပ်စွဲထားပါသေးတယ်။ ၁၈၂၄ လွတ်လပ်ရေးကြေညာပြီးလို့ စပိန်တွေ မက္ကဆီကိုနိုင်ငံအတွင်းထဲက ထွက်သွားတဲ့နောက်ပိုင်းမှာတော့ မက္ကဆီကိုနိုင်ငံဟာ ရန်သူနှစ်မျိုးနဲ့ စစ်မျက်နှာနှစ်ခု ရင်ဆိုင်ရပါတော့တယ်။

အဲဒါကတော့ တက္ကဆပ်နဲ့ကယ်လီဖိုးနီးယားမှာရှိတဲ့ ဒေသခံတွေရဲ့တော်လှန်ရေးတွေပါ။ တက္ကဆပ်ပြည်နယ်ဆိုတာ တကယ်တော့ ရှေးနှစ်ပေါင်းထောင်ချီပြီးကတည်းက နေလာခဲ့တဲ့ အပါချီအင်ဒီးယန်း Apachi Indian တွေရဲ့နယ်ပါ။ စပိန်တွေထွက်သွားပြီးနောက် တက္ကဆပ်ပြည်မြောက်ပိုင်းက အပါချီအင်ဒီယန်းတွေက မက္ကဆီကိုကို တော်လှန်ပုန်ကန်ကြသလို ကယ်လီဖိုးနီးယားမှာလည်း ဒေသခံလူဖြူတွေနဲ့မက္ကဆီကိုတွေက မက္ကဆီကိုအစိုးရကို ပုန်ကန်ကြပါတယ်။

၁၈၄၅မှာ အမေရိကန်ပြည်ထောင်စုရဲ့သမ္မတဖြစ်လာတဲ့ James Polk ဂျိမ်းပေါ့က Alta California နယ်မြေနဲ့ Santa Fe De Nuevo Maxico နယ်မြေနှစ်ခုကို အမေရိကန်ဒေါ်လာ (၂၅)သန်းနဲ့ဝယ်ယူဖို့ မက္ကဆီကိုအစိုးရကို ကမ်းလှမ်းပါတယ်။ အမေရိကန်တွေဝယ်ချင်တဲ့ နယ်မြေကြီးနှစ်ခုဟာ ဒီနေ့ မက္ကဆီကိုနဲ့ အမေရိကန်ကို ပိုင်းခြားထားတဲ့ Rio Grande မြစ်ရဲ့မြောက်ပိုင်းဒေသတစ်ခုလုံး ဖြစ်ပါတယ်။

ဒါကို မက္ကဆီကိုအစိုးရက လက်မခံဘဲ ပယ်ချလိုက်ပါတယ်။ ဒီနောက်မှာတော့ အမေရိကန်သမ္မတဂျိမ်းပေါ့ဟာ အဲဒီ Rio Grande ရီယိုဂရန်ဒီမြစ်ဝှမ်းကို အမေရိကန်စစ်တပ်တွေ စေလွှတ်လိုက်ပါတော့တယ်။ အမေရိကန်ဗိုလ်ချုပ် Zarchary Taylor ဗိုလ်ချုပ်တေလာဦးဆောင်တဲ့ အမေရိကန်တပ် (၃၅၀၀)ဟာ အဲဒီမြစ်ဝှမ်းမှာ ခံတပ်တွေတည်ဆောက်ပြီး တပ်စွဲလိုက်ပါတယ်။ ၁၉၄၆ မှာ ရီယိုဂရန်ဒီမြစ်ဝှမ်းက အမေရိကန်ခံတပ်ကို မက္ကဆီကိုက အလစ်ဝင်တိုက်ပြီး စခန်းတွေသိမ်းပိုက်လိုက်ပါတယ်။ ဒီတိုက်ပွဲမှာ အမေရိကန်စစ်သား(၁၂)ယောက်ကျဆုံးခဲ့ပြီး (၅၂)ယောက်အဖမ်းခံလိုက်ရပါတယ်။ ဒါကိုအကြောင်းပြုပြီး အမေရိကန်သမ္မတဂျိမ်းပေါ့က အမေရိကန်ကွန်ဂရက်လွှတ်တော်မှာ မက္ကဆီကိုကိုစစ်ကြေညာဖို့ တောင်းဆိုခဲ့ပြီး မေ (၁၃)၊ ၁၈၄၅ မှာ အမေရိကန်က မက္ကဆီကို ကို စစ်ကြေညာလိုက်ပါတယ်။

အမေရိကန်စစ်တပ်တွေက အရှေ့ဘက် တက္ကဆပ်ပြည်နယ်ကနေ အနောက်ဘက်ဆုံး ကယ်လီဖိုး

... လူ (၇၀၀၀)
... လူခုနစ်သိန်း



နီးယားက မူလစပိန်ကိုလိုနီဒေသအားလုံးကို သိမ်းပိုက်ခဲ့ပါတယ်။ အမေရိကန်တွေဘက်က ဒေသခံနေထိုင်သူ လူဖြူအရပ်သားတွေအပြင် ကုမ္ပဏီတွေရဲ့အပျော်တမ်းစစ်သားတွေပါ ပါဝင်တိုက်ခိုက်ခဲ့တဲ့အတွက် ၁၉၄၇ခုနှစ်မှာ မက္ကဆီကိုနိုင်ငံရဲ့မြို့တော်ဖြစ်တဲ့ မက္ကဆီကိုစီးတီးမြို့ကို အမေရိကန်တွေသိမ်းပိုက်ခဲ့ပြီး မက္ကဆီကိုသမ္မတနန်းတော်မှာ အမေရိကန်အလံကို လွှင့်တင်လိုက်ပါတော့တယ်။

၁၉၄၈မှာ မက္ကဆီကို-အမေရိကန်စစ်ပွဲပြီးဆုံးပြီး မက္ကဆီကိုက လက်နက်ချခဲ့ရပါတယ်။ အဲဒီစစ်ပြီးဆုံးကြောင်းစာချုပ်အရ တစ်ချိန်က စပိန်အင်ပါယာလက်အောက်မှာ မက္ကဆီကိုပိုင်နက် နယ်မြေတွေဖြစ်တဲ့ ယနေ့ခေတ် ကယ်လီဖိုးနီးယားပြည်နယ်တစ်ခုလုံး၊ အရီဇိုးနားပြည်နယ်၊ နီဗားဒါးပြည်နယ်၊ အော်ရီဂွန်ပြည်နယ်၊ နယူးမက္ကဆီကိုပြည်နယ်၊ တက္ကဆပ်ပြည်နယ်၊ မစ္စစ္စပီပြည်နယ်တွေပါတဲ့ Alta California ဒေသကြီးတစ်ခုလုံးဟာ အမေရိကန်ပိုင်နက်ဖြစ်ကြောင်း မက္ကဆီကိုက စစ်လက်နက်ချစာချုပ်မှာ လက်မှတ်ရေးထိုးလိုက်ရပါတော့တယ်။

ဒါကြောင့် စပိန်တွေရောက်လာတဲ့ (၁၅)ရာစုကတည်းက မက္ကဆီကိုပိုင်နက်ထဲမှာပါတဲ့ ကယ်လီဖိုးနီးယားနဲ့တက္ကဆပ်ဒေသကြီးတစ်ခုလုံး အမေရိကန်ပြည်ထောင်စုထဲ ပြောင်းလဲရောက်ရှိသွားတာဟာ ၁၈၄၈ခုနှစ် (၁၉)ရာစုဆိုတဲ့ လွန်ခဲ့တဲ့နှစ်တစ်ရာကျော်တမှ ဖြစ်ပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ နှစ်(၁၀၀)မတိုင်မီ၊ အင်္ဂလိပ်တွေ မန္တလေးနန်းတော်ကို မသိမ်းပိုက်မီ နှစ်(၄၀)မတိုင်မီကမှ ဒီဒေသကြီးတစ်ခုလုံးဟာ အမေရိကန်ပြည်ထောင်စုထဲ ပါလာခဲ့ခြင်းပါ။ လူဝီစီယားနားပြည်နယ်ကိုတော့ သောမတ်ဂျက်ဖာဆင်(Thomas Jefferson)လက်ထက် ၁၈၀၃ ခုနှစ်က ပြင်သစ်စစ်ဘုရင်နပိုလီယံဘိုနာပတ်ဆီက ဒေါ်လာ(၁၅)သန်းနဲ့ အမေရိကန်က ဝယ်ယူခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် အမေရိကန်ပြည်ထောင်စုဟာ ၁၈၀၃ခုနှစ်မှာ လူဝီစီယားနားပြည်နယ်ကို ပြင်သစ်ဆီက ဒေါ်လာ(၁၅)သန်း၊ ၁၈၆၇ခုနှစ်မှာ သမ္မတ Andrew Johnsonလက်ထက်မှာ ရုရှားဘုရင်အလက်ဇန္ဒား(၂)ဆီက အလာစကာပြည်နယ်ကို ဒေါ်လာ (၇. ၂)သန်းနဲ့ဝယ်ယူခဲ့ပြီး ၁၈၄၈ မှာတော့ မက္ကဆီကိုပိုင် ကယ်လီဖိုးနီးယားနဲ့ တက္ကဆပ်ပြည်နယ်ကို ဒေါ်လာ(၂၅)သန်းနဲ့ဝယ်ယူတာ မရခဲ့လို့ စစ်ဖြစ်ခဲ့ရပြီး စစ်ပွဲနဲ့ရယူခဲ့တာ ဖြစ်ပါတယ်။

လက်တင်အမေရိကန်တို့၏ ဝေဒနာ

မြောက်အမေရိကနဲ့ တောင်အမေရိကားတိုက်ကြီးနှစ်ခုစလုံးမှာ လွန်ခဲ့တဲ့နှစ်ပေါင်းထောင်ချီကတည်းက ဒေသခံ အပါချီ၊ ချီရိုကီး၊ မိုဟီကန် စတဲ့ အင်ဒီယန်းမျိုးနွယ်ပေါင်း ရာချီပြီး လှည့်လည်နေထိုင်ခဲ့ကြရာက တိုလံဘတ်နဲ့ မက်ဂျယ်လန်တို့ရောက်လာတာကစပြီး အင်ဒီးယန်းတွေရဲ့နိုင်ငံတွေပျောက်ဆုံးသွားတဲ့ ရာဇဝင်တစ်ခန်း စတင်ခဲ့ပါတော့တယ်။

မြောက်နဲ့ တောင်အမေရိကတိုက်ကြီးမှာ အင်္ဂလိပ်၊ ပြင်သစ်၊ ဒတ်ချ်၊ စပိန်နဲ့ ပေါ်တူဂီလေးနိုင်ငံဟာ သူပိုင်ကိုယ်ပိုင် နယ်လုနယ်ချဲ့ခဲ့ကြတာ နှစ်ပေါင်း(၄၀၀) ကျော်ကြာပါတယ်။

အမေရိကန်တွေကတော့ ဂျော့ဝါရှင်တန် ဦးဆောင်ပြီး အင်္ဂလိပ်ကို တော်လှန်ပြီး အမေရိကန်နိုင်ငံ ထူထောင်ပါတယ်။ ဂျော့ဝါရှင်တန်စစ်တပ်က ၁၇၇၆မှာ အင်္ဂလိပ်ကိုတော်လှန်ပြီး နောက်ထပ်နှစ်(၈၀)လောက်မှာတော့ အမေရိကန်က မက္ကဆီကိုပိုင်နက်တွေကိုသိမ်းယူပြီး ယနေ့ခေတ် အမေရိကန်ပြည်ထောင်စုမြေပုံထွက်ပေါ်လာခြင်းပါ။

ဒါတွေကို တောင်အမေရိကသားတွေရဲ့ ရင်ထဲမှာ မေ့ပျောက်လို့မရဘဲ အမေရိကန်ဆိုတာ သူတို့ရဲ့ မူလဇာတိပိုင်နက်မြေလို့ အယူအဆရှိနေပါတယ်။

နောက်တစ်ချက်ကတော့ အမေရိကန်နဲ့ကနေဒါနိုင်ငံနှစ်ခုကပဲ ဒီဒေသကြီးမှာ ခေတ်မီတိုးတက်တဲ့ နိုင်ငံကြီးတွေဖြစ်လာကြပြီး ကျန်မက္ကဆီကိုကနေ ဗဟိုအမေရိကန်နိုင်ငံတွေအားလုံးဟာ စီးပွားရေးကျပ်တည်းပြီ အလုပ်အကိုင်ရှားပါးတဲ့နိုင်ငံတွေအဖြစ်ပဲ တစ်စတစ်စ ဖြစ်လာပါတယ်။

ဒီလို ဆင်းရဲချမ်းသာကွာဟချက်ကြီးမားလာတဲ့အတွက် တောင်နဲ့ ဗဟိုအမေရိကဒေသကလူတွေအားလုံး အမေရိကန်ပြည်ထောင်စုထဲကို ပြောင်းရွှေ့နေထိုင်ချင်တဲ့ ဘုံအိပ်မက်ကြီး ဖြစ်လာပါတယ်။ ဒီဒေသထဲက ဗင်နီဇွဲလားနိုင်ငံမှာ ကြက်တစ်ကောင်ကို ဗင်နီဇွဲလားငွေ (၁၄)သန်း၊ သိန်း(၁၄၀)ပေးရတဲ့အထိ ငွေကြေးဖောင်းပွလာပါတယ်။ ဗင်နီဇွဲလားကလူတွေ အိမ်နီးချင်းနိုင်ငံထဲကို နေ့စဉ်ထွက်ပြေးနေကြပါပြီ။ အခုဆို ဗင်နီဇွဲလားက ထွက်ပြေးသွားတဲ့ နိုင်ငံသားသုံးသန်းနီးပါး ရှိလာပါပြီ။

ဗင်နီဇွဲလားကနေ အီကွေဒေါနဲ့ချီလီ၊ ဘရာဇီးလ်နယ်စပ်တွေကို နေ့စဉ် လူတွေအုပ်စုလိုက်ထွက်ပြေးနေကြသလို ဟွန်ဒူးရပ်စ်၊ အယ်ဆာဗေဒိုး၊ နီကါရာဂွါက လူတွေကလည်း မက္ကဆီကိုနိုင်ငံထဲကို နေ့စဉ်ထွက်ပြေးနေပါတယ်။

အခုနောက်ဆုံး လူအင်အား(၇၀၀၀)ပါတဲ့ လူအုပ်ကြီးဟာ ဟွန်ဒူးရပ်စ်နိုင်ငံကနေ မိုင်(၁၅၀၀)လောက်ဝေးတဲ့ မက္ကဆီကို ကို လမ်းလျှောက်လာခဲ့တာ အခုဆို မက္ကဆီကိုမြို့တော်ကို ရောက်ရှိလာခဲ့ပါပြီ။

လူ (၇၀၀၀)အုပ်ကြီးကို သူတို့ဖြတ်သန်းလာတဲ့ အယ်ဆာဗေဒိုး၊ နီကါရာဂွါနိုင်ငံနဲ့ အခုရောက်နေတဲ့ မက္ကဆီကိုနိုင်ငံတွေကလည်းလက်ခံခဲ့ပြီး အရေးပေါ်ဆေးကုသမှုတွေ၊ အစားအသောက်တွေ၊ အဝတ်အစားတွေ၊ ဖိနပ်တွေပါ ကူညီနေကြပါတယ်။

ဟွန်ဒူးရပ်စ်ကနေ နိုင်ငံသုံးခုကို ဖြတ်လာတဲ့ ဒီလူအုပ်ကြီးကို ဒီဖြတ်လာတဲ့နိုင်ငံတွေရော၊ အခုနောက်ဆုံးရောက်နေတဲ့ မက္ကဆီကိုကပါ အဘယ်ကြောင့် မတားဆီးဘဲ ဖြတ်သန်းခွင့်ပေးခဲ့ပါသလဲ။ အဖြေကတော့ မက္ကဆီကိုအပါအဝင် ဗဟိုအမေရိကနဲ့တောင်အမေရိကနိုင်ငံတွေအားလုံးက ဒီဒေသမှာ အမေရိကန်ပြည်တစ်ခုတည်း ကြွယ်ဝချမ်းသာနေတာဟာလည်း သူတို့နဲ့ ပတ်သက်သက်ဆိုင်တယ်လို့ ပြချင်လို့ပါ။ အမေရိကန်ရဲ့စီးပွားကောင်းမွန်မှု၊ အလုပ်အကိုင်အခွင့်အလမ်းပေါများမှုနဲ့ လူနေမှုအဆင့်အတန်းဟာ ကျန်တဲ့ အမေရိက၊ ဗဟိုအမေရိကနိုင်ငံတွေနဲ့ အလွန်ကွာခြားနေလို့ပဲ ဖြစ်ပါတယ်။ အမေရိကန်ပြည်ဟာ ဆင်းရဲသားရပ်ကွက်ထဲမှာ တစ်အိမ်တည်း ထီးထီးကြီးနဲ့ အလွန်ချမ်းသာတဲ့သူဌေးအိမ်ကြီး ဖြစ်နေလို့ပါပဲ။

အမေရိကန်နိုင်ငံရဲ့ချမ်းသာကြွယ်ဝမှုနဲ့ကောင်းမွန်တဲ့လူနေမှုအဆင့်အတန်းကို အိမ်နီးနားချင်းက ဆင်းရဲမွဲတေပြီး အလုပ်မရှိတဲ့နိုင်ငံလေးတွေက လက်ပိုက်ကြည့်ပြီး ငုတ်တုတ်ဖြစ်နေရတာ နှစ်ပေါင်းများစွာကြာပါပြီ။ အမေရိကန်လူဦးရေ သန်း(၃၂၀)မှာ အဆင်းရဲဆုံးလူမဆိုထားနဲ့၊ အိမ်ခြေမရှိတဲ့ အိုးမဲ့အိမ်မဲ့ဆိုသူတောင် တစ်နေ့ကို ခုနစ်ဒေါ်လာကနေ (၁၀)ဒေါ်လာလောက်ပေးမှ အမဲသားညှပ်ပေါင်မုန့်ဟမ်ဘာဂါကို တစ်ရက် သုံးကြိမ် အေးအေးဆေးဆေး စားနိုင်ကြပါတယ်။

အမေရိကန်က အိမ်ခြေမဲ့တောင် တစ်ရက် အသားညှပ်ဟမ်ဘာဂါသုံးကြိမ် အေးအေးဆေးဆေးစားနေကြရတဲ့အဖြစ်ကို အိမ်နီးချင်းက ဆင်းရဲပြီး အလုပ်မရှိတဲ့ ဒီနိုင်ငံက လူသားတွေကအားကျပြီး ထိုင်ငေးနေရတဲ့ဘဝအခြေအနေပါ။

ဒါကြောင့် မူရင်းဇာတိနိုင်ငံတွေမှာ အငတ်ခံပြီး သေမယ့်အတူတူ အလုပ်မရှိဘဲ ငုတ်တုတ်ထိုင်နေရမယ့်အတူတူ အမေရိကန်ပြည်ကို ရောက်အောင် လမ်းလျှောက်သွားကြမယ်၊ ဖမ်းရင်လည်း ခံရမယ်၊ ရိုက်ရင်လည်း ခံရမယ်၊ သေနတ်နဲ့ပစ်ရင်လည်း သေချင်သေပါစေတော့ဆိုပြီး မထူးဇာတ်ခင်းကြဖို့ ဒီလူအုပ်ကြီးတွေဟာ အမေရိကန်နယ်စပ်ကို ဦးတည်ချီတက်နေကြပါပြီ။

× × ×

အမေရိကန်နယ်စပ်သို့ မိုင်(၈၀၀)အလို

အခုဆို ဟွန်ဒူးရပ်စ်ကချီတက်လာတဲ့လူ(၇၀၀၀)လောက် အမေရိကန်နယ်စပ်ကိုရောက်ဖို့ မိုင်(၈၀၀)မျှသာလိုပါတော့တယ်။ အမေရိကန်သမ္မတဒေါ်နယ်ထရန့်ကတော့ ဒီလူအုပ်ကြီးကို အမေရိကန်နိုင်ငံထဲမဝင်နိုင်ဖို့ တားဆီးသွားမယ်ဆိုပြီး စစ်သားအင်အား(၁၅၀၀၀)ကို နယ်စပ်တစ်လျှောက် တပ်ဖြန့်ထားလိုက်ပါပြီ။ နဂိုကလည်း ဒီနယ်စပ်တစ်လျှောက် မိုင်(၃၀၀၀)တစ်လျှောက်လုံးကို ပေ(၂၀)မြင့်တဲ့ အုတ်တံတိုင်းနဲ့သံဆူးကြိုးတွေကာရံထားပြီးသားပါ။ ခြံစည်းရိုးတွေရဲ့တစ်လျှောက်မှာလည်း Border Guard နယ်စပ်ရဲတွေက (၂၄)နာရီလုံး ကင်းလှည့်နေပါတယ်။ ရဲတွေနဲ့အတူ အမဲလိုက်ခွေးကြီးတွေလည်း အများအပြားပါဝင်ပါတယ်။ ဒီကြားထဲကကို ဒီမိုင်(၃၀၀၀)ခြံစည်းရိုးကို နေ့စဉ် လူ(၂၀၀)လောက်ကနေ နည်းလမ်းပေါင်းစုံနဲ့ ဝင်ရောက်နေတာ ကြာပါပြီ။

၂၀၁၀ သန်းခေါင်စာရင်းအရ အမေရိကန်လူဦးရေဟာ ဒီနေ့ဆိုရင် ဥရောပကဝင်လာတဲ့ လူဖြူကော့ကေးရှန်းတွေက (၇၂)ရာခိုင်နှုန်း၊ မက္ကဆီကို၊ ဗဟိုအမေရိကနဲ့ တောင်အမေရိက,က ဝင်လာတဲ့ လတ်တီနိုက (၁၆. ၃)ရာခိုင်နှုန်း ဖြစ်လာနေပါပြီ။ အာဖရိကတိုက်က ကျွန်တွေအဖြစ်ဖမ်းဆီးပြီး အမေရိကန်က ဝါဂွမ်းစိုက်ခင်းတွေမှာ ကျွန်တွေအဖြစ်လုပ်ခဲ့ကြရတဲ့ အမေရိကန်တွေက ဆင်းသက်လာတဲ့ လူမည်းလူဦးရေက (၁၂. ၆)ရာခိုင်နှုန်းနဲ့ အာရှကဝင်လာတဲ့လူဦးရေက (၄. ၂)ရာခိုင်နှုန်းရှိနေပါတယ်။ မူလဇာတိ အလာစကန်နဲ့အင်ဒီးယန်းတွေက (၀. ၉)ရာခိုင်နှုန်း(၁ရာခိုင်နှုန်းထက်နည်း)၊မက္ကဆီကိုနဲ့ တောင်အမေရိက,က ဝင်လာတဲ့ လတ်တီနိုတွေရဲ့လူဦးရေ အများဆုံးဖြစ်သွားတော့မှာဖြစ်ပြီး လတ်တီနိုထဲက ပထမဆုံးသမ္မတကို နောင်အနှစ်(၂၀)လောက်မှာမြင်တွေ့ရတော့မယ်လို့ ဆိုပါတယ်။

ကမ္ဘာပေါ်မှာ ဒီမိုကရေစီအကျဆုံး၊ လူ့အခွင့်အရေးစံချိန်စံညွှန်းသတ်မှတ်ချက်မှာ အလေးအထားဆုံးနဲ့ ကမ္ဘာပေါ်မှာ အကောင်းဆုံးဖွဲ့စည်းပုံအခြေခံဥပဒေရှိပါတယ်ဆိုတဲ့ အမေရိကန်ပြည်ထောင်စုကတော့ သူ့နယ်စပ်ကိုဝင်ရောက်ဖို့ ရွှေ့လျားချီတက်လာတဲ့ လူ(၇၀၀၀)ကို လိုအပ်ရင် သေနတ်နဲ့ပစ်ဖို့အထိ သမ္မတက ပြောဆိုလိုက်ပါပြီ။ လူအုပ်ကြီးကလည်း ဘာပဲဖြစ်ဖြစ် အမေရိကန်ပြည်ထဲ မရောက်ရောက်အောင်သွားမယ်လို့ ကြုံးဝါးထားကြပါပြီ။

× × ×

ဒီလို လူ(၇၀၀၀)ကို သူ့နိုင်ငံထဲမဝင်လာဖို့ လိုအပ်ရင် သေနတ်နဲ့ပစ်ဖို့တောင်ပြောထားတဲ့အမေရိကန်နိုင်ငံရဲ့အဖြစ်ကို ဒီနေ့ မြန်မာပြည်ရင်ဆိုင်နေရတဲ့ဘင်္ဂါလီခုနစ်သိန်းပြဿနာနဲ့နှိုင်းယှဉ်ကြည့်ရင် ကျွန်တော်တို့မြန်မာနိုင်ငံရဲ့အန္တရာယ်က ဘယ်လောက်အဆပေါင်းများစွာဆိုးရွားနေသလဲဆိုတာ ရှင်းရှင်းလင်းလင်းမြင်နေရပါတယ်။

အမေရိကန်ဟာသူ့နိုင်ငံထဲကို ဝင်လာဖို့ကြိုးစားနေတဲ့ လူ(၇၀၀၀)ကို ဘယ်လိုမှလက်မခံနိုင်ပါဘူးလို့ ပြောနေပေမယ့် မြန်မာနိုင်ငံကိုတော့ သူ့နိုင်ငံကတိုင်းရင်းသားလည်းမဟုတ်၊ မူရင်းနေထိုင်သူတွေလည်း မဟုတ်ဘဲ မနေ့တစ်နေ့ကမှ ခိုးဝင်ပြီးလာခဲ့ကြတဲ့ ဒီလူခုနစ်သိန်းအရေးမှာ အတင်းဖိအားတွေပေးနေတာဟာ အပြောတစ်မျိုး အလုပ်တစ်မျိုးဖြစ်နေတာ ရှင်းပါတယ်။

ပိုပြီးခြားနားတာက ဟွန်ဒူးရပ်စ်ကနေ အမေရိကန်ကို ချီတက်လာတဲ့ လူ(၇၀၀၀)က သူတို့ကိုယ်ပိုင်ဆန္ဒနဲ့လာကြတာပါ။

နောက်စာမျက်နှာတွင်ဆက်လက်ဖတ်ရှုပါရန်

www.free4readrs.com

www.free4readrs.com

အမေရိကန်သို့လူ (၇၀၀၀) ၊ ရခိုင်ပြည်သို့ လူခုနစ်သိန်း

အမေရိကန်-မက္ကဆီကိုနယ်စပ်မိုင်(၇၀၀၀)ကျော်တစ်လျှောက် ဝင်ရောက်လာမည့်သူများအား ဘားဆီးရန် အမေရိကန်စစ်သားများ အသင့်ပြင်ဆင်နေကြပုံ။


ဗဟိုအမေရိကန်နိုင်ငံများနှင့်ဟွန်ဒူးရပ်စ်မှ အမေရိကန်နယ်စပ်သို့ ချီတက်လာနေသော လူအုပ်ကြီးအား တံတားတစ်ခုပေါ်တွင် မြင်တွေ့ရပုံ။

အခုမြန်မာပြည်ရင်ဆိုင်နေရတဲ့ ဘင်္ဂါလီခုနစ်သိန်းကတော့ မြန်မာလူမျိုးတွေ၊ ရခိုင်လူမျိုးတွေက သူတို့ကို အတင်းအဓမ္မ မောင်းထုတ်လို့ထွက်သွားကြတာ မဟုတ်ဘဲ သူတို့ဘာသာ သူတို့ဆန္ဒကြောင့် သူတို့ကိုယ်တိုင် ထွက်သွားကြတဲ့အဖြစ်ပါ။ မြန်မာစစ်တပ်က ARSA သောင်းကျန်းသူတွေကို ရှင်းလင်းဖို့ စစ်ဆင်ရေးလုပ်ခဲ့တယ်ဆိုတာမှန်ပေမယ့် ဒီဘင်္ဂါလီရွာတွေကို တစ်ယောက်မှ ဒီရွာမှာနေခွင့်မရှိဘူး၊ ထွက်သွားကြလို့ မောင်းထုတ်ခဲ့တာမဟုတ်ဘူးဆိုတာတော့လုံးဝသေချာပါတယ်။ ARSA အကြမ်းဖက်သမားတွေက ခြောက်လှန့်လို့ဖြစ်စေ၊ သူတို့ကိုယ်တိုင် ARSA နဲ့ပတ်သက်နေလို့ဖြစ်စေ အကြောက်တရားကြောင့် တစ်ယောက်ထွက်ရာမှ တစ်ရာ၊ တစ်ရာက တစ်ထောင်၊ တစ်ထောင်က တစ်သောင်း ထွက်သွားကြတာသာဖြစ်ပြီး မြန်မာပြည်က မောင်းထုတ်ခဲ့တာ လုံးဝမဟုတ်တာတော့ အလွန်သေချာပါတယ်။

ဒါကြောင့် သူတို့သဘောနဲ့ သူတို့ထွက်သွားကြဒီလူတွေ ပြန်မလာကြတာကိုလည်း မြန်မာပြည်အပေါ် အနောက်အုပ်စုက မြေနိမ့်ရာလှံစိုက်ပြီး အပြစ်ရှာနေခြင်းပါ။ အဲဒီလို ခိုးဝင်ဘင်္ဂါလီနဲ့ထွက်ပြေးဘင်္ဂါလီတွေကို မြန်မာပြည်က မျိုးတုံးသတ်ဖြတ်နေပါတယ်၊ မျိုးတုံးသတ်ဖြတ်ခဲ့ပါတယ်လို့စွပ်စွဲပြီး လက်ညှိုးတငေါက်ငေါက်ထိုးနေတဲ့ အနောက်အုပ်စုခေါင်းဆောင်ကြီးတွေဖြစ်တဲ့ အင်္ဂလိပ်ရော၊ ပြင်သစ်ရော၊ အမေရိကန်ကပါ တစ်ချိန်တုန်းက ကမ္ဘာပေါ်က နိုင်ငံငယ်လေးတွေကို လက်နက်နဲ့ နယ်ချဲ့ခဲ့ကြတဲ့နိုင်ငံတွေချည်းပါပဲ။ အင်္ဂလိပ်နဲ့ပြင်သစ် နယ်ချဲ့ခဲ့တာဟာ နယ်ချဲ့အစစ်တွေဖြစ်ကြလို့ မထူးဆန်းပေမယ့် ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို ရှေ့တန်းအတင်ဆုံး အမေရိကန်ကိုယ်တိုင်လည်း မက္ကဆီကိုနိုင်ငံနယ်မြေတွေကို စစ်ပွဲနဲ့သိမ်းယူခဲ့တာဟာ ၁၈၄၈ ဆိုတော့ လွန်ခဲ့တဲ့နှစ် (၁၅၀) လောက်ပဲ ရှိပါသေးတယ်။

ဒီဆောင်းပါးရေးတာဟာ ဟွန်ဒူးရပ်စ်က အမေရိကန်နယ်စပ်ကို ချီတက်လာနေတဲ့ လူ(၇၀၀၀)ဘက်မှ ရပ်တည်ပြီးမှန်တယ်လို့ရေးနေခြင်းမဟုတ်ပါ။ လက်ရှိအချုပ်အခြာအာဏာပိုင်နိုင်ငံတွေရဲ့လုပ်ပိုင်ခွင့်တွေ၊ နိုင်ငံနယ်မြေနယ်စပ်ကို ကာကွယ်ရမှာတွေကတော့ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေဖြစ်ပါလိမ့်မယ်။

ဒီဆောင်းပါး ဆိုလိုချင်တာ ဥရောပက လူဖြူတွေက ဘုရားသခင်ပေးလို့ အလကားရလိုက်တဲ့ အမေရိကတိုက်ကြီးကိုရောက်ခဲ့ပြီး ကမ္ဘာပေါ်မှာ အကောင်းဆုံး စီးပွားရေး၊ နိုင်ငံရေးစနစ်ရှိတဲ့ နိုင်ငံကြီးထူထောင်နိုင်ခဲ့ကြတယ်။ သို့သော် ဒီကနေ့မှာတော့ သူတို့ဆီကို အလုပ်လုပ်ချင်လို့၊ အခြေချချင်လို့ပါဆိုပြီး အသနားခံပြီး ဝင်လာချင်တဲ့ လူ(၇၀၀၀)ကိုတောင် သူတို့နိုင်ငံထဲ ပေးမဝင်နိုင်ဘဲ ပစ်မိန့်တောင်ပေးထားတဲ့အချိန်မှာ မြန်မာပြည်ရင်ဆိုင်နေရတဲ့ မူလတိုင်းရင်းသားလည်းမဟုတ်၊ ရှေးနှစ်ပေါင်းများစွာကတည်းက နေထိုင်ခဲ့တဲ့ဇာတိခံလူမျိုးတွေလည်းမဟုတ်တဲ့ လူခုနစ်သိန်းတာဝန်ကြီးဟာ မြန်မာပြည်ပခုံးပေါ်ကျရောက်နေတဲ့ဒုက္ခကို အမေရိကန်နဲ့ အနောက်အုပ်စုစာနာကြည့်ဖို့ ဒီဆောင်းပါးရေးလိုက်ရပါတယ်။

အမေရိကန်တွေတောင် သူတို့နိုင်ငံထဲကို လူခုနစ်သိန်းမဆိုထားနဲ့၊ လူ(၇၀၀၀) ပေးမဝင်နိုင်ဘူးလို့ ပြတ် ပြတ်သားသားငြင်းနေတဲ့အချိန်မှာ ကျွန်တော်တို့ မြန်မာအစိုးရနဲ့ မြန်မာအာဏာပိုင်တွေကတော့ နိုင်ငံတကာဖိအားဆိုတာကြီးတို့၊ R2P တို့၊ UN တပ်တို့ဆိုတဲ့ ခြိမ်းခြောက်မှုတွေကို အရမ်းအလေးပေးစဉ်းစားလွန်းပြီး ဖောခြင်းသောခြင်း အောက်ဈေးလျှော့ဈေး၊ အလကားဈေးနဲ့ မြန်မာပြည်ထဲပေးဝင်ကြရင်ဖြင့် အကြီးအကျယ် မဟာအမှား ဖြစ်လာပါလိမ့်မယ်။

ဒါကြောင့် နိုင်ငံတကာက ပေးနေတဲ့ဖိအားတွေ လူ့အခွင့်အရေးတွေကိုလည်း လိုက်နာသင့်တာလိုက်နာရမှာဖြစ်ပေမယ့် ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ရေရှည်တည်တံ့နိုင်ရေးအတွက်ကတော့ နံပါတ်တစ်အရေးအကြီးဆုံးနဲ့ အလေးအထားရဆုံးကိစ္စ နံပါတ်တစ် ဖြစ်ပါလိမ့်မယ်။ ဒီခုနစ်သိန်းအားလုံးကို လက်ခံလိုက်ရင်တောင်မှ ဒီပြဿနာဟာ ပြီးဆုံးသွားမှာမဟုတ်ဘဲ နောက်ထပ်ခုနစ်သိန်းထပ်ပေါ်ပေါက်လာမှာသေချာနေပါတယ်။ မြန်မာပြည်ဟာ သမိုင်းမှာ မိအေးနှစ်ခါနာတဲ့အဖြစ်အပျက်တွေကို ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့တဲ့အထဲမှာ ဂျပန်အဝင်မှာလည်း တစ်ခါနာ၊ အင်္ဂလိပ်ပြန်အဝင်မှာလည်း တစ်ခါနာ၊ မြန်မာပြည်ဟာ မိအေး နှစ်ခါနာခဲ့ရတယ်လို့ ပြောခဲ့ပြီးသားပါ။

ဘင်္ဂါလီခုနစ်သိန်းအရေးကို အကောင်းဆုံး မကိုင်တွယ်နိုင်ရင်တော့ မိအေး နှစ်ခါနာမျှသာမဟုတ်တော့ဘဲ မိအေး သုံးခါနာ ဖြစ်ပါလိမ့်မယ်။

ဘင်္ဂါလီခုနစ်သိန်း တစ်ဖက်နိုင်ငံတွင်ရောက်နေသည်မှာ မြန်မာပြည်မှ လူမျိုးတုံးသတ်ဖြတ်မှုကြောင့် ထွက်ပြေးလာသူများ ဖြစ်ပါသည်ဟု နိုင်ငံတကာက စွပ်စွဲထားပါသည်။ ၎င်းဘင်္ဂါလီ ခုနစ်သိန်းဘက်တွင် အမေရိကန်၊ ပြင်သစ်၊ အင်္ဂလိပ်၊ OIC မွတ်စလင်နိုင်ငံများအဖွဲ့ချုပ်နှင့် ကမ္ဘာ့ကုလသမဂ္ဂမှ ပြတ်ပြတ်သားသား ရပ်တည်နေပါသည်။

မြန်မာပြည်သည် မှန်ပါလျက်မှားနေရသည့် တရားလိုဘဝမှ တရားခံဖြစ်သွားရသည့် နိုင်ငံ ဖြစ်ပါသည်။ ဤဘင်္ဂါလီ ခုနစ်သိန်းပြဿနာသည် ကမ္ဘာ့ကုလသမဂ္ဂ UN မှ သူလုပ်ရမည့်အလုပ် သူလုပ်ခြင်းသာ ဖြစ်သည်။ အမေရိကန်နှင့် အနောက်အုပ်စုကလည်း သူတို့လုပ်ရမည့်၊ လုပ်သင့်သည့် အလုပ်လုပ်ခြင်းသာ ဖြစ်ပါသည်။ OIC ကတော့ သူတို့မွေးသည့်မီး ဖြစ်၍ သူတို့တာဝန် သူတို့ကျေပွန်အောင်လုပ်နေခြင်း ဖြစ်သည်။

သူတို့အားလုံးသည် ဘင်္ဂါလီခုနစ်သိန်းအပေါ် စေတနာထား၍မဟုတ်၊ သူတို့တာဝန် သူတို့လုပ်နေကြခြင်းသာဖြစ်သည်။ တစ်နည်းအားဖြင့် သူတို့ချမှတ်ထားသည့် မူဘောင်အတိုင်း သူတို့လုပ်နေခြင်းသာ ဖြစ်သည်။ ကရုဏာ၊စေတနာကြောင့်ဆိုပါလျှင် ဒီလူခုနစ်သိန်း သူတို့လက်ခံလိုက်မည်သာဖြစ်၏။ ဒါကို မြန်မာအစိုးရနှင့် မြန်မာအာဏာပိုင်များ နားလည်ဖို့မှာ မြန်မာပြည်သည်လည်း ကိုယ်လုပ်သင့်သည့်အလုပ်ကိုသာ လုပ်ရမည်သာ ဖြစ်ပါသည်။

အမေရိကန်သည် သူ့နိုင်ငံအတွက် သူ့ပြည်ထောင်စုအကျိုးအတွက် အိမ်နီးချင်း မက္ကဆီကိုပြည်၏ ပိုင်နက်နယ်မြေများကို စစ်ခင်း၍ သိမ်းပိုက်ခဲ့သည်။ ဤလုပ်ရပ်အတွက် ထိုစဉ်က အမေရိကန်သမ္မတနှင့်အစိုးရကို ဒီကနေ့ အမေရိကန်မျိုးဆက်သစ်များက အပြစ်မတင်ကြ။ မှားခဲ့သည်ဟုဆိုကာ မက္ကဆီကိုပိုင်နယ်မြေများ ပြန်ပေးအပ်သင့်ပါသည်ဟု ဘယ်အမေရိကန်သမ္မတ၊ ဘယ်အမေရိကန်နိုင်ငံသားတစ်ယောက်ကမျှ ဒီစကားမျိုး ပြောခဲ့ခြင်း မရှိချေ။

နိုင်ငံတိုင်းသည် မိမိနိုင်ငံနှင့် လူမျိုး အကျိုးစီးပွားအတွက် လုပ်သင့်သည့် ဆုံးဖြတ်ချက်ကို လုပ်ကြရလိမ့်မည်သာ ဖြစ်ပါသည်။

အမေရိကန်တို့အကြောင်း အလွယ်တကူနားလည်နိုင်ဆုံးဥပမာမှာ မင်းသားတွမ်ဟန့်ပါဝင်သည့် The Terminal ရုပ်ရှင်က အမေရိကန်တို့အကြောင်း အကောင်းဆုံး ဥပမာပင်ဖြစ်သည်။ အမေရိကန်ပြည် နယူးယောက်လေဆိပ်ရောက်ရှိလာသော အာရှအလယ်ပိုင်းနိုင်ငံမှ တွမ်ဟန့်သည် လေဆိပ်လူဝင်မှုကောင်တာတွင် ရောက်နေချိန်မှာပင် သူ့နိုင်ငံ၌ အာဏာသိမ်းပွဲဖြစ်၍ ၎င်းနိုင်ငံကို အမေရိကန်က အသိအမှတ်မပြုတော့ကြောင်း ကြေညာလိုက်သည်။ ထို့ကြောင့် အမေရိကန်ပြည်ဝင်ခွင့်ဗီဇာကို တွမ်ဟန့်၏နိုင်ငံကူးလက်မှတ်စာအုပ်ပေါ်တွင် အမေရိကန်လူဝင်မှုဌာနမှ ရိုက်ပေးရန် ငြင်းလိုက်ရတော့သည်။ သို့တော် တွမ်ဟန့်တစ်ယောက် နယူးယောက်မြို့ထဲသို့ ဝင်ရောက်သွားလိုပါကလည်း သူ့အား တားဆီးထားခြင်းမရှိပေ။ အမေရိကန်ပိုင်နယ်မြေထဲသို့ သူဝင်သွားနိုင်ရန် အမေရိကန်အာဏာပိုင်များက ဟပေးထားခဲ့သည်။

အမေရိကန်ပြည်ဝင်ခွင့်ဗီဇာကို တွမ်ဟန့်အားပေးရန်ငြင်းဆိုထားသော်လည်း သူ့သဘောဖြင့်သူအမေရိကန်နိုင်ငံပိုင်နက်ထဲသို့ ဝင်သွားလိုကလည်း သွားနိုင်ရန် ထိုတံခါးပေါက်၌ အစောင့်မရှိသောအချိန်၊ အစောင့်များအပြောင်းအလဲလုပ်သောအချိန်ကို တွမ်ဟန့်သိအောင် လှည့်ပတ်၍ ပြောပြထားသည်။ တွမ်ဟန့်သည် ထိုလေဆိပ်ထဲတွင် လပေါင်းများစွာ နိုင်ငံမဲ့ဘဝဖြင့် နေထိုင်ခဲ့ရပြီးနောက် နောက်ဆုံးတစ်နေ့တွင် ထိုလေဆိပ်ထဲမှ အစောင့်မရှိသောဝင်ပေါက်ကိုဝင်ရောက်ခဲ့ပြီး အမေရိကန်နိုင်ငံထဲသို့ ဝင်ရောက်သွားနိုင်ခဲ့သည်။ ထိုရုပ်ရှင်ဇာတ်လမ်းသည် ရုပ်ရှင်တစ်ခုဖြစ်သော်လည်း အမေရိကန်နိုင်ငံ၏သဘောသဘာဝအဓိပ္ပာယ်ကို အလွယ်တကူမြင်ရသော ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

ကျွန်တော်တို့ မြန်မာအစိုးရနှင့်အာဏာပိုင်တို့သည်လည်း ထိုအချက်ကို သေချာစွာနားလည်ပါလျှင် ဘင်္ဂါလီခုနစ်သိန်းပြဿနာကို လိမ္မာပါးနပ်စွာကိုင်တွယ်၍ ရပါသည်။ လက်ခံချင်လည်း ရပါသည်။ လက်မခံချင်လည်း ရပါသည်။ လက်ခံချင်သလောက်ပမာဏကိုသာ စိစစ်ပြီး လက်ခံချင်လည်းရပါသည်။

ကျွန်တော်တို့ မြန်မာပြည် ပါးနပ်လိမ္မာဖို့ လိုပါသည်။ ကမ္ဘာပေါ်တွင် နိုင်ငံအားလုံးသည် သူတို့လုပ်သင့်သောအလုပ်ကို သူတို့ လုပ်နေကြခြင်းသာ ဖြစ်သည်။ ဘင်္ဂါလီခုနစ်သိန်းသည်လည်း သူတို့လုပ်သင့်သည့်အလုပ်ကိုလုပ်၍ သူတို့ ထွက်ပြေးခဲ့ကြသည်။ ယခုတစ်ဖန် သူတို့လုပ်သင့်သောအလုပ်ဖြစ်သည့် မြန်မာပြည်ထဲသို့ ဂုဏ်သိက္ခာရှိရှိ၊ နိုင်ငံသားအဆင့်ရရှိပြီးမှသာ ဝင်ရောက်နိုင်မည့်အလုပ်ကို သူတို့လုပ်နေကြခြင်းသာ ဖြစ်သည်။ ဘင်္ဂါလီခုနစ်သိန်းသည်သူတို့လုပ်ရမည့်အလုပ်လုပ်နေသည်ဟု ဆိုပါလျှင် ကျွန်တော်တို့ မြန်မာပြည်သည်လည်း ကျွန်တော်တို့ လုပ်သင့်သည့်၊ လုပ်ရမည့်အလုပ်ကို လုပ်ကြရမည်သာ ဖြစ်သည်။

ကျွန်တော်တို့လုပ်ရမည့်အလုပ်ကား ပြည်ထောင်စု မြန်မာနိုင်ငံတော် ထာဝရဆက်လက်တည်တံ့နိုင်ရေး အလုပ်သာ ဖြစ်လေ၏။

မိုးဟိန်း(သူရိယနေဝန်း)

www.free4readrs.com

ဗုဒ္ဓ ဓမ္မ သံဃ

စနေနေ့တိုင်းထုတ်ဝေသည်

သူရိယနေဝန်း

THE SUN RAY

Vol.1 No.223 WEEKLY NEWS JOURNAL 10th November 20

အမေရိကန်သို့ လူ (၇၀၀၀) ရခိုင်ပြည်သို့ လူ (၇၀၀,၀၀၀)

မိုးဟိန်း (သူရိယနေဝန်း)

Welcome to America.

www.free4readrs.com

ထွက်မလား ထုတ်မလား

နေရာသည်ကား ရန်ကုန်မြို့ တာမွေမြို့နယ် တစ်နေရာတွင် ဖြစ်၏။ ဂန္ဒီကြီးက မြန်မာပြည်ရောက်ခိုက် ကြုံတောင့်ကြုံခဲရွေးကောက်ပွဲကျင်းပနေသည်ကို မြင်တွေ့လိုသဖြင့် ရန်ကုန်မြို့အနှံ့ ရွေးကောက်ပွဲအခြေအနေကို လိုက်လံလေ့လာနေခြင်း ဖြစ်၏။

ဂန္ဒီကြီး။ ။ ကျုပ်စိတ်ထဲမြင်နေရတာက မြန်မာပြည်ရန်ကုန်မြို့ရောက်နေတယ်ဆိုတာကိုတောင် မေ့သလိုလိုဖြစ်သွားတယ်ဗျ။

ချက်ကြီး။ ။ ဘာကြောင့်များလဲဘာဘူကြီးရေ။

ဂန္ဒီကြီး။ ။ ရန်ကုန်မှာ ဘယ်နေရာကြည့်ကြည့် ကျုပ်တို့ အိန္ဒိယလူမျိုးတွေ၊ ပါကစ္စတန်လူမျိုးတွေ အတော်များများတွေ့ရလို့ ကျုပ်စိတ်ထဲမယ် အိန္ဒိယပြန်ရောက်တယ်လို့ ထင်သွားတယ်ဗျို့။

ဗိုလ်ကျောက်ဆည်။ ။ စစ်ကြီးအတွင်းက ဂျပန်တွေဝင်လာလို့ ဘာဘူကြီးတို့ အိန္ဒိယလူမျိုး(၁၀)သိန်းကျော် အိန္ဒိယပြန်သွားလို့သာဗျာ၊ နို့မဟုတ်ရင်တော့ ရန်ကုန်မြို့ကို ဒုတိယကာလကတ္တားလို့တောင် ခေါ်ရမှာဗျို့။

နေရှူး။ ။ ဟုတ်ပါ့ဗျာ။ တာမွေမြို့နယ်က မဲရုံတွေမှာတွေ့ရတာ ကျုပ်တို့ အိန္ဒိယသားတွေအတော်များသား။ အေးလေ အင်္ဂလိပ်ကိုလိုနီလက်အောက်မှာ မြန်မာပြည်နဲ့အိန္ဒိယပြည်ဟာအတူတွဲပြီး နှစ်ပေါင်း(၁၀၀)ကျော်နေခဲ့ရတာကိုးဗျ။ ၁၉၃၇မှာ မြန်မာပြည်တွဲရေးခွဲရေးဆုံးဖြတ်ကြတော့ မြန်မာပြည်သူတွေ မဲပေးကြတာ တွဲရေးက နိုင်ခဲ့တာပဲလေ။ ကျုပ်တို့ အိန္ဒိယပြည်နဲ့တွဲပြီး တိုက်ပွဲဝင်မှ လွတ်လပ်ရေးအတွက် ပိုအားကောင်းမယ်ထင်ပြီး မြန်မာတွေ တွဲရေးကိုမဲပေးခဲ့ကြတာပဲ။ ဒါပေမယ့် နောက်ဆုံးတော့ အင်္ဂလိပ်က တွဲရေးနိုင်ပေမယ့် အိန္ဒိယပြည်ကနေ မြန်မာပြည်ကို ခွဲထုတ်ပစ်လိုက်တာပဲလေ။ သူတို့အကြံနဲ့ သူတို့ပေါ့။

xxx

နေရာသည်ကား ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်ဖြစ်၏။ ချက်ကြီးနှင့်ခေါင်းဆောင်ကြီးများသည် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရာမြို့နယ်များသို့အရောက်သွားခဲ့ကြ၏။ ချင်းတောင်ရှိ ကန်ပက်လက်နှင့် မတူပီသို့ရောက်ခဲ့၏။ ရှမ်းပြည် လဲချားမြို့နယ်သို့ရောက်ခဲ့၏။ ကချင်ပြည်နယ်သို့လည်း ရောက်ခဲ့၏။ နောက်ဆုံး ယခု ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်သို့ ရောက်နေကြခြင်းဖြစ်၏။ ထိုညနေတွင်ပင် ရွေးကောက်ပွဲအနိုင်အရှုံးသတင်းများကိုကြားရပြီးနောက် ချက်ကြီးတို့အုပ်စုသည် ကုလားတန်မြစ်ကမ်းပါးရှိ ရခိုင်ကျေးရွာလေးတစ်ခုတွင်အနားယူကာ စကားဝိုင်းဖွဲ့နေကြ၏။

ကုလားတန်မြစ်၏ရေစီးသံသည်ဂန္ထဝင်သီချင်းတစ်ပုဒ်ကို နားဆင်နေရသကဲ့သို့ ညက်ညက်ညောညောရှိလှ၏။ ကုလားတန်မြစ်ရေစီးသံနှင့်ကျေးငှက်တို့မြည်သံများကြောင့် ချက်ကြီးတို့အားလုံး တစ်နေကုန်မောခဲ့သမျှအမောပြေကာ စိတ်များလည်း လန်းဆန်းလာကြ၏။

ဂန္ဒီကြီး။ ။ ဒီနေ့ရွေးကောက်ပွဲရလဒ်နဲ့ ရွေးကောက်ပွဲမဲပေးခဲ့တာတွေပြန်တွေးကြည့်တာ ခင်ဗျားတို့မြန်မာပြည်ရဲ့နိုင်ငံရေးဟာ သေဆုံးတော့မယ့်လူနာတစ်ယောက်လို ခံစားရတယ်ဗျာ။ စိတ်ထဲမကောင်းဘူး။

ချက်ကြီး။ ။ ဘာကြောင့်များလဲဘာဘူကြီး။

ဂန္ဒီကြီး။ ။ မြန်မာပြည်ရွေးကောက်ပွဲမဲရုံတွေက ကျုပ်တို့ အိန္ဒိယပြည်နဲ့တခြားစီပဲ၊ ကျိုးနဲ့ဖုတ်ဖုတ်ဖြစ်နေတယ်၊ မဲလာပေးကြတဲ့လူတွေရဲ့မျက်လုံးမှာ အားအင်မရှိဘူး။ မြန်မာပြည်သူတွေရဲ့မျက်လုံးတွေမှာကြည့်ရတာ မျှော်လင့်ချက် Hope ဆိုတာ လုံးဝပျောက်ကွယ်နေကြတယ်လို့ ကျုပ်မြင်လိုက်တယ်။

နေရှူး။ ။ မြန်မာပြည်ရဲ့လူဦးရေက သန်း(၅၀)ပဲရှိပြီး အိန္ဒိယပြည်က သန်း(၁၄၀၀)ဆိုတာလည်း ရှိသေးတယ်မဟုတ်လား ဘာဘူကြီး။

ဂန္ဒီကြီး။ ။ လူအုပ်ကြီး နည်းတာ၊ များတာကို ပြောချင်တာမဟုတ်ဘူး။ ဒီရွေးကောက်ပွဲမှာ မဲလာပေးကြတဲ့ မဲပေးသူရာခိုင်နှုန်းက ပျမ်းမျှတွက်လိုက်ရင် (၃၀)ရာခိုင်နှုန်းကျော်ပဲရှိတယ်ဆိုတော့ ကျန်တဲ့မဲပေးနိုင်ခွင့်ရှိသူ (၇၀)ရာခိုင်နှုန်းက ဘာကြောင့် မဲလာမပေးတာလဲ စဉ်းစားရမှာမဟုတ်ဘူးလား။

မော်စီတုန်း။ ။ မြန်မာလူမျိုးတွေ (၁၀၀)မှာ(၃၀)ပဲ မဲလာပေးတယ်။ (၇၀)မဲလာမပေးဘူးဆိုတော့ မြန်မာတွေသိပ်တမ်းတနေတဲ့ ဒီမိုကရေစီနဲ့ရွေးကောက်ပွဲဆိုတာကနေ့ ဘာမှဖြစ်မလာဘူးဆိုတာ သိသွားကြတာဖြစ်မှာပေါ့ဗျာ။

ချက်ကြီး။ ။ ဟုတ်တယ် ဥက္ကဋ္ဌမော်ရေ၊ ဒီကြားထဲ (၁၃)နေရာမှာခြောက်နေရာရှုံးပြီး ခုနစ်နေရာနိုင်တဲ့ ပါတီကြီးဘက်ကသူတွေကလည်း အတာအခုန်တွေနဲ့ အောင်ပွဲခံနေသေးတယ်ဗျာ။ ၂၀၀၈ ဖွဲ့စည်းပုံကြီးက တောင်နံရံတွေလိုကာထားပြီး သူတို့ကိုရွေးကောက်ပွဲပြိုင်ခိုင်းထားတာကိုတောင် မြန်မာတွေ မေ့ကုန်ကြပြီ ဥက္ကဋ္ဌမော်ရေ။

ဗိုလ်ကျောက်ဆည်။ ။ ချက်ကြီး မင်းဘာစကားပြောလိုက်တာလဲ။ မင်းက ၂၀၀၈ ဖွဲ့စည်းပုံကို တောင်နံရံလေးဖက်နဲ့ ခိုင်းနှိုင်းရအောင် ၂၀၀၈ဖွဲ့စည်းပုံဆိုတာ မြန်မာပြည်အတွက် အကောင်းဆုံးဆိုပြီး ငါကိုယ်တိုင် (၁၄)နှစ်လောက်အချိန်ယူပြီး တကူးတကရေးဆွဲခဲ့ရတာကွ။

ချက်ကြီး။ ။ အဘကျောက်ဆည်ကသာ အချိန်(၁၄)နှစ်ယူပြီး တကူးတကဆွဲခဲ့ရတယ်ဆိုတာ အဲဒီ ၂၀၀၈ ကြီးကို တစ်ပြည်လုံးမှာ ကြိုက်တဲ့သူမရှိသလောက်ပဲ အဘရေ။ ကျုပ်က ဥပဒေပညာတို့ ဘာတို့နဲ့တော့ မဝေဖန်မထောက်ပြတတ်ဘူးဗျာ၊ လူတွေမကြိုက်တာတော့ ကျုပ်ပြောရဲတယ်။

ဗိုလ်ကျောက်ဆည်။ ။ ချက်ကြီး မင်းတို့မြန်မာတွေ မကြိုက်ပါဘူးဆိုတဲ့ အဲဒီ ၂၀၀၈ကြောင့်ပဲ မင်းတို့ကြိုက်လှပါပြီ၊ ချစ်လှပါပြီဆိုတဲ့ မင်းတို့လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ ၂၀၀၈ကြီးကို လက်ခံခဲ့ပြီး အခုလို အာဏာရအစိုးရဖြစ်လာခဲ့တာမဟုတ်ဘူးလား။ ၂၀၀၈က မကောင်းဘူးဆိုရင် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်အတိုင်ပင်ခံ ဖြစ်လာပါ့မလား၊ ဒေါ်အောင်ဆန်းစုကြည်ပါတီရော အစိုးရဖြစ်လာပါ့မလား။ မင်းတို့က ဘာပြောပြော ဒီ၂၀၀၈ကြောင့် ဆိုပြီး ဒါကိုပဲ လက်ညှိုးထိုးနေကြတယ်။ အဲဒီ၂၀၀၈သာမရှိခဲ့ရင် အခုလောက်ဆို မြန်မာပြည်ဟာ ဒုတိယဆီးရီးယား၊ ဒုတိယအီရတ်ဖြစ်သွားတာကြာပြီမှတ် ချက်ကြီးရေ။

နေရှူး။ ။ ငြင်းမနေကြပါနဲ့ ဗိုလ်ကျောက်ဆည်ရေ၊ အခုကြားဖြတ်ရွေးကောက်ပွဲကထွက်လာတဲ့ အဖြေအတိုင်းဆိုရင်တော့အာဏာရလာတဲ့လက်ရှိအစိုးရဟာ လာမယ့် ၂၀၂၀တော့ (၅၀)ရာခိုင်နှုန်းနိုင်ရင် အလွန်ကံကောင်းပြီလို့ပဲ မှတ်ရတော့မယ်ဗျာ။ ကျုပ်က ၁၉၄၇ ကတည်းက ရွေးကောက်ပွဲခြောက်ကြိမ်လောက်နိုင်ခဲ့ဖူးတဲ့ ကွန်ဂရက်ပါတီအတွေ့အကြုံအရ ဒီစကားပြောနိုင်တာ။

ဂန္ဒီကြီး။ ။ ကျုပ်က အခုလို ဒေါ်အောင်ဆန်းစုကြည်ပါတီကို လူထုက သိပ်မထောက်ခံတော့တာကို စိတ်မကောင်းဖြစ်မိသလို မြန်မာပြည်အတွက်လည်း သိပ်စိတ်ပူသွားတယ်ဗျာ။ ပြီးခဲ့တဲ့နှစ်နှစ်၊ ၂၀၁၅ရွေးကောက်ပွဲတုန်းက (၈၀)ရာခိုင်နှုန်းနိုင်ခဲ့တဲ့ NLD ဟာ နှစ်နှစ်ခွဲအကြာမှာ (၅၃)ရာခိုင်နှုန်းပဲ မဲနိုင်တော့တယ်ဆိုတာ နှစ်နှစ်ခွဲအတွင်း လူထုထောက်ခံမှု (၃၀)ရာခိုင်နှုန်းနီးပါး ကျဆင်းသွားတဲ့အဖြစ်ဗျ။ ဒါဟာ မြန်မာပြည်ရဲ့ တက်သစ်စဒီမိုကရေစီသစ်ပင်အတွက် သေဆုံးသွားမှာ စိုးရိမ်ရတဲ့အနေအထားဗျ။

ချာချီလ်။ ။ ဘာဘူကြီးတို့ ပန်ဒစ်ကြီးတို့က စိတ်မကောင်းတာပဲဆိုတဲ့ခံစားချက်တွေပဲ လျှောက်ပြောနေကြတာ၊ NLD ရွေးကောက်ပွဲ ဘာကြောင့်မနိုင်တော့တာလဲဆိုတဲ့အကြောင်းတရားကို မစဉ်းစားကြသေးဘူးကိုး။ ကျုပ်ဘဝမှာ အကြိမ်ကြိမ်အောင်ပွဲခံခဲ့တယ်။ စစ်ပွဲတွေအလီလီနိုင်ခဲ့ဖူးသလို ရွေးကောက်ပွဲလည်း အလီလီနိုင်ခဲ့ဖူးတယ်၊ စစ်နဲ့နိုင်ငံရေးနှစ်ခုစလုံးမှာ နိုင်တုန်းကလည်း ဒီလူထုက ကျုပ်ကို သူတို့လက်နဲ့ပဲ မဲပြားတွေပုံအောပြီး တန်းစီပြီးပေးခဲ့ကြတာ၊ သူတို့ကြိုက်တဲ့အချိန်ကာလမှာ ကျုပ်က သူရဲကောင်းပေါ့။ အဲ. . အဲဒီလူထုကပဲ နောက်တစ်ကြိမ်လေးနှစ်ကြာတော့ကျုပ်ကို မဲတစ်ချပ်မှမပေးကြတော့ဘဲသူတို့ကိုယ်တိုင် ကျုပ်ကို ပြန်ဖြုတ်ချခဲ့ကြတာပဲ၊ ရွေးကောက်ပွဲဆိုတာ အင်မတန်မျက်လှည့်ဆန်တယ်၊ ဂမ္ဘီရဆန်တယ်၊ ကျုပ်ကို သူတို့ပဲ မဲပေးခဲ့ကြတယ်၊ နောက်တော့ သူတို့ပဲ မဲနဲ့ပြန်ဖြုတ်ချလို့ဆိုပြီး လူထုကို သွားစိတ်ဆိုးလို့မရဘူး၊ လူထုကို သွားအပြစ်တင်လို့မရဘူး။ လူထုဆန္ဒဆိုတာ ဟိုးကောင်းကင်ပေါ်မှာမြင်နေရတဲ့၊ ရွေ့လျားနေတဲ့ လေထဲက တိမ်တိုက်တွေလိုပေါ့ဗျာ။ အခုကျုပ်တို့မြင်နေရတဲ့ ကုလားတန်ကောင်းကင်ယံက အရမ်းလှပတဲ့တိမ်တွေဟာ ဘယ်ပန်းချီကားနဲ့မှမတူဘူး။ လှလိုက်တာ။ အဲနောက်တစ်နာရီကြာတော့ အဲဒီတိမ်တွေ ဘယ်ပျောက်သွားမှန်းမသိဘူး။ ကောင်းကင်မှာ မည်းမှောင်တဲ့ အရုပ်ဆိုးတဲ့ တိမ်တိုက်တိမ်မည်းကြီးတွေ ဖြစ်ကုန်ကြပြီး မိုးရွာချင်ရွာချလိုက်တာမျိုးဗျ၊ လူထုဆန္ဒဟာ တိမ်တိုက်တွေနဲ့သိပ်တူတယ်။

နေရှူး။ ။ မစ္စတာချာချီလ်ပေးတဲ့ လူထုဆန္ဒမဲကို တိမ်တိုက်တွေနဲ့နှိုင်းလိုက်တာ သိပ်ကောင်းတဲ့ဥပမာပဲဗျာ၊ ကျုပ်ထောက်ခံတယ်ဗျာ၊ ကျုပ်လည်း အိန္ဒိယမှာ ရွေးကောက်ပွဲတွေဆက်တိုက်နိုင်ခဲ့တာပဲ၊ ကျုပ်ကို လူထုက မဲပုံအောပြီးပေးခဲ့ကြတာ၊ ကျုပ်ဆရာဘာဘူကြီး



ဂန္ဒီကြီးမျက်နှာကြောင့်က အဓိကပါ။ ကျုပ်ကို အိန္ဒိယက သေတဲ့အထိ မဲပေးခဲ့ကြတယ်။ ဒါတင်မကသေးဘူး၊ ကျုပ်သမီး အင်ဒီယာကိုလည်း ကျုပ်မျက်နှာနဲ့ သေတဲ့အထိ မဲပေးခဲ့ကြတာ၊ ကျုပ်သမီး အင်ဒီယာတင်လား မဟုတ်သေးဘူး၊ ကျုပ်မြေးရာဂျစ်ကိုလည်း ကျုပ်မျက်နှာနဲ့ပဲ မဲပေးကြပြန်ရော၊ ကျုပ်၊ ကျုပ်သမီး အင်ဒီယာ၊ ကျုပ်မြေးရာဂျစ်တို့မရှိကြတော့ ကွန်ဂရက်ပါတီဟာ အစိုးရမဖြစ်တာ ဘယ်လောက်ကြာပြီလဲ၊ အခုလာမယ့်ရွေးကောက်ပွဲမှာ ကျုပ်မြေး ရာဟူးလ်ကို ကွန်ဂရက်ပါတီက ပွဲထုတ်တော့မယ်၊ ကျုပ်မြေးကို အိန္ဒိယပြည်သူတွေရွေးလား၊ မရွေးလား ဘာမှမသေချာဘူး၊ အချိန်ကာလက လူထုဆန္ဒကိုပြောင်းလဲသွားစေတယ်ဗျ။

ဗိုလ်ကျောက်ဆည်။ ။ ဘာဘူကြီးဂန္ဒီတို့ ပန်ဒစ်ကြီးတို့မျက်နှာကြောင့် ကွန်ဂရက်ပါတီဟာ အိန္ဒိယမှာ နှစ်(၄၀)လောက် အာဏာဆက်တိုက်ရခဲ့ပေမယ့် အိန္ဒိယမှာ ဒီကနေ့ ကွန်ဂရက်ပါတီဟာ ပါလီမန်ထဲမှာအတိုက်အခံဖြစ်နေပြီမဟုတ်လား။ ကွန်ဂရက်ပါတီရဲ့ ဒီသင်ခန်းစာကို မြန်မာပြည်က NLD သဘောပေါက်ဖို့လိုတယ်ဗျ။

ချက်ကြီး။ ။ NLD က အခုကြားဖြတ်မှာ (၅၃)ရာခိုင်နှုန်းပဲနိုင်တာ ဘာကြောင့်လဲ အဘရေ။

ဗိုလ်ကျောက်ဆည်။ ။ ဘာကြောင့်လဲဆိုတော့NLD ခေါင်းဆောင်ကြီးတွေ ဘဝမေ့သွားလို့ပဲလို့ တိုတိုပြောရမှာပဲ။ ဘာကြောင့် ဘဝမေ့သွားသလဲဆိုရင်တော့အာဏာကြောင့်ပဲကွ။ ငါကိုယ်တိုင် အာဏာကို အနှစ်(၂၀)လုံးလုံး ငါ့လက်ဖဝါးထဲမှာ ထောင်ချင်သလိုထောင်၊ မှောက်ချင်သလိုမှောက်လုပ်ခွင့်ရခဲ့တာဆိုတော့ အာဏာအကြောင်း ငါသိပ်သိတာပေါ့။ အာဏာက သာမန်နိုင်ငံရေးသမားတွေမဆိုထားနဲ့ မဟာခေါင်းဆောင်ကြီးတွေကိုပါ ပြောင်းပြန်ဆန်အောင် ပြောင်းလဲသွားစေတတ်တဲ့အရာကွ။ ငါက အာဏာကိုအနှစ်(၂၀)ပဲကိုင်ခဲ့တာ၊ ဥက္ကဋ္ဌကြီးမော်ဆိုရင် အာဏာကို ၁၉၄၉ကနေ ၁၉၇၆အထိ (၂၅)နှစ်လုံးလုံးအကြွင်းမဲ့ကိုင်ခဲ့တာ၊ အာဏာအကြောင်းကို ငါ့ထက် ဥက္ကဋ္ဌမော်က ပိုပြောနိုင်ပါလိမ့်မယ်၊ ဥက္ကဋ္ဌမော်ဝင်ပြောပါဦးဗျာ။

မော်စီတုန်း။ ။ ခင်ဗျားတို့မြန်မာစကားမှာ အာဏာအကြောင်းပြောထားတာ ကျုပ်ဖတ်ဖူးပါတယ်၊ တိုင်းပြည်ကိုအုပ်ချုပ်တဲ့ဘုရင်ဖြစ်လာရင် ဘုရင်ဆိုတာ ညဥ့်သုံးယံမှာ တစ်ယံပဲ အိပ်ရသတဲ့၊ ကျန် ညဥ့်နှစ်ယံမှာ တစ်ယံကို နိုင်ငံသူနိုင်ငံသားတွေရဲ့ကိစ္စစဉ်းစားရသတဲ့၊ နောက်ဆုံးညဥ့်တစ်ယံကိုတော့ ဘုရင်ကိုအာဏာလုဖို့ကြံစည်နေတဲ့ ရန်သူတွေရဲ့ဘေးက ဘယ်လိုလွတ်အောင် ကြံဆောင်ရမလဲဆိုတာ တွေးတောနေရသတဲ့၊ အာဏာရတဲ့ဘုရင်ရဲ့ပလ္လင်အထက်မှာတောင်သန်လျက်တစ်ချောင်းကို ကြိုးနဲ့ဆွဲပြီး ဘုရင့်ခေါင်းပေါ်မှာ တင်ထားရသတဲ့၊ အဓိပ္ပာယ်က ဘုရင်ရဲ့ပလ္လင်ဆိုတာကို အဝေးက ရန်သူတွေက တစ်ချိန်လုံး တိုက်ခိုက်ဖို့ကြံနေကြသလို ဘုရင်ရဲ့အနီးဆုံးက မှူးမတ်၊ ဗိုလ်ချုပ်တွေကလည်း အာဏာလုဖို့ကြံစည်နေကြတာကို ဘုရင်သတိရစေဖို့ ဘုရင်ရဲ့ပလ္လင်အပေါ်တည့်တည့်မှာ သန်လျက်တစ်ချောင်းကို ကြိုးနဲ့ဆွဲထားပြီး သတိပေးထားတယ်လို့ ကျုပ်ဖတ်ဖူးတယ်။

ကျုပ်ပါတီဥက္ကဋ္ဌဖြစ်လာဖို့ဆိုတာ အလွန်ခက်ခဲခဲ့သလောက် ချန်ကေရှိတ်ရဲ့အင်အားရှစ်သန်းရှိတဲ့ ခေတ်မီစစ်တပ်ကြီးကို ကျုပ်တို့ တရုတ်လယ်သမားပြောက်ကျားတပ် သောင်းဂဏန်းနဲ့ခံတိုက်ခဲ့ကြတာဟာ ဘယ်လိုမှဖြစ်နိုင်စရာမရှိတဲ့ ဒဏ္ဍာရီလိုလိုက တကယ်ဖြစ်လာခဲ့တာပဲဗျ၊ ကျုပ်အစက ချန်ကေရှိတ်စစ်တပ်ကို တိုက်သာတိုက်ရတယ် နိုင်ဖို့မျှော်လင့်ချက်က မရှိသလောက်ပဲဆိုတာ ကျုပ်ခေါင်းထဲ သိနေတယ်။

ဒါပေမယ့် ကျုပ်က ခေါင်းဆောင်လေ၊ ကျုပ်ကိုယုံကြည်လို့ လိုက်လာကြတဲ့ ကျုပ်နောက်လိုက်တွေကို ဒီစစ်ပွဲက မုချနိုင်ရမယ်လို့ ကျုပ်ကြုံးဝါးခဲ့ရတယ်၊ စိတ်ဓာတ်မြှင့်တင်ခဲ့ရတယ်၊ ဒါပေမယ့် ကျုပ်ကိုယ်တိုင်ကတော့ ဒီစစ်ပွဲဟာနိုင်ဖို့ မျှော်လင့်ချက်သိပ်နည်းမှန်း ကျုပ်သိနေတယ်၊ ဒါပေမယ့် ကျုပ်ဦးနှောက်ကသိနေတဲ့ အရှိ

www.free4readrs.com

း တောင်ထဲသွားမလား

နွားကျောင်းသားချက်ကြီး

၁၉၃၇ ခုနှစ် တရုတ်ပြည် နန်ကင်းမြို့ကို သိမ်းပိုက်ပြီးနောက် ဝင်ရောက်လာသော ဂျပန်စစ်တပ်များ

တရားကို ကျုပ်ရဲ့ကြီးမားတဲ့နှလုံးသားက အနိုင်ယူသွားအောင် ကျုပ်ကိုယ်ကျုပ်တိုက်ပွဲဝင်ခဲ့ရတယ်၊ စဉ်းစားဆင်ခြင်တတ်တဲ့ ကျုပ်ဦးနှောက်နဲ့ ကျုပ်ရဲ့ပြင်းပြတဲ့ဆန္ဒရှိတဲ့နှလုံးသားက ကျုပ်ခန္ဓာကိုယ်ထဲမှာပဲ အပြန်အလှန်တိုက်ပွဲဝင်နေတယ်၊ နောက်ဆုံးနှလုံးသားက ဦးနှောက်ကို အနိုင်ရသွားတယ်၊

ရှစ်သန်းရှိတဲ့ ချန်ကေရှိတ်စစ်တပ်ကို ငါ နိုင်အောင်တိုက်မယ်ဆိုတဲ့ဆုံးဖြတ်ချက်ချလိုက်နိုင်တဲ့နေ့မှာ ကျုပ် အောင်ပွဲစတင်ရခဲ့တော့တယ်၊

နေရှူး၊ ။ ကျုပ်တို့အိန္ဒိယပြည်က ရွေးကောက်ပွဲလမ်းကြောင်းကိုလျှောက်ပြီး ဒီမိုကရေစီနိုင်ငံကိုတည်ဆောက်ခဲ့တယ်၊ ဥက္ကဋ္ဌမော်က ဘာကြောင့် ရွေးကောက်ပွဲလမ်းကိုပယ်ချပြီး ကွန်မြူနစ်တစ်ပါတီစနစ်ကို သွားခဲ့ဖို့ ဆုံးဖြတ်ခဲ့သလဲ၊

မော်စီတုန်း၊ ။ ခင်ဗျားတို့ အိန္ဒိယနဲ့ကျုပ်တို့တရုတ်ပြည် ယဉ်ကျေးမှုဓလေ့ထုံးစံတွေက အလွန်ခြားနားတယ်ဗျ၊ ခင်ဗျားတို့အိန္ဒိယနဲ့ ကျုပ်တို့ တရုတ်ပြည်အကြားမှာ ဟိမဝန္တာတောင်တန်းကြီးတစ်ခုသာ ခြားထားပေမယ့် အရာရာတိုင်းဟာ အလွန်ကွဲပြားတယ်၊ ခင်ဗျားတို့က အင်္ဂလိပ်ရဲ့အကြီးမားဆုံးနဲ့ကာလအရှည်ကြာဆုံးကိုလိုနီဖြစ်ခဲ့တယ်၊ နောက်တစ်ချက်က ခင်ဗျားတို့ဆီမှာ မဟာရာဇာတွေရဲ့ကွဲပြားတဲ့ပြည်နယ်တွေ၊ ဒေသတွေက တကွဲတပြားစီဖြစ်နေတယ်၊ အဓိကကတော့ ကမ္ဘာပေါ်မှာ အကြီးဆုံးဘာသာကြီးနှစ်ခုဖြစ်တဲ့ အစ္စလာမ်ဘာသာနဲ့ ဟိန္ဒူဘာသာကြီးနှစ်ခုက အိန္ဒိယပြည်မှာလာပြီး ထိပ်တိုက်ရင်ဆိုင်နေတယ်၊ ဒီအချက်ကို အင်္ဂလိပ်ကအသုံးချပြီး အိန္ဒိယမှာ သူ့အာဏာ နှစ်ပေါင်း (၂၀၀)ကျော်တည်တံ့အောင်ကစားသွားနိုင်ခဲ့တာပဲ၊ အရေးကြီးဆုံးအချက်ကတော့ ခင်ဗျားတို့အိန္ဒိယပြည်ဟာ ဒုတိယကမ္ဘာစစ်ကြီးထဲကို မရောက်ခဲ့ဘူး၊ တစ်ကမ္ဘာလုံး စစ်ဖြစ်နေတဲ့အချိန်မှာ အိန္ဒိယဟာ စစ်ဒဏ်ကို တိုက်ရိုက်မခံခဲ့ရဘူး၊ အိန္ဒိယပြည်ရဲ့အရှေ့ဖျားက အင်ဖာနဲ့ကိုဟီးမားကို ဂျပန်စစ်တပ်တွေရောက်တယ်ဆိုရုံပဲရောက်ခဲ့တာလေဗျာ၊ ဒါကြောင့် အိန္ဒိယလူထုက စစ်ကြီးရဲ့အနိဋ္ဌာရုံတွေကို အသေအချာမသိလိုက်ကြဘူး၊ ဒီအချက်က အိန္ဒိယဟာ အင်္ဂလိပ်လက်အောက်က လွတ်လပ်ရေးယူချင်တယ်ဆိုတာမှန်ပေမယ့် အင်္ဂလိပ်တွေကို ရန်သူလို့မမြင်ကြတော့ဘူး၊ အိန္ဒိယဟာ သူ့နိုင်ငံကို နှစ်ပေါင်း(၃၀၀)လောက် အုပ်စိုးသွားတဲ့အင်္ဂလိပ်ကို မိတ်ဆွေဟောင်း၊ သခင်ဟောင်းလို့ပဲ ဆက်မြင်ခဲ့တယ်၊

ဒါ့အပြင် အင်္ဂလိပ်တွေက အိန္ဒိယပြည်ကို ဂျပန်လက်အောက်မကျရောက်အောင် စစ်ပွဲထဲမှာ အပြင်းအထန်ကာကွယ်ပေးခဲ့တယ်လို့တောင် အိန္ဒိယက ထင်သွားခဲ့တယ်မဟုတ်လား၊

ကျုပ်တို့တရုတ်ပြည်ကတော့ စစ်ကြီးမတိုင်မီ ဂျပန်တွေကျူးကျော်လာကတည်းက တရုတ်လူထုက အရှင်လတ်လတ် ငရဲပြည်ကိုရောက်ခဲ့တာပဲ၊ ၁၉၃၇ နန်ကင်းလူသတ်ပွဲဆိုတာ ခင်ဗျားတို့မှတ်မိမှာပါ၊ ကျုပ် ဒီနန်ကင်းလူသတ်ပွဲအကြောင်းပြောရင် မျက်ရည်မခိုင်ဘူး၊ ဒီနန်ကင်းလူသတ်ပွဲကြောင့် ကျုပ်ဟာ ဂျပန်ကို နံပါတ်တစ်ရန်သူထားပြီး တိုက်ရမယ်လို့ ဆုံးဖြတ်ချက်ချနိုင်ခဲ့တာပဲ၊

၁၉၃၇ ဒီဇင်ဘာ(၁၃)မှာ ဂျပန်ဗိုလ်ချုပ်ကြီး Matsui Lwan ဦးစီးတဲ့၊ စစ်သည်အင်အား တစ်သိန်းပါတဲ့ဂျပန်တပ်မကြီးဟာ နန်ကင်းကို ဝိုင်းတယ်၊ မြို့ထဲက တရုတ်စစ်တပ်က အပြင်းအထန်ခုခံတယ်၊ မြို့ကို လွယ်လွယ်နဲ့သိမ်းလို့မရတဲ့ဒေါသကြောင့် မြို့ကိုလည်း ဂျပန်တွေသိမ်းနိုင်ရော တရုတ်စစ်သားတွေတင်မက မြို့သူမြို့သားတွေအားလုံးကို ရက်ရက်စက်စက် ပစ်သတ်ခဲ့တယ်၊ တစ်ပတ်အတွင်း တရုတ်လူမျိုးသုံးသိန်းကို ပစ်သတ်ခဲ့တယ်၊ အလောင်းတွေကို ကျင်းကြီးတွေတူးပြီး စုမြှုပ်ခဲ့ကြတယ်၊ အမျိုးသမီးတွေကို မသတ်ခင် တိရစ္ဆာန်တွေလို ရက်ရက်စက်စက်မုဒိမ်းကျင့်ပြီးမှ ပစ်သတ်ခဲ့တာ၊ ကလေးတွေလည်းမချန်ဘူး၊ သတ်ခဲ့တယ်၊ တရုတ်ပြည်ကို ကျူးကျော်ခဲ့တဲ့ ဂျပန်စစ်တပ်ထဲမှာ နန်ကင်းလူသတ်ပွဲဟာ ကမ္ဘာကြေတောင် ဥဒါန်းမကြေနိုင်မယ့်ကိစ္စအဖြစ် မှတ်တမ်းတင်သွားတယ်၊

၁၉၃၇-၄၅ ရှစ်နှစ်အတွင်း စစ်ကြောင့် တရုတ်လူမျိုး သန်း(၂၀)လောက် သေဆုံးခဲ့ရတယ်၊ Oxford တက္ကသိုလ်က စစ်တမ်းမှာတော့ (၁၄)သန်းလို့ရေးထားတယ်၊ ဒါထက်အများကြီးသေခဲ့တယ်၊ စစ်အတွင်းမှာ ဆိုဗီယက်ရုရှက (၂၇)သန်း သေတယ်၊ ဒါကြောင့် စစ်ကြီးမှာ ရုရှပြီးရင် ကျုပ်တို့တရုတ်လူထုက ဒုတိယအများဆုံးသေဆုံးခဲ့ရတယ်၊ တရုတ်ပြည်နဲ့အရှေ့တောင်အာရှကို ကျူးကျော်တဲ့ စစ်တရားခံဂျပန်ကတော့ သုံးသန်းနဲ့ စစ်တရားခံ ဂျာမနီကခုနစ်သန်းပဲသေခဲ့တာ ယှဉ်ကြည့်ရင် သဘောပေါက်လိမ့်မယ်၊ တရုတ်နဲ့ရုရှမှာ ဘယ်လောက်အဆပေါင်းများစွာသေခဲ့သလဲဆိုတာ ရှင်းပါတယ်၊အင်္ဂလိပ်က လေးသိန်းကျော်ပဲ သေတယ်၊ အမေရိကန်ကလည်း လေးသိန်းကျော်ပဲ သေတယ်၊

စစ်တရားခံ ဂျပန်နဲ့ဂျာမနီ နှစ်နိုင်ငံပေါင်းမှာ တစ်သန်းပဲ သေကြေခဲ့ပြီး ကျုပ်တို့ တရုတ်ပြည်နဲ့ရုရှပြည်နှစ်ပြည်ထဲက (၄၇)သန်းသေခဲ့ရတာဆိုတော့ အဆ(၅၀)လောက် တရုတ်နဲ့ ရုရှပြည်က လူထုသေကြေခဲ့ကြရတာဗျာ၊

ဒီအချက်ကြောင့် တရုတ်ပြည်နဲ့ရုရှပြည်ဟာ ကျန် ကမ္ဘာ့နိုင်ငံတွေနဲ့မတူခဲ့တာပဲ၊ ဒီအချက်ကြောင့်ပဲ တရုတ်ပြည်ဟာ ခင်ဗျားတို့ အိန္ဒိယလျှောက်နေတဲ့လမ်းကို မလိုက်နိုင်တော့ဘူး၊

နေရှူး၊ ။ ဥက္ကဋ္ဌမော်ပြောတာ ကျုပ်နားလည်လက်ခံပေးနိုင်ပါတယ်၊ စစ်အတွင်းမှာ လူထုသန်း(၂၀)လောက်သေခဲ့တာ တစ်ခုတည်းနဲ့ တရုတ်ပြည်ဟာ ပါလီမန်ဒီမိုကရေစီရွေးကောက်ပွဲလမ်းကြောင်းနဲ့ ဒီမိုကရေစီလိုမသွားတော့ဘဲ တစ်ပါတီစနစ်နဲ့ ကွန်မြူနစ်ဝါဒကို သွားခဲ့ရတယ်ဆိုတာတော့ သိပ်လက်မခံချင်ဘူးဗျ၊

မော်စီတုန်း၊ ။ ပန်ဒစ်နေရှူးရေ. . . ခင်ဗျားတို့ အိန္ဒိယက စစ်အတွင်းမှာတောင် ဗုံးကြဲခံခဲ့ရတဲ့နိုင်ငံမဟုတ်ဘူး၊ကျုပ်တို့တရုတ်ပြည်မှာ တစ်နိုင်ငံလုံး ဘာမှကုန်းကောက်စရာမရှိတော့အောင် တစ်နိုင်ငံလုံး ပြာပုံဘဝရောက်သွားတယ်၊

၁၉၄၅မှာ ဂျပန်လက်နက်ချပြီး ၁၉၄၇မှာ ခင်ဗျားတို့အိန္ဒိယလွတ်လပ်ရေးရတယ်၊ ချက်ကြီးတို့မြန်မာပြည်လည်း ၁၉၄၈မှာ လွတ်လပ်ရေးရတယ်၊ ကျုပ်တို့က ၁၉၄၅ ကနေ ၁၉၄၉အထိ နောက်ထပ်လေးနှစ် ချန်ကေရှိတ်နဲ့ စစ်ဆက်တိုက်နေရတုန်း၊

၁၉၄၉မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ကြောင်း ကျုပ်ကိုယ်တိုင် ပီကင်းက ပြည်သူ့ရင်ပြင်မှာ ကြေညာခဲ့တယ်၊ ဒါပေမယ့် တရုတ်တစ်ပြည်လုံးပြန်စဖို့ ဘာတစ်ခုမှအကောင်းဆိုတာ မကျန်တော့ဘူး၊ တံတားတွေအားလုံး ကျိုးကုန်ပြီ၊ လယ်တွေအားလုံးကောကုန်ပြီ၊ မြစ်ဝါမြစ် ရေလျှံတယ်၊ ရေကြီးတယ်၊ တရုတ်ပြည်တစ်ခုလုံးမှာ ကျည်ဆန်နဲ့သေနတ်တွေပဲရှိတော့တယ်၊ စားစရာဆန် မရှိဘူး၊ ရသမျှ သစ်ဥသစ်ဖု ကန်စွန်းဥတောင် မသေရုံ စားနေရတယ်၊ ဒီလို ဘာဆိုဘာတစ်ခုမှမရှိတော့တဲ့နိုင်ငံကို ကျုပ်တို့က ရွေးကောက်ပွဲတွေဘာတွေလုပ်ပြီး ဒီမိုကရေစီနိုင်ငံသွားပြီး ထူထောင်လို့မရတော့ဘူး၊

ပိုဆိုးတာက ခင်ဗျားတို့ အိန္ဒိယက ဒီမိုကရေစီရွေးကောက်ပွဲတွေသွားနေတဲ့အချိန်မှာ ကျုပ်တို့က စစ်တိုက်နေရတုန်း၊ ဒါကြောင့် တရုတ်ပြည်ကို ပထမအဆင့်ထမင်းဝအောင်စားနိုင်တဲ့နိုင်ငံဖြစ်အောင် အရင်လုပ်ရတယ်၊ ထမင်းငတ်ပြီး မသေအောင် အရင်လုပ်ရတယ်၊ ထမင်းဝလာပြီဆိုတဲ့အချိန်ရောက်မှပဲ နောက်တစ်ဆင့်အဝတ်အစားဝတ်နိုင်အောင်လုပ်ရပြန်တယ်၊ ၁၉၄၉တုန်းကသာ တရုတ်ပြည်ကို ရွေးကောက်ပွဲလမ်းကြောင်းနဲ့ အနောက်ဒီမိုကရေစီဘက်ဦးတည်ခဲ့ရင် တရုတ်ပြည်ဟာ လေးခြမ်းလောက်ကွဲပြီး တရုတ်နိုင်ငံ လေးခုလောက် အနည်းဆုံးဖြစ်သွားခဲ့မှာ သေချာတယ်၊ အခုတောင် ထိုင်ဝမ်ကရှိနေတုန်း၊ တရုတ်ပြည်နှစ်ပြည်ရှိတယ်လို့ ကမ္ဘာက သတ်မှတ်တုန်းပဲ မဟုတ်လား၊ ဒါတွေက တရုတ်နဲ့အိန္ဒိယ ဘာကြောင့် ကွဲပြားခြားနားသွားခဲ့ရသလဲဆိုတဲ့ အခြေခံအကြောင်းတရားနောက်ခံတွေပေါ့ဗျာ၊

ဂန္ဒီကြီး၊ ။ မြန်မာပြည်ရောက်နေတုန်းဆိုတော့ မြန်မာပြည်အတွက် ကျုပ်တို့အကောင်းဆုံးလုပ်ပေးနိုင်တာတွေ လုပ်ပေးခဲ့ကြရအောင်ဗျာ၊ ခင်ဗျားတို့ဆွေးနွေးနေတာနားထောင်တော့ မြန်မာပြည်ဆိုတာ ကျုပ်တို့အိန္ဒိယနဲ့ တရုတ်ပြည်ကြီးအကြားက နိုင်ငံငယ်လေးမဟုတ်လား၊ မြန်မာပြည်ဟာ အိန္ဒိယလမ်းကြောင်းလိုက်သင့်သလား၊ တရုတ်လမ်းကြောင်းလိုက်သင့်သလား ချာချိလ်ကြီး ဆွေးနွေးစေချင်တယ်၊ ကျုပ်တို့ နေရှူးတို့ရဲ့စကားဆို အိန္ဒိယဘက်ပါနေမှာ စိုးရိမ်လို့ပါ၊

ချာချိလ်၊ ။ ကျုပ်တို့ အင်္ဂလိပ်ကလည်း မြန်မာပြည်ကို (၁၂၄)နှစ်ကိုလိုနီလုပ်ခဲ့တာဆိုတော့ ဒီကနေ့မြန်မာပြည်ဖြစ်နေတဲ့ပြဿနာအစုံဟာ ကျုပ်တို့နယ်ချဲ့အင်္ဂလိပ်ရဲ့စနက်လည်း မကင်းဘူးပေါ့ဗျာ၊

ကျုပ် အခု ချက်ကြီးခေါ်လို့မြန်မာပြည်အနှံ့လိုက်ကြည့်နေတာ၊ ကျုပ်တို့အင်္ဂလိပ်တွေမြန်မာပြည်ကထွက်သွားပြီးကတည်းက မြန်မာပြည်မှာ ဘာတွေများထူးထူးခြားခြား ပြောင်းလဲတိုးတက်လာသလဲလို့ လိုက်ကြည့်တာ ဘာတစ်ခုမှတိုးတက်ပြောင်းလဲတာ မတွေ့ရသလောက် ဖြစ်နေတယ်ဗျာ၊

ရထားလမ်းဆိုလည်း ကျုပ်တို့အင်္ဂလိပ်တွေဖောက်ခဲ့တဲ့လမ်းအတိုင်းပဲ ရှိသေးတယ်၊ ရန်ကုန်-မန္တလေး-မြစ်ကြီးနားလမ်း ကျုပ်တို့ အင်္ဂလိပ်ဖောက်ခဲ့တယ်၊ မန္တလေး-လားရှိုးရထားလမ်း ကျုပ်တို့အင်္ဂလိပ်ဖောက်ခဲ့တယ်၊ ရန်ကုန်-ပြည်ကတော့ ကျုပ်တို့ဖောက်ခဲ့တဲ့ ပထမဆုံးရထားလမ်းပေါ့၊ နောက်တော့ ရန်ကုန်-မော်လမြိုင်ရထားလမ်းဖောက်တယ်၊ နောက်ဆုံးအကုန်ပြောရရင် ညောင်လေးပင်-မဒေါက်ရထားလမ်းတိုလေးတောင် ကျုပ်တို့အင်္ဂလိပ်တွေပဲ ဖောက်ခဲ့တာ၊ ကျုပ်တို့မြန်မာပြည်က ထွက်သွားတာ အခုဆို နှစ်ပေါင်း(၇၀)ရှိပြီ၊ တကယ်ဆို ဒီနှစ်ပေါင်း(၇၀)အတွင်းမှာ (၁၀)နှစ်လောက်ဆို ရထားလမ်းအသစ်တစ်ခုလောက် ထပ်တိုးဖောက်လို့မရနိုင်ဘူးလား၊ ကျုပ်တို့ဖောက်ခဲ့တဲ့ ရန်ကုန်-ပြည်ကို နှစ်(၇၀)အတွင်းမှာ ပြည်-မကွေး-မြင်းခြံ-မန္တလေးရထားလမ်းဆိုပြီး မဖောက်နိုင်ကြဘူးလား၊ ကျုပ်တို့ အင်္ဂလိပ်က စစ်ကြီးဖြစ်မလာရင် ဧရာဝတီမြစ်အနောက်ဘက်ကမ်း ပုသိမ်ကနေ မုံရွာအထိတောင် ရထားလမ်းဖောက်ချင်ဖောက်ဦးမှာ၊ ပဲခူးရိုးမအနောက်ဘက်ခြမ်း ပြည်မြို့နဲ့ စစ်တောင်းမြစ်ကမ်းက တောင်ငူကို ပြည်-တောင်ငူရထားလမ်း မဖောက်သင့်ဘူးလား၊

ဘာတစ်ခုမှထပ်ပြီးရထားလမ်းမဖောက်နိုင်ကြဘူး၊ ကားလမ်းလည်း ဒီအတိုင်းပဲ၊ ဗိုလ်ကျောက်ဆည်လက်ထက်မှာ ရန်ကုန်-မန္တလေးကို အမြန်လမ်းဆိုပြီးဖောက်နိုင်ခဲ့တာတော့ ဘာတွေပဲလုပ်လုပ် ဘယ်လိုပဲလုပ်လုပ် ဒါကိုတော့ အသိအမှတ်ပြုရမှာပဲဗျို့၊ ဗိုလ်နေဝင်းလက်ထက်မှာ ပုသိမ်-မုံရွာလမ်း ကားလမ်းတစ်ခုဖောက်ခဲ့တယ်၊

ကျုပ်တို့ အင်္ဂလိပ်တွေရှိစဉ်က ရန်ကုန်-မင်္ဂလာဒုံလေဆိပ်ဆိုတာ အရှေ့တောင်အာရှမှာ နံပါတ်တစ်၊ ရန်ကုန်မြို့ဆိုတာ နံပါတ်တစ်၊ ကျုပ်တို့ထွက်သွားတာ နှစ်ပေါင်း(၇၀)ကြာတော့ ရန်ကုန်ဆိုတာ ဗီယက်နမ်ကဆိုင်ဂုံနောက်ကိုတောင် အများကြီးရောက်သွားခဲ့ပြီ၊ ဒါတောင် ဗီယက်နမ်က ၁၉၇၅အထိ စစ်တိုက်နေတုန်းဗျ၊ ၁၉၇၅မှ စစ်ပြီးတဲ့ဗီယက်နမ်က မြန်မာပြည်ကိုကျော်သွားပြီဆိုတော့ မြန်မာပြည်ဟာ အကြီးအကျယ်လမ်းမှားကို လျှောက်နေမိပြီဆိုတာ သိပ်သေချာတယ်၊

ဒီလို မြန်မာပြည်မွဲသွားရတာဟာ ဗိုလ်နေဝင်းနဲ့ ဗိုလ်ကျောက်ဆည်နှစ်ယောက်ကြောင့်ဆိုတာတော့ ဘယ်လိုမှငြင်းလို့မရတဲ့အချက်ပဲနော်၊ ခင်ဗျားငြင်းမယ် မစဉ်းစားနဲ့၊ ဝန်ခံဖို့သာစဉ်းစားပါ ဗိုလ်ကျောက်ဆည်၊

ဗိုလ်ကျောက်ဆည်၊ ။ ကျုပ် မငြင်းပါဘူး၊ ဗိုလ်နေဝင်းနဲ့ကျုပ်တို့နှစ်ယောက်ကြောင့်ဆိုတာ မငြင်းနိုင်ပေမယ့် ဒီအခြေအနေရောက်အောင်တွန်းပို့ပေးခဲ့တဲ့ သမိုင်းစဉ်ရဲ့ဖြစ်ရပ်တွေတော့ ထည့်မပြောတော့ဘူးလား၊ နိုင်ငံတစ်နိုင်ငံဟာ သူနဲ့ထိုက်တန်တဲ့ခေါင်းဆောင်၊ သူတို့နဲ့ထိုက်တန်တဲ့အစိုးရဆိုတာကိုပဲရကြတယ်ဆိုတာ ထည့်မစဉ်းစားကြတော့ဘူးလား၊

ကျုပ်က အာဏာရှင်လုပ်ချင်လွန်းလို့လုပ်ခဲ့ရတာ မဟုတ်ပါဘူးဗျာ၊ တိုင်းပြည်ရဲ့အခြေအနေတွေက ကျုပ်ကိုအာဏာရှင်ဖြစ်အောင် လုပ်ခဲ့တာပဲဗျ၊ အခုတော့ မြန်မာပြည် မွဲပြာကျတာ ကျုပ်နဲ့ဗိုလ်နေဝင်းနှစ်ယောက်ကြောင့်ဆိုပြီး အားလုံးကို 'မကောင်းကျောင်းပို့'သလို ကျုပ်တို့နှစ်ယောက်ပခုံးပေါ် လွှဲချနေကြတာတော့ သိပ်လက်မခံချင်ဘူးဗျာ၊

ဂန္ဒီကြီး၊ ။ ဗိုလ်ကျောက်ဆည်ရေ မပြေးသော်လည်း ကန်ရာကရှိနေတာကိုးဗျ၊ ခင်ဗျားအမှားတွေ အများကြီးလုပ်ခဲ့ပေမယ့် ဗိုလ်နေဝင်းလိုသေတဲ့အထိ မာနထားပြီး မိုက်တွင်းမနက်ခဲ့ဘဲ ၂၀၁၀မှာ အာဏာကဆင်းပေးခဲ့တာ၊ ၂၀၁၆မှာ အရွေးကောက်ခံအစိုးရပေါ်လာအောင် လမ်းခင်းပေးခဲ့တာကိုတော့ သမိုင်းမြစ်က ခင်ဗျားကို လက်ခုပ်တစ်ချက်တော့တီးပြီး အသိအမှတ်ပြုမှာ သေချာပါတယ်ဗျာ၊ သိပ်လည်း စိတ်ညစ်မနေပါနဲ့၊

(နောက်ကျောတွင် ဆက်လက်ဖတ်ရှုပေးပါရန်)

www.free4readrs.com

ထွက်မလား ထုတ်မလား ထောင်ထဲသွားမလား

နေမျိုး။ ဗိုလ်ကျောက်ဆည်ရေ၊ ခင်ဗျားလည်း မြန်မာပြည်မှာ အာဏာရှင်အနှစ်(၂၀)၊ ခင်ဗျားမတိုင်ခင် ဗိုလ်နေဝင်းလည်း (၂၆)နှစ်လုပ်ခဲ့ပြီး ဘာတစ်ခုမှ တိုင်းပြည်မတိုးတက်ခဲ့ဘူး။ တရုတ်ပြည်မှာတော့ ဥက္ကဋ္ဌမော်စီတုန်းကိုလည်း အာဏာရှင်လို့ ကမ္ဘာကသတ်မှတ်ကြတာပါပဲ။ ဒါပေမယ့် တရုတ်ပြည်ကတော့ မိုးနဲ့မြေပမာ တိုးတက်ကြီးပွားလာခဲ့တယ်။ ဒါကြောင့် ဗိုလ်နေဝင်းရော ခင်ဗျားရော တရုတ်ပြည်ပြောင်းလဲပြီဆိုတုန်းက ဘာကြောင့် တရုတ်ပြည်လမ်းကြောင်းမျိုးကို မလိုက်ခဲ့ကြတာလဲ။ တရုတ်ပြည်ဆိုတာ ၁၉၇၈လောက်မှ တံခါးစဖွင့်ခဲ့တာပဲလေ။

တရုတ်ပြည်တံခါးဖွင့်တဲ့ ၁၉၇၈ဆိုတာ ခင်ဗျားတို့ မြန်မာပြည်စီးပွားရေး ဒီလောက်အထိ အခြေအနေမဆိုးသေးပါဘူး။ အဲဒီတုန်းက တရုတ်တံခါးအဖွင့်မှာ မြန်မာပြည်လိုက်တံခါးဖွင့်ပြီး တရုတ်နဲ့အတူလိုက်ခဲ့ရင် ခင်ဗျားတို့ အခုလောက်နောက်ကျပြီးကျန်ခဲ့မယ်မထင်ဘူး။

ဗိုလ်ကျောက်ဆည်။ ဗိုလ်နေဝင်းလုပ်ခဲ့တာတော့ သူလာတဲ့အခါကျမှပဲ ခင်ဗျားတို့ကိုယ်တိုင် မေးကြည့်ကြပေတော့။ သူအုပ်ချုပ်တုန်းက ကျုပ်လည်း သူ့လက်အောက်မှာ နားရွက်တောင်မခတ်ရဲတဲ့သူလေဗျာ။

ကျုပ်ခေတ်ရောက်တော့ အမေရိကန်နဲ့ပေါင်းချင်ပေမယ့် အမေရိကန်က လက်မခံဘူးဗျ။ ကျုပ်ကို ရှိတယ်လို့တောင် ထင်ကြတာမဟုတ်ဘူး။ အမေရိကန်နဲ့ခင်ဗျားတို့ အင်္ဂလိပ်က ကျုပ်တို့ကို စီးပွားရေးပိတ်ဆို့တယ်။ ဒါကြောင့် ကျုပ်ရွေး စရာမရှိဘူး။ တရုတ်ပြည်နဲ့ပဲ ပေါင်းဖက်ခဲ့တာပဲလေ။

ချာချိုလ်။ ခင်ဗျားက တရုတ်ပြည်နဲ့ပေါင်းခဲ့တာပဲရှိတာ၊ တရုတ်လျှောက်ခဲ့တဲ့လမ်းကြောင်းကိုမှ ခင်ဗျား မလျှောက်ခဲ့တဲ့အမှားပေါ့ ဗိုလ်ကျောက်ဆည်ရေ၊ တရုတ်ပြည်လုပ်ခဲ့သလို ခင်ဗျားမြန်မာပြည်စီးပွားရေးကို ပုံတူကူးချပြီးလုပ်ခဲ့ရင် ဒီထက်အများကြီးပိုကောင်းခဲ့လိမ့်မယ်။ ခင်ဗျားက တရုတ်နဲ့ပေါင်းပြီး တရုတ်လမ်းမလိုက်ဘဲ ခရိုနီတစ်ခုကိုပဲ သွားမွေးထုတ်ခဲ့တာကိုးဗျာ။

ဗိုလ်ကျောက်ဆည်။ အခုအစိုးရလက်ထက်ရောက်တော့ကော ဘာများ ပိုထူးလာလို့လဲဗျာ။ ကျုပ်မွေးခဲ့တဲ့ ခရိုနီတွေကို အခုအစိုးရကျတော့ ခရိုနီလို့ခေါ်တာတောင် အဓိပတိကြီးက မကြိုက်ဘူးတဲ့၊ သူကိုယ်တိုင် စင်ပေါ်မှာ ပြောသွားတာနော်။ ဒါကြောင့် ကျုပ်လက်ထက်က ခရိုနီတွေက ဒီအစိုးရလက်ထက်ရောက်တော့ တိုင်ကွန်သူဌေးကြီးတွေတဲ့၊ နာမည်လှလှနဲ့လိုင်စင်ရဇာတိကလို့တောင် အသိအမှတ်ပြုခံရပြီလေ။ ဒါကြောင့် ကျုပ်ခရိုနီတွေမွေးခဲ့တာ ကျုပ်လက်ထက်အတွက်တင်မကဘူး။ အခုအစိုးရအတွက် ခရိုနီတွေအမွေပေးခဲ့တယ်လို့ဆိုရင်မရဘူးလား။

ကဲဗျာ၊ ကျုပ်ဆောက်ခဲ့တဲ့ နေပြည်တော်မြို့ကြီး၊ ကျုပ်ဆောက်ခဲ့တဲ့လွှတ်တော်ကြီးတွေ၊ အစိုးရအိမ်တော်တွေ၊ သမ္မတအိမ်တော်တွေ၊ စည်းဝေးခန်းမကြီးတွေကို အခုအစိုးရ မခံစားရဘူးလား။ တကယ်ဆို ကျုပ်ဆောက်ခဲ့တဲ့ သမ္မတအိမ်တော်မှာ ကျုပ်တစ်ရက်တောင် မနေခဲ့ရပါဘူး။ ကျုပ်ဆောက်ခဲ့တဲ့လွှတ်တော်ကြီးမှာ ကျုပ် တစ်ကြိမ်တောင် မိန့်ခွန်းမပြောခဲ့ရပါဘူးဗျာ။ ဒါကြောင့် ကျုပ်ကို သရက်ပင်စိုက်ခဲ့တဲ့အဖိုးအိုလို့တောင် မခေါ်သင့်ဘူးလား။

မော်စီတုန်း။ သရက်ပင်စိုက်တဲ့အဖိုးအိုလား၊ ကြက်ဆူပင်စိုက်တဲ့ဘုရင်ကြီးလားဆိုတာ အဆုံးအဖြတ်ပေးမှာက သမိုင်းစဉ်ကပါ ဗိုလ်ကျောက်ဆည်ရာ၊ ဒါတွေ မစဉ်းစားပါနဲ့။ လူဆိုတာ လုပ်ရဲရင် ခံရဲရတယ်။ ကျုပ်ကတော့ မှန်တယ်ထင်ရင် ခပ်ပြတ်ပြတ်လုပ်ခဲ့တယ်။ မပြတ်သားရင် အစိုးရမလုပ်နဲ့။ သမိုင်းကောင်းမှာ မကောင်းမှာက သမိုင်းက သတ်မှတ်မှာ၊ ခုလောလောဆယ် ကိုယ့်လူထုကောင်းစားဖို့ မှန်တယ်ထင်ရင် ရဲရဲသာလုပ်ရမှာပဲ၊

အခုမြန်မာအစိုးရကမရဲဘဲ ကြွေ့စီးနေတယ်လို့ထင်တယ်။ တစ်ခါတစ်ခါ မြန်မာအစိုးရဟာ သူတို့ကိုယ်သူတို့ အစိုးရလား၊ အတိုက်အခံလားဆိုတာကိုတောင် ယောင်ဝါးဝါးနဲ့ဖြစ်နေတယ်။

ချက်ကြီး။ ဘာတွေကြောင့် လက်ရှိအစိုးရက အစိုးရမှန်းမသိ၊ အတိုက်အခံလားမသိဖြစ်နေတယ်လို့ ပြောနိုင်တာလဲခင်ဗျာ။

ချာချိုလ်။ ရန်ကုန်ဘုရင်ဆိုရင်စင်ပေါ်တက်လာပြီး စကားပြောပြီဆိုတာနဲ့ အစိုးရဆိုတာမေ့သွားပြီး သပိတ်ခေါင်းဆောင်လိုလို၊ ဆန္ဒပြခေါင်းဆောင်လိုလို၊ တစ်ခါတစ်ခါ ရွေးကောက်ပွဲမဲဆွယ်နေတယ်များ ထင်သလားမသိဘူး။ ဒါတွေက အစိုးရဆိုတာ ဘာလုပ်ရမယ်၊ ဘာကိုင်ရမယ်မှန်း အခုထိ မသိသေးတာပြနေတာပဲကွ၊ ပြောလိုက်ရင် မိုးကြီးလေကြီးတွေချည်းပဲ၊ ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်နဲ့ ခရုတောင် ခါးတောင်းကျိုက်ပြီး ဖမ်းနေရတယ်လေ။

ချက်ကြီး။ အဘတို့ကလည်းဗျာ၊ ဒီရန်ကုန်ဘုရင်ကိုချည်း အပြစ်တင်နေကြတယ်။ သူ့ခမျာလည်း သူပြောတတ်သလို သူပြောတတ်သလောက် ပြောနေတာပဲ ဖြစ်မှာပါ။ သူက တစ်ယောက်တည်းမဟုတ်ဘူးဗျ၊ သူ့နောက်မှာ ထိန်ပင်ကြီးဂိုဏ်းရှိသတဲ့၊ ဘယ်ကောင်ကြီးမှ မကြောက်ဘူးတဲ့၊

ချာချိုလ်။ မင်းတို့အစိုးရထဲမှာ လက်ရှိအာဏာရပါတီထဲမှာ ရန်ကုန်ဘုရင်လို ထိန်ပင်ကြီးဂိုဏ်းလိုလိုတွေရှိနေသမျှ ၂၀၂၀မှာ လက်ရှိပါတီ(၅၀)ရာခိုင်နှုန်းနိုင်ရင် ကံကောင်းတယ်လို့သာ မှတ်ပေတော့။

မင်းတို့လက်ရှိအစိုးရရဲ့ အာဏာရပါတီကို တစ်ချက်တည်း ဝေဖန်ထောက်ပြရရင် ဆင်ကောင်လုံးပေါင်းစားချင်တဲ့လူလို ဒုက္ခတွေ့နေတာ။ စားချင်တာက ဆင်တစ်ကောင်လုံးပေါင်း၊ ပေါင်းစရာ အိုးရှာမရ ဖြစ်နေတာလေကွာ။ မိုးကြီးလေကြီးတွေပဲ ပြောနေတယ်၊ ငြိမ်းချမ်းရေး မနက်ဖြန်မဟုတ်ဘူး၊ ဒီနေ့ပဲ ရရမယ်၊ လုပ်လိုက်တဲ့ ငြိမ်းချမ်းရေးပွဲတွေ၊ ညီလာခံတွေ၊ ရိုက်လိုက်ရတဲ့မှတ်တမ်းတင်ဓာတ်ပုံတွေ၊ ပြောလိုက်ကြတဲ့ ညီလာခံအဖွင့်မိန့်ခွန်းတွေ၊ ငါကြည့်နေတယ်၊ မင်းတို့ဗိုလ်ချုပ်ကြီးနဲ့ မင်းတို့နိုင်ငံတော်အဓိပတိကြီး နှစ်ဦးစလုံး ငြိမ်းချမ်းရေးညီလာခံတွေမှာ မိန့်ခွန်းပြောကြရင် တစ်ဦးကိုတစ်ဦးစောင်းပြီး ပြောနေသလား အောက်မေ့ရတယ်။ ဒီလိုပြောချင်ရင် ငြိမ်းချမ်းရေးညီလာခံကြီးတွေကျင်းပပြီး၊ ငွေကုန်ခံပြီး ပြောဖို့မလိုပါဘူးကွာ။ နှစ်ယောက်တည်းတွေ့ပြီး ပြောလိုက်ကြရင် ငွေကုန်လည်းသက်သာ၊ ပိုပြီးလည်း ခရီးရောက်တာပေါ့။ မင်းတို့ စစ်တပ်ခေါင်းဆောင်နဲ့ မင်းတို့နိုင်ငံတော်အဓိပတိနှစ်ဦးတည်းတောင် ညီညွတ်ရေးမတည်ဆောက်နိုင်ရင် ဘယ်လို ကျန်တိုင်းရင်းသားတွေနဲ့ညီညွတ်ရေး တည်ဆောက်နိုင်မှာလဲ။

အခုကြားဖြတ်ရွေးကောက်ပွဲ ကြည့်ပါလား။ ငါတို့အခုရောက်နေတဲ့ ရခိုင်ပြည်နယ် ရသေ့တောင်မှာ NLD ခွက်ခွက်လန်အောင် ရှုံးတယ်။ ALP ရခိုင်အမျိုးသားပါတီတောင် မနိုင်ဘူး။ ဦးအေးမောင်ရဲ့သား **ဦးတင်မောင်ဝင်း**ဆိုတဲ့သူက နိုင်သွားတယ်။ ဒါဟာ ဘာကိုပြသလဲဆိုရင် လူထုဆိုတာ အချဉ် မဟုတ်ဘူး။ သံပရာသီးမဟုတ်ဘူး။ သူတို့ ဟိုတုန်းက ဒီခေါင်းဆောင်ကြီးနဲ့ ဒီပါတီကြီးကို ဘယ်လောက်ကြိုက်ကြိုက် အခု သူတို့မဲပေးချင်တာက ထောင်ထဲရောက်နေတဲ့ ဦးအေးမောင်အပေါ် ကရုဏာနဲ့မခံချင်လွန်းလို့ သူ့သားကို မဲပေးလိုက်ကြတာပဲ။

၁၉၉၀ရွေးကောက်ပွဲတုန်းက NLD နိုင်ခဲ့တာ ပြန်ကြည့်၊ အဲဒီအချိန်က ဒေါ်အောင်ဆန်းစုကြည်က အိမ်အကျယ်ချုပ်၊ ဒါကြောင့် NLD (၉၀)ရာခိုင်နှုန်းကျော် အနိုင်ရခဲ့တယ်။

အခုကြည့်၊ တစ်ချိန်က NLD နိုင်ခဲ့တဲ့ ဆိပ်ကမ်းမြို့နယ်မှာ အခုရှုံးသွားပြီ။ NLD တစ်ချိန်က နိုင်ခဲ့တဲ့ ချင်းပြည်နယ် မတူပီမှာ NLD ရှုံးသွားပြီ။ ရှမ်းပြည် လဲချားမှာ အခုရှုံးသွားပြီ။ NLD နိုင်ခဲ့တဲ့ကချင်မှာ အခုရှုံးသွားပြီ။

ဒါတောင် (၁၃)မြို့နယ်ပဲ ရှိသေးတာနော်၊ အခုနေ ငါတို့အင်္ဂလန်မှာလို လွှတ်တော်ပါလီမန်ဖျက်သိမ်းပြီး ရွေးကောက်ပွဲခေါ်လို့ရတဲ့ ဥပဒေနဲ့အနေအထားရှိရင် အခု ၂၀၁၈အကုန်မှာ ရွေးကောက်ပွဲလုပ်ကြည့်လိုက်၊ NLD ဘယ်လောက်အထိနာသွားမလဲဆိုတာ သိလာလိမ့်မယ်။

ချက်ကြီး။ ဘာကြောင့် NLD ဒီလောက်အထိနာသွားရသလဲ မစ္စတာချာချိုလ်။

မော်စီတုန်း။ နံပါတ်တစ်ကတော့ စီးပွားရေးပဲ၊ ဒီကနေ့ မြန်မာပြည်အောက်ခြေလူတန်းစားဟာ အတော်ကြီးကို ငတ်နေပြီဆိုတာ တရုတ်ပြည်က ငါတောင် သိတယ်ကွာ၊ တစ်ချိန်က ကန်စွန်းဥတောင်အနိုင်နိုင်စားရတဲ့ ငါတို့တရုတ်ပြည်မှာ ဒီနေ့ အလျှံအပယ်စားနေရပြီး မင်းတို့ မြန်မာပြည်ကတော့ ငတ်နေကြပြီ၊ လူတွေ ငတ်နေတာကို နိုင်ငံတော်အဓိပတိ မသိဘူး။

လူတွေငတ်နေတာကို ထမင်းမငတ်ဘူးတဲ့ ဘယ်ခေါင်းဆောင်ကမှ နားမလည်နိုင်ဘူးကွ၊ မင်းတို့ နိုင်ငံခေါင်းဆောင်ကြီးဆိုသူတွေထဲက ထမင်းငတ်ဖူးတဲ့လူကမှ ဒီငတ်တဲ့ဒုက္ခ ကိုနားလည်ကြမှာ၊ ငါတို့က တရုတ်ပြည်မှာ ငတ်လို့သေတာချည်း သိန်းချီခဲ့တယ်၊ တိုင်းပြည်တစ်ခုကို အဆုံးအဖြတ်ပေးတာ လက်တစ်ထွာပဲရှိတဲ့ ဝမ်းဗိုက်တွေနဲ့ တစ်လက်မလောက်ပဲရှိတဲ့ပါးစပ်ပေါက်တွေကွ၊ ထမင်းမဝဘဲနဲ့ ဘယ်သူမှ နိုင်ငံအုတ်ရိုးကို မတည်ဆောက်နိုင်ဘူး။ အခု မြန်မာပြည်စီးပွားရေး အရမ်းကျပ်လာနေပြီ၊ ဒါကို ပထမဦးစားပေးလုပ်ရတော့မယ်၊ ငြိမ်းချမ်းရေးတွေဘာတွေကို ခဏထားလိုက်တော့၊ လူတွေ ထမင်းဝအောင်၊ ထမင်းငတ်နေတဲ့ဒုက္ခက ဘယ်လိုအရင်လုပ်မှရတော့မယ်ဆိုတာ ဒီကြားဖြတ်ရွေးကောက်ပွဲက သတိပေးလိုက်တာပဲ။

စလေဒင်။ ကျုပ်က မြန်မာပြည်မှာနေခဲ့တာ နှစ်အကြာဆုံးလူဆိုတော့ တစ်ခုတော့ ဝင်ပြောပါရစေ၊ ကျုပ်မြန်မာပြည်မှာ တစ်ချိန်လုံးလျှောက်သွားပြီး လေ့လာနေတယ်၊ မြန်မာပြည်မှာ အာဏာရလာပြီဆိုရင် အချိုးတွေက ပြောင်းကုန်ကြတယ်၊ အာဏာရတာနဲ့ ဘိုးစဉ်ဘောင်ဆက်က သီပေါမင်းအဆက်တွေလိုလို၊ မင်းတုန်းမင်းအဆက်တွေလိုလို ဖြစ်ကုန်ကြတယ်၊ ဗိုလ်နေဝင်း မွေးနေ့ နှစ်(၉၀)လုပ်တုန်းက ရွှေဘုရင်မင်းဆက်တွေက ဆင်းလာသလိုလို ပြောတာ ကြားလိုက်တယ်၊ တလောက ကုန်းဘောင်ဆက်တွေရဲ့အခမ်းအနားမှာလည်း သူ့မြေးဆိုသူလာတက်တာ တွေ့လိုက်တယ်၊ အဲ ဗိုလ်နေဝင်း မပြောနဲ့၊ အခု ပင်နီခေါင်းဆောင်ကြီးတွေတောင် ဘုရင်စိတ်ဝင်လာနေကြပြီ၊ အဲဒီအထဲမှာ ရန်ကုန်ဘုရင်နဲ့ သူ့နောက်က ထိန်ပင်ကြီးဂိုဏ်းက အဆိုးဆုံး၊

လူတွေကဒီပုဂ္ဂိုလ်ကို ဒီလောက်မကြိုက်တော့ပါဘူးလို့ပြောနေတယ်ဗျာ၊ စစ်တပ်ကလည်း ဒီလူကို ဆက်ဆံဖို့မသင့်လျော်ပါဘူးဆိုပြီး လူပြောင်းခိုင်းခဲ့တယ်ဗျာ၊ ပြည်သူ့ဘဏ္ဍာ၊ အစိုးရဘတ်ဂျက် ဘာကားညာကားစုံနေတာတောင် အဲဒီရန်ကုန်ဘုရင်ဆိုသူက ကျောက်တောင် ကျောက်စိုင်ကြီးလို ထီးထီးကြီးအခိုင်အမာပဲဗျ၊ အံ့ဩပါရဲ့ဗျာ၊

ဒီလောက်ပွဲဆူနေတဲ့ပုဂ္ဂိုလ်ကိုဖြုတ်ဖို့ နေနေသာသာ မျက်နှာသာတောင် ပိုပေးလိုက်သေးတယ်၊ ဘာလဲဆိုတော့ အဲဒါ ရွဲ့တာ၊ အရွဲ့တိုက်တာ၊ ခင်ဗျားတို့ မြန်မာပြည်ကခေါင်းဆောင်ကြီးက သူများက ဒီလိုစဉ်းစားရင်း သူက ပြောင်းပြန်စဉ်းစားတတ်တယ်၊ လူတွေက ဒီလိုပါဆိုရင် သူက ဒီလို ဘယ်တော့မှမလုပ်ဘူး၊ လူတွေ မထင်တာပဲ လုပ်တတ်တယ်၊

ရခိုင်ပြဿနာနဲ့ ဘင်္ဂါလီပြဿနာလည်း ဒီလိုပဲ၊ လူအများပြောတာကို ဘယ်တော့မှမလုပ်ဘူးဆိုတဲ့ အတွေးကြောင့်ပဲ အပ်နဲ့ထွင်းရမယ့်ကိစ္စက ပုဆိန်နဲ့ပေါက်နေတာမျိုး ဖြစ်နေတာ၊ ရိုက်တာသတင်းထောက်နှစ်ယောက်ကိစ္စလည်း ဒီအတိုင်းပဲ၊ နိုင်ငံတကာမီဒီယာတွေက လွှတ်ပေးပါလို့အော်နေတာ၊ အများကပြောလေ မလုပ်လေပဲ၊

ရန်ကုန်ဘုရင်ဆိုတာ နိုင်ငံတော်သမ္မတမှ မဟုတ်တာဗျာ၊ ဘာအရေးကြီးလို့လဲ၊ ရန်ကုန်ဘုရင်ရဲ့ အနေအထားဟာ မဟာဗျူဟာအဆင့်၊ နိုင်ငံတော်အဆင့်၊ ပြည်ထောင်စုအဆင့်အာဏာရှိတဲ့နေရာမှ မဟုတ်တာ၊ အဲဒါကို လုံးဝထိလို့မရဘူး၊ လူတွေ ဒီလောက်အော်နေ၊ မီဒီယာတွေ ဒီလောက်ရေးနေတာ မကြားချင်ယောင်ဆောင်နေတယ်၊ မီဒီယာတွေ လူတွေက ဒီလိုရေးလေ ခေါင်းဆောင်ကြီးက ပိုအရွဲ့တိုက်လေပဲ လုပ်နေတာဗျ၊

ကျုပ် နောက်ဆုံးတစ်ခု ပြောလိုက်မယ်၊ ဖြုတ်ရမယ့်လူတွေကို မဖြုတ်ရင်၊ ထုတ်ရမယ့်လူတွေ မထုတ်ရင်၊ ထွက်ရမယ့်လူတွေ မထွက်ခိုင်းရင် နောက်ဆုံး ထွက်ခိုင်းသင့်တဲ့သူ ထွက်ခိုင်း၊ မထွက်ရင် ထုတ်ပစ်၊ မထွက်လည်းမထွက်၊ မထုတ်လည်းမထုတ်၊ ထောင်ထဲပို့သင့်တဲ့သူ ထောင်ထဲမပို့ရင်တော့ဖြင့် ၂၀၂၀မှာ နပိုလီယံ ကြုံခဲ့ရတဲ့ ဝါတာလူးစစ်ပွဲနဲ့ နပိုလီယံ ရုရှကို ချီခဲ့တဲ့စစ်ပွဲအတိုင်းပဲ အာဏာရပါတီ ကြုံရလိမ့်မယ်ဗျို့၊ ရုရှစစ်မြေပြင်ကနေ ဖနောင့်နဲ့တင်ပါးတစ်သားတည်းပြန်ထွက်ပြေးခဲ့ရတဲ့ ပြင်သစ်စစ်တပ်ကြီးဟာ သူတို့ အဖပြင်သစ်နိုင်ငံတော်အလံကိုတောင် မီးရှို့ပြီး မီးလှုံခဲ့ရတယ်ဗျို့၊ နပိုလီယံ ရုရှနဲ့ ဝါတာလူးမှာ ရှုံးခဲ့တာ လက်နက်အင်အားကြောင့်မဟုတ်ဘူးဗျ၊ နပိုလီယံရဲ့ လွဲမှားတဲ့မာနကြောင့် ရှုံးခဲ့ရတာ၊ နပိုလီယံရဲ့အရွဲ့တိုက်တတ်တဲ့စိတ်နေစိတ်ထားကြောင့်ပဲဗျ၊

နပိုလီယံကို သူ့ဗိုလ်ချုပ်တွေက ဒီတစ်ပွဲတော့ ပြန်ဆုတ်ကြမယ်၊ အင်အားပြန်စုပြီးမှ ပြန်တိုက်သင့်တယ်၊ စစ်တပ်ကို ပြန်လည်ဖွဲ့စည်းသင့်တယ်လို့ ဝိုင်းပြောတာ နပိုလီယံက လုံးဝနားမထောင်ခဲ့ဘူး၊ ငါလုပ်ရင် အားလုံးဖြစ်ရမယ်ဆိုတဲ့ နပိုလီယံရဲ့မာနကြောင့် ပြင်သစ်နိုင်ငံတော်ကြီး ကျဆုံးခဲ့ရတာပဲဗျို့၊ ဒီနေ့မြန်မာပြည်ဟာ နပိုလီယံမှားတဲ့လမ်းပေါ်မှာ ရောက်နေပြီဗျို့၊

နွားကျောင်းသားချက်ကြီး

(ဤဆောင်းပါးပါအမည်များ၊ အယူအဆများနှင့် စကားလုံးများအားလုံးသည် စာရေးသူ၏စိတ်ကူးစိတ်သန်းဖြင့် ဖန်တီးပြီးသရော်စာရေးသားထားခြင်းသာဖြစ်ပါသည်)